ဆုပြည့်စုံထွန်းစာပေ

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အမှတ်တရ

# နိုင်မျိုးထွန်း

(ရန်ကုန်တက္ကသိုလ်)

# မက်ဆူရာဟာရိယာအလွမ်း

နှင့်

ဝတ္ထုတိုစုစည်းမှု



# ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်


**ထုတ်ဝေသည့်ကာလ**
၂၀၁၉ ခုနှစ်၊ ဇွန်လ

**ထုတ်ဝေသူ**
ဆုပြည့်စုံထွန်းစာပေ၊ ဒေါ်ခင်မာရွှေ(၀၀၂၅၆)၊
အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၃၈၃၆၆၄၊ ၃၈၆၈၃၃

**ဖလင်** - Eagle၊
**စာအုပ်ချုပ်** - ရွှေသမီး၊

**ပုံနှိပ်တိုက်**
ဖြိုးဝေလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**အုပ်ရေ** - ၅၀၀ အုပ်၊
**တန်ဖိုး** - ၂၅၀၀ ကျပ်



ဆုပြည့်စုံထွန်းစာပေ
ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အမှတ်တရ
နှင်မျိုးထွန်း
မက်ဆူရာဟာရိယာအလွမ်း
နှင့်
ဝတ္ထုတိုစုစည်းမှု

# မာတိကာ


| | |
|---|---|
| ရင်မှာမျိုးသိပ်လိုက်ပါသည် | ၁၅ |
| ရှက် | ၂၆ |
| မက်ဆူရာဖာရီယာအလွမ်း | ၃၆ |
| အချစ်ရဲ့ အခြားသော မျက်နှာစာမှာ | ၅၁ |
| ဆန္ဒနှောင်အိမ် | ၆၄ |
| ပညာဂီဝံဂီဝိတမာဟုသေဋ္ဌ | ၇၃ |
| မျှော်လင့်ချက်နံ့နက်ခင်း | ၈၄ |
| ခံစားချက်မိတ္တူ | ၁၀၄ |
| အဖြူရောင်အမိုက်မှောင် | ၁၁၆ |
| တစ်ရေးနိုးအချစ် | ၁၂၂ |
| မခမ်းနားတဲ့ဝေဒနာ | ၁၃၂ |
| သံယောဇဉ်ကြိုးတံတားအဖွင့် | ၁၄၁ |
| ဝိဘစ္စမင်းသမီး | ၁၅၁ |
| ကြေးစား | ၁၅၇ |

# နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်)

# ၏

# ဝတ္ထုတိုများအတွက် မှတ်တမ်းစကား

(၁)

သောင်ပြင်မှာလျှောက်ရင်း လှိုင်းအရိုက်မှာ ခြေရာတွေ ပျောက်ကုန်သည်။

သံသရာမှာလျှောက်ရင်း အချိန်၏အတိုက်အစားမှာတော့ ခြေရာတိုင်းက မပျောက်မပျက်။

ဦးနှောက်မှာ နှလုံးသားမှာ ခြေရာများစွာက ထင်ကျန်နေစမြဲ။

၁၉၉၀ ကျော် ၂၀၀၀ ဝန်းကျင် စာအုပ်တန်းကား လွမ်းစရာခြေရာများထဲက တစ်ခု။ စုစု စုစု သိုက်သိုက်ဝန်းဝန်း စာအုပ်တန်းမှာ စာသမား၊ စာအုပ်သမားတို့ နေ့စဉ်ဆုံဖြစ်သည့် ကာလ။ စာအုပ်စာပေနှင့်ပတ်သက်နေသူများ၏ ရွာကလေးတစ်ရွာ။

သည်မှာ မောင်လှမျိုး (ချင်းချောင်းခြံ)၊ မောင်ညိုအေး (ပန်းတော)၊ နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်)၊ မြတ်သူစံ စသဖြင့် ပန်းနုသစ်သီမှ စာရေးဆရာများနှင့် နေ့တိုင်းလိုလို ဆုံကြ၊ တွေ့ကြ၊ စားကြသောက်ကြနှင့် ကြည်နူးစရာ။ စာပေလောက၊ စာအုပ်လောက ဖွံ့ဖြိုးသည့်ကာလမို့ စာအုပ်တန်းကား စည်စည်ကားကား။

သည်ကတည်းက နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) ကို ရင်းနှီးချစ်ခင်ခဲ့ရသည်။ သူ့ကလောင်ခွဲက မောင်သက်နိုင်။

မောင်ပြည့်ဝ၏ ပန်းဝေသီမဂ္ဂဇင်းသည် သူ့ခေတ်တစ်ခေတ် ရှိခဲ့ဖူး၏။ ပန်းဝေသီမှ ပန်းနုသစ်သီကဏ္ဍကို ကိုနွမ်ဂျာ (ဆရာနွမ်ဂျာသိုင်း) က စီစဉ်ပေးခဲ့သည်။ သည်ကဏ္ဍမှပင် အရောင်းရဆုံးစာရင်းဝင် ထင်ရှားသော စာရေး

ဆရာများကို မွေးထုတ်ပေးခဲ့သည်မှာ ငြင်းမရ။ ရှား၊ မောင်လှမျိုးတို့လို ရောင်းအားကောင်း စာရေးဆရာများအပြင် မောင်ညိုအေး၊ ရာသက်ပန် (တောင်ငူဆောင်)၊ မြတ်သူစံ၊ နိုင်မျိုးထွန်းတို့လို အခြားထင်ရှားသည့် ကလောင်သစ်အတော်များများသည် ပန်းနုသစ်သီ ကိုနွမ်ဂျာ စင်တင်ပေးလိုက်သူများပင်။

သည်အထဲမှာ နိုင်မျိုးထွန်းက စာရေးခြင်းအပြင် စာအုပ်ထုတ်ဝေခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းများကိုပါ တွဲဖက်လုပ်ကိုင်သဖြင့် သူ့ကို လူသိများသောထုတ်ဝေသူ၊ ဒါရိုက်တာအဖြစ်လည်း စာအုပ်တန်းမှာ အသိများခဲ့ပြန်သည်။

(၂)

စာအုပ်လော၊ စာအုပ်အငှားဆိုင်လောကကြီး ကတိမ်းကပါး ဖြစ်သောကာလမှာကျွန်တော်တို့ရေကြည်ရာမြက်နုနေကြရင်းမဆုံဖြစ်မတွေ့ဖြစ်ပြန်။ သူ့မဂ္ဂဇင်းဝတ္ထုတိုတွေ စုပြီး စာအုပ်ထုတ်မည် ပြောလာတော့ ဝမ်းသာရပြန်သည်။ သည်တုန်းက ကလောင်များသည် အရည်အသွေးပြည့်ဝသော အယ်ဒီတာကြီးများ၏ တည်းဖြတ်မှု ရေလောင်းပေါင်းသင်မှုဖြင့် ရှင်သန်ဖွံ့ဖြိုးလာသည်ဟု ယုံကြည်မိသဖြင့် သူတို့၏ မဂ္ဂဇင်းဝတ္ထုများသည်လည်း အရည်အသွေးမီမည်ဟု ပြောရဲပြန်သည်။ ကြိုက်ခြင်း မကြိုက်ခြင်းထက် ရသတစ်စုံတစ်ရာ၊ အသိတစ်ခုခု စာဖတ်သူ ရနိုင်ပေမည်။ နေ့ချင်း ညချင်း ပေါ်လာသည့် ကလောင်မဟုတ်သော နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) ၏ ဝတ္ထုတိုများ၊ စာဖတ်သူတို့ နှလုံးသားမှာ နေရာယူနိုင်မည် ယုံမိ၏။

(၃)

ဟိုး ... တစ်ချိန်ကလို စာအုပ်တန်းမှာ စည်ကားပြီး စာရေးသူများ၏ ရသစာပေခေတ် ပြန်လည်ထွန်းကားလာပါစေ ဆုတောင်းရင်း နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) ၏ ဝတ္ထုတို စုစည်းမှုကို ကြိုဆိုလိုက်မိပြန်တော့၏။

**မောင်စိန်ဝင်း (ပုတီးကုန်း)**

# "မဂ်ဆူရာဖာရီယာအလွမ်း"

ကဲ့ကော်ကို သိပ္ပံပညာ ရုက္ခဗေဒအမည်အားဖြင့် မက်ဆူရာဖာရီယာ ဟု ခေါ်သည်။ သည်အတိုင်း ကျက်မှတ်ခဲ့မည်ဆိုလျှင် ဒီလောက်ကြာသော ကာလ၌ မေ့ပျောက်သွားတော့မည်မှာ အမှန်ဖြစ်သည်။ ယခု မောင်သက်နိုင်၏ဝတ္ထုတိုလေးကို နှစ်နှစ်ခြိုက်ခြိုက် စွဲလမ်းခဲ့သောအခါ "မက်ဆူရာဖာရီယာ" ၏ အဓိပ္ပာယ်ကို နှစ်ပေါင်းများစွာ ကြာသည့်တိုင် ကောင်းစွာအမှတ်ရနေမိသည်။

ပန်းဝေသီမဂ္ဂဇင်းတွင် "ပန်းနုသစ်သီ" ကဏ္ဍဟု ဖွင့်လှစ်၍ ကလောင်သစ်များကို လေ့ကျင့်ကွင်းလေးတစ်ခု ဖန်တီးပေးခဲ့သည်။ ယခုခေတ် ဂီတ၊ အဆို ဝါသနာရှင်များကို ပြိုင်ပွဲပုံသဏ္ဍာန်ဖြင့် လေ့ကျင့်သင်ကြားစေခြင်း အစီအစဉ်များကိုကြည့်ပြီး ထိုလေ့ကျင့်ကွင်းလေးများကို သဘောချင်းညီသည်ဟု ခံစားရသည်။ လေ့ကျင့်ကွင်းများ၏ အကျိုးကျေးဇူးများကြောင့် အနုပညာနယ်ပယ်တွင် စာပေ၊ ဂီတ ပညာရှင်များ ပေါက်ဖွားလာခဲ့ကြသည်။

မောင်သက်နိုင်သည် "ပန်းနုသစ်သီ"၏ အစောပိုင်း ပေါ်ထွက်လာသည့် စာပေအနုပညာရှင် ဖြစ်သည်။ ၁၉၈၈ ၌ စင်တင်ရွေးကောက်ခံရသော မောင်သက်နိုင်သည် ယနေ့ ၂၀၁၉ ခုနှစ်အထိ စာပေလောကတွင် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားကျင်လည်လျက် ရှိသည်။ ပင်ကဲ့ကော်၊ ပန်းကဲ့ကော် စသဖြင့် အနုပညာစွမ်းရည်ရှိသလောက် တင်စားရင်း အမည်များများပြားစွာရှိလာသလို မောင်သက်နိုင်သည်လည်း နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်)၊ နီရာဆောင်း မိုးနတ်မင်းကြီး ကလောင်ခွဲအမျိုးမျိုးဖြင့် ဖန်တီးလှုပ်ရှားသည့် ဝတ္ထုရေးဆရာ၊ စာပေထုတ်ဝေသူ၊ စာနယ်ဇင်းထုတ်ဝေသူ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ များပြားလှစွာသော အနုပညာလုပ်ငန်းခွဲများဖြင့် ရပ်တည်လှုပ်ရှားလာခဲ့သည်။

ယခု ဤစာအုပ်သည် ထိုအနုပညာလက်ရာများကြားမှ ဝတ္ထုတို စုစည်းမှုလေးတစ်ခုဖြစ်သည်။ ပထမဆုံးပုံနှိပ်လက်ရာဖြစ်သော "မက်ဆူရာဖာရီယာအလွမ်း" မှစ၍ စုစည်းခြင်းဖြစ်သည်။ ပထမဆုံးကလောင်နာမည်ဖြစ်သော "မောင်သက်နိုင်" သည် သူ့စာပေဘဝတွင် ပရိသတ်နှင့် အထိအတွေ့အများဆုံး ကလောင်အမည်မဟုတ်ပါ။ ပုံနှိပ်မှတ်တမ်း အစောဆုံးဟုသာ မြတ်နိုးတွယ်တာနိုင်ပေသည်။ သူနှင့် ကျွန်တော် ကြားမှာမူ "မောင်သက်နိုင်" ဟုပဲ စွဲစွဲမြဲမြဲ ခေါ်ဆိုဖြစ်ခဲ့သည်။

တစ်နေ့သောအခါ မောင်သက်နိုင် အမည်ဖြင့် ဝတ္ထုတို စာပေပညာရှင်တစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်သည်ဟုလည်း ကျွန်တော် ယုံကြည်စွဲမြဲပါသည်။ မက်ဆူရာဖာရီယာအလွမ်းတွင် ကျောရိုးပြုခဲ့သည့် "ကုံကော်ရွက်ရေ" ကဗျာစာသားလေးအချို့ကို အမှတ်တရ ရွတ်ဆို၍...

"တစ်ရွက် နှစ်ရွက်
ကုံကော်ရွက်ရေ
တစ်ခက် နှစ်ခက်
လွမ်းမက်မပြေ
ခေါင်းလောင်းသံချို
နေမညှိုသေး"

ကဗျာထဲမှာတော့ "အပြေးပြန်ခဲ့ အချစ်ရေ" စာပေခြေရာ လျှောက်လှမ်းပေါ်မှာတော့ "အပြေးရှေ့ဆက်နိုင်ပါစေ" ...

**နွမ်ဂျာသိုင်း**
၂၂-၅-၂၀၁၉

# ယနေ့တိုင်

၁၉၈၉ - ခုနှစ်လောက်က "ပန်းဝေသီ" ဟု အမည်ရသော မဂ္ဂဇင်းတစ်စောင် ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုမဂ္ဂဇင်းကို စီစဉ်သူက ဒါရိုက်တာ မောင်ပြည့်ဝ (ပန်းဝေသီ)။ ယင်းမဂ္ဂဇင်းတွင် ကလောင်သစ်များအတွက် ကဏ္ဍတစ်ခု ပါဝင်၏။ ၎င်းကဏ္ဍ၏ အမည်မှာ "ပန်းနုသစ်သီကဏ္ဍ"၊ မျက်စိလျှမ်းသူတချို့က "ပန်းနုသစ်သီးကဏ္ဍ" ဟု မှားယွင်းပြောဆိုနေမိတတ်ကြသည်။

ကလောင်သစ်များကို စင်တင်ပေးသည့်၊ အဆိုပါ "ပန်းနုသစ်သီကဏ္ဍ" ကို ဆရာနွမ်ဂျာသိုင်းက တာဝန်ယူဆောင်ရွက်ခဲ့သည်။ "နောက်ကျခြင်း" ဟူသောကဗျာလေးကိုဆရာနွမ်ဂျာသိုင်းကရေးဖွဲ့ပေးထားသည်။ကလောင်သစ်များက ထိုကဗျာလေးကို အခြေခံလျက် ဝတ္ထုတိုရေးသားကြရသည်။ များစွာသော စာမူများထဲက ဝတ္ထုတိုနှစ်ပုဒ်ခန့်သာ ရွေးချယ်ဖော်ပြခဲ့လေ၏။ ကျွန်တော့် အမည်ကို ဆန်ကာတင်စာရင်းထဲတွင်သာ တွေ့ရ၏။ ပထမဆုံး အရွေးချယ်ခံရသူများထဲတွင် ကျွန်တော် မပါ။ "ကံ့ကော်ရွက်ရေ" ဟူသော ကဗျာလေးကို အခြေပြုရေးသားရသည့်အခါ (၁၉၈၉၊ မတ်လ) ကျမှသာ ကျွန်တော့်၏ဝတ္ထုတို "လွမ်းရသော နေ့များ" ရွေးချယ် ဖော်ပြခံခဲ့ရသည်။

မှတ်မှတ်ရရ ကျွန်တော်နှင့်အတူ ယှဉ်တွဲရွေးချယ်ဖော်ပြထားသည့် ဝတ္ထုတိုလေး၏ အမည်က "ကံ့ကော်ပင်တန်းနှင့် ခပ်လှမ်းလှမ်းမှာ"။ ရေးသားသူ၏ ကလောင်အမည်ကား မောင်ညိုအေး (ပန်းတော)။

✤

ဤသို့ဖြင့် နှစ်ယောက်တစ်တွဲ ဖော်ပြခဲ့သည့် ကလောင်သစ်များအားလုံးကို ဆရာနွမ်ဂျာသိုင်းက သူ၏အိမ်တွင် တွေ့ဆုံပွဲပြုလုပ်ပေးခဲ့သည်။ ထိုတွေ့ဆုံပွဲကျမှ မောင်သက်နိုင် (ခေါ်) နိုင်မျိုးထွန်း အပါအဝင် အခြားသော ပန်းနုသစ်သီ သူငယ်ချင်းများနှင့် စတင်ခင်မင်ကျွမ်းဝင်ခဲ့ကြ၏။

ထိုအခြေအနေလေးမှ အစပြု၍ ကျွန်တော်တို့အားလုံး ကြိုးပမ်းခဲ့ကြရသည်။ မောင်သက်နိုင်က နိုရာဆောင်းအမည်ဖြင့် စာအုပ်ရေးသေးသည်။ ပြီးနောက် စာအုပ်ထုတ်ဝေရေး လုပ်သည်။ ထို့နောက် နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) အမည်ဖြင့် ဗွီဒီယိုတွေ ရိုက်သေးသည်။ ထိုအမည်ဖြင့် စာတွေ ရေးပြန်သည်။

အနုပညာ မျက်နှာများသူဟု အပြစ်တင်ချင်သော်လည်း ဤစာပေ အနုပညာ အဝန်းအဝိုင်းထဲ၌ ရှင်သန်ရပ်တည်နေချင်သေးသည့် သူ့အာသာဆန္ဒကို ထင်းလင်းစွာမြင်နေရပြန်သဖြင့် အပြစ်တင်စကား မပြောရက်တော့ချေ။

ထို့အပြင် ၁၉၉၅-ခုနှစ်လောက်က နိုင်မျိုးထွန်းရယ်၊ ကျွန်တော် မောင်လှမျိုး (ချင်းချောင်းခြံ)ရယ်၊ မောင်ညိုအေး (ပန်းတော)ရယ်၊ မဂ္ဂဇင်းတိုက်တစ်တိုက်၏အနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်နေကြရင်းက နိုင်မျိုးထွန်း ဦးဆောင်ပြောကြားခဲ့သည့် စကားတစ်ခွန်းကို ကျွန်တော် ယနေ့ထက်တိုင် မှတ်မိမှတ်သားထားဖြစ်သည်။

"ငါတို့သုံးယောက် မြန်မာပြည် စာပေလောကမှာ တာဝန်အသီးသီး ယူနိုင်အောင် ကြိုးစားကြရမယ်" ဟူသည့်စကားဖြစ်ပေသည်။ ထိုစကားသည် ကျွန်တော်တို့ သုံးယောက်စလုံးအတွက် အင်အားဖြစ်ခဲ့သလို ကျွန်တော့် တစ်ကိုယ်တည်းအတွက်လည်း အင်အားကြီးစေခဲ့ပါသည်။

ထိုစကားအတွက်လည်း နိုင်မျိုးထွန်းကို ကျွန်တော် အစဉ်အမြဲ ကျေးဇူးတင်လျက် ရှိနေခဲ့ရသည်။ သူ့စကား အရာရောက်ခဲ့သည်ဟု ကျွန်တော် ခံစားခံယူပါသည်။

ယနေ့ ယခုထိတိုင်

သူ့စကား အရာမပျွင်းသေး ...။ ။

လေးစားခင်မင်လျက်



**မောင်လှမျိုး (ချင်းချောင်းခြံ)**

၇-၆-၂၀၁၉

# စာရေးသူ၏အလွှမ်း

၁၉၈၅၊ ဒီဇင်ဘာလမှာ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ကို စတင် ခြေချခွင့် ရခဲ့ပါတယ်။ အဲဒီလိမ္မော်ရောင်တက္ကသိုလ်နယ်မြေမှာ မောင်ညိုအေး (ပန်းတော)၊ ဇော်ဝင်းဦး (ယခု ကာတွန်းဟာသ်ာ)၊ အောင်မျိုးသန်း (ယခု မနော မယဂျာနယ် တာဝန်ခံအယ်ဒီတာ) အပါအဝင် ဝါသနာတူ သူငယ်ချင်းတွေနဲ့ ဆုံစည်းမိပြီး ကဗျာတွေရေး၊ လက်ကမ်းကဗျာစာအုပ်လေးတွေ ထုတ်ဖြစ်ခဲ့ပါ တယ်။ "မောင်သက်နိုင်" ကလောင်အမည်နဲ့ပေါ့။ ကျောင်းပိတ်ရက်တွေမှာ တော့ မဂ္ဂဇင်းတိုက်တွေကို စာမူတွေ လိုက်ပို့ခဲ့ကြပါတယ်။ အဲဒီလိုနဲ့ ဆရာ နွမ်ဂျာသိုင်းရဲ့ "ပန်းနုသစ်သီ" ကဏ္ဍာနဲ့ ဆရာအောင်ပြည်ရဲ့ "ချယ်ရီပွင့်ဦးသစ်" ကဏ္ဍာတွေမှာ ကလောင်သစ်တစ်ယောက်အဖြစ် ဝတ္ထုတိုတွေ ရွေးချယ်ဖော်ပြ ခံခဲ့ရပါတယ်။

လိမ္မော်ရောင်တက္ကသိုလ်ရောက်ပြီး (၂) နှစ်အကြာ အဓိပတိလမ်းကို စ.အလှမ်းမှာပဲ ငွေစက္ကူအရေးအခင်း၊ ဘုန်းမော်အရေးအခင်း၊ တံတားနီ အရေးအခင်းတို့နဲ့အတူ ကျောင်းတံခါးကြီးက ဖွင့်ချီပိတ်ချီဖြစ်ခဲ့ပြီ။ ၁၉၈၈ အရေးတော်ပုံကြီးအပြီးမှာတော့ ကျောင်းတံခါးကြီးက အကန့်အသတ်မရှိ ပိတ်သွားပါတော့တယ်။ ကျောင်းတံခါးကြီး ပြန်ဖွင့်မယ့်ရက်ကို စောင့်မျှော်ရင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှာ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ဖြစ်ခဲ့ပါ တယ်။ ဝန်ထမ်းဘဝလုပ်ငန်းခွင်က အတွေ့အကြုံတွေကို နိုင်မျိုးထွန်း (ရန်ကုန် တက္ကသိုလ်) ကလောင်အမည်နဲ့ မြို့တော်ရန်ကုန်မဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းတွေ မှာ ရေးဖြစ်ခဲ့ပါတယ်။

ပန်းနုသစ်သီက ရေးဖော်တွေဖြစ်တဲ့ မောင်နီမှိုင်း (ကျောက်တန်း)၊ မောင်လှမျိုး (ချင်းချောင်းခြံ)၊ စိုးရယ် (ယခု ဆောင်းလုလင်)၊ မြတ်သူစံ (ဝါး ခယ်မ)၊ သက်ဦးနိုင် (ရွှေကျင်)၊ ဝေရည်ကျော်၊ ရာသက်ပန် (တောင်ငူဆောင်)၊

လူပန်းငယ်၊ မကြည်ပြာ၊ နန္ဒာ (ယခု မေဓာဝီ) တို့နဲ့ တရင်းတနှီး ပေါင်းမိရာက စာပေလောကထဲကို ထဲထဲဝင်ဝင် ခြေလှမ်းစဖို့ ပြင်ခဲ့ပါတယ်။ "ရွှေခေတ်နှင့် ရွှေမဟုတ်သော ဝတ္ထုတိုများ" ဝတ္ထုတို ပေါင်းချုပ်စာအုပ်တစ်အုပ်ကို စုပေါင်း ထုတ်ဝေဖြစ်ခဲ့ပါတယ်။

၁၉၉၁-ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းတံခါးကြီး ပြန်ဖွင့်တော့ အစစအရာရာ အဆင်ပြေနေတဲ့ အလုပ်ကို စွန့်လွှတ်ပြီး ကျောင်းထဲကို အပြေး ပြန်ခဲ့မိပါတယ်။ ဒါပေမဲ့ သိပ်ကြာကြာမခံလိုက်ဘဲ ၁၉၉၂၊ ဒီဇင်ဘာမှာ နိဘယ် အရေးအခင်းကြောင့် နောက်တစ်ခါ ကျောင်းတံခါးကြီး ပြန်ပိတ်သွားပါတယ်။ ဒီတစ်ခါမှာတော့ သူငယ်ချင်းတွေ တော်တော်များများ ဘဝတက္ကသိုလ် ရောက်သွားကြပြီး ကိုယ်တိုင်ပါ ကာလကြာရှည်စွာ တိမ်းရှောင်နေခဲ့ရပါ တယ်။ အဲဒီကာလမှာပဲ "နီရာဆောင်း" ကလောင်အမည်နဲ့ လုံးချင်းဝတ္ထုတွေ ရေးဖြစ်ခဲ့ပါတယ်။

သူငယ်ချင်းစာရေးဆရာ နေနော်ရဲ့ ဆက်သွယ်ပေးမှုနဲ့ ကိုမြင့် (သိမ်းမင်းစာပေ) မှ "နီရာဆောင်း" လုံးချင်းဝတ္ထုတွေကို ထုတ်ဝေနေချိန်၊ ၁၉၉၅-ခုနှစ် မဟာသိပ္ပံ (နောက်ဆုံးနှစ်) အရောက်မှာ ဆယ်စုနှစ်တစ်ခုကြာ လျှောက်လှမ်းခဲ့တဲ့ အဓိပတိလမ်းနဲ့ သစ်ပုတ်ပင်ကြီးကို မလွဲမရှောင်သာ ခွဲခွာ ခဲ့ရပြီး ရေခြား မြေခြားမှာ စီးပွားရှာခဲ့ရပါတယ်။ ကျောင်းသူ ကျောင်းသားတွေ ကို တစ်သုတ်ချင်း ရှင်းထုတ်ခဲ့ပြီးပြီမို့ အဲဒီနှစ်မှာပဲ ကျောင်းတံခါးကြီးကိုလည်း အပြီးပိတ်ခဲ့ကြပါတယ်။

မြန်မာပြည် ပြန်ရောက်တဲ့အခါမှာတော့ ကိုယ့် ဝါသနာနဲ့ အနီးစပ်ဆုံး စီးပွားရေးလုပ်ငန်းဖြစ်တဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို "အင်ပါယာစာပေ" အမည်နဲ့နှစ်ပေါင်း(၂၀)နီးပါးလုပ်ဖြစ်ခဲ့ပါတယ်။ကိုယ့်ကလောင်တွေကိုတော့ ကျောင်းတော်ကြီးနဲ့အတူမေ့မေ့လျော့လျော့ထားလိုက်ပါတော့တယ်။စာရေး ချင်စိတ် ပေါက်လာတဲ့ Idea လေးတွေကို Short film တွေအဖြစ် ဖန်တီးရင်း က မရည်ရွယ်ဘဲ ရုပ်ရှင်၊ ဗီဒီယိုလောကထဲ ရောက်ခဲ့ရပြန်ပါတယ်။ ရုပ်ရှင် လောကမှာ ရင်းနှီးကျွမ်းဝင်ဖြစ်တဲ့ ကဗျာဆရာ၊ ဇာတ်ညွှန်းဆရာ အကယ်ဒမီ

မြင့်ဦးဦးမြင့်နဲ့ရေးပောင်းနောင်းဖြစ်တွေထိုင်ထိုင်ပြောဖြစ်တဲ့ညနေခင်းတိုင်းမှာ သူက စာပြန်ရေးဖို့ အမြဲတွန်းအားပေးပါတယ်။

အသက်အရွယ်ကြောင့်ထင်ပါရဲ့ကဗျာတွေ၊ဝတ္ထုတွေရေးဖို့အားမသန်တော့ဘဲ စံတော်ချိန်သတင်းစာမှာ အတွေ့အကြုံ၊ အတွေးအမြင် ဆောင်းပါးတွေပဲ ရေးဖြစ်ခဲ့ပါတယ်။ အဲဒီဆောင်းပါးလေးတွေကို မှတ်မှတ်ရရ စာအုပ်စုထုတ်ဖို့ စီစဉ်နေချိန်မှာ ထုတ်ဝေသူဘဝက ရင်းနှီးခဲ့ဖူးတဲ့ အနုပညာဓာတ်ခံရှိသူ ထုတ်ဝေသူတစ်ဦးဖြစ်တဲ့ ကိုမြင့်ထွန်း (Quality) စာပေနဲ့ စကားပြောဖြစ်ပါတယ်။

ကိုမြင့်ထွန်းက ဆောင်းပါးပေါင်းချုပ်စာအုပ်ထက် "ဝတ္ထုတိုပေါင်းချုပ်" လိုမျိုး ရသစာပေက ပို၍ မှတ်ကျောက်တင်ခံနိုင်မည်ဖြစ်ကြောင်း အကြံပြုလာသောအခါ တိုက်တိုက်ဆိုင်ဆိုင် ၂၀၂၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ သက်တမ်းကလည်း နှစ်တစ်ရာ၊ ကိုယ်ရေးခဲ့တဲ့ ဝတ္ထုတိုတွေအားလုံးကလည်း ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝက ရေးခဲ့သည့် ဝတ္ထုများသာ၊ အမျိုးသား စာကြည့်တိုက်မှ မဝင်းစန္ဒာအေးရဲ့အကူအညီဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၃၀) က "မက်ဆူရာ ဖာရီယာအလွမ်း" ကို ပြန်လည်တူးဖော်တွေ့ရှိသောအခါ ရန်ကုန်တက္ကသိုလ်သမိုင်းမှာ မော်ကွန်းတင်ခဲ့ဖူးသည့် "သစ်ပုတ်ပင်ကြီး" ကို မျက်နှာဖုံးပုံအဖြစ် (မေတ္တာဖြင့်) သုံးခွင့်ပြုခဲ့သည့် ဆရာကျော်ဝင်းမောင်၏ စေတနာ "တစ်ခါတုန်းက တက္ကသိုလ်" မှ ဆရာနွမ်ဂျာသိုင်း "ကံ့ကော်တန်းမှာ လွမ်းချင်းရှည်ခဲ့ဖူး" တဲ့ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) သူငယ်ချင်းမောင်လုမျိုး (ချင်းချောင်းခြံ) တို့ရဲ့ မေတ္တာစာတို့ကြောင့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်မှာ နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) မက်ဆူရာဖာရီယာကို လွမ်းခွင့်ရခဲ့ပါပြီ။

တချို့ဝတ္ထုတိုတွေမှာ ခေတ်ကာလအခြေအနေ အချိန်အခါအရ မလွှဲသာ မရှောင်သာ ကာလတန်ကြေးနဲ့ လျော်ညီအောင် ပြုပြင်ထားသည်မှအပ ဝတ္ထုတိုအများစုကို မူရင်းအတိုင်း ဖော်ပြထားပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝက ရေးတဲ့ ဝတ္ထုတိုတွေ ဖြစ်ပေမဲ့ အဓိပတိလမ်းနှင့် ဝန်ထမ်းဘဝကို

တစ်ခြမ်းစီဖြတ်သန်းခဲ့ရတဲ့ ဘဝအရေးအခင်းကြောင့် တက္ကသိုလ် နောက်ခံ အချစ်ဝတ္ထုလေးတွေချည်းတော့ မဟုတ်ပါ။ စာပေစိစစ်ရေးကြောင့် ရေးသားခွင့် မရခဲ့တဲ့ ဖြတ်သန်းခဲ့ဖူးသော တက္ကသိုလ်ကျောင်းက အရေးအခင်းများ အကြောင်းကိုလည်း အခွင့်အရေးရရင် မှတ်တမ်းတင်နိုင်အောင် ကြိုးစားပါဦးမယ်။

အနာဂတ်မျိုးဆက်သစ် တက္ကသိုလ် ကျောင်းသားကျောင်းသူများ ခေတ်မှာတော့ တက္ကသိုလ်ကျောင်းသားဘဝကို အပြည့်အဝခံစားပြီး တက္ကသိုလ်နောက်ခံ အချစ် အလွမ်းခံစားမှု အလန်းများကို အတွေးရဲရဲ၊ အရေးရဲရဲ ရေးသားနိုင်ကြပါစေ။ ဒီစာအုပ်ကလေးနဲ့ ရန်ကုန်တက္ကသိုလ်ကြီးကို ပြန်လွမ်းမိပါတယ်။ တကယ်တော့ အဲဒီတက္ကသိုလ်ကြီးနဲ့ ပတ်သက်ခဲ့ဖူးတဲ့သူတိုင်းမှာ အလွမ်းကိုယ်စီ ရှိနေကြပါတယ်။ အဲဒီကျောင်းတော်ကြီးကလည်း ကျွန်တော်တို့တွေအားလုံးကို လွမ်းနေလိမ့်မယ် ထင်ပါရဲ့။

**နိုင်မျိုးထွန်း** (ရန်ကုန်တက္ကသိုလ်)

# ရင်မှာမျိုသိပ်လိုက်ပါသည်

ညို့ဘဝသည် ကိုကို့ လောင်းရိပ်မိနေသည်ဟု ဆိုရမည် ထင်ပါသည်။ လောင်းရိပ်မိသည်ဆိုသော ဝေါဟာရကို ကိုကိုလည်း နားလည်ပါလိမ့်မည်။ အပင်ကြီးတစ်ပင်၏အရိပ်အောက်တွင် နွမ်းလျစွာ ရှန်းကန်ရှင်သန်နေရသော အပင်ငယ်လေးကို လောင်းရိပ်မိနေသည်ဟု ဆိုရမည် မဟုတ်ပါလား။

တကယ်တော့ ညို့ဘဝ၏ လက်ရှိအခြေအနေသည်လည်း ကိုကို့ လောင်းရိပ်အောက်မှာ တည်ရှိနေပါသည်။ ညို့ဘဝရဲ့ဖြစ်စဉ်မှာ ကိုကိုဆိုတဲ့ အရိပ်မည်းကြီးက စီးမိုးထားပြီ မဟုတ်လား။ ဒါပေမဲ့ ကိုကို့ အသိုက်အဝန်း တစ်ခုကိုတော့ ပြောချင်ပါသည် ကိုကို။

လောင်းရိပ်မိနေတဲ့ အပင်ငယ်လေးဆိုပြီး အထင်သေးမယ်တော့ မကြံပါနဲ့။ တကယ်လို့များ အဲဒီလောင်းရိပ်အောက်က အပင်ငယ်လေးက နွယ်ပင်မျိုး ဖြစ်နေခဲ့မယ်ဆိုရင် ရည်မွန်ခန့်ညားသော ကိုကို့ကို ပထမဦးဆုံးအကြိမ် စတင်မြင်တွေ့ရကတည်းက ညို့ ရင်ထဲမှာ တိတ်တခိုးလေး ကြည်ညိုခဲ့မိပါသည်။

ရန်ကုန်မှ အရာရှိကြီးတစ်ဦး၏ သား ဒေါက်တာကိုကို ညို့တို့ အိမ်အောက်ထပ်မှာ ဆေးခန်းလာဖွင့်မည်ဆိုကတည်းက ရင်ထဲမှာ လှုပ်လှုပ်ရှားရှားလေးဖြစ်ခဲ့ရသည်ကို ညို့ဘာသာ နားလည်ပါသည်။

ဆယ်တန်းမှာပင် အခြေအနေမကောင်း၍ ပညာရေးလမ်းကြောင်းမှ ဖယ်ခွာခဲ့ရသူမို့ ကိုကိုတို့လို ခေတ်ပညာတတ်ကြီးများကို မသိစိတ်က ကျိတ်၍ လေးစားခဲ့တာလည်း ပါမည်ထင်သည်။ သို့သော် တီးတိုးဖော် မော်မော်တို့ကို သတင်းသွားလွှင့်မိတော့ ...

"နင် ဆရာဝန်ကတော် ဖြစ်တော့မှာပေါ့"

ဟူသော မမျှော်လင့်သည့်စကားဖြင့် ထိုးနက်ခံလိုက်ရသည်။

နောက်လိုက်မှန်း သိပေမဲ့လည်း ညို့ မာနကို ထိပါးသွားတဲ့စကားမို့ ဒေါသမာန်က ဟန်မဆောင်နိုင်လောက်အောင် ထောင်ထလာသည်။ မော်မော် စကားကြောင့် ရှေ့လျှောက် အများကြီးသတိထားဖို့တော့ လိုပြီဟု နားလည်လိုက်ပါသည်။

ဒါကြောင့်လည်း ကိုကို့ကို စတွေ့ကတည်းက ဣန္ဒြေမပျက် ခပ်မှန်မှန်ပဲ ဆက်ဆံဖြစ်ခဲ့သည်။ ခင်မင်နစ်လိုဖွယ်ရာ ကိုကို့ အပြုံးတို့ကိုလည်း အားတင်း၍ ဥပေက္ခာပြုခဲ့ရပါသည်။

ဒါပေမဲ့ နှလုံးသားဆိုတာကလည်း လိမ်ညာခံစားလို့ ရတတ်တာမျိုးမှ မဟုတ်ပါပဲလေ။ ကိုကို့ အပြုံးများက ညို့ နှလုံးသားကို ညှို့ယူထားပြီးမှ ညို နားလည်လိုက်ပါသည်။

သောကြာနေ့ညတိုင်း ရန်ကုန်ပြန်ဖို့ အိတ်ကလေး တစ်လုံးဆွဲပြီး သဘော်ဆိပ်ဆင်းသွားတဲ့ ကိုကို့ကို အပေါ်ထပ်ပြတင်းဝကနေ မျက်စိတစ်ဆုံး ငေးကြည့်နေတတ်တဲ့ အကျင့်ကိုလည်း ညို ရခဲ့ပါပြီ။

ပြီးတော့ တနင်္လာနေ့ မနက်တိုင်း အိမ်ရှေ့က ထွက်မျှော်တတ်ခဲ့တာလည်း ကိုကို့ကြောင့်ပဲ မဟုတ်လား။ သောကြာပြီးတော့ တနင်္လာဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့လည်း ရူးမိုက်စွာ တွေးတတ်ခဲ့ပြီပဲ။

တစ်အိမ်တည်း နေကြရသူတွေမို့ ကိုကို့ကို မမြင်ချင်လည်း တွေ့နေရပါသည်။ နဂိုကတည်းက မြင်ချင်နေသူဆိုတော့လည်း ကိုကိုသည် ညို့ မျက်ဝန်းထဲမှာ အချိန်ပြည့်ရှိနေပြီပေါ့လေ။ ကိုကို့ အပြုံးလေးများသည်လည်း ညို့နှလုံးသားတွင် ထာဝရစွဲထင်၍နေပါပြီ။

ဒါပေမဲ့ ညို နားလည်ပါသည်။ ညိုက မိန်းကလေး မဟုတ်လား။ နဂိုကတည်းက သမုတ်ချင်နေသော နှုတ်စကားများမှ ရှောင်ကြဉ်ရန် ညို အနေအထိုင် ဆင်ခြင်ရပါမည်။ ညို နားလည်ပါသည်။

✦

ညို နားမလည်နိုင်တော့ပါ။ ကိုကို့ မိဘများ၏ အဖျွတ္တသန္တာန်ကို ညို ရိပ်စားမိသော်လည်း ညို့အပေါ်မှာ ဘယ်ဘဝက ရန်ငြွေးတွေ ပေးဆပ်ချင်နေသလဲဆိုတာ ညို နားမလည်နိုင်တော့ပါ။

ကိုကို့ ဆေးခန်းအခြေအနေကို ကိုကို့ မိဘတွေက လေ့လာမည်ဆိုသည့်နေ့က အလိုက်တသိ အပေါ်ထပ်မှာပဲ စာတက်ဖတ်နေလိုက်ပါသည်။

ဒါပေမဲ့ ကိုကို့ခေါ်သံကြောင့် ညို အောက်ကို မဝံ့မရဲ ဆင်းခဲ့ရပါသည်။ ဟိတ်ဟန်အပြည့်ဖြင့် အခန့်သားထိုင်နေသော ကိုကို့ မိဘများထံမှ အေးစက်စက် အပြုံးလက်ဆောင်ကို ရ၍ ကိုကိုက ညို့ကို မိတ်ဆက်ပေးတော့ ...

"သားက ညီမလေးတစ်ယောက် ကောက်ရနေတာပေါ့နော်"

ဟု စကားအလုဆင်သည်။ ပြီးတော့မှ "ကိုယ့်ကိုယ်ကိုယ်လည်း ကြည့်ထိန်းပေါ့ ကလေးမရယ်၊ ဆရာဝန်လူပျိုဆိုတော့ အပိုင်ဖမ်းချင်တဲ့ အပျိုတွေကလည်း ကလေးမ သိတဲ့အတိုင်းပဲ"ဟူသော စကားဖြင့် ညို့ကို အလဲထိုးလိုက်ပါသည်။

ရိုးရိုးအေးအေးသမားများဖြစ်သော ဖေဖေတို့ကတော့ အတွေးပေါက်လိုက်ပုံမပေါ်။ အပြုံးမပျက်။

"အန်တီတုန်းကလည်း အရာရှိကတော်ဖြစ်အောင် တော်တော်ခက်ခက်ခဲခဲ အပိုင်ဖမ်းခဲ့ရမှာပေါ့နော်"ဟု ပြောထည့်လိုက်ချင်ပါသည်။ ဒါပေမဲ့ ညို မရိုင်းချင်ပါ။ သူတို့က လူကြီးလူကောင်းတွေ မဟုတ်လား။

လူကြီးလူကောင်းတွေ ပြန်သွားမှ ညို့ မျက်နှာရိပ် မျက်နှာကဲကို ရိပ်မိပုံရသော ကိုကိုက အခြောက်တိုက်လာချော့သည်။

"မေမေက သိပ်စကားမပြောတတ်ဘူးကွာ" တဲ့။

ကိုကို့ကို ဝဋ္ဋရားမပျက် ပြန်ပြုံးပြဖြစ်သော ညို့အပြုံးသည် လှောင်ပြုံး ဖြစ်မသွားပါစေနှင့်ဟု ညို ဆုတောင်းလိုက်မိပါသည်။

ညို ဆုတောင်းမပြည့်ခဲ့ပါ။

ညို့ဘဝတွင် မြင်ခဲ့ တွေ့ခဲ့ဖူးသော ယောကျ်ားများအနက် ကိုကိုသည် ခြွင်းချက်မရှိ လေးစားယုံကြည်သွားနိုင်သည့် ယောကျ်ားတစ်ယောက် ဖြစ်ပါစေဟု ကြိတ်၍ ဆုတောင်းခဲ့မိသော ညို့ ဆုတောင်းမပြည့်ခဲ့ပါ။ တစ်ခါတစ်ရံ ဆေးခန်းပိတ်ပြီးချိန်မျိုးတွင် အောက်ထပ်မှ ပုလင်းဖွင့်သံ ကြားရတတ်သော ကြောင့် ဖြစ်ပါသည်။

ကိုကိုအတွက် ကြီးစွာသော စိုးရိမ်စိတ် ဖြစ်ပေါ်လာခဲ့သော်လည်း ညို့မှာ တရားဝင်တားမြစ်ပိုင်ခွင့်မရှိပြီဘဲ။ စေတနာဖြင့် သတိပေးချင်သော်လည်း တစ်မျိုးထင်မှာစိုးသည်။ အပြစ်မြင်မှာ ကြောက်သည်၊ တစ်နေ့နေ့တော့ ပြောရဦးမည်ဟူသော အတွေးဖြင့် ကန့်သတ်ချက်မပါသော ထိုတစ်နေ့နေ့ကို အဓိပ္ပာယ်မဲ့ စောင့်စားနေမိပါသည်။

"အရက်သောက်ခြင်းသည် မိမိကိုယ်မိမိ ယာယီသတ်သေခြင်းပင် ဖြစ်သည်"ဟူသော ကြားဖူးနားဝရှိသည့် ဘာထရန်ရပ်ဆဲလ်၏ စကားကိုလည်း ကိုကို့ကို ပြောရဦးမည်ဟု စိတ်ကူးတော့ ထားဖြစ်ခဲ့ပါသည်။

တစ်ခါတလေမှာ အနေသာ့ကြီးပါဟု ဖွတ်တင်းနေမိသော်လည်း မရ။ ညို့ မာနသည် ညို့ နလုံးသားကို အညံ့ခံလိုက်လေပြီ။ မာနသာမက ဘဝပါ အညံ့ခံလိုက်ရသည့် ဖြစ်ရပ်ကလေးကလည်း နောက်ဆက်တွဲ ပေါ်ပေါက်ခဲ့ပါ သည်။

ကိုကို့ ပုလင်းကိစ္စကို ညို ဘာမှမပြောနိုင်ခင် ကိုကိုက ပုလင်းဇာတ် ခင်းခဲ့ပါသည်။

ထိုနေ့ကလေးကို ညို တစ်သက် အမေ့ရခက်ခဲ့ပါပြီ။

မေ့ပျောက်၍ ရနိုင်ကောင်းသော အဖြစ်အပျက်မျိုးမှ မဟုတ်ဘဲလေ။

ထိုနေ့က ဖေဖေရော မေမေပါ ရန်ကုန်မှ အဒေါ်တစ်ယောက် အသုဘ ကိစ္စ သွားကြသည်။ နေ့ချင်းပြန်ဟု ပြောသွားသော်လည်း နေရောင်ပျောက် သည်အထိ ပေါ်မလာ။

ကိုကို့ ဆေးခန်းပိတ်ချိန်ရောက်တော့ စိုးရိမ်စိတ်က ဖောက်လာသည်။ ကိုကို့ကို ဆင်းတိုင်ပင်မိတော့ "မစိုးရိမ်ပါနဲ့ ညီ့ရယ်၊ သဘော်နောက်ကျလို့ ဖြစ်မှာပါ၊ ခဏနေကျ ကိုကိုအပေါ်မှာ လာနေပေးမယ်လေ" ဟူသော စကားကို အပြုံးမပျက်ဆိုသည်။

ဒါပေမဲ့ ကိုကို့လက်ထဲမှာ ဖန်ခွက်တစ်လုံး။ ကိုကို့ရှေ့မှာ ပုလင်းတစ်လုံး။

ကိုကို့စကားအတိုင်း ခဏအကြာမှာ အပေါ်တက်လာသော ကိုကို့ ခြေလှမ်းတို့သည်လည်း ပုံမှန်မဟုတ်တော့။ သတိထား ဆက်ဆံနေသည့်ကြားမှ ကိုကို့အမူအရာတွေက မှုမမှန်။ ကိုကို့ အပြုအမူတွေက ဟန်ချက်မဲ့နေပြီ။

အသိတရားက ပြင်းထန်စွာ တားမြစ်နေသည့်ကြားမှ နှလုံးသားက တဒင်္ဂ တွေဝေခဲ့မိသည်။ ဆုံးဖြတ်ချက် တစ်ရပ်ကို ရဲရာစွာ မချမှတ်နိုင်ခင်မှာ ပင် ညီ့သည် ကိုကို့အတွက် ...

ကိုကိုသည် ညီ့အတွက် ချစ်သူတစ္ဆေဖြစ်ပါသည်။

တစ္ဆေကို ကြောက်သော်လည်း တုမလွှန်က ချစ်သူဖြစ်၍ မရက်စက်နိုင်သမို့ အပြစ်ကင်းစင်သည့် ကလေးငယ်လေးပမာ မျက်နှာငယ်လေးဖြင့် အထပ်ထပ်အခါခါ တောင်းပန်နေသော ကိုကိုလူဆိုးကို ညီ့ ဘယ်လိုမုန်းရမှာလဲ။

မုန်ရာကိုဝန်ခံရလျှင် ညီ့ နှလုံးသား ကမ္ဘာပျက်နေသည့်ကြားမှာပင် တဒင်္ဂ ကြည်နူးမိပါသည်။ ညီ့ ပါးပြင်ပေါ်ကို ချော်ကျလိမ့်ဆင်းလာသော မျက်ရည်စီးကြောင်းတို့ကိုလည်း ကိုကိုသည် ညင်သာယုယစွာ ဖယ်ရှားပေးခဲ့ပါသည်။ ခန်းခြောက်သွားသော မျက်ရည်စတို့နှင့်အတူ ကိုကို့အပေါ် မြင်ခဲ့မိသောအပြစ်တို့သည်လည်းလွင့်ပျောက်ခဲ့ပါပြီ။ ပြီးတော့ကိုကို့အချစ်ကိုလည်း အလိုလို ခေါင်းညိတ်လက်ခံမိလျက် ဖြစ်ခဲ့ရပါသည်။

မထူးတော့ပါဘူး ဆိုပြီးတော့ပဲ ဆက်မိုက်လိုက်တာလား၊ တိတ်တခိုး မျှော်လင့်ချက်ကလေး ပြည့်ဝပြီ ဆိုပြီးတော့ပဲ ကြည်နူးနေမိတာလား မသိ။ ညို့ ဘာသာလည်း မဝေခွဲဖြစ်၊ မဝေခွဲချင်။

ဒါပေမဲ့ အဲဒီနောက်ပိုင်းကာလတွေမှာ ကိုကို့အနားမှာ ညို အချိန်ပြည့် ရှိနေခဲ့သည်။

ကိုကိုနှင့်အတူ မနက်စောစောထ၍ ညို ကြိုက်သော ဈေးရှေ့မှ မအေးမြင့် မုန့်ဟင်းခါးကိုလည်း အတူတူသွားစားဖူးပြီ။

ကိုကို့ ဆေးခန်းပိတ်ချိန်မှာ ကိုကို ကြိုက်သော သရဖူမှ လက်ဖက်ရည် ချိုကျကိုလည်း ညို လိုက်သောက်ဖူးပြီ။

သာယာလှပသော ညနေခင်းကလေးများတွင် မြို့ထောင့်စေတီမှာလည်း ဗုဒ္ဓရှင်၏ မေတ္တာတော်ရိပ်တွင် ချွေးသိပ်ရင်းက ဒီသံသရာမှာ မခွဲမခွာ ချစ်မြဲချစ်ရပါစေလို့၏ရယ်လို့လည်း ဆုတောင်းဖူးခဲ့ပြီ။

ကိုကို့လက်မောင်းကို တွဲဖက်၍ ကိုကို့ခြေလှမ်းကျဲကြီးများကို အမှီ လိုက်ရင်းက အရပ်ရှစ်မျက်နှာက မျက်လုံးစိမ်းတွေကိုလည်း ရင်ဆိုင်ရဲပြီ။ အတိအလင်း မဟုတ်သော်လည်း အတိအကျနီးပါး သိနေပြီဖြစ်သည့် မေမေ တို့ကိုလည်း ဖြေရှင်းရဲပြီ။

တီးတိုးဖော်တွေကိုလည်း ထရားဝင် သတင်းထုတ်ပြန်ရဲပြီ။

ဒါပေမဲ့ ကိုကို့ဘက်က အခြေအနေတွေကိုတော့ ညို မသိပါ။ ဘာပဲ ဖြစ်ဖြစ် ကိုကိုနှင့်အတူ ရှင်သန်ခွင့်ရနေသည့် စက္ကန့်တိုင်းသည် ညို့အတွက် ကြည်နူးခြင်းအတိဖြင့် ရင်ခုန်ဖွယ်ရာ ကာလများသာ ဖြစ်ပါသည်။

ထိုကာလများကို မွေးဖွားပေးသော စက္ကန့်တံလေးကို ညို ချစ်သည်။

စက္ကန့်တံလေးကို ညို မုန်းသည်။

မရပ်မနား ပြေးလွှားနေသော စက္ကန့်တံလေးက မောပန်းခြင်း အလျဉ်း မရှိသော်လည်း ထိုစက္ကန့်တံလေးကို ငေးမောနေမိသော ညို့ရင်ထဲမှာ စက္ကန့် တံလေး ဝင်မွှေနေသည့်အလား ဖြောင်းဆန်နေပြီ မဟုတ်လား။

ဒီကနေ့ဆို ကိုကို ဆေးခန်းလာမဖွင့်တာ ငါးရက်တိတိ ရှိပြီ။ "ဘာဖြစ်လို့လဲဟင်" ဟူသော လူနာများ၏ အမေးစကားကို ညို ဘယ်လိုဖြေလိုက်ရမှာလဲ။

ညိုလည်း သူတို့လို ဆန္ဒတူ သိလိုဇောနှင့် ဘဝတူတွေပဲလေ။ ဒါပေမဲ့ ကိုကို့လူနာတွေက ကိုကိုမရှိ၍ တခြားဆေးခန်းမှာ သွားပြလို့ ရပါသေးသည်။ ဒဏ်ရာမပေါ်တဲ့၊ ဓာတ်မှန်ရိုက်ကြည့်ဖို့လည်း မရနိုင်တဲ့ ညိုရင်ထဲက အမည်မဲ့ ဝေဒနာကိုတော့ ဘယ်ဆေးခန်းမှာ သွားပြလို့ရမှာလဲ ကိုကိုရယ်။

သတိတရ တဖွဖွပြောနေတတ်တဲ့ မေမေ့အသံ။ ညနေတိုင်းလိုလို ဆေးခန်းရှေ့မှာ လာစောင့်နေတတ်တဲ့ လူနာတွေရဲ့မျှော်လင့်ညည်းတွားသံ။

အဲဒီအသံတွေကို နားမခံနိုင်သည့်အဆုံး အိမ်ပြင်ကို ထွက်လျှောက်မိတော့လည်း လူတွေက ညို့ကို သံသယမျက်လုံးများဖြင့် ဝိုင်းဝန်းခြိမ်းခြောက်နေကြပြန်ပါပြီ။

ညို ဘယ်လိုနေရတော့မှာလဲ။

မျှော်လင့်ရခြင်း ဝေဒနာကို သည်းမခံနိုင်သည့်အဆုံးမှာ ကိုကို တစ်ခါက ပေးခဲ့ဖူးသည့် တယ်လီဖုန်းနံပါတ်ကလေးကို လက်ဖဝါးမှာရေးပြီး မြို့နယ်ဆက်သွယ်ရေးစခန်းသို့ ခြေဦးလှည့်ဖြစ်ခဲ့ပါသည်။

နံပါတ်ခလုတ်ကလေးများကို အားတင်းနှိပ်နေသည့် ညို့လက်တွေတုန်ယင်နေသော ဘေးလူတွေ မရိပ်မိပါစေနှင့်။ ငါးမူးစေ့ကလေး လျှောကျသွားသော "ဂျလောက်" ဆိုသည့်အသံနှင့်အတူ ရင်ထဲမှာ ဗလောင်ဆူသည်။

"ဟဲလို … ကိုကိုတို့အိမ်ကလား"

"………"

"ဆေးခန်းလာမဖွင့်လို့ ဘာဖြစ်လို့လဲ သိချင်လို့ပါ"

"………"

"အို …"

လုံးဝမျှော်လင့်မထားသော စကား။ ရက်ရက်စက်စက် သားသမီးချင်း မစာနာ ပြောရက်သောစကား။

"ဒီမှာ ကလေးမ၊ သားကို ရန်ကုန်က ဆရာမတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်ထားပြီးပြီ၊ အရှက်ရှိတတ်တယ်ဆိုရင် သားနဲ့ လုံးဝ အဆက်အသွယ် မလုပ်ပါနဲ့တော့။ ဆရာဝန်တစ်ယောက်ကို သမီးနဲ့ ထောင်ဖမ်းတဲ့ ဆေးခန်းကိုလည်း ပိတ်လိုက်ပြီလို့ သဘောထားပါ။ အဲဒီအခန်းတွေကို လူလွှတ်ပြီး ရှင်းခိုင်းလိုက်မယ်" တဲ့။

အပြန်တစ်လမ်းလုံးမှာ အေးစက်မာကျောသော တယ်လီဖုန်းထဲမှ စကားလုံးများက ညို့ရဲ့နားနစ်ဖက်ကို ပဲ့တင်ထပ်မျှ ကြားယောင်နေစေသည်။

မြင်လွှာမှ ပိုးတဝါး ကာဆီးလာသော မျက်ရည်ငွေ့တို့ကြောင့် အမြင်အာရုံက မပီပြင်တော့။ ဝမ်းနည်းတာလား၊ ဒေါသဖြစ်တာလား၊ ယူကျုံးမရ ဖြစ်တာလား မသိ။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီဆိုတာတော့ သိသည်။

ခြေလှမ်းတို့ကို ဟန်ချက်ညီအောင် မထိန်းချုပ်နိုင်တော့သည့်အဆုံးမှာ ဆိုက်ကားတစ်စီးငှား၍ အိမ်ရှေ့အရောက် ပြန်ခဲ့ရသည်။

မမျှော်လင့်ဘဲ အဆင်သင့်ဖွင့်ထားသော ကိုကို့ဆေးခန်းလေးကို မြင်လိုက်ရတော့ အံ့အားတသင့် လှမ်းဝင်ဖြစ်ခဲ့သည်။

အခန်းဝသို့ လျှောက်လာရင်း ခန့်ညားသောအပြုံးဖြင့် ဆီးကြိုနေသော ကိုကို့မျက်နှာကို မြင်ရခိုက်မှာ ညို့ လက်တစ်ဖက်သည် မရည်ရွယ်ရပါဘဲ ကိုကို့ပါးပြင်ဆီသို့ အပြေးအလွှား ရောက်ရှိသွားပါသည်။ ပြီး အံ့သြတုန်လှုပ်စွာ ငေးမောနေသော ကိုကို့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ရင်းက အားပါးတရ ငိုရှိုက်လိုက်မိပါသည်။

✦

ညို့ မငိုရှိုက်ချင်တော့ပါ။ ငိုချင်တိုင်းသော ငိုရမည်ဆိုလျှင် ညို့ရဲ့ ဘဝသည် ငို၍ပင် ဆုံးနိုင်တော့မည် မထင်။

ဒီနေ့ဆိုလျှင် ကိုကို့ကို မတွေ့ရသည်မှာ တစ်ပတ်ခန့် ရှိပါပြီ။ ရန်ကုန်မှာ ကိုကို၏ မင်္ဂလာအခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့အတွက် အစွမ်းကုန် စီစဉ်နေကြမည်ဟု ညို့ထင်သည်။

ကိုကို အသိုက်အဝန်း၌ မှိုင်းမိနေသော ကိုကို့ကိုလည်း ညို အပြစ်မတင်တော့ပါ။ တွေဝေတတ်သော ကိုကို၊ ပျော့ညံ့လွန်းသော ကိုကို့ကို ချစ်အင်အားဖြင့် ညို ခွင့်လွှတ်နိုင်စွမ်းပါသည်။ စကတည်းက ညိုဘက်ကလည်း "မစွမ်းရင်းကလည်း ရှိ" ခဲ့တာ မဟုတ်လား။

ဒါပေမဲ့ ကိုကို့မိဘများပြောသော မိဘမေတ္တာ။ တစ်ဦးတည်းသောသား ကိုကို့အပေါ်ထားသည့် ကိုကို့မိဘများ၏ မေတ္တာတရား။

ဤမတရားသော မေတ္တာကိုတော့ ညို နလုံးနာပါသည်။ မေတ္တာဆိုတာ သားသမီးအပေါ်မှာသာ တစ်ဖက်သတ် ထားသင့်ပါသလား။ အတ္တဆန်လွန်းသော မေတ္တာကို မေတ္တာဟု ညို မသတ်မှတ်ချင်ပါ။ သားသမီးချင်းကိုယ်ချင်းစာတရား မထားသော မေတ္တာကို မေတ္တာတရားဟု ညို မသတ်မှတ်နိုင်ပါ။

တစ်ခါက ဘတ်စ်ကားစီးရင်း ကြုံခဲ့ရသည့် ဖြစ်ရပ်ကလေးကို အမှတ်ရမိပါသေးသည်။

ညို့ ထိုင်ခုံဘေးမှာ လာရပ်သော အဒေါ်ကြီးတစ်ယောက်ကို သဒ္ဓါပို၍ နေရာမှ ထပေးလိုက်မိပါသည်။ ဒါပေမဲ့ သူ့ဘေးကလူ ထသွား၍ နေရာတစ်နေရာ ပြန်လွတ်သွားသောအခါ ဘေးမှာရပ်နေသော နေရာဖယ်ပေးထားသည့် ညို့ကို ကျော်၍ နောက်ဘက်မှာရပ်နေသော ညိုနှင့် သက်တူရွယ်တူ လောက်ရှိမည့် သူ့သမီးကို ပျာပျာသလဲ လှမ်းအော်ခေါ်ပါသည်။

သူ့သမီးအပေါ်ထားတဲ့ မိဘမေတ္တာ။ ညို မပြောလိုတော့ပါ။ မိဘများ၏ တစ်ဖက်သတ်ဆန်လွန်းသော အတ္တလွှမ်းကဲသည့် မေတ္တာဆိုသည့် သားသမီးချင်း ကိုယ်ချင်းစာတရားကို မေ့လျော့စေတတ်ပါသည်။

ကိုကို့မိဘတွေ စဉ်းစားကြည့်ဖို့ ကောင်းပါသည်။ ညို့ နေရာမှာ သူတို့ သမီးသာဆိုလျှင် ...

ညို့ မိဘများကရော ညို့ကို မချစ်ရတော့ဘူးတဲ့လား။ ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေမှာတော့ ညိုဘဝ ပျက်ခဲ့ရပါပြီ။ ညို့ နလုံးသားလည်း ကွဲကြေရပါပြီ။

ပြီးတော့ ကိုကို့မိဘများသည် ဂုဏ်သရေရှိ လူကြီးလူကောင်းများပင် ဖြစ်ပါသည်။ သူတို့အနေဖြင့် ညို့ကို အဆင့်အတန်းမရှိဘဲ မိန်းကလေး၊

ဆရာဝန် အပိုင်ဖမ်းတဲ့ မိန်းကလေးဟူသော အထောက်အထားမဲ့ တစ်ဖက်သတ် စွဲချက်များဖြင့် မပုတ်ခတ်သင့်ပါ။

ကိုကို့ဇနီးလောင်းသည် ညီ့ထက် အစစအရာရာ ပြည့်စုံသာလွန်မည်ဟု ညီ ထင်ပါသည်။ ကိုကို့မိဘများ၏ လုပ်ရပ်တိုင်းသည် ကိုကို့ဘဝ ကောင်းစားရေးအတွက်ဟူသော အချက်ကိုတော့ ညီ ခြွင်းချက်မရှိ လက်ခံပါသည်။

ဒါပေမဲ့ ညီ့ သိက္ခာကိုတော့ ရက်ရက်စက်စက် မစော်ကားသင့်ပါ။ ညီ့ဘက်ကတော့ အခုအချိန်မှာ ဘာမှမဖြေရှင်းချင်တော့ပါ။

အကောင်းဆုံး ဘာသာတရားသည် အများဆုံး သည်းခံခြင်း ဖြစ်သည်ဟူသော ဝါဒကိုသာ ညီ လက်ကိုင်ထားပါသည်။ အမှန်တရားကို ညီ့ ကိုကို အသိဆုံးဟု ညီ ထင်သည်။ ကိုကို နားလည်လျှင် ညီ ကျေနပ်ပါသည်။

ယခုအချိန်အထိ ဆေးခန်းပိတ်ပြီးသည့်တိုင် ကိုကိုသည် ညီတို့အိမ်ကို အဝင်အထွက် မပျက်ပါ။ သို့သော် ထိုအခြေအနေသည် အတိုင်းအတာတစ်ခု အထိသာ တည်ရှိနေမည်ဟု ညီ သိနေပါသည်။

ထိုတစ်နေ့အထိတော့ ကိုကိုသည် ညီ့ကိုကိုသာ ဖြစ်ပါသည်။ ညီ့ဘဝသည် ကိုကို့လောင်းရိပ်မိနေသည်ဟု ဆိုရမည် ထင်ပါသည်။

လောင်းရိပ်မိသည်ဆိုသော ဝေါဟာရကို ကိုကိုလည်း နားလည်ပါလိမ့်မည်။ အပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် နွမ်းလျစွာ ရှန်းကန်ရှင်သန်နေရသော အပင်ငယ်လေးကို လောင်းရိပ်မိနေသည်ဟု ဆိုကြသည် မဟုတ်ပါလား။

တကယ်တော့ ညီ့ဘဝ၏ လက်ရှိအခြေအနေသည်လည်း ကိုကို့လောင်းရိပ်အောက်မှာ တည်ရှိနေပါသည်။ ညီ့ဘဝရဲ့ ဖြစ်စဉ်မှာ ကိုကိုဆိုတဲ့ အရိပ်မည်းကြီးက စိုးမိုးထားပြီး မဟုတ်လား။ ဒါပေမဲ့ ကိုကို့ အသိုက်အဝန်းကို တစ်ခုတော့ ပြောချင်ပါသည် ကိုကို။

"လောင်းရိပ်မိနေတဲ့ အပင်ငယ်လေးဆိုပြီး အထင်သေးမယ်တော့ မကြံပါနဲ့။ တကယ်လို့များ အဲဒီလောင်းရိပ်အောက်က အပင်ငယ်လေးဟာ နွယ်ပင်မျိုး ဖြစ်နေခဲ့မယ်ဆိုရင်"

ကိုကို့ အသိုက်အဝန်းကို တစ်ခုတော့ သိစေချင်ပါသည်။

ညို့သာ ဆရာဝန်တစ်ယောက်ကို အပိုင်ဖမ်းချင်တဲ့ မိန်းမမျိုးဆိုလျှင် ညို့ဘက်မှာ အခွင့်အရေးတွေ အများကြီးရှိတယ်ဆိုတာ ကိုကို့အသိုက်အဝန်းက သိစေချင်ပါသည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ မေတ္တာတရားကြီးမားပါသည်ဆိုသော ကိုကို့မိဘများကို သိစေချင်ပါသည်။

သူတို့ အစီအစဉ်တွေ အားလုံးကို ရစ်ပတ်နှောင်တွယ် ချုပ်နှောင်ဖျက်ဆီး ဝါးမျိုပစ်နိုင်စွမ်းသော နွယ်တစ်ပင် ညို့လက်ထဲတွင် ရှိနေပါသည်။ ကိုကိုနှင့် ညို တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြသည့် လက်ထပ်စာချုပ်ကလေး။

ဤနွယ်တစ်ပင်ရဲ့ ရစ်ပတ်နှောင်တွယ်နိုင်သော အစွမ်းကို ကိုကို့အသိုက်အဝန်းက နားလည်လိမ့်မည် ထင်ပါသည်။ ဒါပေမဲ့ သာယာလှပသော ကိုကို့ဘဝလမ်းလေး ဖြောင့်ဖြူးစေရပါမည်။ ညို့ကြောင့် ကိုကို့ဘဝမှာ ဘာအနှောင့်အယှက်မှ အဖြစ်မခံနိုင်ပါ။ ကိုကို့ကို စိတ်အစဉ်လေး ဆက်လက်ရှင်သန်စေရပါမည်။

ပြီးတော့ ညို့လက်ထဲက စာချုပ်ကလေးကိုလည်း တန်ဖိုးရှိစွာ အသုံးချရပါမည်။ လက်ထပ်စာချုပ်ကလေးဖြင့် ညို့အဆင့်အတန်း၊ ညို့သိက္ခာ၊ ကိုကို့အပေါ်ချစ်ခဲ့မိသည့် ညို့အချစ်တို့ကို သက်သေပြပါမည်။

ကိုကို့ကို မင်္ဂလာအခမ်းအနားတွင် ကိုကိုနှင့် ကိုကို့ဇနီးလောင်းကို လာရောက်လက်ဖွဲ့ရင်းက ညို့လက်ထဲမှ လက်ထပ်စာချုပ်ကလေးကို အချိန်မီဖျောက်ဖျက်နိုင်ရန်အလို့ငှာ ကိုကို့မိဘများလက်သို့ ညို့ကိုယ်တိုင် အပ်နှံခဲ့ပါမည်။

ထိုနေ့မှစ၍ ညို့ရင်ထဲမှာ နာကျင်ခံခက်သော ဝေဒနာတို့ကိုလည်း ရင်ထဲမှာပဲ ....

*ရွှေခေတ်နှင့် ရွှေမဟုတ်သောဝတ္ထုတိုများ*
*ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ*
*(မောင်သက်နိုင်ကလောင်အမည်ဖြင့်ရေးသည်)*

# ရှက်

တက္ကသိုလ်ကျောင်းသူဘဝ၏ ပျော်ရွှင်ကြည်နူးဖွယ်ရာ အရသာတွေကို အပြည့်အဝ မခံစားနိုင်သည့်အတွက် ကျွန်မ နေ့စဉ်နှင့်အမျှ ရင်နှင့်အောင် ခံစားနေရပါသည်။ ပျော်ရွှင်ကြည်နူးဖွယ်ရာ အရသာဆိုသည်မှာ တချို့ ကျောင်းသူတွေလို ရည်းစားနှင့်တွဲ၍ ရုပ်ရှင်ရုံတွေ၊ ပန်းခြံတွေ သွားခြင်း၊ ကန်တင်း (Canteen) မှာ ယောကျ်ားလေးတွေနဲ့ ထင်လဲတွဲထိုင်ပြီး စည်းလွတ်ဝါးလွတ် ပျော်မြူးခြင်း၊ နောက်ဆုံးပေါ် အဝတ်အစား ဒီဇိုင်းတွေကို အပြိုင်အဆိုင် ဝတ်ဆင်ခြင်း၊ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်ခြင်းတွေကို မဆိုလိုပါ။

အဲဒီဘဝမျိုးကိုလည်း ကျွန်မ မတမ်းတပါ။

ကျွန်မကို ပုတ်ခတ်၊ နှိမ်ချသည့်အကြည့်မျိုးဖြင့် ကြည့်နေမည့်သူ မရှိဘဲ လွတ်လွတ်လပ်လပ် ပညာသင်ကြားခွင့်ရလျှင်ပင် ကျွန်မ တက္ကသိုလ်ကို တက်ပျော်ပါသည်။ ကျောင်းစဖွင့်ပြီး ပထမတစ်လလောက်ကတော့ ကျွန်မ ပျော်ခဲ့ရပါသည်။ ငယ်သူငယ်ချင်း နင်းနင်းနှင့် အထူးပြုဘာသာတစ်ခုထဲ အတူတူ တက်ခွင့်ရရုံသာမက အခန်းချင်းပါ အတူတူကျသောကြောင့် သူများတွေလို တက္ကသိုလ်ရောက်မှ အသိအကျွမ်း ဖွဲ့မနေရတော့။

နင်းနင်းနှင့် နှစ်ယောက်သား သွားအတူ လာအတူ အတန်းတက်လည်း အတူတူ၊ အပြင်ထွက်လည်း အတူတူ။ သူများတွေအားလုံးကို ဥပေက္ခာပြု

ထား၍လွတ်လပ်စွာ ပျော်ပါးခဲ့ကြသည်။ ကျောင်းစတက်ပြီး တစ်လခန့်အကြာ တနင်္လာနေ့ ကျောင်းဆင်းချိန်မှာတော့ မမျှော်လင့်ဘဲ ကျောင်းရှေ့မှာ ဖေဖေ့ကို တွေ့လိုက်ရသည်။

ကျောင်းရှေ့မှာ ရပ်ထားသော အဖြူရောင် ကားလှလှလေး တစ်စီးတွင်းမှ ဖေဖေက လှမ်းနှုတ်ဆက်သည်။ ကျွန်မက မမြင်ပေမဲ့ နှင်းနှင်းက ဖေဖေ့ကို လှမ်းမြင်လိုက်၍ နှစ်ယောက်သား ဖေဖေ့ကားနား ပြေးသွားမိသည်။

"ဖေဖေ ဘာလာလုပ်တာလဲဟင်"

"ကျောင်းလာကြိုတာ သမီး၊ သမီးတို့ အိမ်ပြန်မှာ မဟုတ်လား"

"ဟုတ်ကဲ့"

"အေးအေး ... ပြန်နှင့်ကြ။ ဖေဖေကတော့ ထုံးစံအတိုင်းပဲ ဒီနေ့လည်း နည်းနည်းနောက်ကျမယ်နော်"

"ဟုတ်ကဲ့ ... ဖေဖေ သမီးတို့ သွားဦးမယ်နော်"

"အေးအေး ..."

ဖေဖေ မျက်နှာသိပ်မသာယာ။ ညှာ့သမီး တကယ့်သိုလ် ကျောင်းသူကြီး ကျွန်မကို သူ မောင်းလာသည့် ကားပေါ်ကို သူ တက်ခွင့်မပေးနိုင်ဘူးလေ။

ကျွန်မ ဖေဖေ့ကို မျက်နှာလွှဲပြီး နှင်းနှင်းလက်ကို ဆွဲ၍ ခြေလှမ်းဖို့ ပြင်လိုက်စဉ်မှာပင ...

"ဩော် ... သမီး ခဏနေဦး။ ဟိုမှာ ဒါလီ လာနေပြီ၊ သမီးနဲ့ မိတ်ဆက်ပေးရဦးမယ်"

ဖေဖေ့စကားကြောင့် ကျွန်မ ဖေဖေ့ကားနားမှာပင် ဆက်ရပ်နေလိုက်ရပါသည်။ ဖေဖေ ညွှန်ပြသည့် ဒါလီဆိုတာကို ကြည့်လိုက်တော့ ကျွန်မတို့ အခန်းထဲမှာ အရမ်းနာမည်ကြီးနေသော ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည်နေတတ်သည့် အိဒ်ဒါလီကို တွေ့လိုက်ရသည်။ အိဒ်ဒါလီက ကားနားမှာ ရပ်နေသော ကျွန်မနှင့် နှင်းနှင်း ဘေးမှဖြတ်၍ ကားတံခါးကို ဆွဲဖွင့်ဖို့ ပြင်လိုက်သည်။

"ဒါလီ"

ဖေဖေက လေသံပျော့ပျော့ဖြင့် ခေါ်သည်။

"ဘာလဲ ... ဦး"

"ဒါလီနဲ့ မိတ်ဆက်ပေးမလို့၊ ဒါ ဦး သမီး သင်းသင်းတဲ့။ ဒီကျောင်းက ပဲ"

အိဒါလီအကြည့်က ကျွန်မ မျက်နှာဆီ ရောက်လာသည်။ မျက်နှာထား ခပ်တင်းတင်းဖြင့် ကြည့်နေသော အိဒါလီကို ကျွန်မကပဲ ခပ်တည်တည်ပဲ ပြန်ကြည့်နေလိုက်ပါသည်။ နင်းနင်းကတော့ တခြားတစ်ဖက်သို့ သိသိသာသာ မျက်နှာလွှဲထား၏။

"မြင်ဖူးသလိုပဲ"

အိဒါလီက စကားစသည်။ ဖေဖေ့မျက်နှာကို ထောက်ထား၍ ကျွန်မ သူ့ကို စကားပြန်ပြောဖို့ ကြိုးစားလိုက်ပါသည်။

"မဒါလီက အမ်ဝမ်းက မဟုတ်လား။ ကျွန်မလည်း အဲဒီအခန်းထဲကပဲ"

"သြော် ... အင်း ဒါကြောင့် မြင်ဖူးနေတာကိုး။ ဆောရီးနော်၊ ဒါလီက လူတွေကို သိပ်မှတ်မိတာ မဟုတ်ဘူး။ နောက်တွေ့လည်း ခေါ်ပေါ့နော်"

"ဟုတ်ကဲ့"

ကျွန်မ ဟုတ်ကဲ့မဆုံးမီ ဒါလီ ကိုယ်လေးက ကားထဲ ရောက်သွားသည်။

"သွားမယ်နော် ... သမီး"

ဖေဖေ့ နှုတ်ဆက်စကားသံအဆုံးမှာ ကားစက်သံက နားထဲကို စူးစူးရှရှ ထိုးဖောက်ဝင်ရောက်လာသည်။ ထို့နောက် အဖြူရောင်ကားကလေးက ကျွန်မနှင့် ဝေးရာအရပ်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

"နင့်ကို အားနာလိုက်တာဟယ်"

ဘေးနားမှာ ရပ်နေသော နင်းနင်းကို အားတုံ့အားနာ ပြောလိုက်မိသည်။ ပတ်ဝန်းကျင်မှာ အခန်းထဲကလူတွေများ ရပ်ကြည့်နေမလားဟု စိုးရွံ့စွာ တွေးလိုက်မိပါသည်။

"ဘာကို အားနာတာလဲ ... မိသင်း"

"နင့်ကိုပါ သူ အထင်သေးသွားမှာကိုပေါ့။ ဖေဖေကလည်း ဘာဖြစ်လို့ မိတ်ဆက်ပေးနေရလဲ မသိပါဘူးဟာ"

"နင့်အဖေကလည်း သူ့သမီး တက္ကသိုလ်ကျောင်းသူကြီးဆိုတာ ကြွားချင်မှာပေါ့ပဟာ"

နင်းနင်း စကားကို နားထောင်ရင်း သက်ပြင်းမောတွေ ချမိသည်။ တစ်လမ်းလုံးလည်း နင်းနင်းကို စကားမဆက်ဖြစ်တော့ပါ။

အဲဒီနေ့ကစပြီး ကျွန်မ တက္ကသိုလ် နယ်မြေမှာ မပျော်တော့ပါ။ ဒါလီနှင့် ကျွန်မတစ်ခန်းတည်းအတူတူတက်နေရသည့်တက္ကသိုလ်မှာကျွန်မ ဘယ်လို ပျော်နိုင်ပါ့မလဲလေ။

✤

အခန်းထဲမှာ ဒါလီနှင့်ဆုံတိုင်း ဒါလီက ကျွန်မကို မေးဆတ်၍ နှုတ်ဆက်သည်။ ခင်မင်ရင်းနှီးမှု လုံးဝမပါသည့် အသိအမှတ်ပြုရုံသက်သက် နှုတ်ဆက်ခြင်းမျှသာ။ သင်းသင်းဆိုသည့် ကျွန်မသည် သူ့အိမ်မှ ဒရိုင်ဘာ၏ သမီးသာ ဖြစ်ပါသည်။ သူ ဘယ်လိုနှုတ်ဆက် နှုတ်ဆက် ကျွန်မ ခံနိုင်ရည် ရှိပါသည်။ ဒါပေမဲ့ နင်းနင်းကိုပါ ကျွန်မနှင့်တန်းတူ ဆက်ဆံနေသည့်အတွက် ကျွန်မ နင်းနင်းကို အားနာရပါသည်။ နင်းနင်းနှင့် ကျွန်မမှာ တရင်းတနှီး ပေါင်းသင်းနေသော်ငြား အဆင့်အတန်းခြင်း ကွာခြားပါသည်။

နင်းနင်းအဖေမှာ ဌာနဆိုင်ရာ အရာရှိကြီးတစ်ဦး ဖြစ်သည်။ သူတို့အိမ်မှာနိုင်ငံတော်မှပေးထားသောကားရှိသည်။ ကျွန်မနှင့်အတူသွားအတူပြန်နေသောကြောင့် အဖော်ရှိသည်ဟုဆိုကာ သူ့အိမ်မှ အကြိုအပို့မလုပ်ခြင်း ဖြစ်ပါသည်။ ကျွန်မကသာ ကြားက အားနာနေပေမဲ့ မာနမဲ့သော နင်းနင်းကတော့ အိဒါလီအကြောင်း တစ်ခွန်းတစ်ပါဒမျှ မကောင်းမပြောပါ။

ဒါပေမဲ့ ကျွန်မနှင့် အိဒါလီသတင်းက တဖြည်းဖြည်း အိဒါလီအပေါင်းအသင်းတွေဆီ ရောက်သွားသည်။

"အဲဒီသင်းသင်းရဲ့အဖေက အိဒါလီတို့အိမ်မှာ ဒရိုင်ဘာ လုပ်တာ"

ဟူသော အိဒါလီ အပေါင်းအသင်းတွေ၏ စကားသံတွေက ကျွန်မ နားဆီ လွင့်ပျံ့လာသောအခါ ...။

"ငါ ရှက်တယ် နင်းနင်းရာ။ ဒီကျောင်းကို ငါ ဆက်မတက်ချင်တော့ဘူး။ အဝေးသင်ပဲ ပြောင်းတော့မယ်"

"ဘာကို ရှက်ရမှာလဲ မိသင်း။ နင့်အဖေ ဒရိုင်ဘာ လုပ်တာ ရှက်စရာလား။ ဒရိုင်ဘာဟာ သူများပစ္စည်း လုယက်ခိုးယူနေတာ မဟုတ်ဘူး။ သမာအာဇီဝလုပ်ငန်းတစ်ခုကို ရိုးရိုးသားသား လုပ်နေတာပဲ ဘာရှက်စရာရှိလဲ။ သူတို့ အဖေတွေကသာ ဘာတွေလုပ်နေကြမှန်း မသိတာ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူတို့အကြည့်တွေက ငါတို့ကို မတူမတန်သလိုပဲ။ တချို့ကလည်း သနားစရာ ကောင်းလိုက်တာဆိုတဲ့ အကြည့်မျိုး"

ကျွန်မ စကားအဆုံးမှာ နင်းနင်း ပြုံးသည်။

"ကျူတိုရီရယ်ဖြေတိုင်း သူတို့တွေ ခိုးချနေတာ နင် တွေ့တယ် မဟုတ်လား။ အဲဒီအချိန်မှာ သူတို့ ကြည့်တဲ့အကြည့်မျိုးနဲ့ ပြန်ကြည့်ပြစ်လိုက်ပေါ့ဟ။ သနားစရာကောင်းလိုက်တာ ဆိုပြီးတော့လေ"

နင်းနင်း ပြောသလိုပင် အယတ်စဉ် ကျူတိုရီရယ် ဖြေတိုင်း အိဒ္ဒါလီတို့ အုပ်စု ခိုးချနေတာကို ကျွန်မတို့ မြင်မြင်နေရပါသည်။

"တကယ်တမ်းရှက်သင့်တာက သူတို့ လုပ်ရပ်ဟ။ တက္ကသိုလ်ကျောင်းသူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ရစရာမရှိအောင် လုပ်နေကြတာ"

စကားကောင်းနေဆဲမှာပင် ဓာတုဗေဒဆရာမ ဝင်လာသောကြောင့် စကားပြတ်သွားသည်။ ဒီတစ်ချိန်ပြီးလျှင် အတန်းပြီးပြီ၊ ပရယ်တီကယ်ခန်း မသွားမီ တစ်နာရီခန့်အချိန်ရ၍ ကန်တင်းထိုင်ကြမည်ဟု ဆုံးဖြတ်ထားသည်။ ကန်တင်းရောက်မှ နင်းနင်းနင့် ဆက်စကားပြောမည်ဟု ဆုံးဖြတ်၍ ဆရာမ ပြောမည့်စကားကိုသာ စိတ်ပါလက်ပါ နားစွင့်ထားလိုက်မိပါတော့သည်။

ဒါပေမဲ့ စာထဲကို အာရုံဝင်စား၍ မရပါ။ ကျွန်မ မြင်လွှာမှာ ဖေဖေ့ရုပ်ပုံလွှာ ပေါ်လာသည်။ တကယ်ဆို အိဒ္ဒါလီနှင့် ကျွန်မကို ဖေဖေ မိတ်ဆက်ပေးလိုက်၍သာ ဒီပြဿနာပေါ်လာရခြင်း ဖြစ်သည်။ နင်းနင်း ပြောသလို သူ့သမီး တက္ကသိုလ်ကျောင်းသူဆိုတာ ဖေဖေ ဂုဏ်ယူဝင့်ကြွားစွာ ပြောချင်ရှာမည်မှာ

မှန်ပါသည်။ ဒါပေမဲ့ ဖေဖေ သွားပြောမိသည့် အိဒါလီနှင့် ကျွန်မက တစ်ခန်းတည်းဖြစ်နေသောအခါ ...

ကျွန်မ ရင်ထဲမှာ ဘယ်လိုပဲ ခံစားရ ခံစားရ ဖေဖေ့ကိုတော့ တစ်လုံးတစ်ပါဒမျှ ဖွင့်မပြောပါ။ ကျွန်မ လူမှန်းသိတတ်စ အရွယ်ကတည်းက ကျွန်မကို ရိုက်ဖို့ နေနေသာသာ မပြောရက်မဆိုရက်ဘဲ အစစအရာရာ အလိုလိုက်အကြိုက်ဆောင်ခဲ့တဲ့ ဖေဖေ့ကို ကျွန်မ စိတ်ဒုက္ခမရောက်စေချင်ပါ။

ကျွန်မတို့ မိသားစုတစ်ခုလုံး၏ ခိုကိုးရာမှာ ဖေဖေ တစ်ဦးတည်းသာ။ ဖေဖေ ကျွမ်းကျင်သည့် အသက်မွေးဝမ်းကျောင်း ပညာမှာ ဒရိုင်ဘာ။ ဖေဖေ့ အပေါ်မှာ အကောင်းဆုံးအလုပ်ရှင်က အိဒါလီတို့ အဖေ ဦးအောင်သာ။ အဲဒါကြောင့်မို့ ကျွန်မ ရင်ထဲက ဝေဒနာတွေကို မြိုသိပ်ထားရပါဦးမည်။

❖

"ဘဝအကျိုးပေးနည်းလို့ ဆင်းရဲတာ ရှက်စရာမဟုတ်ပါဘူး မိသင်းရာ။ ဖြစ်လာတဲ့ဘဝကို ရင်မဆိုင်ရဲတဲ့သူ။ ကိုယ် ဖြစ်နေတဲ့ဘဝကို ဘဝင်မကျဘဲ လိမ်ညာဖုံးကွယ်ချင်နေတဲ့ သူတွေ၊ တန်ဖိုးရှိတဲ့ဘဝကို ရထားပါလျက် ကိုယ့်ဘဝ ကိုယ် တန်ဖိုးရှိအောင်မနေတတ်တဲ့သူတွေက ရှက်ရမှာပါ"

နင်းနင်းက စကားရပ်၍ သံပုရာရည်ခွက်ထဲမှ ပိုက်ကလေးကို တရှိုက်စုပ်သည်။ ပြီးမှ စကားဆက်၏။

"အိဒါလီတို့ကို ကြည့်၊ သူတို့မှာ ဘာအပူအပင်မှ ရှိမှာမဟုတ်ဘူး။ စီးပွားရေး၊ လူမှုရေး အစစအရာရာ အဆင်ပြေနေပါလျက်နဲ့ စာမကြိုးစားဘူး။ ကျူတိုရီယာမှန်သမျှ ခိုးချဖို့ပဲ ကြိုးစားနေတယ်။ နင့်အဖေ သူ့ကို ကျူရှင်လိုက်ပို့ရတာလည်း ဘာသာစုံပဲဆို"

"အင်း..."

"အေး ... နင်တို့ ငါတို့ဆို သူတို့တွေလောက် မတတ်နိုင်လို့ ဘာကျူရှင်မှ မယူနိုင်ဘူး။ ကိုယ့်ဘာသာ ကြိုးစားရတာပဲ မဟုတ်လား။ သူတို့တွေသာ

ကျူရှင်ယူလိုက် ခိုးချလိုက်လုပ်နေတာ။ အဲဒီအလုပ်မျိုးမှ ရှက်ရမှာပါ သူငယ်ချင်းရာ။ နင်ကလည်း ကိုယ့်ဘဝ ကိုယ် အားငယ်စရာဖြစ်အောင် မတွေးစမ်းပါနဲ့။ ဆရာမင်းသုဝဏ်ရဲ့ပျဉ်းမငုတ်တို စိတ်ဓာတ်မျိုး မွေးစမ်းပါ"

နင်းနင်းကို တလေးတစား ငေးကြည့်နေမိပါသည်။ ဒီလို သူငယ်ချင်းမျိုးနှင့် ဆုံစည်းခွင့်ရသည့်အတွက် ကျွန်မ ဘဝကို အနည်းငယ်မျှတော့ ကျေနပ်မိပါသည်။

"သြော် ... ဒါနဲ့ ပြောစမ်းပါဦး။ ညက နင့်အဖေက နင့်ကို ဘာပြောတယ်"

စာသင်ခန်းထဲမှာ စကားကောင်းနေစဉ် ဆရာမ ဝင်လာသောကြောင့် ပြတ်သွားသောစကားကို နင်းနင်းက အစပြန်ဖော်သည်။

"ဒါလီတို့ ကျူရှင်ယူတာ ဘာသာစုံပဲတဲ့။ သမီးရော မယူဘူးလားတဲ့။ ဖေဖေ့ကို အားမနာပါနဲ့ လိုအပ်ရင် ကျူရှင်ယူပါတဲ့"

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"သမီးအတွက် ကျူရှင်ဆိုတာ တကယ်မလိုအပ်တာပါလို့။ သမီး အတန်းမှန်မှန်တက်တယ်။ သမီး နားမလည်တာကို နင်းနင်းက ရှင်းပြတယ်။ နင်းနင်း နားမလည်တာရှိရင် သမီးက ရှင်းပြတယ်။ နှစ်ယောက်စလုံး နားမလည်ရင် ဆရာမကို သွားမေးတယ်။ ခုထိတော့ ဘာအခက်အခဲမှ မရှိဘူးလို့"

"အေးလေ ... ဟုတ်သားပဲ"

"အဲဒါတောင် ဖေဖေက ပြောသေးတယ်။ စာမေးပွဲနီးရင်တော့ သမီးအတွက် ဒါလီဆီက စပေါ့ (ခန့်မှန်းမေးခွန်း) တွေ တောင်းပေးမယ်တဲ့။ ငါက ချက်ချင်းပဲ ပြန်ပြောလိုက်တယ်။ မလိုပါဘူး၊ ဖေဖေ စပေါ့ဆိုတာ ထီလက်မှတ်ပါလို့ သမီး စာမေးပွဲကို ထီထိုးသလို မထိုးဘူးလို့"

"အေး ... အဲဒီစိတ်ဓာတ်မျိုးလေးတွေကြောင့် နင့်ကို ငါ ခင်နေရတာ"

နင်းနင်းက ပြောရင်းဆိုရင်း ကျွန်မ လက်ဖဝါးကို ခပ်တင်းတင်းဆုပ်သည်။ ရင်တွင်းမှာ နွေးထွေးလုံခြုံသွားရပါသည်။

"ဟဲ ... ဟိုမှာ ပြောရင်းဆိုရင်း အိဒ်ါလီတို့ အုပ်စုပါလား"

နင်းနင်းစကားကြောင့် ကျွန်မ နောက်ကျောဖက်ကို တစ်ချက်လှည့်ကြည့်မိပါသည်။ အီဒါလီတို့ သူငယ်ချင်းအုပ်စုလေးယောက်ကို ဘောင်းဘီဝတ် ယောကျ်ားလေးနှစ်ယောက်နှင့်အတူ ကန်တင်း (Canteen) ထဲ လှမ်းဝင်လာတာ တွေ့လိုက်ရသည်။ အီဒါလီကလည်း လှည့်ကြည့်နေသော ကျွန်မကို တွေ့သွားပြီး ထုံးစံအတိုင်း ခေါင်းတစ်ချက်ညိတ်၍ နှုတ်ဆက်သည်။ ပြီးတော့ ကျွန်မတို့ စားပွဲ၏ ဘေးစားပွဲမှာပင် သူတို့အုပ်စု နေရာယူလိုက်ကြသည်။

မှာလိုက်သည့် အစားအသောက်စာရင်းမှာ စားပွဲထိုးနှစ်ယောက်ခန့် လိုက် မှတ်ယူရသည်။ ကျွန်မတို့ စားပွဲပေါ်မှ သံပုရာရည်ခွက်လေးနှစ်ခွက်မှာ မျက်နှာပန်း မလှတော့ပါ။

"သွားကြရအောင်"

နင်းနင်းကို ကျွန်မ တိုက်တွန်းလိုက်မိသည်။ နင်းနင်းက ခေါင်းခါ၏။

"နေစမ်းပါဦးဟာ ... နင်ကလည်း သူတို့ကို ဘာကြောင့် ဒီလောက် ရှောင်ချင်နေရတာလဲ။ ခုန ငါ ပြောခဲ့တဲ့စကားတွေကို နင် လက်မခံဘူးလား"

"လက်တော့ လက်ခံပါတယ်ဟာ။ ဒါပေမဲ့ ..."

"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့။ ငါ မပြန်ချင်သေးဘူး။ ဆက်ထိုင်မယ်၊ နင့်ကို ငါ ညက ဖတ်တဲ့ဝတ္ထုအကြောင်း ပြောမလို့"

နင်းနင်းဆန္ဒကိုအတိုက်မခံမလုပ်လို၍ကျွန်မ (Canteen) ကန်တင်းမှာ ဆက်တိုင်နေလိုက်ပါသည်။ တစ်ချက် တစ်ချက် နင်းနင်းအသံကို အီဒါလီတို့ အဖွဲ့၏ ရယ်သံတွေက လွှမ်းလွှမ်းသွားသည်။ နင်းနင်းကတော့ လုံးဝစကား ပြော မပျက်။ သူ ဖတ်ထားသည့် ဝတ္ထုဇာတ်လမ်းကို စိတ်ပါလက်ပါ ပြောပြနေသည်။

"ဟော့ ... တို့ သွားမယ်နော်"

အီဒါလီ နှုတ်ဆက်သံကြားမှ နင်းနင်း စကားသံ ပြတ်သွားသည်။ ကျွန်မ အီဒါလီကိုလှည့်၍ ခေါင်းညိတ်ပြလိုက်မိပါသည်။

"အဲဒီအအေးဖိုး တို့ ရှင်းခဲ့ပြီ သိလား"

နင်းနင်းရော ကျွန်မပါ စကား သံပြိုင်တူထွက်သွားသည်။

"အို ... မဟုတ်တာ"

"ကျွန်မတို့ ကိုယ့်ဘာသာ ရှင်းနိုင်ပါတယ်"

"တို့က စေတနာနဲ့ပါ။ ခု သက်သာသွားတဲ့ပိုက်ဆံနဲ့ နောက်တစ်ခါ ကန်တင်းထပ်ထိုင်ပေါ့၊ သွားမယ်နော် ..."

စားပွဲစွန်းကို ကျွန်မ ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်မိပါသည်။ ဘာကြောင့်မှန်းမသိ ရင်ထဲမှာ ဆို့နင့်နေသည်။ မျက်ဝန်းထဲမှာလည်း မျက်ရည်ကြည်တွေ ဝေ့ဝဲလာသည်။ နင်းနင်းကိုပင် ပီပီပြင်ပြင် မမြင်ရတော့။

"နင် ဘယ်လိုခံစားနေရတယ်ဆိုတာ ငါ နားလည်ပါတယ် မိသင်း။ ဒါပေမဲ့ သူကတော့ စေတနာသန့်သန့်နဲ့ ရှင်းသွားတာပါ။ ဒါ ရုက်စရာ မဟုတ်ပါဘူးဟာ"

အိဒါလီတို့အုပ်စုက ကျွန်မဘဝကို အရမ်းအထင်သေးနေကြပါလား ဟူသော အတွေးနှင့်အတူ မျက်ရည်စက်တွေက စားပွဲပေါ်သို့ တပေါက်ပေါက် ကျလာသည်။ နင်းနင်းက ကျွန်မကို လက်ကိုင်ပဝါလေး ထုတ်ပေး၏။

"နင်ကလည်း အရမ်းအားငယ်တတ်တာပဲဟာ။ ငါ စိတ်ညစ်ပါတယ်၊ ကန်တင်းမှာ ထိုင်နေတယ်ဆိုတာလည်း သတိထားပါဦး"

နင်းနင်းစကားကြောင့် ကျွန်မ ကိုယ့်ကိုယ်ကိုယ် အချိန်မီ ထိန်းချုပ်နိုင်လိုက်ပါသည်။ ဒါပေမဲ့ ရင်ထဲမှာတော့ ...။

❖

"ခုံနံပါတ်ချင်း မနီးသော်လည်း စာမေးပွဲခန်းမှာ ကျွန်မနှင့် အိဒါလီ ဘေးချင်းယှဉ်ကျပြန်သည်။ အဓိကဘာသာများကို မဆိုထားနှင့် မြန်မာစာ၊ အင်္ဂလိပ်စာကိုပင် သူမရ။ ကျွန်မ အဖြေလွှာထဲကို ကဲကဲကြည့်သည်။ ဆရာမ မမြင်သည့်အချိန်မျိုးမှာ ကျွန်မလည်း တတ်နိုင်သမျှတော့ ပြပါသည်။ သူက လည်း နည်းနည်းလေးမှ မရှက်ဘဲ ကူးသည်။ ဒါပေမဲ့ အထူးပြုဘာသာ ဖြေသည့်နေ့မှာ ကျွန်မလည်း အချိန်လုဖြေနေရ၍ သူ့ကို မပြနိုင်တော့ပါ။

အချိန်စေ့ကာနီး သူ့ဘက် တစ်ချက်လှည့်ကြည့်မိသောအခါ ကျွန်မကို မျက်နှာငယ်လေးဖြင့် အားကိုးတကြီး စောင့်ကြည့်နေတာ တွေ့ရသည်။ ကျွန်မ အိဒါလီကို ပထမဆုံးအကြိမ် သနားသွားမိပါသည်။ အရင်က ကျွန်မ ရှက်ရွံ့နေမိသော အိဒါလီက အခုတော့ ကျွန်မကို ရှက်ရွံ့နေလေပြီ။ ကျွန်မ သူ့ကို တတ်နိုင်သမျှပြဖို့ ကြိုးစားကြည့်ပါသည်။ ဒါပေမဲ့ အခန်းစောင့်သည့် ဆရာမက ကျွန်မ အဖြေလွှာကို လာပိတ်၍ သတိပေးသွားသည်။ အိဒါလီ မျက်နှာလည်း ငိုမဲ့မဲ့ဖြစ်သွားသည်။ စာမေးပွဲပြီးတော့လည်း ကျွန်မကိုပင် နှုတ်မဆက်နိုင်တော့ဘဲ မျက်စိပျက် မျက်နှာပျက် ပြန်သွားရှာသည်။ အိဒါလီ မဖြေနိုင်သည်ကို ကျောင်းကြိုရင်း သိထားသော ဖေဖေက အိမ်ပြန်ရောက်တော့ ကျွန်မကို ဖြေနိုင်ရဲ့လား သမီးဟု စိုးရိမ်တကြီး မေးသည်။

"ကျွန်မနှင့် နှင်းနှင်းအတွက် စာမေးပွဲ မေးခွန်းက ဘာမျှ အခက်အခဲ မရှိပါ"

သိပ်မကြာလိုက်။ နှစ်လဆိုသော အချိန်သည် နောက်ကြောင်းကို ပြန်ကြည့်လိုက်လျှင် မနေ့ကလိုပင်။ စာမေးပွဲဖြေပြီး သိပ်မကြာသေးဟု ထင်ရသော နှစ်လအကြာမှာ ကျွန်မတို့ စာမေးပွဲ အောင်စာရင်းတွေ ထွက်ပါသည်။

နှင်းနှင်းက သုံးဘာသာဂုဏ်ထူးပါ၍ ကျွန်မက လေးဘာသာဂုဏ်ထူးဖြင့် အထူးအောင်သည်။ အိဒါလီသာမက သူ့အပေါင်းအသင်းများပါ အောင်စာရင်းထဲမှာ မပါ။

အောင်စာရင်း သွားကြည့်သည့်နေ့က ကျွန်မ ဘယ်သူ့ကိုမှ ရှက်ရွံ့မနေဘဲ ခပ်ရဲရဲပင် ကျောင်းပြင်ထွက်ခဲ့ပါသည်။ ကျောင်းဝမှာ အိဒါလီ အပေါင်းအသင်းအချို့ကို မြင်သည်။ သူတို့ ကျွန်မကို ရှက်ရွံ့နေကြလေသည်။ ကျွန်မကတော့ သူတို့ကို လုံးဝမရှက်တော့ပါ။

# မက်ဆူရာဖာရီယာအလွမ်း

**စကားစု ၊ တစ် ၊**

ရုက္ခဗေဒအမည် မက်ဆူရာဖာရီယာ (Mesuaferrea Linn) လို့ခေါ်တဲ့ ကံ့ကော်ရဲ့ ဝတ်ဆံနဲ့ အပွင့်ကို စိတ်ငြိမ်ဆေး ဖော်စပ်တဲ့နေရာမှာ အသုံးပြု ရတယ်လို့ နိုင် မှတ်ခဲ့ရဖူးပါတယ် မောင်။

ဒါပေမဲ့ ကံ့ကော်တန်းမှာ လျှောက်လှမ်း၊ ကံ့ကော်ရိပ်မှာ ချွေးသိပ်၊ ကံ့ကော်ခြောက်ကလေးတွေ ကောက်ရင်း ကံ့ကော်ပန်းနှင့်အတူ လွမ်းနေရတဲ့ နိုင့်ကိုတော့ မက်ဆူရာဖာရီယာက စိတ်ငြိမ်ရာကို မပေးစွမ်းနိုင်ဘူး မောင်။

မက်ဆူရာဖာရီယာလည်း မောင့်ကို လွမ်းနေပြီလို့ နိုင် ယုံကြည်တယ်။ နိုင်လည်း မောင့်ကို လွမ်းလှပြီ။ အပြေးပြန်လာခဲ့ပါ မောင်။

**စာစု ၊ တစ် ၊**

"မောင် ... ဒီတစ်ချိန်ပြီးရင် ဘော်တနီ (Botany) အချိန်ပဲ၊ မေဂျာ (Major) ချိန်လေးတော့ သွားတက်လိုက်ပါရစေနော်"

"အင်း ... သွားလေ"

မောင့်အသံက အတက်အကျ မရှိ။ အသက် မပါ။ မောင် ဒီလိုဖြစ်နေတာ သုံးလလောက် ရှိပါပြီ။ ယခုတလော အရမ်းလျှို့ဝှက်နေတတ်တဲ့ မောင့်ကို ရေရေရာရာ နားမလည်နိုင်။ အပြစ်လည်း မတင်ရက်။

"ဒီက အစ်ကိုတို့ ရှင်းမလား"

စားပွဲထိုးကောင်လေးကလည်း နောက်လူတွေ များလာပြီမို့ ယဉ်ယဉ်ကလေး နင်နေပါပြီ။ ကျောင်းထဲက ဆိုင်တွေကတော့ အေးအေးဆေးဆေး ထိုင်ရတယ်လို့ကို မရှိ။ ဒါပေမဲ့ မောင်ကတော့ အေးအေးဆေးဆေး။

စားပွဲထိုးကောင်ကလေးကို ခေါင်းညိတ်ပြပြီး နိုင့်ကို ခပ်တည်တည် စိုက်ကြည့်ပါသည်။ ဒီလောက်ဆိုရင် သဘောပေါက်ပါပြီလေ။

မောင်နှင့် နိုင်က အခုမှ တွေ့ကြတဲ့ လူတွေမှ မဟုတ်ဘဲ။ အထက်တန်းကျောင်းမှာကတည်းက တစ်ယောက်အရိပ်အကဲ တစ်ယောက် နားလည်နိုင်စွမ်းတဲ့ တီးတိုးဖော်တွေ မဟုတ်လား။

မောင့်အကြည့်က "ပိုက်ဆံမရှိတော့ဘူး။ နိုင်ပဲ ရှင်းလိုက်ပါ" ဟု အဓိပ္ပာယ်ရသည်။ ဆိုင်ပြင်ရောက်မှ မောင့်ကို စကားပြန်စရသည်။

"မောင် ခုတလော ပြတ်လှချည်လား။ ဘာတွေ လျှောက်သုံးပစ်နေတာလဲဟင်"

"သူငယ်ချင်းတွေနဲ့ ခဏ ခဏ ဆုံနေတော့ ..."

မောင် ဒီမှာပဲ စကားကို ခေတ္တရပ်ထားပါသည်။ လူရှင်းသော လှေကားအတက်အဆင်းကွေ့တစ်ခုမှာ မောင့်ခြေလှမ်းကိုပါ နိုင် ခေတ္တရပ်နိုင်းရသည်။

"ဒီမှာ မောင်၊ နိုင် စေတနာမရှိလို့ ပြောတာမဟုတ်ဘူးနော်။ နိုင့်ကို မောင် နားလည်ပါ။ ခုတလော မောင် သိပ်အသုံးကြမ်းနေတယ် ထင်တယ်။ မောင့်မိဘ တတ်နိုင်တိုင်း သုံးနေရင် မောင် ပျက်စီးမှာ စိုးရတယ်။ ဒါနဲ့ မောင့်နာရီကောဟင်"

"အော် ... အင်း၊ အဲဒါပြောမလို့ မနေ့က ကျောင်းအပြန်မှာ အဖြုတ်ခံလိုက်ရတာလေ"

နိုင် မောင့်ကို ပြုံးပြီးကြည့်နေတော့ မောင့်မျက်နှာ ပျက်သွားပါသည်။ နိုင့်အပြုံးကလည်း လှောင်ပြုံး။

"ဒီနေ့ တနင်္လာနေ့ မောင်ရဲ့ သတိလည်း ထားပါဦး။ အလိမ်ပေါ် ကုန်ဦးမယ်"

"သောကြာနေ့ကလို့ ပြောတာ မှားသွားလို့"

မောင် ခေါင်းကုပ်ပြီး ခပ်တိုတိုပင် ပြန်ပြောပါသည်။ စကားအဆုံးမှာ မသိမသာ သက်ပြင်းချပါသည်။

နိုင် မောင့်ကို ဆက်မမေးချင်တော့။ နောက်ဘက်က ဆင်းလာတဲ့ ခြေသံနှင့်အတူ နိုင့်ကိုကျော်ပြီး မောင့်ဘေးကို လူတစ်ယောက် ရောက်လာပါသည်။

"ဘယ်လိုလဲ ကိုဇော်၊ ခင်ဗျား ပျောက်လှချည်လား"

နိုင် မမြင်ဖူးသော နိုင် မသိသော မောင့်သူငယ်ချင်း၊ မောင့်မိတ်ဆွေ ဆိုတာ မရှိဟု နိုင် ထင်ခဲ့မိပါသည်။

ခုတော့ နိုင် အထင်နှင့်အမြင် လွဲခဲ့ရပါပြီ။ မောင် ဘာပြန်ပြောလိုက်မှန်း မသိ။

"ဒီညနေ အိမ်လာခဲ့ကွာ ကွန်ပစ်ရအောင်"

မောင် ပြုံးပြီး ခေါင်းညိတ်ပြပါသည်။ နိုင် မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်ကိုလည်း မြင်ဖြစ်အောင် မြင်လိုက်ရပါသည်။

"ငါ သွားဦးမယ်၊ ဆက်ဆက်လာခဲ့နော်"

မောင် ဒုတိယမ္ပိ ခေါင်းညိတ်ပါသည်။ နိုင်နှင့် မောင့်ကြားမှာ လျှို့ဝှက်ချက်တွေ ထားနေပြီလား မောင်ရယ်ဟု ပြောလိုက်ချင်ပါသည်။ ဒါပေမဲ့ နိုင့်အရင် မောင်က စကားစပါသည်။

"နိုင်"

"ပြောလေ ... မောင်"

မောင် နိုင့်ကို စိုက်ကြည့်နေပါသည်။ ရီဝေနေတဲ့ မောင့်ရဲ့ မျက်လုံးအစုံက နိုင့်ကို ရှက်ရွံ့အားနာစွာ တောင်းပန်နေသယောင်။

"ဖြစ်နိုင်ရင် မောင့်ကို ပိုက်ဆံခဏလောက် ချေးပါလားဟင်"

"မလိုပါဘူး မောင်။ မောင်နဲ့ နိုင့်အကြားမှာ အချေးအငှားဆိုတာ မရှိပါဘူး။ နိုင့်မှာ ရှိသလောက်တော့ မောင်လိုရင် ပေးပါ့မယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"အဲဒီပိုက်ဆံ မောင် ဘာလုပ်ဖို့လဲဟင်"

"ဒီညနေ သူငယ်ချင်းတွေနဲ့ တွေ့စရာရှိလို့ မုန့်လေး ဘာလေး စားရအောင်ပေါ့။ အိမ်ပြန်တောင်းချိန် မရလို့"

"ရော့ ... နိုင်လည်း ဒါပဲရှိတယ်"

ရှိစုမဲ့စု မုန့်ဖိုးထဲက စုထားတဲ့ ငွေငါးဆယ်ကို မောင့်အိတ်ထဲထိ ထည့်ပေးမိပါသည်။ မောင် နိုင့်ကို ပြုံးကြည့်နေသည်။

"မောင်လေ ဟောဒီက မောင့်အချစ်ဆုံး နိုင်ကို တစ်သက်လုံး လင်ကောင်း သားကောင်း"

လှေကားအောက်ဘက်က တက်လာတဲ့ ခြေသံတွေကြောင့် မောင့်ပါးစပ်ကို အချိန်မီ ပိတ်လိုက်ရပါသည်။

နောက်ဘက်မှ ကျောင်းသူတစ်သိုက် ဖြတ်သွားအပြီးမှာ မောင့်ကို နှုတ်ဆက်သွားသည့် မောင့်အသိအကြောင်း မေးဖို့ သတိရပါသည်။

သို့သော် လူအပြတ်မှာ အခွင့်ကောင်းယူပြီး နမ်းလိုက်တဲ့ မောင့်အနမ်းကြောင့် အတွေးပျက်သွားပါသည်။

"မောင် အတန်းတက်မှာ မဟုတ်လား။ နိုင့်ကို လိုက်မပို့နဲ့တော့။ နောက်ကျနေမယ်"

မောင် ခေါင်းညိတ်ပြပါသည်။ လှေကား သုံးလေးထစ်တက်ပြီး ပြန်ငုံ့ကြည့်မိပါသည်။

မောင် ပြုံး၍ နှုတ်ဆက်နေပါသည်။ မောင်သည် နိုင့်ကို အမြဲ မျက်စိတစ်ဆုံး ကြည့်နေတတ်ပါသည်။

**စာစု ။ နှစ် ။**

နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတွေထဲမှာ တဏှင်္ကရာ၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ ဆိုတဲ့ ဘုရားရှင်တွေဟာ ကံ့ကော်ပင်အောက်မှာ ပွင့်တော်မူခဲ့တယ်လို့ နိုင် သိထားတယ် မောင်။

နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျ မြတ်စွာဘုရားသည်လည်း ကံ့ကော်ပင်ရိပ်မှာပဲ ပွင့်တော်မူမှာလို့ ဗျာဒိတ်ပေးထားတယ်မောင်။ တကယ်ဆို ကံ့ကော်တွေဟာ သဗ္ဗညုတဉာဏ် အလင်းရနိုင်အောင် ဘုရားရှင်တွေကို ဆောင်မနိုင်ပါတယ်။

နိုင် အချစ်ဆုံး မောင့်အတွက် နိုင့်အနေနဲ့ စကားလေးတစ်ခွန်းလောက် သတိပေးဖော်ရအောင် ပြောနိုင်ဖို့ကျတော့ ကံ့ကော်တွေက နိုင့် အသိဉာဏ်တွေကို ဘာဖြစ်လို့ ထိန်းချုပ်ထားရတာလဲ။ ကံ့ကော်တွေက နိုင့်ကို ဘာဖြစ်လို့ မျက်နှာလွှဲနေလဲ မသိဘူး မောင်ရယ်။

သူတို့လည်း မောင့်ကို ယုံကြည်နေကြလို့ ထင်ပါတယ်။ မောင်ရယ်၊ နိုင်ရယ်၊ ကံ့ကော်ရယ်ဆိုတဲ့ ငယ်ကျွမ်းတွေထဲမှာ မောင် အခုလို အဝေးတစ်နေရာကို ရောက်သွားတော့ ကံ့ကော်ရယ်၊ နိုင်ရယ်၊ နိုင်ရယ်၊ ကံ့ကော်ရယ် မောင့်ကို သိပ်လွမ်းနေကြတယ် မောင်။

•

**စာစု ။ နှစ် ။**

မှတ်မှတ်ရရ နိုင်တစ်ယောက်တည်း ပြန်ရသဖြင့် အကြီးအကျယ် စိတ်ညစ်နေသည့်နေ့။ မောင် ဒီနေ့ ဘာအတွက်ကြောင့် လာမကြိုတာလဲ။

မာလာမှတ်တိုင်မှာ ကားအရပ် အမှတ်မထင် လှည့်ကြည့်မိတော့ မောင့်ကို မှတ်တိုင်လေးမှာ မှီရင်း ငေးနေတာကို တွေ့လိုက်ရပါသည်။

ကားပေါ်မှ အပြေးအလွှားဆင်းပြီး "မောင့်"လို့ ရှေ့နားကပ်ခေါ်လိုက်မှ "ဟင် ... နိုင်"ဟု အလန့်တကြား ရေရွတ်လိုက်ပါသည်။

မောင် ဘာတွေ ဖြစ်နေမှန်းမသိ။ နိုင့်ကိုပင် မမြင်နိုင်သည့် မောင့်ကို အံ့ဩသည်။ ဝမ်းနည်းသည်။ စိတ်ဆိုးသည်။ နိုင် မကျေနပ်။ ခက်သည်က နိုင် စိတ်မကောက်တတ်။

မောင့်လက်ထဲက လွတ်ကျသွားတဲ့ စီးကရက်တိုကလေးက ပလက်ဖောင်းပေါ်မှ နိုင့်ကိုကြည့်ရင်း လှောင်ပြုံးပြုံးနေပါသည်။

မောင် နိုင့်ရှေ့မှာ ဘယ်တုန်းကမှ ဆေးလိပ်မသောက်တတ်၊ နိုင်ကလည်း ခွင့်မပြု၊ ဆေးလိပ်သောက်တာလောက်ကို ခွင့်ပြုချက်ပေးနိုင်ပေမဲ့ မောင် တစ်ဆင့်ကဲလာမှာ စိုးရိမ်၍ အပြတ်ပြောထားသည်။ နိုင့်ကိုချစ်ရင် မောင် ဆေးလိပ်မသောက်ရ။

"ဒါက ဘာသဘောလဲ မောင်"

"တစ်ခါတလေပါကွာ၊ သူငယ်ချင်းတွေ စောင့်နေရင်း ပျင်းလို့"

"ဘယ်လောက်အရေးကြီးတဲ့ သူငယ်ချင်းတွေလဲ မောင်။ နိုင့်ဆီတောင် မလာနိုင်တော့ဘူးလား"

"နိုင် မသိပါဘူးကွာ၊ အရေးကြီးနေလို့"

"ဘယ်လိုပြောလိုက်တာလဲ မောင်။ မောင့်ကိစ္စတွေကို နိုင် သိခွင့်မရှိတော့ဘူးလား။ နိုင့်ကိုရော မောင် အသိအမှတ်ပြုသေးရဲ့လားဟင်"

"နိုင်ကလည်းကွာ၊ နိုင့်ကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ နိုင် အသိဆုံးပါ။ အဲဒီလိုတော့ မပြောပါနဲ့၊ ရော့ ..."

မောင့်လက်ထဲမှာ ကုံ့ကော်ရွက်ကလေး။ မောင်သည် သောကြာနေ့တိုင်း နိုင့်အတွက် ကုံ့ကော်ပန်းတစ်ပွင့်၊ ကုံ့ကော်မပွင့်လျှင်၊ ကုံ့ကော်တစ်ရွက်နှင့် နှုတ်ဆက်နေကျ။

"ညကျမှ အိမ်လာပေးတော့မလို့"

"အဲဒါ အရေးမကြီးဘူး မောင်။ အရေးကြီးတာက မောင် ဘယ်သူ့ကို စောင့်နေတာလဲ။ ဘာကိစ္စလဲ ..."

သိချင်တာတွေ အကုန် တစ်ဆက်တည်း ဖွင့်မေးပစ်လိုက်ပါသည်။ သို့သော် မောင် တုံ့ပြန်မှုက "ဟာ ... ဟိုမှာ" မောင် ရည်ညွှန်းရာဘက်ကို လိုက်ကြည့်မိတော့ ဟိုတစ်နေ့က ကိုလူစိမ်း။

"ဘယ်လိုလဲ ... ကိုဇော်၊ ခင်ဗျား စောင့်နေတာ ကြာသွားပြီလား"

မောင် ခေါင်းညိတ်ပြပါသည်။ ပြီးတော့ နိုင့်ကိုကြည့်ပြီး ယဲ့ယဲ့ပြုံးပြပါသည်၊ ဒီလောက်ဆို နိုင် နားလည်လိုက်ပါပြီ။ မောင် နိုင့်ကို နင်နေပြီ။

"ခိုင် ပြန်နင့်လေ။ မောင် သူနဲ့ သွားစရာရှိလို့ အိမ်ရှေ့က ဖြတ်ရင် ခိုင့် ယောက္ခမလောင်းကြီးကိုပြောလိုက်ကွာ။စိတ်မပူနဲ့၊နည်းနည်းနောက်ကျမယ် လို့"

ခိုင့်ယောက္ခမလောင်းကြီးဆိုတာ မောင် နောက်နေကျစကား။ ဒါပေမဲ့ ဒီအချိန်မှာ မောင့် ကျောကို ထုမနေနိုင်။ မောင့်ရဲ့ ဥပေက္ခာပြုမှုတွေက လွန် လွန်းနေပြီဟု ခိုင် ထင်သည်။ မောင့်အချစ်ကို ယုံလွန်းလို့သာ။ မယုံကြည်နိုင် စရာလည်း အကြောင်းမရှိ။ မောင်နှင့်ခိုင်က ရှစ်တန်းကတည်းက စတွေ့ကြ တာ။ ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့မှာ မောင် ခိုင့်ကို ကုံကော်ပန်းလေး တစ်ပွင့် ပေးပါသည်။

"အဲဒီ ကုံကော်ပွင့်ကလေးက ပြောနေပြီ ခိုင်။ ပော့ကောင် ... မင်း ခိုင့် ကို ချစ်နေတယ် မဟုတ်လားတဲ့။ အဲဒါနဲ့ မောင်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်ပါတယ်။ "ဟုတ်ကဲ့" လို့" ဒါက မောင်ပြောတဲ့ ရည်းစားစကား။ အဲဒီ နေ့က ရှက်ရှက်နဲ့ မောင်ပေးတဲ့ ကုံကော်ပန်းလေးယူပြီး ထွက်ပြေးခဲ့ပါသည်။

ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့မှာ မောင့် ကုံကော်ပန်းခြောက် လေးပြန်ပေးလိုက်ပါသည်။

"ခိုင် ပြောရမှာရှက်လို့ သူ့ကို ပြောခိုင်းထားတယ်။ မောင်ပဲ မေးကြည့် လိုက်တော့"

ဒါက ခိုင့်အဖြေ။ အဲဒီနောက်မှာ အမှတ်စာရင်းတွေ ထွက်လာတော့ ဆေးတို့၊ စက်မှုတို့ မမီတဲ့အတူတူ မထူးတော့ပြီ။ ဝါသနာပါရာ လုပ်ကြမည်ဟု ဆုံးဖြတ်၍ မောင်က ဥပဒေလျှောက်သည်။ ခိုင်က ရက္ခဗေဒ တက်မည်ဟု ဆုံးဖြတ်သည်။

ယခုတော့ ရန်ကုန်တက္ကသိုလ်မှာ ခိုင်လည်း ရက္ခဗေဒ နောက်ဆုံးနှစ်။ မောင်လည်း ဥပဒေ စတုတ္ထနှစ်။ အချစ်သက်တမ်း လေးနှစ်ပြည့်ချိန်အထိ ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်စဖူး။ မောင် မပြောရ မနေနိုင်သည့် ဥပဒေ တွေအကြောင်း သည်းခံနားထောင်ရသည်ကလွဲ၍ မောင့်အပေါ် တစ်ခါမှ အပြစ်မတင်မိ။

နိုင် ဝါသနာပါသော ကဗျာရေးခြင်း၊ စာရေးခြင်းအလုပ်ကိုလည်း မောင်က မကန့်ကွက်။ ဘဝအာမခံချက်ရနိုင်မည့် အလုပ်အကိုင် တစ်ခုခု ရသည့်အချိန်တွင် လက်ထပ်ပါမည်ဟု မောင့်ကို ကတိပေးပြီးသား။

နိုင့် ကတိကို မောင် ယုံကြည်သလို မောင့်ကိုလည်း နိုင် အားကိုးသည်။

မောင့်မိဘတွေကလည်း နိုင့်ကို ခင်သလို နိုင့်မိဘတွေကလည်း မောင့်ကို ကြည်ဖြူသည်။

မောင်နှင့် နိုင်အကြားမှာ ဘာအတားအဆီးမှ မရှိဟု နိုင် ယုံကြည်သည်။

ယခုအချိန်ကျမှ မောင် ဘာကြောင့် ခြေလှမ်းပျက်နေမှန်း မသိ။ နိုင် အတွေးလွန်နေချိန်မှာပင် မောင်က ခြေလှမ်းတပြင်ပြင်။ နိုင် အလိုမကျမှန်း တော့ မောင် ရိပ်မိပုံပေါ်ပါသည်။

ဒါပေမဲ့ မောင့်သူငယ်ချင်းတစ်ယောက် ရှေ့တွင် အတိုက်အခံလုပ်၍ မောင် သိက္ခာမကျစေချင်ပါ။

"မောင်တို့ ဘယ်သွားမှာလဲဟင်" ၊

"ဟဲဟဲ ... ဘောလုံးပွဲရှိလို့"

မောင့်သူငယ်ချင်းက ရယ်ကျဲကျဲနှင့် ဝင်ပြောပါသည်။

နိုင် မကြားမိပါလား။ နိုင်ငံခြားအသင်းများနှင့် ချစ်ကြည်ရေးပွဲရှိလျှင် လည်း သတင်းစာထဲ ပါရမည်။ ပြည်နယ်နှင့်တိုင်းပွဲလည်း မရှိ။ ကျောင်းသားပွဲ ရှိလျှင်လည်း နိုင် သိရမည်။ မောင်တို့ သွားကန်ရအောင်လည်း ကလေးတွေ မဟုတ်။ အို ... နိုင့်ကို သက်သက်လိမ်တာနေမှာ။

"မောင် သွားမယ်နော် နိုင်။ တနင်္ဂနွေနေ့ကျမှ အိမ်ကစောင့်နေ။ မောင် လာခဲ့မယ် သိလား။ အဲဒီတော့မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"

မောင် နိုင့်ကို ခွဲသွားပါပြီ။ ဒါပေမဲ့ လှည့်ကြည့် လှည့်ကြည့်နှင့် စံရိပ်ငြိမ် လမ်းကြားထဲသို့ ဝင်သွားသည်အထိ နိုင့်ကို လှည့်ကြည့်သွားပါသေးသည်။

မောင် ပေးသွားသည့် ကုံကော်ရွက်ကလေးနှင့် နိုင် တစ်ယောက်တည်း မာလာမှတ်တိုင်မှာ ...။

စကားစု ။ သုံး ။

"ပန်းကံ့ကော်၊ ရွှေစကား
ငွေသားနု၊ စံပါယ်မှန် ....။
မြတ်လေး ခတ္တာနှင့်
ရွှေယင်းမာ၊ ကြာခဝဲ
ဖွဲ့စနင်းလျှံ ....။
သဇင်ကျန်
ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ်ရွှေဇီမင်း
သင်းထုံနံ့ကဲ ....။"

ငယ်ငယ်က ဆယ့်နှစ်ရာသီ ပန်းဖွဲ့ကဗျာလေးကို မောင်လည်း မှတ်မိဦးမှာပါနော်။

ကံ့ကော်တွေပွင့်တဲ့ တန်ခူးလတိုင်းမှာ မောင့်ကို အရမ်းလွမ်းတယ်မောင်ရယ်။

မောင်မရှိတော့ ကံ့ကော်ပွင့်တွေလည်း ပိုင်ရှင်မဲ့နေပြီ မောင်။ နိုင့်မှာလည်း ကံ့ကော်မဲ့နေပြီ မောင်ရယ့်။

မောင် အမြန်ပြန်ခဲ့ပါတော့။ မောင်နှင့်အတူ ထိုင်ခဲ့ကြတဲ့ အင်းလျားကန်စပ်ဘက်မှာ အင်းလျားရေပြင်ရဲ့တိတ်တဆိတ် ငိုရှိုက်သံတွေကို ကြားနေရပြီ မောင်။ နိုင့် ရင်ထဲမှာလေ ကံ့ကော်ပွင့်တွေလည်း ....။

စာစု ။ သုံး ။

မောင် လာမယ်ဆိုတဲ့ တနင်္ဂနွေနေ့မှာ မောင်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ စောင့်ရင်းနှင့် ညနေသာ စောင်းခဲ့ပါသည်။

မောင့် အရိပ်အယောင်မျှ မတွေ့ရ။ ည ခုနစ်နာရီလောက်မှ မောင့်သူငယ်ချင်း ရန်နိုင် ရောက်လာပါသည်။

"ကိုဇော် လွတ်လိုက်တာလား"

"အင်း ..."

အမြဲတမ်း နောက်ပြောင်နေရမှ စိတ်ချမ်းသာတဲ့ ရန်နိုင် အသံက အေးစက်စက်။ မောင့်အတွက် ရင်လေးရပါသည်။

"ဘာမှာလိုက်လဲဟင်"

"ဘာမှတော့ မမှာလိုက်ပါဘူးဟာ။ ဒါပေမဲ့ သူ့အကြောင်း နင့်ကို ပြောစရာရှိလို့"

"ပြောစရာရှိလည်း မြန်မြန်ပြောစမ်းပါဟာ"

"နင်တို့နှစ်ယောက်စလုံးအတွက် ငါ စိတ်မကောင်းမိပါဘူးဟာ"

"ဘာဖြစ်လို့လဲ"

"သူ အဖမ်းခံလိုက်ရပြီ"

"ဘာ ... သူ့မှာ ဘာအပြစ်ရှိလို့လဲ"

တွေးမိတိုင်းမှာ ယူကျုံးမရ မျက်ရည်ကျသည့် တဒင်္ဂ။ ဥပဒေကို မသိနားမလည်၍ တစ်ကြိမ်တစ်ခါ မိုက်မှားမိသူများ၏ ရင်နာစရာ ဘဝအထိုထိုကို ပြောပြတတ်သော မောင်သည် သိနားလည်စွာ မိုက်မှားလိုက်လေပြီ။

ဥပဒေပညာလေ့လာရင်းပင် ဥပဒေဘောင်အပြင် ခုန်ထွက်သွားလေပြီ။ ဟန်ဆောင်ကောင်းသော မောင့်ကို အံ့ဩမိပါသည်။

သို့သော် နိုင် ကျေနပ်ပါသည်။ တစ်စစ နစ်နေမည့် နွံထဲတွင် ဆက်မြုပ်နေမည့်အစား ခဏလောက် ဒုက္ခခံပြီး ရုန်းထွက်လိုက်စေချင်ပါသည်။

မောင့်အတွက် ယူကျုံးမရ၊ ဝမ်းနည်း တသရသည့် အချိန်တိုင်းမှာ ဒီလိုသာ ဖြေသိမ့်ရပါသည်။ လွယ်လွယ်နင့်တော့ ဖြေသိမ့်၍ ရနိုင်ရိုးလား။

မောင်နင့် ခွဲနေရသည့် ဒုက္ခကိုလည်း မောင်နင့် နိုင်မှလွဲ၍ သူစိမ်းများ စာနာနားလည်နိုင်လိမ့်မည် မထင်ပါ။

မောင့်အမှုကိစ္စ အဝဝအတွက် မောင့်မိသားစုနင့်အတူ နိုင် အတတ်နိုင်ဆုံး ကူညီခဲ့ပါသည်။

ဒါပေမဲ့ မောင့်အမှုက မည်သူမျှ မျက်နှာသာမပေးသည့် မူးယစ်ဆေးဝါး အမှု။

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ - ၆ (ခ) နှင့် ၁၄ (ဃ)အရ မောင့်ကို အရေးယူထားသည်ဟု မူးယစ် ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများကို လက်စမ်းထားရှိမှု၊ ဆေးသုံးစွဲ မှု။ ယခုအချိန်မှ နိုင် နားလည်လာရပါသည်။ မောင်တို့ ပစ်တဲ့ကွန်၊ မောင်တို့ စားတဲ့ မုန့်၊ မောင်တို့ ကန်တဲ့ ဒဗယ်လျူဘောလုံး အရာရာနောက်ကျသွားခဲ့ ပါပြီကော။

မောင့်ကို အထင်ကြီးမိလေသော အမှားတစ်ခုကြောင့် ဒီလို လုပ်လိမ့် မည်ဟု ယောင်လို့ပင် မထင်မိခဲ့။

မင်းသားခေါင်းဆောင်းထားတဲ့ မောင့်ရဲ့ဘီလူးရုပ် ပေါ်လာချိန်မှာလည်း မောင့်ကို မမုန်းရက်။ အမေ့ခက်ခဲ့ပြီ။

"မိုက်ပြစ်ကြွေးတွေ ဆပ်ပါစေဦးပေါ့" လေ ဆိုတာထက် နိုင် ဘာမျှ ပိုမပြောချင်။ မပြောရက်၊ မပြောတတ်။

မောင်တစ်ယောက် ထောင်နန်းစံဘဝရောက်အောင် အသွား ငွေ ငါးထောင်နှင့် တံတားထိုးပေးလိုက်မိသည်ကိုသာ ယူကျုံးမရဖြစ်မိရပါသည်။

**စကားစု ၊ လေး ၊**

အပြေး ပြန်လာခဲ့ပါမောင်။ မောင့်ကို လွမ်းနေတဲ့ ကံ့ကော်လေးတွေ လည်း မြေမှာ ကြွေနေပြီ။ ကံ့ကော်ရွက်ကြွေလေးတွေကို အမိပ္ပာယ်မဲ့စွာ ကံ့ကော်ရွက်ရေရင်း ကံ့ကော်တောမှာ လွမ်းမောနေရသူပါ မောင်။ မက်ဆူရာ ဗာရီယာအလွမ်းဇာတ်ပေါင်းခန်းမှာ အပြေးပြန်လာမဲ့ မောင့်ကိုပဲ မြင်ပါရစေ။ လေတစ်ချက်အဝှေ့မှာ ကံ့ကော်ရွက်လေးနှစ်ရွက် ရှေ့ဆင့်နောက်ဆင့် ကြွေ ကျလာပြန်ပြီ မောင်။ မြေပေါ်ရောက်တော့ မလှမ်းမကမ်းမှာ။ နောက်တစ်ချက် လေအဝှေ့မှာ ကံ့ကော်ရွက်လေးနှစ်ရွက် နီးစပ်သွားပါစေလို့ အမိပ္ပာယ်မဲ့စွာ ဆုတောင်းလိုက်မိတယ် မောင်ရယ်။

တစု၊ လေး။

"ဦးဝင်းဇော်၏ သား မောင်ညီညီဇော် (၂၁) နှစ်သည် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးဥပဒေပုဒ်မ - ၆ (ခ) အရပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ်ငါးနှစ်၊ ပုဒ်မ - ၁၄(ဃ)အရ ထောင်ဒဏ် သုံးနှစ်တို့ကို တစ်ပေါင်းတည်း ကျခံစေရမည်"ဟူသော တရားသူကြီး၏ တည်ငြိမ်စွာ ထွက်ပေါ်လာသောအသံ။ ဆောက်တည်ရာမရ ငိုကြွေးနေတဲ့ မောင့်မေမေ့ရဲ့ အသံ။ သတိလက်လွတ် ငိုရှိုက်မိတဲ့ နိုင့်အသံ။ အဲဒီအသံတွေကို မောင် ကြားယောင်မိလျှင် မောင် နောင်တရနေလိမ့်မည်ဟု နိုင် ယုံကြည်ပါသည်။

မောင်နှင့် ခွဲခွာရသည်မှာလည်း လေးနှစ်ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ မောင်နှင့် နောက်ဆုံး တွေ့ခဲ့ကြတဲ့ နေ့က မောင် ပြောခဲ့သော စကားတွေကို ယနေ့ထိ မေ့ဖျောက်နိုင်စွမ်း မရှိသေးပါ။

"နိုင် ... မောင့်ကို ခွင့်လွှတ်ပါနော်။ မောင် မှားပါတယ်။ နိုင့်ကို ဥပေက္ခာပြုပြီးအပေါင်းအသင်း မှားသွားတယ်။ နိုင် အခုလို လာတွေ့တာ မောင် ဝမ်းသာပါတယ်။ မောင်ကတော့ ဘယ်နည်းနဲ့မှ နိုင့်ဆီ လာမတွေ့နိုင်တော့ဘူး။ မောင့်ဘဝက ဒီမှာတင် လမ်းဆုံးသွားပါပြီ။ နိုင့်ကို မြင်ရရင် မောင် ရင်နာလွန်းလို့ပါ နိုင်ရယ်။ မောင့်ကို သနားရင် နိုင် နောက်ထပ် လာမတွေ့ပါနဲ့တော့။ မောင် တောင်းပန်ပါတယ်"

ဆို့နင့်စွာ ထွက်ပေါ်လာတဲ့ မောင့်ရဲ့စကားသံ။ မျက်ရည်ဝဲနေတဲ့ မောင့်မျက်လုံးအစုံတို့ကို နိုင် မကြည့်ရက်နိုင်တော့။ အရင်လို ဖြေသိမ့်ပေးချင်ပေမဲ့လည်း နိုင်နှင့်မောင်တို့၏ တွေ့ဆုံခြင်းသည် အရင်လို ကံ့ကော်တန်းမှာ မဟုတ်တော့ပြီ။ နိုင့်ပါးပေါ်မှာလည်း မျက်ရည်စီးကြောင်းတွေပါလားဟု သတိထားမိသည်။

"စိတ်ချမ်းသာသလို နေပါ မောင်။ မောင့် မိုက်ပြစ်ကျွေးတွေ ဆပ်ပြီး မောင် နိုင့်ဆီ ပြန်လာမယ့်ရက်ကို နိုင် စောင့်နေမယ်။ အဲဒီအချိန်မှာ မောင့်ဘဝကို ပြန်ပြုစုနိုင်ဖို့ နိုင် ကြိုးစားထားပါမယ်။ မောင်သာ ကျန်းမာအောင်နေပါ။

ပြီးတော့ လိမ်လိမ်မာမာနေပါနော်။ နိုင် စောင့်နေပါ့မယ်၊ နိုင့်ကို ယုံကြည်ပါ မောင်ရယ်"

မောင် ခေါင်းငုံ့ရင်းက ခပ်သွက်သွက် ခေါင်းခါပြပါသည်။

"ဟင့်အင်း ... နိုင်၊ မောင့်အပြစ်နဲ့ မောင် ရှိပါစေတော့။ မောင့်အတွက်နဲ့ နိုင့်ဘဝကိုပါ အနစ်မွှန်းမခံပါနဲ့။ နိုင့်ဘဝအတွက် အကောင်းဆုံးဖြစ်မယ်ဆိုရင် နိုင် ကြိုက်သလိုသာ ဆုံးဖြတ်ပါ။ မောင့်ကို မစောင့်ပါနဲ့။ မောင် ပြန်လွတ်လာရင်လည်း မောင့်ဘဝက ဘာအသုံးကျတော့မှာလဲ"

"အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောပါနဲ့လား မောင်၊ မောင် ပြန်ထွက်လာရင် ၂၆ နှစ်၊ အဲဒီအသက်အရွယ်မှာ ဘဝကို ရင်ဆိုင်ဖို့ အင်အား အပြည့်ရှိရမယ်။ မောင် ဥပဒေဘွဲ့တစ်ခုရအောင် ဆက်ကြိုးစားရမယ်။ နိုင် မောင့်ကို ချစ်တယ်။ မောင် ပြန်လွတ်လာတဲ့ နေ့ကျရင်သာ နိုင့်ဆီကို အမြန်ဆုံး ပြန်လာခဲ့ပါ။ နိုင် မျှော်နေပါ့မယ် မောင်။ မောင် စိတ်ဆင်းရဲရတယ်ဆိုရင် နောက် မလာ မိအောင်ပဲ ကြိုးစားနေပါ့မယ် မောင်ရယ်"

မောင့်ကို ပြောချင်သောစကားတွေ အများကြီး ကျန်ပါသေးသည်။ ဒါပေမဲ့ တက္ကသိုလ်နယ်မြေက ကုံကော်တန်းမှာ မဟုတ်။ အင်းစိန်ထောင်ဝင်းက သံတန်းတွေကြားမှာ။ မောင့်ဆီက ကုံကော်ပန်းတွေ ကုံကော်ရွက်တွေလည်း မျှော်လင့်၍ မရနိုင်တော့။ နိုင် ပြန်လှည့်ကြည့်လျှင်လည်း မောင့်ကို မြင်ရမည်မဟုတ်တော့ပြီ။ နိုင့်ကိုလည်းမောင်မျက်စိတစ်ဆုံးမကြည့်နိုင်တော့ပြီတကား။

စကားစု ။ ငါး ။

လောကမှာ လုံးဝကဲ့ရဲ့ခံရသောသူ၊
လုံးဝချီးမွမ်း ခံရသောသူ ဟူသည်၊
ရှေး၌လည်း မရှိခဲ့၊
ယခုလည်း မရှိ။

နောင်တွင်လည်း ရှိလိမ့်မည် မဟုတ်လို့ ဓမ္မပဒက ဆိုထားပါတယ် မောင်။ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပေါ့ မောင်။ မောင့်ကို ကဲ့ရဲ့နေတဲ့သူတွေ တစ်နေ့မှာ မောင့်ကို ချီးမွမ်းလာရအောင် ပြန်ကြိုးစားလိုက်စမ်းပါ မောင်။ တစ်နေ့မှာ မောင့်အတွက် ခံစားရတဲ့ ဒုက္ခတွေကို ပေးဆပ်တဲ့အနေနဲ့ မောင့်အတွက် နိုင် ဂုဏ်ယူပါရစေ။

ဒုတိယကမ္ဘာစစ်ကြီးကာလက မြန်မာ အကျဉ်းသားတစ်ကျွန်းသမားတွေနှင့် နစ်ကြီးသမားများကို တစ်ကျွန်းပို့ရာတွင် ၎င်းတို့၏ ဇနီး သားမယားပါ ခေါ်ယူခွင့်ပြုခဲ့ပါသည်။ နိုင်လည်း ဖြစ်နိုင်လျှင် မောင်နှင့်ပင် လိုက်နေချင်ပါသည်။ မောင့်ကို လွမ်းနေရတဲ့ဒုက္ခက နံရံလေးဘက်ကြားက ဒုက္ခတွေနှင့်စလျှင် မောင့်ဘဝကိုပင် မနာလိုဖြစ်ပါသည်။

"သူ့လူက ဝတ်ဖြူစင်ကြယ် ဝတ်သွားလို့ လွမ်းကျန်ရစ်တာလေ" ဆိုသည့် ရှိသုံ့သုံ့စကား။

"နင် ကိုဇော်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့လည်း သိပါတယ်ဟာ။ ဒါပေမဲ့ ခုချိန်မှာတော့ သေချာပြန်စဉ်းစားဖို့ ကောင်းတယ်"ဆိုသည့် စေတနာစကား။

"မေမေတို့ကတော့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်တော့ဘူး သမီး ဆိုတဲ့ မေမေရဲ့မေတ္တာစကား။

"အတိတ်က အိပ်မက်တွေကို မေ့ပစ်လိုက်သင့်ပါပြီ နိုင်။ တို့အချစ်ကို နိုင် နားလည်သင့်ပါတယ်" ဆိုသည့် ကြာကူလီစကား။

စကားတံတိုင်းလေးဘက်ကြားက နိုင့်ဘဝက အုတ်တံတိုင်း လေးဘက်ကြားက မောင့်ဘဝထက် ခံရခက်သည်ဟု တစ်ခါတစ်ရံ တွေးမိပါသည်။ တကယ်ဆို နိုင့်မှာ ဘာအပြစ်မှ မရှိ။ မောင့်ကို ချစ်မိသည့်အတွက် နိုင်ပါ ဓားစာခံ ဖြစ်ရသည်။ သို့သော် နိုင် မောင့်ကို ချစ်ပါသည်။ ထို့ကြောင့် ဆရာကျော်မြသန်း၊ ဆရာရန်အောင်မောင်မောင်တို့၏ ဝတ္ထုများကို ဖတ်မိတိုင်း မောင့်အတွက် မျက်ရည်ကျရပါသည်။

မောင့်ကိုပေးခဲ့သည့်ကတိအတိုင်း မောင့်ဘဝကို ပြုစုနိုင်ဖို့ အားလုံးသော စကားတွေကို လျစ်လျူရှုနိုင်ဖို့ ကြိုးစားခဲ့သည်မှာ ခုဆိုရင် ရန်ကုန်တက္ကသိုလ်ရက္ခဗေဒဌာနနည်းပြဆရာမဆိုသည့်ရာထူးနှင့်အဓိပတိလမ်းပေါ်မှာ လျှောက်လှမ်းနေရပါပြီ။ အရင်လို ရက္ခဗေဒကျောင်းသူဘဝက မောင်နှင့်လျှောက်ခဲ့ရသည့်အဓိပတိလမ်းလောက်တော့မသာယာပါ။ မောင်မပါသောနိုင့်ကိုကြည့်၍ အဓိပတိလမ်းလည်း မောင့်ကို လွမ်းနေမှာပဲဟု တစ်ခါတရံအတွေးလွန်တတ်ပါသည်။

မောင် ပြန်လာလျှင် မောင့်ဘဝ အသစ်တစ်ဖန် ပြန်စရပါမည်။ စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့် အရာရာကို ရင်ဆိုင်ကာ မောင်နှင့် နိုင်တို့၏ အချစ်ကိုလည်း တစ်က ပြန်စရပါမည်။ ထိုအခါ မောင်နှင့် နိုင်တို့ကို ကံ့ကော်တန်းက ကောင်းချီးပေးလိမ့်မည်။ သို့သော် မောင် လွတ်လာလျှင် ရန်ကုန်မှာ မနေတော့။ နိုင့်ကိုလည်း ရင်မဆိုင်ရဲ။ မန္တလေးဘက်ပြေးမည်ဟု မောင့်မေမေက တစ်ဆင့် သိရပါသည်။ မောင် သတ္တိမနည်းသင့်ပါ။ မောင့်အချစ်ကို နိုင် ယုံကြည်ပါသည်။ ယနေ့ထိလည်း မောင့်ကိုအားကိုးတကြီး မျှော်လင့်နေဆဲပါ။ နိုင့်အချစ်ကို မောင် နားလည်စေချင်ပါသည်။

•

*ပန်းဝေသီမဂ္ဂဇင်း*

*ပန်းနုသစ်သီကဏ္ဍ၊ ၁၉၈၈ (ဖေဖော်ဝါရီလ)*

*(မောင်သက်နိုင်ကလောင်အမည်ဖြင့်ရေးသည်)*

# အချစ်ရဲ့အခြားသောမျက်နှာစာမှာ

သုံးလမ်းမှတ်တိုင်အရောက်မှာ ကျော်မင်းနှင့် ချိုမြင့်ရည်တို့ ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သည်။ သူတို့ ဦးတည်ရာအရပ်က မြေပဒေသာကျွန်း။ သူတို့ရှေ့မှာ သူတို့လိုပဲ ချစ်သူ စုံတွဲများစွာ ....။

မြေပဒေသာ ကျွန်းအဝတွင်ရှိသော ကန်တော်မိတ် စားသောက်ဆိုင်အတွင်းသို့ ဝင်သွားကြသူအချို့ကိုကြည့်ရင်း ကျော်မင်း သက်ပြင်းချသည်။

"ဘာတွေ စိတ်ညစ်နေတာလဲ ... ကိုကို"

ကျော်မင်း လက်ဖဝါးကို ခပ်တင်းတင်းဆုပ်ရင်း ချိုမြင့်ရည် စကားစသည်။

"ဒီနေ့ ဘယ်နှစ်ရက် ရှိသွားပြီလဲ"

ကျော်မင်း စကားကြောင့် ချိုမြင့်ရည် မျက်မှောင်ကြုတ်လိုက်မိသည်။

"နှစ်ဆယ့်သုံးရက်လေ ကိုကိုရဲ့ဘာဖြစ်လို့လဲ ..."

"ဘာလဲ ... ကိုကို သုံးစရာပြတ်နေပြီလား။ ချို့ဆီက ယူသုံးလေ၊ ချို့မှာ တစ်ရာလောက်တော့ ရှိပါသေးတယ်"

"ဟာကွာ ... ချိုကလည်း၊ ကိုကိုက ချို့ကို တစ်ခုခု ဝယ်ကျွေးချင်လို့ လခထုတ်ရက် တွက်နေတာပါ။ ကိုကို့အတွက် လက်ဖက်ရည်ဖိုးလောက်ကတော့ ရှိပါသေးတယ်"

"အော် ... ကိုကိုရယ်၊ ဆိုင်မှာ စားတာက တစ်ယောက်တစ်ပန်းကန်ဆီ စားနေရဦးမယ်။ ဟောဒီ ချို ကိုယ်တိုင်ချက်ပြီးထည့်လာတဲ့ ထမင်းဘူးလေးကို ဟိုကန်စပ်က ခုံလေးပေါ်မှာ တစ်ယောက်တစ်လုပ်စီ စားကြတာပေါ့။ ဘာလဲ ချို့လက်ရာကို ကိုကို မကြိုက်ဘူးလား"

ချိုမြင့်ရည်က စကားအဆုံးမှာ ထမင်းဘူးလေးကို မြှောက်ပြရင်း ကျော်မင်းကို ပခုံးစွန်းဖြင့် တစ်ချက်တွန်းလိုက်သည်။ ဒီတော့လည်း ကျော်မင်း တစ်ယောက် ဒုတိယအကြိမ်မြောက် သက်ပြင်းမောလေးကို ချိုမြင့်ရည် မသိအောင် ခိုးချလိုက်မိပြန်သည်။ ကန်တော်မိတ် စားသောက်ဆိုင်ကြီးကတော့ သူတို့နှစ်ယောက်ရဲ့ အနောက်ဖက်မှာ ကျန်ရစ်ပြီ။ မြေပဒေသာကျွန်း မုခ်ဦးကို ရောက်ခဲ့ပြီ။ ကျော်မင်းအိတ်ထဲမှ ငါးကျပ်တန်လေးတစ်ရွက်ကို ထုတ်ဖို့ ပြင်လိုက်သည်။ ဒါပေမဲ့ ချို့ လက်တစ်ဖက်က ကျော်မင်းလက်ကို ဖမ်းဆုပ်ထားလိုက်သည်။

"နေပါစေ ... ကိုကို၊ ချို ပေးမယ်၊ ကိုကိုက ယောကျ်ားလေးဆိုတော့ လက်ဖက်ရည်ဖိုး၊ ဘာဖိုး ညာဖိုး` အကုန်အကျများတယ်။ ချိုက ကိုကိုနဲ့ လျှောက်လည်တဲ့ ရက်ကလေးပဲ သုံးစရာရှိတာ"

ပြောရင်းဆိုရင်း ချိုမြင့်ရည်က စလင်းဘတ်ထဲမှ ငါးကျပ်တန်လေး တစ်ရွက်ထုတ်၍ ဂိတ်ဝကို ပေးလိုက်သည်။ ပြီးတော့ လက်ချင်းမြဲမြဲတွဲ၍ သူတို့ထိုင်နေကျ ကန်ရေပြင်နံဘေးက အုတ်ခုံလေးဆီကို ဦးတည်လိုက်ပါသည်။

ရုံးပိတ်ရက်မို့ထင်သည် ပျော်ပွဲစား ထွက်လာကြသော မိသားစုများ၊ ချစ်သူစုံတွဲများဖြင့် မြေပဒေသာကျွန်းနှင့် ဗိုလ်ချုပ်ပန်းခြံနှင့် ကန်တော်ကြီး ပရဝုဏ်မှာ စည်ကားလွန်းနေသည်။ သူတို့ ထိုင်နေကျ အုတ်ခုံလေးပင် မအားလပ်သဖြင့် လွတ်သည့်ခုံတွင်ပင် ဝင်ထိုင်လိုက်သည်။

"ဒီဘက္ကာရေးနှစ်ထဲမှာ ပရိုမိုးရှင်းပေးဖို့ ရှိတယ်လို့ ကြားတယ်၊ ကိုကို သိလား။ ချိုတို့ စာမေးပွဲ ဖြေရဦးမယ်"

"ဟုတ်လား၊ ကိုကိုတို့ ရုံးကတော့ ဘာပရိုမိုးရှင်းမှ မကြားသေးဘူး"

သူများ ချစ်သူတွေတော့ ဘာစကားတွေ ပြောဖြစ်ကြသလဲ မသိပေ။ ချိုမြင့်ရည်တို့ နှစ်ယောက်ကတော့ ရုံးက ကိစ္စတွေမပါဘဲ စကားမပြောတတ်သလိုဖြစ်နေချေပြီ။

နှစ်ယောက်စလုံးကလည်း ဝန်ထမ်းတွေ မဟုတ်လား။ ချိုမြင့်ရည်က (....) မြို့နယ်စာရင်းရုံးမှ စာရင်းစစ်ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ကျော်မင်းကလည်း (.....) မြို့နယ်အတွင်းရှိ ကုန်သွယ်ရေးဝန်ကြီးဌာန အောက်တွင်ရှိသော စက်ရုံလေးတစ်ခုရှိ စာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ။

သူတို့နှစ်ယောက် စတင်ဆုံစည်းခဲ့ကြသည်မှာလည်း အလုပ်တာဝန်ထမ်းဆောင်နေရင်းမှာပင် ဖြစ်သည်။ ကျော်မင်း အလုပ်လုပ်နေသည့် စက်ရုံကို စာရင်းစစ်ဆေးဖို့ တာဝန်ကျသည့်အဖွဲ့ထဲမှာ ချိုမြင့်ရည် ပါလာသည်။ ထိုစက်ရုံမှာ စာရင်းစစ်ရင်းမှာပင် အလုပ်တာဝန်များကို ရိုးသား၊ ကြိုးစားစွာပြီးတော့ တက်ကြွကျွမ်းကျင်စွာ ထမ်းဆောင်နေသော ကျော်မင်းတို့နှင့် တွေ့ဆုံခဲ့သည်။ ထိုစက်ရုံမှာ စာရင်းဇယားပိုင်းနှင့် ပတ်သက်၍ ရုံးအုပ်ကြီးထက်ပင် ကျော်မင်းက ကျွမ်းကျင်နေသည်။ စက်ရုံမှူးကလည်း စာရင်းစစ်အဖွဲ့ကို ကျော်မင်းနှင့်ပင် လွှဲထားသည်။ အဲဒီကတည်းက ကျော်မင်း အကြည့်တွေကို ချိုမြင့်ရည် နားလည်သလိုလို ရှိခဲ့သည်။ ရက်သတ္တတစ်ပတ်ကြာမျှ စာရင်းဇယားစစ်ဆေးအပြီး ရုံးပြန်ရောက်တော့လည်း ကျော်မင်းတစ်ယောက် စာရင်းရုံးကို အလည်ရောက်ရောက်လာတတ်ပြီ။ အဲဒီက အစ ....။

"ရှေ့နှစ်လောက်ကျရင်တော့ လက်ထပ်ဖြစ်အောင် ကြိုးစားရအောင်နော်"

ကျော်မင်း စကားကို ချိုမြင့်ရည် အလိုက်သင့် ခေါင်းညိတ်ပြလိုက်သည်။ အတွေးထဲမှာတော့ ..

"ကိုကိုတို့ လက်ထပ်ဖို့အတွက် အဓိက လိုအပ်ချက်ကတော့ ငွေပဲ"

"ကိုကို့ အဆိုကို မှားတယ်လို့ ချို မငြင်းပါဘူး ကိုကို၊ ဒါပေမဲ့ အဲဒီအဆိုဟာ ခြွင်းချက်မဲ့ မှန်ကန်တယ်လို့တော့ ပြောလို့မရဘူး"

ချိုမြင့်ရည်စကားကြောင့် ကျော်မင်း မျက်မှောင်ကြုတ်လိုက်မိသည်။ လက်ထပ်ဖို့ စဉ်းစားတဲ့ မိန်းကလေးတိုင်း ငွေကို ထည့်မစဉ်းစားဘဲ နေမတဲ့လား။

"မဟုတ်သေးပါဘူး ချို၊ ငွေမရှိလို့ ဘယ်လိုလုပ်လက် ထပ်မှာလဲ"

"ကိုကို ပြောတာ ဟုတ်ပါတယ်။ မင်္ဂလာပွဲကိစ္စ၊ နေရေးထိုင်ရေးကိစ္စ၊ စားဝတ်နေရေးကိစ္စ အစစအရာရာ ငွေရှိမှဖြစ်မှာ၊ မင်္ဂလာဦးမှာ လိုအပ်တာတွေက အများကြီးရှိမှာ ချို နားလည်ပါတယ်။ ချိုက မိန်းကလေးပါ ကိုကိုရယ်။ ကိုတို့ထက် ပိုတွေးပါတယ် ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ချို"

"ငွေမျက်နှာ တစ်ခုတည်းကိုတော့ ကြည့်လို့မရတော့ဘူး ကိုကို။ ငွေရှိပေမဲ့ စိတ်ဆင်းရဲနေရတဲ့ အိမ်ထောင်တွေ အများကြီးရှိပါတယ်။ ချိုက လူမချမ်းသာချင် နေပါစေ။ စိတ်ချမ်းသာသာနဲ့ နေသွားချင်တယ် ကိုကို"

ချိုမြင့်ရည် စကားအဆုံးမှာ ကျော်မင်း သက်ပြင်းချသည်။ ချိုမြင့်ရည်က သူ့စကားကို သူ ဆက်သည်။

"စိတ်ချမ်းသာဖို့ ဆိုတာက ကိုကို့ အသိုင်းအဝိုင်းနဲ့ ချို။ ချို့ အသိုင်းအဝိုင်းနဲ့ ကိုကို အားလုံးအဆင်ပြေမှ ..."

"အခု အဲဒီကိစ္စတွေ ပြေလည်နေပြီ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"အေးလေ ... အဲဒါကြောင့် ကိုကို ပြောနေတာပေါ့။ ကိုကို တို့ လက်ထပ်ဖို့အတွက် ငွေပဲ လိုသေးတယ်လို့"

"အဲဒီတော့ ကိုကိုက ဘာလုပ်ချင်လို့လဲ"

"ရှာရမှာပေါ့"

"ဘယ်နည်းနဲ့လဲ"

"ရတဲ့နည်းနဲ့"

ချိုမြင့်ရည် မဲ့ပြုံး ပြုံးသည်။ ပြီးတော့ ကျော်မင်း မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးခွန်းထုတ်သည်။

"အဲဒီနည်းက တရားသောနည်း မဟုတ်ရင်ကော ကိုကိုလုပ်မှာပဲလား"

"လုပ်သင့်ရင် လုပ်ရမှာပဲ။ ဒါမှ တို့မြန်မြန်လက်ထပ်နိုင်မှာ"

ချို့မြင့်ရည် သက်ပြင်းချသည်။

"စိတ်ညစ်ရပါလား ကိုကိုရယ်"

ချို့မြင့်ရည် ခုတလော ကိုကို့ကြောင့် စိတ်ညစ်နေရသည်။ ကိုကို အသုံးအဖြုန်း ကြီးလာသည်။ ဘယ်က ဘယ်လိုဝင်ငွေတွေ ရနေတာလဲ မေးတော့လည်း အကြောင်းပြချက် မည်မည်ရရ မရှိ။ ကိုကို့ မိဘတွေကလည်း သာမန်ဝန်ထမ်းတွေပဲ ဖြစ်သည်။ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိတွေမို့ အကြောင်းပြချက် မခိုင်လုံသော ကိုကို့ဝင်ငွေကို ချို့ မယုံချင်။ ဘယ်လိုမှလည်း လှည့်ပတ်မေးလို့ မရ။ ကိုကိုတို့ လက်ထပ်ဖို့အတွက်ဆိုသော စကားကိုသာ ထပ်တလဲလဲ ဆိုနေသည်။

အဲဒါကြောင့်လည်း ချို့မြင့်ရည် ပိုစိတ်ညစ်ရခြင်း ဖြစ်သည်။ သူနှင့်လက်ထပ်ဖို့အတွက် မတရားသော နည်းလမ်းတစ်မျိုးမျိုးဖြင့် ငွေရှာနေသည်ဆိုလျှင် သူ့ပါ မကောင်းဖြစ်တော့မည်။

"ဒီမှာ ကိုကို၊ ကိုကိုဖတ်ဖို့ ချို့ ငှားလာတဲ့စာအုပ်ကလေး ဖတ်ကြည့်စမ်းပါ"

ချို့မြင့်ရည် လှမ်းပေးသော "ပြစ်မှု" စာအုပ်ကလေးကို ကျော်မင်းက စိတ်မပါ လက်မပါ လှမ်းယူသည်။ အရင်ကလည်း သူတို့နှစ်ယောက် တစ်ယောက် ကြိုက်သည့်စာအုပ် တစ်ယောက်ကို ပေးဖတ်နေကြ ဖြစ်ပါသည်။ ဒါပေမဲ့ "ပြစ်မှု" စာအုပ်ကို ပေးဖတ်သည်မှာတော့ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။

"ဖတ်ဖြစ်အောင် ဖတ်နော် ကိုကို။ အဲဒီထဲက ဖြစ်ရပ်မှန်ဇာတ်လမ်းတိုလေးတစ်ပုဒ် အရမ်းကောင်းလို့ ပေးဖတ်တာ"

"ဘယ်ဇာတ်လမ်းလဲ ချို့"

ကျော်မင်းက စာအုပ်ကို တစ်ချက် နှစ်ချက်လှန်ကြည့်ရင်းက စိတ်မပါ လက်မပါ မေးသည်။

"သမီးရည်းစားနှစ်ယောက် ခိုးပြေးဖို့အတွက် ပိုက်ဆံမရှိလို့ ကောင်လေးက သူ အလုပ် လုပ်နေတဲ့ ကားဝပ်ရှော့က ပစ္စည်းတွေ ခိုးရောင်းလို့ ကောင်မလေးကို ခိုးပြေးမယ့်ညမှာတင် အဖမ်းခံလိုက်ရတဲ့ ဇာတ်လမ်းလေး"

ကျော်မင်း မျက်နှာတည်သွားသည်။

"အင်း ... ဖတ်ကြည့်လိုက်မယ်လေ"

"ငွေမျက်နှာတစ်ခုတည်းတော့ ကြည့်ပြီး မဟုတ်တာတွေတော့ လျှောက်မလုပ်ပါနဲ့ ကိုကိုရယ်။ ချိုတို့လည်း အဲဒီဇာတ်လမ်းလေးထဲကလို ဖြစ်နေဦးမယ်"

"ဟာကွာ ... ချိုကလည်း မဟုတ်တာ၊ ကိုကို့ကို သူခိုးဖြစ်မယ့် ကောင် များ ထင်နေသလား"

"အဲဒီလိုထင်ရင် ဆက်ချစ်နေပါ့မလား ကိုကိုရယ်။ ဟိုက ပညာမတတ်တဲ့၊ ပြီးတော့ ချိုတို့ထက်လည်း အများကြီးငယ်တဲ့ ကလေးတွေမို့ အဲဒီလို ဖြစ်ကြတာပါ။ ချိုကိုကိုက ဘွဲ့ရခေတ်ပညာတတ် ဝန်ထမ်းတစ်ယောက်ပဲ အဲဒီလို မလုပ်ဘူးဆိုတာတော့ ချို သိတာပေါ့"

ကျော်မင်း မျက်နှာလေး ပြန်ပြီးပြုံးယောင်သန်းလာသည်။ ဒီတော့မှ ချိုမြင့်ရည် စကားဆက်၏။

"ဒါပေမဲ့ လူဆိုတာ ဘယ်လောက်ပဲ ပညာတတ်တတ်၊ ဘယ်လောက်ပဲ အဆင့်အတန်းရှိရှိ ပျက်စီးဖို့ဆိုတာက လွယ်တယ်လေ။ အဲဒါကြောင့်မို့ စိုးရိမ်လို့ ပြောနေတာပါ"

"ချို စပါကလင်သောက်မလား ကိုကို မှာလိုက်မယ်"

ကျော်မင်းက စကားလွှဲဖို့ ပြင်သည်။ ချိုမြင့်ရည် ခပ်သွက်သွက် ခေါင်းခါသည်။ အဲဒီစပါကလင်ဖိုး ပိုက်ဆံ ကိုကို ဘယ်ကရလဲ ပြောဟူသော စကားကိုတော့ အရင်က ထပ်တလဲလဲ မေးသည့်တိုင် ဘာမှအကြောင်းမထူးခဲ့သည်မို့ မမေးဖြစ်တော့ပါ။ ပြောစရာရှိသော စကားတွေကိုသာ အလျဉ်းသင့်တုန်း ပြောဖြစ်အောင် ပြောလိုက်ပါသည်။

"ချိတို့ လက်ထပ်ဖို့ကိစ္စအတွက် ချို ဒီလိုစီစဉ်ထားတယ်။ လခထုတ်တိုင်း ကိုကို့ လခတစ်ဝက်ရယ်၊ ချို့ လခ တစ်ဝက်ရယ်ကို ဘဏ်မှာ သွားသွားအပ်ထားမယ်။ နောက်ပြီး ကိုကိုရော ချိုပါ ငွေစု ငွေချေးသမဝါယမမှာ တစ်လတစ်ရာစီလောက်စုပြီး လက်ထပ်ခါနီးကျမှ ပြန်ချေးကြမယ်။ အဲဒါဆို တစ်နှစ်လောက်ပဲ စုရမှာ။ ချို့အိမ်ကိုလည်း ချို့ လခ ပြန်မအပ်တော့ဘူးလို့ အကျိုးအကြောင်း ပြောပြီးသွားပြီ။ ဘယ်လိုလဲ ကိုကို၊ ချို့ အစီအစဉ်ကို သဘောတူတယ် မဟုတ်လား"

စားပွဲပေါ်မှ ကြေးအိုးပန်းကန်ကို ငေးကြည့်နေရင်းက ကျော်မင်းစိုးကရက်လှမ်းမှာသည်။ ချိုမြင့်ရည် ဘာဆက်ပြောရမှန်း မသိတော့ ...။

"ကိုကို့ကို ချို သတင်းထူး ပြောစရာရှိလို့ ချိန်းလိုက်တာ"

"ကားမှတ်တိုင်တွင် ရပ်နေသော ကိုကို့အနီးသို့ အပြေးတစ်ပိုင်း လှမ်းဝင်ရင်း ချိုမြင့်ရည် စကားစသည်။

"ဘာလဲ ... ပရိုမိုးရှင်းကိစ္စလား"

"ဟင့်အင်း ..."

ဆိုပါဦး ... ဘာကိစ္စ"

"ကိုကို ... ချို့ကို ခဏခဏ ပြောတယ်နော်။ ချိုတို့နှစ်ယောက် တစ်ရုံးတည်း အလုပ်လုပ်ရရင် ကောင်းမှာလို့"

"အင်းလေ ..."

"အမြဲတမ်းမဟုတ်ပေမဲ့ ခဏတော့ ကိုကိုနဲ့ ရုံးအတူတူတက်ရတော့မယ် ကိုကိုရဲ့"

"ဟင် ... ဘာဖြစ်လို့"

"ဒီနေ့ပဲ ဦးစီးမှူးက ပြောလိုက်တယ်။ ကိုကိုတို့ စက်ရုံကို စစ်မယ့်စာရင်းစစ်အဖွဲ့ထဲမှာ ချို့ကို ထည့်ထားတယ်တဲ့"

"ဟုတ်လား"

ကျော်မင်း မျက်နှာမှာ အပြုံးရိပ်တွေ ဝေသွားသည်။

"အလွမ်းပြေပေါ့ ချိုရယ်။ ကိုကိုကို့ စတွေ့တာလည်း တစ်နှစ်က ဒီအချိန် မျိုးပေါ့ ဟုတ်တယ် မဟုတ်လား"

ချိုမြင့်ရည် ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။ ဒီအကြောင်းကို ပြောချင် လွန်း၍ ကိုတို့ စက်ရုံကို ဖုန်းနှစ်ခါလောက် လှမ်းဆက်မိပြီး ဖြစ်သည်။ ကိုကို ဘဏ်မှာ ငွေသွားထုတ်နေသည်ဆို၍ ဤမှတ်တိုင်လေးမှာ ချိန်းလိုက်ရခြင်း ဖြစ်ပါသည်။ အခုတော့ ချိုမြင့်ရည် ပြောချင်နေသောစကားကို သူ ချစ်သော ကျော်မင်းကို ပြောဖြစ်ခဲ့ပါပြီ။ ရင်ထဲက အပျော်တွေကိုလည်း မျှဝေခံစား ဖြစ် ပါပြီ။ ကိုကိုနဲ့ အဲဒီလို တစ်ပတ်လောက် ရုံးအတူတူတက်ရမှာကိုပင် ဒီလောက် ပျော်နေလျှင် ကိုကိုနှင့် တစ်သက်လုံး အတူတူနေရတော့မည်ဆိုလျှင် မိမိ ဘယ်လောက်များ ပျော်လိုက်မလဲဟု ချိုမြင့်ရည် တွေးနေမိပါသည်။

✦

ချိုမြင့်ရည်တို့ စာရင်းစစ်အဖွဲ့ကို ကျော်မင်းတို့ စားပွဲနားမှာပင် နေရာ ချထားပေးသည်။ စက်ရုံရောက်ရောက်ချင်း စက်ရုံမှူးက ချိုမြင့်ရည်တို့ကို မိတ်ဆက်စကားပြောသည်။ ဒီအဖွဲ့ထဲမှာ ချိုမြင့်ရည်ကိုတော့ စက်ရုံမှူးက မျက်နှာသိ ဖြစ်နေပါသည်။

"ဒေါ်ချိုမြင့်ရည်ကတော့ ကျွန်တော်တို့ စက်ရုံကိုလည်း တစ်ခါစစ်ဖူး သေးတယ်။ ကျွန်တော့် တပည့်မောင်ကျော်မင်းကိုလည်း အမြဲစစ်ဆေးနေတဲ့ လူဆိုတော့ ကျွန်တော်တို့နဲ့ သိပ်မစိမ်းပါဘူး" ဟူသော စက်ရုံမှူးစကားကြောင့် ချိုမြင့်ရည်တို့ စာရင်းစစ်အဖွဲ့တွေရော စက်ရုံအဖွဲ့သားတွေပါ ရင်းနှီးခင်မင်စွာ ရယ်မောဖြစ်ကြပါသည်။ ထို့နောက် စက်ရုံမှူးက ချိုမြင့်ရည်တို့ အဖွဲ့ခေါင်း ဆောင် ဒေါ်တင်ရီနှင့် ကျော်မင်းကို မိတ်ဆက်ပေးသည်။

"ဒီစက်ရုံရဲ့ စာရင်းဇယားပိုင်းမှာတော့ သူ မန်နေဂျာပဲ၊ သူနဲ့ ညှိပြီး ကြည့်လုပ်ကြပါ"

ကျော်မင်းကို အမှမ်းတင်ထားသော စက်ရုံမှူးစကားကြောင့် ချိုမြင့်ရည် ဂုဏ်ယူမိပါသည်။ ဒါပေမဲ့ ကျော်မင်း ဘေးစားပွဲမှာထိုင်သော ခပ်ချောချော စာရေးမအသစ်လေးကိုတော့ ဘာကြောင့်လဲမသိ ချိုမြင့်ရည် မနာလိုဖြစ်မိသည်။ တစ်နေ့နေ့တော့ နီညိုရောင် ယူနီဖောင်းဝတ် စာရင်းစစ်တစ်ဦးအနေဖြင့် မဟုတ်ဘဲ ကိုကိုရဲ့ဇနီးတစ်ယောက်အနေဖြင့် ဒီစက်ရုံကို လာဖြစ်အောင် လာဦးမည်ဟု ချိုမြင့်ရည် တွေးနေမိပါသည်။ အတွေးလွန်နေသော ချိုမြင့်ရည်တစ်ယောက် ခေါ်တင်ရီ ခေါ်သံကိုပင် မကြားလိုက်တော့ပါ။

"ချို ဟိုမှာ ခေါ်နေတယ်လေ"

ကျော်မင်းက ကြားမှဝင်ပြောလိုက်ရသည်။

"ဆောရီးနော် ... မမ။ ချို အတွေးလွန်သွားလို့ ဘာပြောမလို့လဲဟင်"

"မိချိုက ဘင်ကတ်တွေကို စစ် မမနဲ့ အေးအေးနဲ့က လယ်ဂျာတွေ စစ်လိုက်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... မမ၊ ဒါနဲ့ ကုန်ကြမ်းအရင်စစ်မှာလား။ ကုန်ချော အရင်စစ်မှာလား။ အသေးသုံးငွေစာရင်း အရင်စစ်မှာလား"

"ကုန်ချော အရင်စစ်လိုက်ပါ။ ကုန်ချောက နေ့စဉ် အဝင်အထွက် ရှိနေတာ မဟုတ်လား။ ကုန်ကြမ်းနဲ့ အသေးသုံး ငွေစာရင်းက စစ်လိုက်ရင် ခဏလေးပါ"

ကျော်မင်းက ဝင်၍ အကြံပေးသည်။ သူ့အစီအစဉ်အတိုင်းပင် အားလုံးက လက်ခံလိုက်ကြပါသည်။ တကယ်တမ်း အလုပ်စပြီဆိုတော့လည်း ဂဏန်းတွက်စက်တစ်လုံးနဲ့ ဂဏန်းတွေကြားမှာ နပန်းလုံးနေရသောကြောင့် ထမင်းစားချိန်မှအပ ကျော်မင်းကိုပင် ချိုမြင့်ရည် သတိမရတော့။ လေးနာရီခွဲခါနီး အလုပ်သိမ်းကာမှ ဘေးနားမှာထိုင်နေသော ကျော်မင်းကို အားတုံ့အားနာ ပြုံးပြရင်း စကားစဖြစ်သည်။

"အလုပ်ထဲမှာ စိတ်ပါနေတာနဲ့ ကိုကို့ကိုတောင် မေ့နေတယ်"

"ရပါတယ် ချိုရယ်၊ အလုပ်ချိန်ပဲ အလုပ်ထဲမှာ စိတ်ပါနေတာ သဘာဝ ကျပါတယ်။ ကဲ ... ခုတော့ အလုပ်ချိန်ကုန်ပြီ"

"အလုပ်ချိန်ကုန်တော့ ..."

"လက်ဖက်ရည်ဆိုင် ထိုင်မှာပေါ့ ချိုရဲ့"

"ခဏပဲနော်၊ သိပ်ကြာလို့တော့ မဖြစ်ဘူး။ ကားတွေ အရမ်းကြပ်ကုန်လိမ့်မယ်"

"အင်းပါ ... ချိုရဲ့"

ပြောသာ ပြောရသည် တကယ်တော့ ချိုမြင့်ရည်ကိုယ်တိုင်ကလည်း ကျော်မင်းနှင့်သာဆို ထိုင်မိလျှင် သိပ်မထချင်။ ခဏ ခဏနဲ့ ကြာခဲ့ပေါင်းလည်း များလှပါပြီ။ အခုလည်း ဘယ်အချိန်ထိ ထိုင်ဖြစ်ဦးမည်လဲ မသိ။ လေးနာရီခွဲအတိမှာ ရုံးထဲက လူတွေကို နှုတ်ဆက်၍ ကျော်မင်းနှင့်အတူတွဲကာ ထွက်ခဲ့သည်။ အိမ်ပြန်ရလွယ်အောင် ကားဂိတ်အနီးမှ လက်ဖက်ရည်ဆိုင်မှာပင် ဝင်ထိုင်ဖြစ်သည်။ ထုံးစံအတိုင်း မှာနေကျ ဘယ်ညာအပြင် ကျော်မင်းက စီးကရက်ပါ မှာသည်။ ဆေးလိပ်အကြောင်း စကားစရန် ပြင်ဆဲမှာပင် ကျော်မင်းက စကားစလိုက်သည်။

"ချို့ကို ကိုကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

"ဘာအကြောင်းလဲ ... ကိုကို"

"အလုပ်အကြောင်း"

"ပြောလေ ... ချို နားထောင်နေပါတယ်"

ကျော်မင်းက စကားမစမီ ရေနွေးတစ်ခွက် ငှဲ့သောက်သည်။ ပြီးတော့မှ ...

"ကိုကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ။ ချိုတို့ စစ်မယ့် ငွေစာရင်းတွေ ကွာနေတယ်"

"ဟင် ... ဘာဖြစ်လို့"

"ကိုကို ယူသုံးထားတာ တော်တော်များတယ်။ အဲဒါကို မကိုက် ကိုက်အောင် ပိုပေါင်းထားတာ။ စက်ရုံမှူးကလည်း ကိုကို ရေးပေးတဲ့အတိုင်း လက်မှတ်ထိုးနေတာ။ ရုံးအုပ်ကြီးကလည်း ပင်စင်ယူခါနီးဆိုတော့ ကိုကို့ကိုပဲ လွှဲထားတယ်လေ"

"အို ... ဘုရား ... ဘုရား"

ချိုမြင့်ရည် ကိုယ့်နား ကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ စားပွဲပေါ်မှာ ရေနွေးခွက်ကလေးကိုလည်း ကျစ်ကျစ်ပါအောင် လုပ်ကိုင်ထားလိုက်မိသည်။

"ကိုကို ... အဲဒီပိုက်ဆံတွေ သုံးဖြုန်းပစ်တာ မဟုတ်ပါဘူး။ ကိုကိုနဲ့ ချိုလက်ထပ်ဖို့အတွက်"

"ဘာ ... ဘယ်လိုပြောလိုက်တယ် ကိုကို။ ချို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာပြောထားလဲ"

ချိုမြင့်ရည် ဒေါသသံက လက်ဖက်ရည်ဆိုင်မှ ဖွင့်ထားသော ကက်ဆက်သံကိုပင် ကျော်သွားသောကြောင့် ကျော်မင်း မျက်စိမျက်နှာပျက်သွားသည်။ ဘေးဝိုင်းတွေကိုလည်း မလုံမလဲ လှမ်းကြည့်မိသည်။

"တိုးတိုးပြောပါ ချိုရယ်၊ သူများတွေကြားကုန်ပါ့မယ်"

ပတ်ဝန်းကျင် အခြေအနေကြောင့် ချိုမြင့်ရည် ရင်ထဲက ဒေါသတွေကို အစွမ်းကုန် ဖြေလျှော့နေရသည်။

"ကိုကို ... အဲဒီပိုက်ဆံတွေကို ရှေ့လထဲ ပြန်ထည့်မှာပါ ချိုရဲ့၊ သူငယ်ချင်းတစ်ယောက်ရဲ့ လုပ်ငန်းမှာ ခဏရင်းနှီးထားတာ။ အခု စာရင်းစစ်မဝင်ခင်တောင် ကိုကိုက ပြန်ချိန်ကိုက်ထားမလို့ ချို ပါတယ်ဆိုတာသိရလို့ ကိုကို အေးဆေးပဲ နေလိုက်တာ။ ချို ကိုကို့ကို မရက်စက်ဘူးဆိုတာ ကိုကို သိပါတယ်"

"ဒီမှာ ကိုကို စာရင်းစစ်တစ်ယောက်က တာဝန်အရ အလွဲသုံးစားမှုတစ်ခုကို ဖော်ထုတ်တာကို ရက်စက်တယ်ဆိုတဲ့ စကားလုံး မသုံးပါနဲ့။ ကိုကိုသာ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်အပေါ်မှာ သူများတွေထားတဲ့ ယုံကြည်မှုတွေကို မထောက်ထားဘဲ လုပ်ရက်တဲ့လူ"

"ချို တာဝန်စကား၊ အလုပ်စကားတွေ သိပ်မပြောပါနဲ့ကွာ၊ ကိုကိုက သူစိမ်းမှ မဟုတ်တာ"

"စာရင်းစစ်တဲ့အလုပ်မှာ သူစိမ်းတွေ လူရင်းတွေ မရှိဘူး ကိုကို"

ကျော်မင်း မျက်စိမျက်နှာ ပျက်သွားသည်။

"ဒါဆို ချို ကိုကို့ကို မကူညီနိုင်ဘူးပေါ့"

ကျော်မင်းစကားမှာ ဒေါသသံတွေ ပါလာသည်။ ဒီတော့လည်း ချိုမြင့်ရည် လေသံ နည်းနည်းပျော့သွား၏။

"ချိုတစ်ယောက်တည်း ကူညီလို့လည်း ရတာမှမဟုတ်တာ။ အဖွဲ့နဲ့ လုပ်နေတာ"

"အဲဒီအဖွဲ့အတွက် ကိုကို ဘယ်လောက်အကုန်ခံရမလဲ ပြော"

"ကိုကို ... ဒါ ချိုတို့ တစ်ဌာနလုံးကို စော်ကားလိုက်တာပဲ။ ဒီမှာ ကိုကို စာရင်းစစ်တွေဟာ စက်ရုံတွေ ရုံးတွေမှာ ဧည့်ခံကျွေးမွေးတာတွေကို စားတာ သောက်တာ အမှန်ပဲ။ ဒါကို ချို မငြင်းဘူး။ ဒါဟာ အိမ်ရှင်တွေက ဧည့်ခံလို့ ဧည့်သည်အနေနဲ့ စားတာလို့ပဲ ချို နားလည်ထားတယ်။ အဲဒီလို စားတာ သောက်တာကိုကြည့်ပြီး စာရင်းမှားကြီးကို လျစ်လျူရှုဖို့အတွက်လည်း ကျွေးလို့ မွေးလို့ရမယ်တော့ မထင်နဲ့"

"ဒါပေမဲ့ ... ချိုရယ် ..."

"တော်ပြီ ကိုကို၊ ချို ပြန်မယ်။ ဒီလို ဖြစ်မှာစိုးလို့ ချို အတန်တန်ထားတဲ့ကြားက ကိုကို ဒီအလုပ်မျိုးကို လုပ်ဖြစ်အောင် လုပ်တယ်။ ကိုကို ချို့စကားကို အစတောင် နားမထောင်ရင် ဘယ်တော့နားထောင်မှာလဲ၊ တစ်သက်လုံး စိတ်ဆင်းရဲရမယ့်အတူတူ အခုပဲ လမ်းခွဲတာ ကောင်းမယ် ကိုကို၊ ချို သွားမယ်"

စကားအဆုံးမှာ ထိုင်ခုံမှ ဝုန်းခနဲထရပ်ပြီး ဆိုင်ပြင်သို့ လှမ်းအထွက်မှာ ရှေ့ပိုင်းက ထိုင်ခုံနှစ်လုံး သုံးလုံးခန့်ကို ချိုမြင့်ရည် ဝင်တိုက်မိသည်။ အမြင်အာရုံက မျက်ရည်ကြည်တို့ကြောင့် ဝေဝါးနေပြီ မဟုတ်လား။ နောက်ဖက်မှ "ချို" ဟူသော ခေါ်သံသဲ့သဲ့ကြောင့် ကားဂိတ်မှ ရပ်ထားသော ထွက်ခွာလုဆဲဆဲ ကားတစ်စီးပေါ်ကို ပြေးတက်လိုက်ပါတော့သည်။

❖

ရေခဲဆိုင်မှတ်တိုင်မှအဆင်း လမ်းဖြတ်မကူးမီကပင် ချိုမြင့်ရည် ရွှေတိဂုံစေတီတော်ကြီးကို ဦးမော့ဖူးမြော်လိုက်မိပါသည်။ အနောက်ဖက်မှ

မြေပဒေသာကျွန်းနှင့် ကန်တော်ကြီး ပရဂုဏ်ကိုလည်း လှည့်မကြည့်မိအောင် ကြိုးစားအားတင်းထားရသည်။ ကိုကိုနဲ့အတူ ရွှေတိဂုံဘုရားကိုလည်း တစ်ခေါက် ရောက်ခဲ့ဖူးသည်ဟူသော အသိနှင့်အတူ ရင်ထဲမှာ နင့်ခနဲ နာသည်။ ဝေ့ဝဲလာသော မျက်ရည်ကြည်တို့ကို မျက်တောင်အားကိုးဖြင့် ပုတ်ခတ်ဖျောက်ဖျက်နေရသည်။ အခုဆိုလျှင် ချိုမြင့်ရည် ကျော်မင်းနှင့် မတွေ့သည်မှာ ခြောက်လခန့် ရှိပေပြီ။ ကျော်မင်းတို့ အမှုကိစ္စကိုလည်း ဘယ်အခြေအနေ ရောက်ပြီး ဘာတွေဖြစ်နေပြီလဲ မသိတော့။ ထိုသတင်းများကို နားထောင်နိုင်စွမ်းလည်း မရှိတော့ပါ။

ချိုမြင့်ရည် တတ်နိုင်သည်မှာ တစ်ခုပဲ ရှိသည်။ စနေနေ့တိုင်း ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တက်၍ ဝတ်ပြုရင်း ကျော်မင်းအတွက် ပန်း၊ ရေချမ်းကပ်လှူဆုတောင်းပေးသည်။ ခုအချိန်လောက်ဆို ကျော်မင်းကတော့ သူ့ကို အမုန်းကြီးမုန်းသွားပြီဆိုသည်ကို ချိုမြင့်ရည် နားလည်ပါသည်။ သူ့အချစ်ကတော့ မြူမှုန်တစ်မှုန်စာမျှပင် လျော့ပါးသွားခြင်း မရှိပါ။ ဒါပေမဲ့ … အချစ်ရဲ့အနောက်ဖက် မျက်နှာစာမှာ ဝန်ထမ်းတစ်ယောက်ရဲ့ကျင့်ဝတ်ဆိုတာ …။

•

# ဆန္ဒနှောင်အိမ်

"မမ ... ဒီမှာစာအုပ်"

လှုပြတ်သည့် အခိုက်အတန့် စာအုပ်ကလေးတစ်အုပ် ကောက်ဖတ်နေဆဲမှာ ရုတ်တရက်ဝင်လာသည့်အသံကြောင့် ခင်မိုး အာရုံပျက်သွားရသည်။ မမှီမကမ်းလှမ်းပေးနေသည့် ဝေဇင့်ထံမှ စာအုပ်များကို လက်ခံယူရင်း အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"မောင်လေးကို ဦးက ဘာစာအုပ်မှာလိုက်သေးလဲ"

"ပွေ့နှမ်းရကန်"

"ဟင် ... ပြစမ်းပါဦး စာရွက်"

ဝေဇင့်ထံမှ ထုံးစံအတိုင်း အဆီအငေါ်မတည့်သည့် စကားလုံးလေးများသာ ကြားရတတ်သည်။ ထိုစကားလုံးလေးများကိုပင် အမှတ်ရနိုင်အောင် တစ်လမ်းလုံး အထပ်ထပ်ရွတ်လာခဲ့ရမည် ထင်သည်။ ဝေဇင် အိမ်မှ ရေးပေးလိုက်သည့် စာရွက်ခေါက်ကလေးကို ဖြန့်ဖတ်ပြီးမှ ခင်မိုး သက်ပြင်းချနိုင်ပါသည်။

"မွေ့နှမ်းရကန်ပါ မောင်လေးရယ်"

ထို့နောက် စာအုပ်စင်များရှေ့တွင် အလုပ်ရှုပ်ရပြန်သည်။ အချိန်စောသေးသဖြင့် ခင်မိုးမှလွဲ၍ ဘယ်သူမျှလည်း မရောက်ကြသေး။

"ရော့ ... မောင်လေး၊ သေချာကိုင်သွားနော်"

"ဟုတ်"

ကလေးငယ် ပြေးဆင်းသွားမှ ပြန်အပ်သွားသော စာအုပ်သုံးအုပ်ကို အငှားစာရင်းထဲမှာ ဖျက်ရသည်။ ထို့နောက် စာအုပ်စင်များပေါ်သို့ သူ့ကဏ္ဍအလိုက် ပြန်၍တင်ရပေဦးမည်။ သေချာစဉ်းစားကြည့်မည်ဆိုလျှင် အင်မတန် စိတ်ရှုပ်စရာကောင်းသော အလုပ်တစ်ခုပင်။ သို့သော် ဝါသနာနှင့် ကိုက်ညီသော တာဝန်တစ်ရပ်ကို ထမ်းဆောင်နေရသဖြင့် မညည်းမညူ ကြည်ဖြူစွာ ဆောင်ရွက်နိုင်ပါသည်။ စာအုပ်စင်များအထက် စာကြည့်ခန်းနံရံမှ စာတန်းလေးကို ကြည်နူးစွာ ဖတ်မိပြန်သည်။

"ပညာဘဏ်တိုက်"

ဤစာကြည့်တိုက်ကလေးကို ခင်မိုးတို့ရပ်ကွက်ထဲမှ စုပေါင်းမ.တည်ကာ တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ ရပ်ကွက်လူငယ်ထု၏ ကောင်းမှုကုသိုလ် "ပညာဘဏ်တိုက်"တွင် တာဝန်ခံအဖြစ် စီစဉ်သူ ခင်မိုးကိုပင် တာဝန်ပေးခဲ့ကြသည်။ ထို့ပြင် စာအုပ်စုဆောင်းဝယ်ယူသည့် အလုပ်ကိုလည်းခင်မိုး ဆန္ဒအရတာဝန်ယူခဲ့သည်။ စာအုပ်စုဆောင်းရာတွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရဆဲ တစ်နေ့မှာပင် မမျှော်လင့်ဘဲ ကလေးငယ်တစ်ဦးမှ တစ်ဆင့် စာအုပ်ထုပ်ကလေးတစ်ခု ရောက်လာသည်။

"ပညာဘဏ်တိုက်သို့ ကိုအောင်နိုင်၏ မေတ္တာလက်ဆောင်"

အဆိုပါ စာတန်းကလေးများဖြင့် စာအုပ်ထုပ်ကလေးများသည် ကလေးငယ် ဝေဇင်ထံမှတစ်ဆင့် မကြာခဏဆိုသလို ရောက်ရှိလာတတ်သည်။ စာအုပ်များကိုသာ လက်ခံနေရသော်လည်း အလှူရှင် ကိုအောင်နိုင်မှာမူ တစ်ကြိမ်တစ်ခါမျှ ပေါ်မလာချေ။ ထိုကဲ့သို့ အလှူရှင်များထံမှ လက်ခံရရှိသော စာအုပ်၊ ကောက်ခံရရှိသော ငွေများမှ ဝယ်ယူသောစာအုပ်များဖြင့် အားဖြည့်ခဲ့ရာ ယခုဆိုလျှင် "ပညာဘဏ်တိုက်" တွင် စာအုပ်မျိုးစုံ အုပ်လေးထောင်ကျော်အောင် စုဆောင်းနိုင်ခဲ့ပေပြီ။ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ဖြစ်သော လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးမှ အုပ်လေးသန်းကျော် စာကြည့်တိုက်ကြီးကို မယှဉ်သာသော်လည်း ဆင်းရဲသားရပ်ကွက်တစ်ခု၏

အောင်မြင်မှုကို ဂုဏ်ယူမိပါသည်။ အနော်ရထာစာကြည့်တိုက်ဟု အမည်တွင်သော ဘုံငါးဆင့်ပြာသာဒ်ဆောင် ဘိုးဘွားတိုက်မျိုး မတည်ဆောက်နိုင်သော်လည်း ခနိမိုး ထရံကာ စာကြည့်တိုက်ကလေးကိုပင် အတတ်နိုင်ဆုံး ထိန်းသိမ်းရပေဦးမည်။ ခင်မိုး အတွေးလွန်နေစဉ်မှာပင် နောက်ဆုံးစီရမည့် စာအုပ်ကြားမှ စာရွက်ခေါက်ကလေးတစ်ခု လျှောကျလာသည်။ အောက်မကျမီ အမိအရဖမ်းကာ ရင်ခုန်စွာဖြန့်၍ ဖတ်မိသည်။ ပန်းတိုင်သို့ဟူသော ခေါင်းစဉ်အောက်မှ ကဗျာတိုလေးတစ်ပုဒ်။

ငါ၏ဘဝ၊ ကြယ်ကင်းညကို
လမင်းမသာ၊ လင်းမဖြာလည်း
ရဲရင့်ရှေ့တိုး၊ လမ်းဖုန်းဆိုးကို
ပိုးစုန်းကြူးလင်း၊ ရောင်ဝါဝင်းဖြင့်
မာန်တင်းရှေ့သို့ ချီတက်မည်။

ကဗျာအဆုံးတွင် "အောင်" ဟူသော လက်မှတ်တိုကလေးကိုသာ တွေ့ရသည်။ စာအုပ်ဖုံးကို လှန်ကြည့်မိတော့ ...

"သူဇာပျို့"

ကိုအောင်နိုင်အမည်နှင့် ဝေဇင် လာအပ်သွားသည့် စာအုပ်။ လူကိုယ်တိုင် တစ်ခါမျှမလာဖူးသော ကိုအောင်နိုင်သည် ဖတ်လိုသည့် စာအုပ်များကိုမှ ဝေဇင်မှတစ်ဆင့်စာရေး၍မှာယူတတ်သည်။ အသစ်ထွက်လျှင် အလုအယက်ဖြစ်တတ်ကြသည့် စာအုပ်မျိုးကား မဟုတ်။ ရှာရှာဖွေဖွေ စုထားရသည့် စာအုပ်ကလေးများသာ။ တစ်ခါတစ်ရံ ကိုအောင်နိုင်မှာသည့် စာအုပ်မျိုး မရှိသည့် အခါမျိုးတွင် ခင်မိုး စိတ်ထဲမှာမကောင်း။ စာကြည့်တိုက် ရန်ပုံငွေထဲမှ တောင်းယူကာ ရှာဖွေဝယ်ပေးမိသည်။ သို့သော် ခင်မိုးရှိရာ "ပညာဘဏ်တိုက်" သို့ တစ်ခါမျှ ရောက်မလာသည့် ပဟေဠိသမား သူ့ကို မကျေနပ်။ တိတ်တခိုး စိတ်ဝင်စားမိတာလည်း အမှန်။ အခုလည်း သူ အပ်သည့် စာအုပ်ကြားမှာ ကဗျာတိုလေး တစ်ပုဒ်။

❖

စာကြည့်တိုက်ကလေးတစ်ခု ဖြစ်မြောက်ဖို့အတွက် ရပ်ကွက်ထဲမှာ စာအုပ်အငှားဆိုင်ရှင်များကိုလည်း ရင်ဆိုင်ရသေးသည်။ အခက်အခဲအမျိုးမျိုး ကြားမှ ခေါင်းထောင်၍ ထခဲ့ရခြင်း ဖြစ်သည်။ လက်လုပ်လက်စား လူတန်းစား အများစုဖြစ်သော ခင်မိုးတို့ ရပ်ကွက်ကလေးအတွင်းတွင် ရန်ပုံငွေရရှိရေး အခက်အခဲကိုလည်း အနိုင်နိုင် ကျော်ဖြတ်ခဲ့ရသည်။ ခွင့်ပြုချက်ရရှိရေး၊ နေရာ ရရှိရေး စသော အခက်အခဲများကို ကျော်လွှား၍ ယခုအခါ "ပညာဘဏ်တိုက်" ကလေး တည်ဆောက်နိုင်ခဲ့ပါပြီ။ မွန်မြတ်သော ရည်ရွယ်ချက်ပေါင်းများစွာ ပါရှိသော "ပညာဘဏ်တိုက်" ၏ ပန်းတိုင်သို့ လျှောက်လှမ်းလာရာ ခရီးကို လည်း ကဗျာလေးထဲကလို မာန်တင်းချီတက်ရပေဦးမည်။ ညနေစောင်း ဆိုင် လူကျချိန်တွင် ယနေ့အတွက် တာဝန်ကျသော ကိုမျိုးခိုင်နှင့် မသီသီတို့ရှိသည့် အတွက် စိတ်အေးလက်အေး စာဖတ်ရင်းက အတွေးလွန်နေမိသည်။

"မမ ... မမ"

"ဟင်"

ကောင်းစွာအမှတ်ရနေသည့် ဝေဇင့်အသံကြောင့် ဖတ်လက်စစာအုပ် ကို ချလိုက်ရသည်။

"ဆို ... ဘာစာအုပ် လိုချင်လို့လဲ"

"စာအုပ်မဟုတ်ဘူး ... မမ။ မနေ့ကအပ်တဲ့ စာအုပ်ကြားမှာ စာရွက်တစ် ရွက် ပါသွားလားလို့ ရှာကြည့်ပေးပါတဲ့"

"ဘာစာရွက်လဲ"

"ကဗျာတဲ့"

ခင်မိုး ပိုက်ဆံအိတ်ထဲတွင် တရိုတသေ ခေါက်သိမ်းထားသည့် စာရွက် ကလေးကို ထုတ်လိုက်ရသည်။ မမျှော်လင့်ဘဲ အကြံဉာဏ်တစ်ချက် ဝင်းခနဲ လက်သည်။

"အဲဒါ ဘယ်သူ့စာရွက်လဲ"

"ဦး စာရွက်ပါ မမ"

"အဲဒါဆို ဦးကို ပြောလိုက်၊ စာရွက်လိုချင်ရင် လူကိုယ်တိုင် လာယူပါ လို့"

ဝေဇင် သိသိသာသာမျက်နှာပျက်သွားသည်။ ခင်မိုးလည်း သူ့မျက်နှာ ရိပ် မျက်နှာကဲကို ကြည့်ရင်းက အံ့ဩရသည်။

"သူ လာနိုင်မှာ မဟုတ်ဘူး မမ"

"စာရွက် ပြန်လိုချင်ရင်တော့ လာရမှာပေါ့။ ဩော် ... ဒါနဲ့ သူက ဘာလုပ် နေလဲ"

"သူ့အလုပ်ကတော့ စာတွေဖတ်တယ်၊ စာတွေ ရေးတယ်၊ ဒါပဲ လုပ်နေ တာ"

"အေး ... မမ ပြောသလိုသာ ပြောလိုက် သိလား"

ဝေဇင်က ခေါင်းငိုက်စိုက်ချရင်း ဖြည်းညင်းစွာ ထွက်သွားသည်။ ကိုယ့် အတွေးနှင့် ကိုယ် ကျေနပ်စွာ ပြုံးလိုက်မိသည်။ ကိုအောင်နိုင်တစ်ယောက် ပညာဘဏ်တိုက်သို့ မလွဲမသွေ ရောက်ရှိလာတော့မည်ဟူ၍။

✦

"ပညာဘဏ်တိုက်"သို့ ခင်မိုး မသွားနိုင်သည်မှာ သုံးရက်ခန့်ရှိပြီ ဖြစ် သည်။ ကျောင်းမှအပြန်တွင် ကားတစ်စီးနှင့် ပွတ်တိုက်မိ၍ ညာဖက်ခြေ ထောက်မှာ ကောင်းကောင်းထောက်မရသေး။ ခင်မိုး မရှိသည့် အခိုက်အတန့် တွင် ကိုအောင်နိုင်တစ်ယောက် "ပညာဘဏ်တိုက်"သို့ ရောက်သွားလေ မလားဟုလည်း တွေးပူမိသည်။ ကဗျာတစ်ပုဒ်ကို ခင်မိုးထံ လာယူရုံမျှ တန်ဖိုး မထားလျှင်လည်း ရှိစေတော့ဟု စိတ်ထဲမှာ ခပ်ပေါ့ပေါ့ တွေးပစ်လိုက်သည်။ မတတ်သာ၍ အနားယူနေရသည့် ကာလအတွင်း ဝါသနာရှိရင်းစွဲ ဖြစ်သည့် စာအုပ်တွေချည်းပဲ ဖတ်နေလိုက်သည်။ တစ်ခါတရံ စာကြည့်တိုက်ကိစ္စနှင့် အိမ်လိုက်လာသူများကို စာရင်းရှင်းရသည်။ လူရှင်းသည့်အခိုက် မဂ္ဂဇင်း စာအုပ်ကလေးတစ်အုပ် ကောက်ကိုင်လိုက်စဉ်မှာပင် အိမ်ရှေ့ခြံဝမှာ ချောင်း ကြည့်နေသည့် မျှော်လင့်မထားသူလေးကို တွေ့လိုက်ရသည်။

"ဟဲ့ ... ဝေဇင်၊ ဝင်ခဲ့လေ ..."

ခင်မိုးအသံ ကြားမှ တံခါးကို တွန်းဖွင့်ကာ မဝံ့မရဲလေး လျှောက်၍ ဝင် လာသည်။

"မမ နေကောင်းလားတဲ့။ ဦးက သတင်းမေးခိုင်းလိုက်လို့"

"ဩော် ... အေး ... အေး ... ကောင်းပါတယ်လို့ ပြောလိုက်ပါနော်"

ဝေဇင့်ကို ပြန်ပြောရင်းက ကဗျာစာရွက်ကလေးကို သတိရသည်။ ကဗျာစာရွက်ကလေး ခင်မိုး ပိုက်ဆံအိတ်ထဲ ရောက်နေခဲ့သည်မှာ တစ်လ ကျော်ခဲ့ပါပြီ။ "ကိုယ်တိုင်လာယူပါ"လို့ ပြောလိုက်ပြီးကတည်းက ကဗျာစာရွက်ကိစ္စ ဘာသံမျှ ထပ်မကြားရတော့။

"မမ ကျွန်တော် ပြန်ဦးမယ်နော်"

"အေး ... အေး ... စာအုပ်ယူချင်ရင်တော့ စာကြည့်တိုက်ကို သွားလိုက်သိလား"

"စာအုပ် မငှားဘူး မမ။ မမဆီကိုပဲ လွှတ်လိုက်တာ။ ဦး ကြည့်ရတာ ခုတလော ဘာတွေ စိတ်ညစ်နေလဲ မသိဘူး။ စာလည်း သိပ်မဖတ်ဘူး"

စကားပြောရင်း ဆင်းသွားသည့် ဝေဇင့်ကို အပြုံးဖြင့် ခေါင်းညိတ်နှုတ်ဆက်လိုက်ရသော်လည်း ရင်ထဲကတော့ သိပ်မကျေနပ်။ ဘာသတင်းမျှ မမေးလည်း နေပါတော့လား။ အနေသာကြီးပါ။ အခုတော့ ကလေးကိုလွှတ်၍ မေးခိုင်းသည်။ တစ်ခါမျှ မမြင်ဖူးသည့် ကိုအောင်နိုင်ဆိုသည့်သူကို မုန်းဆ၍ ဒေါသဖြစ်ရသည်။ သက်ပြင်းချရင်း လက်တွင်းရှိ မဂ္ဂဇင်းစာအုပ်ကလေးကို လှန်လိုက်မိသည်။

"ပန်းတိုင်သို့" ဟူသော မျက်နှာစာကဗျာကလေးကြောင့် ခင်မိုး မျက်စိများ ပြာဝေသွားရသည်။ အိတ်ထဲမှ ကဗျာစာရွက်ကလေးကို ထုတ်၍ တစ်လုံးချင်း ယှဉ်ဖတ်မိသည်။ မဂ္ဂဇင်း စာမျက်နှာမှ "ပန်းတိုင်သို့" သည် အချို့စာကြောင်းများ၌ ဟာနေကြောင်း တွေ့လိုက်ရမှ ယူကျုံးမရ ဖြစ်ရသည်။ သူတစ်ပါး တန်ဖိုးထားရာ အနုပညာ ပန်းလှလှလေးတစ်ပွင့်ကို သက်သက်မဲ့ နင်းခြေဖျက်ဆီးခဲ့မိသူအဖြစ် မိမိကိုယ် မိမိ ယူကျုံးမရ ဖြစ်မိရသည်။ ကဗျာအောက်မှာ ကလောင်အမည်ကြောင့် ခင်မိုး ရင်ထဲမှာ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားသည်။ ခင်မိုးတို့ လေးစားရသည့် ကဗျာဆရာ "အောင်နိုင်သူ" သည် ခင်မိုးတို့ စာကြည့်တိုက်၏ ပရိသတ်တစ်ဦး ဖြစ်နေပါရောလား။

စားပွဲကို အားပြုကာ ညာခြေကို စမ်းထောက်ကြည့်သည်။ တစ်လှမ်း နှစ်လှမ်း စမ်းလျှောက်ကြည့်သည်။ ခြေချင်းဝတ်က မခံမရပ်နိုင် နာလာ၍ ခဏ ပြန်ထိုင်ရသည်။ ကိုယ့်ခြေထောက် ကိုယ်ကြည့်ရင်း ဒေါသဖြစ်မိသည်။ ဖြစ်နိုင် လျှင် ကိုအောင်နိုင်ရှိရာသို့ ချက်ချင်းသွား၍ တောင်းပန်စကား ဆိုလိုက်ချင် ပါသည်။ ဆရာ့ပရိသတ်တစ်ဦး၏အဖြစ်ကို ဆရာ ခွင့်လွှတ်နိုင်စွမ်းမည်ဟု ခင်မိုးမဝံ့မရဲ မျှော်လင့်မိပါသည်။ အခြေအနေအရ ဘယ်လိုမျှမတတ်နိုင်သည့် အဆုံးတွင် စိတ်နလုံးကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်၍ စားပွဲပေါ်မှ မဂ္ဂဇင်းစာအုပ်ကလေးကို ကောက်လှန်ရင်း ကဗျာဆရာ အောင်နိုင်သူ၏ ကဗျာလေးများကိုသာ ရှာ၍ ဖတ်နေရတော့သည်။

❖

တစ်ပတ်ခန့် ကင်းကွာခဲ့ရသည့် "ပညာဘဏ်တိုက်" သည် ဣန္ဒြေရစွာ ပင် ခင်မိုးကို စောင့်ကြိုနှုတ်ဆက်နေပါသည်။ ၁၈၈၃ ခုနှစ်တွင် ဆာချားဗားနတ် က ရန်ကုန်မြို့တွင် စာကြည့်တိုက်တစ်ခု တည်ထောင်ခဲ့ရာ သူ၏အမည်ကို အစွဲပြု၍ ဗားနတ်ပိဋကတ်တိုက်ဟု အမည်တွင်ခဲ့ကြောင်း သိခဲ့ရသည်။ ယခု "ပညာဘဏ်တိုက်" ကိုလည်း ရပ်ကွက်ထဲမှ "ခင်မိုးစာကြည့်တိုက်" ဟုပင် သမုတ်နေကြကြောင်း ကြားသိရသောအခါ ကြည်နူးစွာ ဂုဏ်ယူမိပါသည်။

သို့သော် ယနေ့ "ပညာဘဏ်တိုက်" သို့ အဝင်တွင်မူ ခင်မိုး ရင်ထဲ၌ သိပ်လိပ်ပြာမသန့်။ အရင်လို အလှည့်ကျ တာဝန်ယူရန်လည်း မဟုတ်။ တာဝန် ကျသူများကို ကြီးကြပ်ရန်လည်း မဟုတ်။ စာကြည့်တိုက်ထဲ တန်းဝင်၍ အသင်းဝင် စာရင်းစာအုပ်ကို ကောက်လှန်ကာ ကိုအောင်နိုင် လိပ်စာကို ရှာမိ သည်။

"မခင်မိုး ခြေထောက် ကောင်းသွားပြီ ဟုတ်လား"

"အင်း"

"ဒီနေ့ မခင်မိုး ထိုင်မှာလား"

"ကိုမျိုးခိုင်ပဲ ဆက်ထိုင်လိုက်ပါ။ သွားစရာရှိလို့"

မလုံမလဲ အဖြေပေး၍ "ပညာဘဏ်တိုက်"မှ ထွက်ခဲ့သည်။ လမ်းရောက်မှ သူ့လိပ်စာကို သေချာစွာ ဖြန့်ကြည့်ရသည်။ ဒီလောက် နီးနေရက်သားနဲ့ ဘာဖြစ်လို့ မလာနိုင်ရတာလဲဟူသော အတွေးက ဝင်လာသည်။ ဘယ်လောက်အလုပ်များများ ဆယ့်ငါးမိနစ်ခန့်အချိန်ပေးလျှင်ပင်ရောက်သောခရီးဖြစ်သည်။ သွားမည်ဟု ဆုံးဖြတ်ထားပြီးခါမှ သွားသင့် မသွားသင့် ထပ်မံ၍စဉ်းစားမိပြန်သည်။ အတွေးလွန်ဆွဲနေစဉ်မှာပင် ဆရာအောင်နိုင်သူ၏ ကဗျာလေးတစ်ပုဒ်ကို အမှတ်ရလာပြန်သည်။

မောင့်လက်အစုံဟာ
လေဟုန်ကိုခွဲ
အပျံရဲတဲ့
တောင်ပံတစ်စုံသာ ဖြစ်ခဲ့ရင် ...
မောင့်ခြေအစုံတွင်
ရေပြင်ကိုယက်
ရွက်ရဲ့သဟာ
တက်တစ်စုံသာ ပါခဲ့ရင် ...

အလွတ်ရနေပြီဖြစ်သည့် "ဆန္ဒ" ကဗျာ၏ စာသားလေးများကို အတွေးထဲမှ ရွတ်နေမိသည်။

မောင်လေတကယ်
တောနှင့် တောင်စွယ်
ပင်လယ်သမုဒ်
တမဟုတ်နင်းဖြတ်
အချစ်ရှိတဲ့ အရပ်ဆီ ...

"သူချစ်သူကို ရည်ရွယ်ပြီး ရေးနေတာပါ"ဟု ဖြေတွေး တွေးသည်။ အတွေးအဆုံးမှာ ရက်ပြုံးလေး ပြုံးမိသည်။

ကိုအောင်နိုင်တို့အိမ်သည် ခင်မိုးနေ့စဉ်ဖြတ်၍ "ပညာဘဏ်တိုက်" သို့ သွားရာ လမ်းပေါ်တွင်ပင် ဖြစ်သည်။ တကယ်ဆို သူ မလာနိုင်လျှင်တောင်မှ ခင်မိုး အသွားအပြန် အိမ်ရှေ့မှ ထွက်တောင်း၍ရနိုင်သည်။ အမြဲတမ်းလိုလို

ကတိုက်ကရိုက် လျှောက်လှမ်းနေကျ လမ်းကလေးတွင် ယနေ့ကျမှ ခြေလှမ်းတို့က လေးကန်နေသည်။ တကယ်တော့ "ပန်းတိုင်သို့" ဟူသော ကဗျာလေးကို သက်သက်မဲ့ အနိုင်ယူ၍ သိမ်းထားခဲ့မိသူ ခင်မိုးတွင် အပြစ်ရှိသည်မှာ မှန်သော်လည်း ကိုယ့်ကဗျာကို တန်ဖိုးထား၍ တလေးတစား ပြန်လာမယူသော ကဗျာဆရာတွင်လည်း အပြစ်မကင်းပါ။ "ဘာဖြစ်လို့ သွားပေးရမှာလဲ" ဟူသော အတွေးက ဝင်လာ၍ ရှေ့ခရီးမှ ပိတ်ကာ တားဆီးသည်။ အမြဲတမ်းလိုလို ခြံတံခါး ပိတ်ထားသည့် ကိုအောင်နိုင်၏ ပျဉ်ထောင်အိမ် အသစ်ကလေးကို လှမ်းမြင်နေရပြီ။ အိမ်ရှေ့ရောက်မှ အရိပ်အခြေကြည့်၍ ဝင်သင့် မဝင်သင့် ဆုံးဖြတ်မည်ဟု မချင့်မရဲ တွေးသည်။

"မမ အိမ် လာလည်တာလား"

အိမ်ထဲမှာ ပြေးထွက်လာသော ဝေဇင်ကို မသိမသာ ခေါင်းဆတ်ပြမိသည်။ ဝေဇင်က တံခါးဆွဲဖွင့်ရင်း လက်ဆွဲ၍ ခေါ်သည်။ ခြေလှမ်းတစ်လှမ်း လှမ်းတိုင်း ရင်ခုန်သံက တစ်စစ ပို၍ မြန်လာသည်။

"ဟိုမှာ ဦး စာဖတ်နေတယ်" ၊

အိမ်ရှေ့ခြံထောင့်ရှိ အုန်းပင်အောက်သို့ အကြည့်ရောက်သည်။ စားပွဲခုံတစ်ခုံပေါ်တွင် ပြန့်ကျဲနေသည့် စာအုပ်များကို တွေ့ရသည်။ စားပွဲနောက်ရှိ ဘီးတပ်ကုလားထိုင်လေးပေါ်မှ နွမ်းလျသော နှုတ်ဆက်အပြုံးလေးကို ရင်ဆိုင်လိုက်ရသည်။ အိတ်ထဲမှ ကဗျာစာရွက်ကလေးကို ထုတ်၍ ရပ်ရင်း မှင်သက်မိနေသည်။ ကုလားထိုင်ဘီးများသည် တစ်လိမ့်ချင်းလိမ့်၍ ခင်မိုးရှိရာ အရပ်သို့ ဦးတည်ကာ လည်ပတ်နေသည်။ ကဗျာဆရာ အောင်နိုင်သူ၏ "ဆန္ဒ" ကို သတိရမိသည်။

အခိုက်အတန့် ရပ်တန့်နေမိရာမှ ပထမဆုံးခြေလှမ်းကို ပြန်၍ စသည်။ ကိုအောင်နိုင်၏ ဆန္ဒနှောင်အိမ် ဘီးတပ်ကုလားထိုင်လေးဆီသို့။

*၁၉၈၉၊ ဩဂုတ်လ၊ ချယ်ရီမဂ္ဂဇင်း*

*ချယ်ရီပွင့်ဦးသစ်ကဏ္ဍ*

*(မောင်သက်နိုင်ကလောင်အမည်ဖြင့်ရေးသည်)*

# ပညာဇီဝံ ဇီဝိတ မာဟုသေဋ္ဌံ

ဦးမျိုးနိုင်ဟူသော အမည်ကို စိုက်ကြည့်ရင်း ကျွန်တော့် ရင်တွင်းမှာ ဘဝင်မကျချင်သလိုလို။ မျိုးနိုင်ဟူသည်မှာ ကျွန်တော်အမည်ရင်းဖြစ်ပါသည်။ မောင်မျိုးနိုင်ဟူသော အမည်နာမကိုတော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ရန်ကုန်တက္ကသိုလ် ကျောင်းသုံးစာအုပ်များစွာမှာ ကျွန်တော်ကိုယ်တိုင် ရေးထိုးခဲ့ဖူးပါသည်။

အခုတော့ ကျွန်တော့် ဦးမျိုးနိုင်ဖြစ်ပြီ။ အသက် ၂၀ ကျော်အရွယ်ကို ဦးတပ်ခေါ်တာ မသင့်တော်ဘူးဟု ကျွန်တော် ထင်သည်။ စိတ်ထဲမှာ ကိုယ့်ဘာသာကိုယ် ရင့်ကျက်သွားသလိုလို ပျိုမျစ်နုနယ်မှုတွေ လုယက်ခံလိုက်ရသလိုလို ဘယ်သူ့ကို အပြစ်တင်ရမှန်း မသိ။

ဒါပေမဲ့ သေချာစဉ်းစားကြည့်တော့လည်း အဲဒီလိုပဲ ဖြစ်သင့်ပါသည်။ မောင်မျိုးနိုင်ဆိုလျှင် ကျောင်းသားအမည်နှင့် ရောထွေးသွားနိုင်သည် မဟုတ်လား။ ကျွန်တော် မျိုးနိုင်က ကျောင်းဆရာ ဖြစ်သွားပြီလေ။ ကျွန်တော့် ရင်ထဲမှာ ဘာတွေပဲဖြစ်နေဖြစ်နေ ကျောင်းစာရေးကြီးကတော့ တွေဝေခြင်းအလျဉ်းမရှိဘဲ ကျွန်တော့်အမည်ကို ဦးမျိုးနိုင်ဟု ရေးသားလိုက်ပါပြီ။

ဒီနာမည်ဘေးက ကွက်လပ်ကလေးမှာ လက်မှတ်ထိုးဖို့က ကျွန်တော့်တာဝန်၊ လည်ကတုံးအင်္ကျီအသစ်လေး၏ အိတ်ကပ်တွင်းမှ နှောင်း ဝယ်ပေးထားသော ရွှေရောင်ဘောလ်ပင်လေးကို ထုတ်၍ ခလုတ်နှိပ်လိုက်မိပါသည်။

ဒီနေ့ ဒီအချိန်မှစ၍ ဦးမျိုးနိုင်ဆိုသော ကျွန်တော်သည် ဤမူလတန်းကျောင်းကလေးမှာ မူလတန်းပြဆရာတာဝန်ကို စတင်ထမ်းဆောင်ရပေတော့မည်။

တစ်ဖက်စားပွဲမှ ဆရာမကြီး မမြင့်အောင် သက်ပြင်းကို မျှဉ်းချလိုက်မိပါသည်။ ထို့နောက် လက်မှတ်တိုလေးတစ်ချက်ကို ခပ်သွက်သွက်ထိုးပြီး ရုံးခန်းတွင်းမှ လှည့်ထွက်ဖို့ပြင်လိုက်သည်။

"ဦးမျိုးနိုင်၊ တာဝန်ကျတဲ့အခန်းကို သိပြီးပြီနော်"

"ဟုတ်ကဲ့"

နောက်ဖက်မှ လှမ်းပြောလိုက်သော ဆရာမကြီးအသံကြောင့် ရုံးခန်းတွင်းသို့ ပြန်လှည့်ရင်းက ခေါင်းညိတ်အဖြေပေးမိသည်။

"အဲဒီအခန်းက ကလေးတွေက တခြားအခန်းတွေထက်စာရင် အများကြီး လိမ္မာပါတယ်။ ဦးမျိုးနိုင်က အလုပ်ဝင်ခါစဆိုတော့ အခက်အခဲမဖြစ်ရအောင် အဲဒီအခန်းကို သင်ဖို့ စီစဉ်ပေးထားတာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာမ"

ကျွန်တော် တာဝန်ကျသည်မှ ပထမတန်း (က) ဖြစ်သည်ဆိုသည်ကိုတော့ သတင်းပို့သည့်နေ့ကပင် သိရှိခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော့် ရာထူးက ပထမတန်း (က) ၏ အတန်းပိုင်ဆရာ။

"အစစအရာရာ အဆင်ပြေပါစေ ဦးမျိုးနိုင်"

"ဟုတ်ကဲ့ ... ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာမကြီး"

ဆရာမကြီးကို နှုတ်ဆက်ပြီး ရုံးခန်းရှေ့ကို လှမ်းထွက်လိုက်တော့ ကျောင်းဝင်းတစ်ခုလုံးကို အပေါ်စီးမှ မြင်လိုက်ရသည်။ ထို့ကြောင့် ရုံးခန်းရှေ့စင်္ကြံလေးတွင် ခေတ္တရပ်တန့်ငေးမောနေလိုက်မိပါသည်။ ရုံးခန်း၏ ဘယ်ဘက်ခြမ်းတွင် စာသင်ခန်းလေးခန်းပါ နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ညာဘက်ခြမ်းတွင် စာသင်ခန်းလေးခန်းပါ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်။ အခန်းတံခါးတွေမှာ ခေါင်းကလေးတွေ ပြူတစ်ပြူတစ်။ ဆရာ၊ ဆရာမ မရှိသော အခန်းများက သိသာလွန်းနေသည်။ အခန်းပြင်မှာ ကျောင်းသား သုံးလေးယောက် ရောက်နေသည်။ အခန်းထဲမှာလည်း ခါချဉ်အုံ တုတ်နဲ့ ထိုးထားသလို ရှုစိရှုစိ ခါချဉ်စိမ်းလေးတွေ။

သူငယ်တန်းအခန်းဘက်ကတော့ သင်ပုန်းကြီးဖတ်စာ ချပေးနေသော ဆရာမအသံနောက်မှ သီသာတက်ကြွစွာ လိုက်ဆိုနေကြသော ငါးနှစ်အရွယ် ကလေးငယ် ငါးဆယ်ခန့်၏ အသံ။ လက်ရှိအခြေအနေမှာတော့ တစ်ကျောင်း လုံးကို ထိုအသံက လွှမ်းခြုံထားသည်။

ပန်းကလေးများ ပွင့်တော့မည်
ဖူးတံဝင့်လို့ရှို
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း။

ကလေးတွေ အသံကြားမှ တစ်ချက် တစ်ချက် ဖောက်ထွက်လာသော ဆရာမအသံမှာလည်း အားမာန်တွေ အပြည့်ပါနေသည်။ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော် စိတ်မဝင်စားပါ။ ကျွန်တော့် မြင်ကွင်းထဲကို ဝင်လာတာက ဘွဲ့နှင်း သဘင်ခန်းမကြီး။ အဓိပတိလမ်း၊ မြကျွန်းသာ၊ ကုံကော်ပင်ရိပ်။ ဦးချစ်၊ ယင်းမာ စသော လက်ဖက်ရည်ဆိုင်များ။ ရဲမော်၊ အောင်နိုင်၊ ဝင်းမြင့် စသော သူငယ် ချင်းအပေါင်းအသင်းများ။ မြတ်နိုးတွယ်တာရပါသော နှောင်း။ ကျောင်းဝင်း ထဲမှ ကလေးငယ်များသည် ကျွန်တော့်အမြင်မှာ အသွင်ပြောင်းသွားလေပြီ။

"ဗီတာ"
"ပတ်(စ)ပို့"
"စပွန်စာ"
"အဲယားတီကက်"
"ဒေါက်ဆားဗစ်"

နားမလည်သောစကားများမို့ စိတ်မဝင်စား။ သူတို့ဘာသာ သူတို့ ပြောချင်ရာတွေ ပြောကြပါစေတော့ဟု လွှတ်ထားလိုက်၍ စိုင်းထီးဆိုင်၏ စိတ်ဓာတ်ကျတယ် သီချင်းကို စည်းဝါးလိုက်နေလိုက်သည်။ သီချင်းတစ်ပုဒ် ဆုံးသွားသည်အထိ သူတို့စကားဝိုင်းက အရှိန်ကောင်းနေဆဲ။

သူ့အစ်ကိုရှိရာ ဖူကျိယာမာကို လိုက်သွားဖို့ ကြိုးစားနေသော ရဲမော်ကို ဘူဖွာပေါက်စ အောင်နိုင်က နည်းပေးလမ်းပြ လုပ်နေသည်။ အောင်နိုင်၏ အကြံအဖန်စီးပွားရေးလုပ်ငန်းများအတွက် ရဲမော်က တစ်ဖန် ပြန်၍အကြံပေး၏။

ဝင်းမြင့်ကို တစ်ချက်လှည့်ကြည့်မိသည်။ လက်ဖက်ရည်ဆိုင်မှ ချပေးထားသော အခမဲ့ဖတ်ရသည့် သတင်းစာကို သဲကြီးမဲကြီး ငုံ့ဖတ်နေသည်။ ဘယ်ဌာနမှာ အင်တာဗျူး ဝင်ဖြေဦးမည်လဲ မသိ။ သူနှင့် ကျွန်တော် အတူတူ တွဲ၍ အင်တာဗျူး ခုနစ်ကြိမ် ဝင်ဖူးသည်။ သူက အင်တာဗျူးရှိမှ သတင်းစာ ဖတ်သည့်ကောင်။

"ဟေ့ကောင် ... ဘယ်ဌာနမှာ ဖြေဦးမလို့လဲ"

ကျွန်တော့်စကားကို ဝင်းမြင့် မကြား။ ရဲမော်က ကြားသွားပြီး ကြားမှ ဝင်ပြောသည်။

"စန္ဒီ ယောက်ျားယူသွားတဲ့ သတင်းပါလို့။ ဒီလောက် သဲသဲမဲမဲ ငုံ့ဖတ်နေတာ ဖြစ်မှာပေါ့။ အေးပေါ့လေ ... ဒီကောင် အလုပ်ရတဲ့အချိန် စောင့်နေရင်လည်း သူ့ခမျာ ဒီတစ်သက် ယောက်ျားရလိုက်မှာ မဟုတ်တော့ဘူး"

ဒီတော့မှ ဝင်းမြင့် ခေါင်းထောင်ထလာသည်။

"မင်္ဂလာဆောင် သတင်းကို ဖတ်နေတာ မဟုတ်ဘူးကွ။ ဒီမှာ ထိုင်းက မြန်မာပြည့်တန်ဆာတွေ ဖမ်းမိတဲ့သတင်းဖတ်နေတာ။ မင်းညီမများ ပါနေမလားလို့"

"သူတောင်းစား ..."

"ဟုတ်တယ်လေ၊ မင်းတို့ မိသားစုက တစ်နေ့တစ်နေ့ မိုးလင်းကမိုးချုပ် နိုင်ငံခြားသွား ကျွန်ခံဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေကြတာ မဟုတ်လား"

"မင်းတို့ကောင်တွေ အဲဒီအတွေးအခေါ်တွေကြောင့် မတိုးတက်တာ။ နိုင်ငံခြားမှာ အလုပ် လုပ်မှ ဒေါ်လာရမှာကွ၊ ဒေါ်လာရမှ ကားတွေ၊ တိုက်တွေ ဖြစ်လာတာ။ မြန်မာပြည်ထဲမှာနေပြီး ကျပ်ငွေပဲ အားကိုးနေရင်တော့ တစ်သက်လုံး ကျပ်နေမှာ သေချာတယ်"

"အေး...ကျပ်ပါစေကွာ ကျပ်ပါစေ။ ဘယ်လောက်ကျပ်ကျပ်၊ ငတ်တော့ မသေနိုင်ဘူး ဟော့ကောင်။ ဒေါ်လာလေးရဖို့အတွက် နိုင်ငံခြားသားတွေ လက်သုံးထိုးခိုင်းတာကို ဒူလာဖြစ်အောင်တော့ မလုပ်နိုင်ဘူး"

ဝင်းမြင့်နှင့် ရဲမော် စကားသံတွေက တစစ တင်းမာလာသည်။ ဒါပေမဲ့ အရင်းနီးဆုံးသူငယ်ချင်းတွေမို့ ပြဿနာမဖြစ်နိုင်ဘူးဆိုတာ သိနေသောကြောင့် ကျွန်တော် မတားမြစ်။

အောင်နိုင်က ...

"တော်ကြပါတော့ကွာ၊ ယုံကြည်ချက်ခြင်း မတူတာကို ငြင်းခုံမနေကြပါနဲ့။ ကိုယ်ယုံကြည်တာ ကိုယ်လုပ်ကြ။ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ဟု စကား ဝင်ဖြတ်လိုက်သည်။ ကျွန်တော်တို့ စကားဝိုင်းလေး တဒင်္ဂငြိမ်သက်သွားသည်။ စိုင်းထီးဆိုင်၏ သဘာဝရဲ့ရင်သွေးငယ်တွေ သီချင်းကို ကျွန်တော်တို့အားလုံး အာရုံဝင်စားသွား၍ စကားပြတ်သွားခြင်း ဖြစ်ပါသည်။ ဒီသီချင်းလေးက ကျွန်တော်တို့ လေးယောက်လုံး၏ အကြိုက်ဖြစ်သည်။ ကျွန်တော်တို့သည်လည်း သဘာဝရဲ့ရင်သွေးငယ်များပင် မဟုတ်ပါလား။

သီချင်းဆုံးသွားမှ အောင်နိုင်က စကားပြန်စသည်။

"ဟော့ကောင် ... မျိုးနိုင်၊ မင်းကရော ဘာလုပ်ဖို့ စီစဉ်ထားလဲ"

"စဉ်းစားနေတုန်းပဲ"

"ကျောင်းပြီးတာလည်း ခြောက်လပြည့်တော့မယ်နော်၊ အလုပ်တစ်ခု လောက်တော့ရအောင်လုပ်ဦး။ တော်ကြာနောင်းနဲ့နေရမယ့်အချိန်တွေလည်း နောင်းကုန်ဦးမယ်"

အောင်နိုင်စကားကြောင့် နောင်း မျက်နှာလေးကို မြင်ယောင်မိရင်းက စိတ်ထဲမှာ မကောင်း။

"မင်း ဘာအလုပ်လျှောက်ထားသေးလဲ"

ဝင်းမြင့်က ငိုင်နေသော ကျွန်တော့်ပခုံးစွန်းကို တွန်းထိုးရင်း ထပ်ဆင့်မေးခွန်းထုတ်ပြန်သည်။ နောင်း တိုက်တွန်းထားသော ကျောင်းဆရာကိစ္စကို ကျွန်တော် ဖွင့်ပြောပြဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ငါ ကျောင်းဆရာအလုပ် လျှောက်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်။ နောင်းကလည်း အတင်းတိုက်တွန်းနေတယ်"

"ဘာ ... ကျောင်းဆရာ ဟုတ်လား"

ရဲမော်က တအံ့တသြမေးသည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်မိပါသည်။

"မင်းကွာ ... သေချာစဉ်းစားပါဦး။ မူလတန်းပြဆရာအဖြစ်နဲ့ မင်းဘဝ မင်း ဘွဲ့တွေကို အဆုံးခံလိုက်တော့မှာလား။ ဆိုက်ကားနင်းစားလည်း ရတဲ့ လခလောက်များကွာ တခြားနည်းလမ်းနဲ့ ရှာစမ်းပါ"

ရဲမော်က အားမလိုအားမရ ဆိုသည်။ ကျွန်တော် သက်ပြင်းမောလေး ချမိသည်။

"မင်း အဲဒီအလုပ် လုပ်ရင် နပ်ချေးတွဲလောင်းကလေးတွေကြားမှာ နေ့တိုင်း စိတ်ဆင်းရဲနေရမှာ။ ဒီကြားထဲ အတန်းထဲ ချီးပါချတဲ့ကလေးရှိရင် ဒုက္ခ။ ပြီးတော့ အဖြူအစိမ်းကြီးနဲ့ ကျောင်းသွားရမှာနော်"

"အေးကွာ ... ငါ သေချာစဉ်းစားပါဦးမယ်"

ရဲမော်စကားတွေကြောင့် ကျွန်တော် တော်တော်လေးကို စိတ်ပျက်သွားမိပါသည်။ တခြားအလုပ်တစ်ခုခုပဲ ရအောင်ရှာမည်ဟု တိတ်တခိုး ဆုံးဖြတ်လိုက်မိပါသည်။ တစ်ချိန်လုံး ငြိမ်နားထောင်နေသော ဝင်းမြင့်က စကားစသည်။

"အဲဒီအလုပ်က တစ်ခုတော့ ကောင်းတယ်ကွ။ ကလေးတွေ ဆိုတော့ ညာချလို့ရတယ်။ ပျင်းလို့ စာမသင်ချင်တဲ့နေ့ဆို ညာချလိုက်ရုံပဲ။ ဥပမာကွာ တစ်ကနေ တစ်ထောင်ထိ ရေးခိုင်းတာတို့၊ ကကြီး ခခွေး ဆယ်ခေါက် ရေးခိုင်းတာတို့၊ စာစီစာကုံး ရေးခိုင်းတာတို့"

ဝင်းမြင့်စကားကြောင့် ကျွန်တော် ပြုံးမိပါသည်။ သူ့နည်းလမ်းလည်း သိပ်မဆိုး။

*

"နှောင်း … မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင် အသိဆုံးပါ မောင်ရယ်။ မောင့်ကို အဲဒီလို တစ်သက်လုံး ဆက်ချစ်သွားချင်လို့လည်း နှောင်း ဒီစကားတွေ ပြောနေရတာပါ။ အိမ်ထောင်မှု အကြပ်အတည်းတွေကြားမှာ နှောင်း အချစ်ကို ပြုန်းတီးမသွားစေချင်ဘူးလေ"

နှောင်း စကားကို တုံ့ပြန်ရန် စကားလုံး ရှာမရ။ နှောင်းက သူ့စကားကို ဆက်သည်။

"အခု ကုန်ဈေးနှုန်းနဲ့တောင် လက်ထပ်ဖို့ အခက်အခဲဖြစ်နေရင် လက်ထပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်တဲ့အချိန်မှာရှိမယ့် ကုန်ဈေးနှုန်းအောက်မှာ နှောင်းတို့ အိမ်ထောင်ဦးဘဝဟာ မတွေးဝံ့စရာပဲ"

ရင်ထဲမှာ မကောင်း။ နှောင်းကို ဘယ်လိုဖြေသိမ့်ရမှန်း မသိ။ ကျွန်တော့်မှာကလည်း အလုပ်အကိုင် မည်မည်ရရ မရှိ။ အပြင်စီးပွားရေးလုပ်ငန်းကလည်း မလုပ်တတ်။

"မနေ့က Sweety home မှာ သူများတွေ မွေ့ယာဝယ်နေတာ တစ်သိန်းကျော်တယ် မောင်ရဲ့"

"မွေ့ယာဈေးတက်တာ မောင်တို့နဲ့ ဘာဆိုင်လို့လဲ နှောင်းရယ်"

နှောင်း မျက်နှာမှာ ရှက်ရိပ်ကလေး ပြေးသည်။ ကျွန်တော် ပခုံးစွန်းကို ခပ်ဖွဖွထုရင်းက …

"ဘာလဲ … မောင်က ကြမ်းပေါ်မှာ အိပ်မှာလား"

"ထားပါတော့ကွာ၊ အိပ်ရာခင်းနားအတွက် တစ်သိန်းခွဲလောက်ပေါ့"

"အိုးခွက်ပန်းကန်ကရော"

"အောင်မလေး … ဒန်အိုးတစ်လုံးများ ဘယ်လောက်ပေးရမှာမို့လဲ"

"ဒန်အိုးဆိုတာ ချက်လို့ပဲ ရတယ်မောင်ရဲ့၊ ကြော်ဖို့ လှော်ဖို့ ဒယ်အိုးလိုဦးမယ်။ မီးဖိုချောင်ကိစ္စကို ပေါ့သေးသေးမထင်နဲ့ မောင်၊ မောင် မသိတာတွေ အများကြီး ရှိသေးတယ်"

နှောင်း စကားအဆုံးမှာ ကျွန်တော် သက်ပြင်းချမိပါသည်။

"မောင်တို့ယောကျ်ားတွေက လက်ထပ်ဖို့ လက်ထပ်ဖို့ပဲ တတ်တယ်။ အဲဒါတွေကျ မတွေးတတ်ဘူး မဟုတ်လား။ အဲဒါကြောင့် မောင့်ကို နှောင်း ခဏခဏပြောနေရတာပေါ့။ အချိန်တွေ ဆွဲမနေပါနဲ့။ ရရာအလုပ်ကို ဝင်လုပ်ပါလို့"

"အင်း ... မောင် စဉ်းစားနေပါတယ်"

"မောင် စဉ်းစားနေတဲ့အချိန်တွေကို နှောင်းတော့ အရမ်းနမြောတာပဲ။ ကြည့်စမ်း၊ မောင် နှောင်းနဲ့မောင် အတူတူ ကျောင်းပြီးပေမဲ့ အခု နှောင်းက လုပ်သက် (၆) လ ရနေပြီ"

နှောင်းစကားကြားမှ နှောင်းကို ဆရာမတစ်ယောက်ဟု အသိဝင်သည်။ ကျွန်တော့် စိတ်ထဲမှာတော့ နှောင်းရော ကျွန်တော်ပါ ကျောင်းသူ ကျောင်းသားဘဝက မတက်သေးပါ။

"နှောင်းစကားကို နားထောင်စမ်းပါ မောင်ရယ်။ နှောင်း ပြောတဲ့ ကျောင်းဆရာအလုပ်ကိုပဲ ဝင်လုပ်လိုက်စမ်းပါ။ ဘယ်သူတွေ အထင်သေးသေး နှောင်း အထင်ကြီးရင် ပြီးရောမဟုတ်လား"

"မောင့်သူငယ်ချင်းတွေကြားမှာ ..."

"တော်စမ်းပါ မောင်ရယ်။ မောင့်သူငယ်ချင်းတွေ ဂျပန်သွားမယ့်ကိစ္စ ကုမ္ပဏီထောင်ဖို့ကိစ္စတွေ နားထောင်လာပြီး အထင်ကြီးမနေစမ်းပါနဲ့။ အခု လက်ရှိအခြေအနေမှာတော့ မောင် ဘာအလုပ်မှ မရှိသလို သူတို့လည်း ဘာ အလုပ်မှ မည်မည်ရရ မရှိသေးပါဘူး"နှောင်း ပြောတာလည်း မမှား။ သူတို့ အကြံအစည်တွေကလည်း အစီအစဉ်ဆွဲတဲ့အဆင့်မှာပဲ ရှိသေးတာ မဟုတ်လား။

"နှောင်းကိုချစ်ရင် နှောင်းစကားကို နားထောင်စမ်းပါ မောင်ရယ်။ ကံကောင်းရင် မောင်နဲ့ နှောင်းနဲ့ တစ်ကျောင်းတည်းတောင် အတူတူ တက်ရမှာ"

"အင်းလေ ... မောင်"

"ဘာလဲ ... မောင် စဉ်းစားဦးမှာပဲလား။ အဲဒါဆို နောင်းလည်း မောင်နဲ့ လက်တွဲဖို့ စဉ်းစားရလိမ့်မယ်"

နောင်းစကားကြောင့် ကျွန်တော် မျက်နှာပျက်သွားပုံရပါသည်။ ကျွန်တော့် မျက်နှာကို စိုက်ကြည့်နေသော နောင်းအကြည့်တွေ နူးညံ့သွားသည်။

"အလကား နောက်တာနော်။ နောင်းကို တစ်မျိုးမထင်နဲ့"

နောင်း စိတ်ဓာတ်ကို ကျွန်တော် လေးစားသွားသည်။ နောင်းရဲ့ သိနားလည်နိုင်စွမ်းလွန်းသော အချစ်ကို ကျွန်တော် အရှုံးပေးလိုက်ပါပြီ။

"ကောင်းပြီ နောင်း ...၊ မောင် နောင်းပြောတဲ့အလုပ်ကိုပဲ လုပ်တော့မယ်။ ဒီတစ်ခါ ခေါ်တဲ့နေရာရှိရင်ပြော"

နောင်း မျက်နှာ အပြုံးပန်းတွေဝေသွားသည်။ ကျွန်တော့် လက်ဖဝါးကိုလည်း ခပ်တင်းတင်းဆုပ်၏။ ပြီးတော့ ...

"ဒီမှာ မောင် မြတ်စွာဘုရားကလည်း "ပညာဇီဝံ ဇီဝိတမာဟုသေဋ္ဌံ" ပညာဖြင့် အသက်ရှင်ရခြင်းသည် အမြတ်ဆုံး အသက်ရှင်ရခြင်းလို့ ဟောကြားသွားတယ် မောင်ရဲ့။ မောင့် သူငယ်ချင်း ဒိဋ္ဌိတွေကို အဲဒီတရားလေးကို ဝှက်ယူဝင့်ကြွားစွာနဲ့ ပြန်ပြောလိုက်စမ်းပါ"

ကျွန်တော် ဘာစကားမှ မပြောတော့ဘဲ နောင်း ကိုယ်လေးကိုသာ ခပ်တင်းတင်း ဖက်ထားလိုက်မိပါတော့သည်။

❖

"ဆရာ အတန်းမဝင်သေးဘူးလား"

နောက်ဖက်မှ ဖြတ်ကျော်သွားရင်း လှမ်းပြောလိုက်သော ဆရာမ တစ်ယောက်အသံက သူငယ်ချင်းတွေနှင့် နောင်းအကြောင်း တွေးနေသော ကျွန်တော့်ကို အလန့်တကြား ဖြစ်သွားစေသည်။

"ဩော် ... ဟုတ်ကဲ့ ဆရာမ၊ အခုပဲ သွားမလို့"

ကျွန်တော် ရပ်နေတာ ဘယ်လောက်ကြာသွားမှန်းပင် မသိတော့။ အခုမှ ပျာပျာသလဲ ခြေလှမ်းစဖြစ်သည်။ ရုံးခန်းအောက်ထပ်မှ ဆရာများ

အခန်းထဲသို့ဝင်၍ လမ်းမှာ ဝတ်လာသော ရခိုင်ပုဆိုးအညိုလေးကို အိတ်ထဲသို့ အသေအချာ ပြန်ထိုးထည့်ရသည်။ ပုဆိုးစိမ်းကြီးနှင့် ဘတ်(စ်)ကား မစီးချင်၍ ပုဆိုးစိမ်းကို ကျောင်းရောက်မှပဲ လဲဝတ်ခြင်းဖြစ်သည်။ အပြန်ကျလျှင်လည်း ဤနည်းလမ်းကိုပဲ ကျင့်သုံးရပေလိမ့်မည်။

ကျွန်တော် ရုံးခန်းတွင်းမှ မထွက်ခွာမီပင် တိုင်ကပ်နာရီကြီးမှ နာရီသံဆယ်ချက် ကြားရသည်။ ကျောင်းတက်သည်မှာ နာရီဝက်တိတိ ရှိပြီ။ ကျွန်တော် ဒီထက်ပို၍ အချိန်ဆွဲလို့ မဖြစ်တော့။ ကျွန်တော် သင်ရမည့် ပထမတန်း (က) ဆီသို့ ဦးတည်လိုက်သည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း ဒီနေ့တော့ ကလေးတွေကို တစ်နည်းနည်းဖြင့် ငြိမ်အောင်ထားရစ်ခဲ့ကာ လစ်ပြန်ရမည်။ တစ်ကနေ တစ်ထောင်ထိ ရေးခိုင်းလျှင် အနည်းဆုံး နှစ်နာရီလောက်တော့ ကြာနိုင်သည်။ ကကြီး၊ ခခွေး ဆယ်ခေါက်ရေးခိုင်းလျှင်တော့ နာရီဝက်လောက်ပဲ ခံမည်။ အလီဇယားကို တစ်တန်းကျောင်းသားတွေ ရေးတတ်ရဲ့လားဆိုတာ ခုချိန်ထိ ကျွန်တော် မသိသေး။ နောင်းနှင့်တွေ့မှ မေးရဦးမည်။

အင်တာဗျူးဖြေစဉ်က ရွတ်ပြခဲ့ရသော ဆရာဝတ် ငါးပါးကိုတော့ အားနာပါသည်။ "ဆရာဝတ်က ငါးမျိုးမရှိပါဘူးကွာ၊ နှစ်မျိုးထဲပါ။ အဖြူရယ် အစိမ်းရယ်"ဟူသော ရဲမော်စကားကို သတိရ၍ ကိုယ့်အတွေးနှင့် ကိုယ် ပြုံးမိသည်။

တစ်စစ နီးလာပြီဖြစ်သော ညာဖက်အစွန်ဆုံးမှ ပထမတန်း (က)ကို ကျွန်တော် ကွက်ကွက်ကွင်းကွင်း မြင်နေရပါပြီ။

အပေါက်ဝမှ ပြူတစ်ပြူတစ်လုပ်နေကြသလို အခန်းထဲမှာလည်း ပြောင်းဆန်နေသည်။ တချို့ကလေးများဆိုလျှင် စာရေးခုံပေါ်ပင် ရောက်နေလေပြီ။ အတန်းရှေ့ထွက်၍ နပန်းသတ်နေသော ကလေးငယ်နှစ်ယောက်ကလည်း ပွဲကြမ်းနေပြီ။ ကျွန်တော့်ခြေလှမ်းတွေ အနည်းငယ်ကျဲ၍ ခပ်သွက်သွက် လှမ်းလိုက်မိပါသည်။

"မင်္ဂလာပါ ဆရာကြီး"

ဝုန်းခနဲထ၍ ညီညာစွာ အော်ဟစ်နှုတ်ဆက်လိုက်သော ကလေးငယ်ငါးဆယ်ကျော်၏ အသံက ကျွန်တော့်နားစည်ကို အရှိန်ပြင်းစွာ ရိုက်ခတ်သည်။ မျှော်လင့်မထားသောကြောင့် ရုတ်တရက် လန့်ဖြတ်သွားမိသည်။ ဆယ်တန်းအောင်ပြီးကတည်းက အဲဒီအသံနှင့် ဝေးခဲ့ရသည် မဟုတ်လား။ အခုတော့ ကျွန်တော့်ကို သူတို့က အသံကုန်ဟစ်၍ နှုတ်ဆက်နေကြလေပြီ။ ကြည်နူးဝမ်းသာစွာ "မင်္ဂလာပါ ကလေးတို့" ဟု ရေရွတ်လိုက်သော ကျွန်တော့် နှုတ်ထွက်စကားသံတွေက တုန်ရီလို့က်မောနေသည်။ ကျွန်တော့် မျက်နှာမှာလည်း ပီတိပြုံးတွေ ဝေနေမှာ သေချာသည်။

ကျွန်တော် စကားအဆုံးမှာ ကလေးတွေအားလုံး ညီညာစွာ ထိုင်ချလိုက်ကြသည်။ ထို့နောက် စာအုပ်ကလေးတွေ ကိုယ်စီဖွင့်၍ ခဲတံလေးတွေကိုင်ကာ မျှော်လင့်ခြင်း၊ အားကိုးယုံကြည်ခြင်းများစွာဖြင့် ကျွန်တော်စကားသံကို ငံ့လင့်နေကြလေပြီ။ ကျွန်တော် ဘာရေးခိုင်းခိုင်း သူတို့ ရေးတော့မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိ။

ကျွန်တော့် အစီအစဉ်တွေ ကျွန်တော့် ခေါင်းထဲက ထွက်ပြေးသွားလေပြီ။ မသိမသာ ပြုံးလိုက်မိသော ကျွန်တော့် အပြုံးနှင့် အပြိုင်ပင် သူတို့လေးတွေ မျက်နှာမှာလည်း အပြုံးပန်းလေးတွေ ပွင့်သွားသည်။ ချစ်စဖွယ် အပြစ်မဲ့ ကလေးငယ်လေးတွေ၏ မျှော်လင့်ချက်ကို ကျွန်တော် ဥပေက္ခာ မပြုရက်တော့ပါ။ ဒီနေ့ သူတို့ကို ကျွန်တော် တစ်ခုမဟုတ် တစ်ခု တတ်အောင် သင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ရှေ့ဆုံးခုံမှ ကလေးငယ်တစ်ဦး၏ သင်္ချာစာအုပ်ကို ကျွန်တော် လှမ်းယူလိုက်မိပါသည်။ ခရိုန်မှာ နှောင်း၊ ရဲမောင်၊ အောင်နိုင် အားလုံးကို ကျွန်တော် ဥပေက္ခာပြုထားလိုက်ပါပြီ။ ကျွန်တော့် နှလုံးသားထဲမှာ ကျွန်တော့် ဦးနှောက်ထဲမှာ ကလေးတွေပဲ ရှိတော့သည်။ ကျွန်တော့်ကို သူတို့ "မင်္ဂလာပါဆရာကြီး" တစ်ခွန်းတည်းနှင့်အနိုင်ယူသွားလေပြီ။

# မှော်လင့်ချက်နံ့နက်ခင်း

[၁]

တစ်နေ့တာ နေရှိန်ကြောင့် ခြောက်၍လိပ်နေသော ဓနိဖက်များသည် နင်းမှုန်နင်းစတို့ကြောင့် တစ်စစပြန့်၍ နေရာရလာသည်။ တစ်ခါတစ်ရံသာ ပြန်လာခွင့်ရသော အမေ့အိမ်တွင် နနအတွက် အိပ်ရာသီးသန့်မရှိ။ ညီမလေး နှစ်ယောက်ဘေးတွင် ဝင်အိပ်ရင်း ခြင်ထောင်မဆန့်သဖြင့် ကိုယ်တစ်ပိုင်း အပြင်ထွက်၍ လဲလျောင်းရသည်။ ကျိုးတိုးကျဲတဲ အမိုးပေါက်များကောင်းမှု ဖြင့် မိုးကောင်းကင်ကြီးကို အတိုင်းသား မြင်ခွင့်ရနေသည်။

ချုပ်ရာ ဖာရာများ ပြည့်နက်နေသော ခြင်ထောင်ထဲတွင် ညီမလေးနှစ်ယောက် နှစ်ခြိုက်စွာ အိပ်မော်ကျနေပြီ။ အိပ်ခန်းကျဉ်းလေးထဲမှ အမေ၊ မောင်လေးနှင့် ညီမလေးတို့ထံမှလည်း ဘာသံမှမကြားရတော့။ တစ်စစ နက်လာသော ညဥ့်က သတ္တဝါအပေါင်းကို တဖြည်းဖြည်းချင်း ဝါးမြိုသွားလေပြီ။ ညီမလေးများ၏ စာကျက်သံ၊ ညီမငယ်လေးနှင့် မောင်လေး၏ ဆော့ကစားသံ၊ အမေ့ညည်းသံ၊ ရပ်ကွက်ထဲမှ ဆဲသံဆိုသံ၊ အော်သံဟစ်သံ၊ ငြင်းသံခုန်သံ တို့သည် ကျယ်လောင်စူးရှရာမှ တဖြည်းဖြည်း တိုးတိတ်၍ သွားသည်။

နောက် တီးတိုးတီးတိုး။ အခုတော့ လုံးဝတိတ်ဆိတ်သွားပေပြီ။ အထီး ကျန်ဘဝကို သည်းမခံနိုင်သည့် အဆုံးမှာ စောင်ဟု သမုတ်ထားသည့် အဝတ် ခပ်ထူထူကို အသာဖယ်၍ ဖြည်းဖြည်းချင်း ထထိုင်မိသည်။ တစ်ယောက် ယောက် နင်းလိုက်တိုင်း တစ်အိမ်လုံး လှုပ်သွားတတ်သည့် ဝါးလုံးခင်း ကြမ်း

မြင်ပေါ်တွင် ဖြည်းညှင်းစွာ ခြေချ၍ အိမ်ဝတွင် တံခါးအဖြစ် အသုံးချထားသည့် ဖျဉ်ချပ်လေးကို အတတ်နိုင်ဆုံး ညင်သာစွာ ဖယ်လိုက်သည်။ ဘယ်သူမှ မနိုးကြမှန်း သိရမှ သက်ပြင်းချမိသည်။

အိမ်ရှေ့ရှိ ဈေးဆိုင်ကွပ်ပျစ်လေးပေါ်တွင်ထိုင်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့်မိသည်။ လမိုက်ညမို့လား၊ နနကိုပင် တမင်ဥပေက္ခာ ပြုချင်တာပဲလား မသိ။ ငွေလမင်းသည် လောကကြီးကို စိမ်းကားစွာ မျက်ကွယ်ပြုထားသည်၊ အမှောင်အတိပြီးသော၊ အ,ကာလ ညအချိန် ဘယ်အချိန်ရှိနေပြီလဲတော့ မသိ။ အိမ်မှာလည်း နာရီဆို၍ တစ်လုံးမှမရှိ။ နာရီထက် အရေးပါသော အသုံးအဆောင်များစွာ။ ထိုအသုံးအဆောင်များထက် အရေးပါသော မိသားစု စားဝတ်နေရေးနှင့် ညီမလေးများ ပညာရေးတို့အတွက် လုံးပန်းရမည်ဟူသော အတွေးအဆုံးမှာ ရင်မောစွာ သက်ပြင်းချမိပါသည်။

[၂]

ရင်မောစွာ သက်ပြင်းချမိပါသည်။ အငယ်မလေး မေဇင်က ချစ်စဖွယ် အပြုံးလေးနှင့် ပြောသမျှ ငြိမ်၍နားထောင်တတ်သော်လည်း အကြီးကောင် ဝေဇင်က ပြောရခက်သည်။ အခန့်မသင့်လျှင် နနကိုပင် ပြန်အော်တတ်သေးသည်။ ဒီထက်ဆိုးတာက ဆံပင်ကို ဆောင့်ဆောင့်ဆွဲတတ်သည့် သူ့အကျင့်၊ အခုလည်း အဆော့မက်နေသည့် သူ့ကို ရေချိုးပေးဖို့ အတန်တန် တောင်းပန်သော်လည်း ကိုယ်တော်ချောက ယောင်၍ပင် လှည့်မကြည့်။ သူ့အမေ ဆရာဝန်မကြီး ပြန်လာ၍ ရေချိုးမပေးရသေးလျှင် ...

"မမကြီး သနပ်ခါး အထူကြီးလိမ်းပေးနော်"

"လိမ်းပေးမှာပါ ညီမလေးရယ်။ လိမ်မာတဲ့ ညီမလေးကို လှလှလေး လိမ်းပေးမယ်နော်"

"ကိုကို့ကိုရော လိမ်းမပေးတော့ဘူးလားဟင်"

"သူက လူမိုက်ပဲ ရေမှမချိုးတာ၊ ညစ်ပတ်တဲ့လူကို ဘယ်လိမ်းပေးမှာလဲ"

ညီမဖြစ်သူကို ချော့ရင်း အစ်ကိုဖြစ်သူကို မခံချင်အောင် စမည်။ ပြီးတော့မှ ချော့၍ စည်းရုံးရမည်ဟု တွက်ကိန်းချသည်။ သို့သော် အိမ်ရှေ့မှ ကားဟွန်းသံက စူးရှစွာ ထိုးဖောက်ဝင်ရောက်လာ၍ အပြေးအလွှားဆင်းကာ ဆွဲခြင်းကို ယူရသည်။ လေ့ကားထိပ်မှ ဆီး၍ကြိုနေသော သားနှင့်သမီးကို အပြုံးနှင့် နှုတ်ဆက်နေသည့် ဆရာဝန်မကြီးနောက်မှ ခြင်းလှလှလေးကို ဆွဲတက်ရင်း သူတို့မိသားစုကို အားကျမိပါသည်။ မကြာမီ သူတို့၏ အိမ်ဦးနတ် အရာရှိကြီးလည်း နောက်ကားတစ်စီးနှင့် ပြန်လာပေတော့မည်။ နနအပေါ် တွင်သာ ဆိုးတတ် ကဲတတ်သော သားကြီးဝေဇင် သူ့အမေနှင့်ကျ တကယ့် သားလိမ်မာလေး။ ချွဲမှချွဲ၊ နွဲ့မှ နွဲ့.မာမီချင်းထပ်၍ သားအမိနှစ်ယောက် လုံးထွေး သွားကြသည်။ ဒီနေ့ သူတို့အမေ ပြန်လာတာ နည်းနည်းစောသည်။ ခုမှတော့ မတတ်နိုင်တော့။ အခြေအနေ ကြည့်ချိုးပေးရတော့မည်ဟု တွေး၍ ခြင်းထဲမှ-ပစ္စည်းများကိုထုတ်၍ မှန်ဗီရိုကြီးထဲ ထည့်နေလိုက်သည်။

"ဟဲ့ ... နန"

"ရှင်"

"သားကြီးကို ရေမချိုးပေးရသေးဘူး ထင်တယ် ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်မ ချိုးပေးဖို့ ခေါ်ပါသေးတယ် မရလို့"

"ဘာဖြစ်လို့ မရရမှာလဲ။ မရရင် ရအောင်ချိုးပေးရမှာပေ့ါ။ ဒီကလေး တစ်ယောက်မှမနိုင်ရင် နင့်ကို ဘယ်သူက အလကား ခေါ်ကျွေးထားနိုင်ပါ့မလဲ။ ကလေးကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းထားပါလို့ ဘယ်နှစ်ခါပြောရမလဲ။ ဒါ နင့်မောင်တွေလို အောက်တန်းစား ကလေကချေလေးတွေ မဟုတ်ဘူး"

သက်ပြင်းတစ်ချက် ရှိုက်ရုံမှတစ်ပါး ဘာမှပြောပိုင်ခွင့်မရှိ။ မောင်လေး နှင့် ညီမလေးမျက်နှာကို မြင်ယောင်မိပါသည်။ အောက်တန်းစား ကလေ ကချေတဲ့လား။ သူတို့က ဘာတွေ ဖြစ်နေလို့လဲ။ ရောင်စုံနို့မှုန့်ဘူးကြီးများ မသောက်နိုင်၍လား။ နိုင်ငံခြားဖြစ် ကစားစရာများနှင့် မကစားဘူး၍လား။ အိမ်ဖော်တွေ ကလေးထိန်းတွေနဲ့ မနေရလို့လား။ အမေ့ နို့စို့၍ အမေ့လက်ပေါ်

တွင် ကြီးပြင်းကာ အမေနှင့်သာ ဆော့ကစားနိုင်သည့် ကလေးများမို့ အောက် တန်းစားလို့ သတ်မှတ်တာလား။ နန ဆက်မတွေးချင်တော့ပါ။ ဖြစ်နိုင်လျှင် ဤအိမ်ပေါ်မှ ချက်ချင်းသာ ဆင်းသွားလိုက်ချင်ပါသည်။ နနတွင် အပြစ်ရှိလျှင် ကြိုက်သလိုပြောပါ၊ ဆိုပါ၊ ဆုံးမပါ။ အခုတော့ မဆီမဆိုင် အိမ်က ကလေးတွေကိုပါ သိမ်းကျုံးစော်ကားသည်။ လူတွေကလည်း "ငါးစိမ်းသည်ပါးစပ်" ဟူသော စကားလုံးမျိုးသာ ထွင်ကြသည်။ ငါးသည်တွေထဲမှာရော လူယဉ်ကျေး မရှိတော့ဘူးတဲ့လား။ တခြားလူတွေကရော အကုန် လူယဉ်ကျေးတွေတဲ့ လား။ ပြဿနာက ဇာတ်မသိမ်း၊ တစ်ခန်းရပ်၍ နောက်တစ်ခန်း စလာသည်။

"မေမေ သူကလေ သားကို လူမိုက်တဲ့။ ညစ်ပတ်တယ်တဲ့။ သိလား ..."

နန ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါသည်။ ဒါပေမဲ့ ကြားဝင်ဖြေရှင်းပေး မည့် ညီမလေး မေဇင်က ...

"ဟုတ်သားပဲ မေမေရယ်။ ကိုကိုက ရေမှမချိုးတာ။ မမကြီးက ရေချိုး ပေးပြီး သနပ်ခါးလိမ်းပေးတာ ဘယ်လောက်လှလဲ"

"ကိုကိုက ညီမလေးလို သူများမြှောက်ပေးတိုင်း လုပ်တဲ့လူ မဟုတ် ဘူး"

"အဲဒါ လူမိုက်ပေါ့"

"ဘာလူမိုက်လဲ၊ နင်နော် လူပါးမဝနဲ့၊ နာမယ် ..."

ဒုက္ခတော့ ရောက်ပြီဟု တွေးမိသည်။ ခါးထောက်ပြီး ရပ်ကြည့်နေသော သူ့အမေကို ဘယ်လိုရှင်းပြရတော့မှာလဲ။

"ဟဲ့ ... တော်စမ်း တော်စမ်း။ အခုပဲ ပြန်ရောက်တယ်။ အခုပဲ ရန်ဖြစ်ကြ ပြန်ပြီ။ အမောတောင်ဖြေချိန်မရဘူး။ နနနင်ကလေးတွေကိုရန်တိုက်ပေးထား ပြန်ပြီ ထင်တယ်။ ဟုတ်လား။ နင် ရောက်မှ ငါ့သားသမီးတွေ ခဏခဏ ရန်ဖြစ် ရတယ်။ မဖြစ်ပါဘူး၊ နင်နဲ့တော့ ကြာရင် ဒုက္ခပါပဲ။ ဒေါ်အေးမိကို ပြောပြီး ပြန် လွှတ်မှ"

"ရှင်"

ဘာမဟုတ်တဲ့ ကိစ္စတစ်ခုပါ။ အခုတော့ ပြန်ရတော့မယ်တဲ့။ ပြန်ချင်ပါသည်။ မောင်ညီမလေးများနှင့်အတူ အေးအတူပူအမျှ နေလိုလှပါသည်။ သို့သော် ...

[၃]

မောင်ညီမလေးများနှင့်အတူအေးအတူပူအမျှနေလိုပါသည်။ သို့သော် အားလုံးငတ်၍ ကြာရှည်နေနိုင်မည် မဟုတ်ပါ။ ညီမလေးတွေကိုလည်း အတတ်နိုင်ဆုံး ကျောင်းဆက်ထားပေးချင်ပါသည်။ ဆင်းရဲ၍ ပညာမသင်နိုင်၊ ပညာမတတ်၍ ဆင်းရဲ၊ ဤဆင်းရဲခြင်း ဝဲဂယက်ထဲက ရုန်းထွက်စေချင်ပါသည်။ အဖေဆုံးကာစ ကျောင်းထွက်လိုက်ရသည့် ဝေဒနာမျိုးကို ညီမလေးတွေ မခံစားစေချင်ပါ။ မသောက်မစား ဆိုက်ကားနင်း၍ ရှာဖွေကျွေးခဲ့သော အဖေ့ကို တမ်းတမိပါသည်။ အဖေသာရှိလျှင် နနကို ဒီဘဝမျိုးအရောက်ခံမည် မထင်ပါ။ မုဆိုးမ အမေသည် မလုပ်တတ် မကိုင်တတ်နှင့် အဖေ့ဆိုက်ကားလေးကို ရောင်းချစားသောက်ရသည်။ အစ်ကိုတစ်ယောက်ရှိရင် ဆိုက်ကားရောင်းစရာ မလိုဘူးဟူသော အတွေးနှင့်အတူ အားကိုးအားထား အစ်ကိုတစ်ယောက် တောင့်တမိပါသည်။

သို့သော် ဤမိသားစုလေးထဲတွင် နနသည်သာ အကြီးဆုံး။ နောက်ဆုံးမှာ အမေနှင့် နှစ်ယောက် ဈေးထွက်ရောင်းဖြစ်ကြသည်။ ရသမျှ ဟင်းသီးဟင်းရွက်တို့ကို အသနားခံ၍ အတတ်နိုင်ဆုံး ဈေးဆစ်ဝယ်လာကာ လည်ရောင်းရသည်။ လမ်းဘေးဈေးသည်ဘဝမှာပင် ခုနစ်တန်းကျောင်းသူဘဝကို စွန့်လွှတ်လိုက်ရပါသည်။ ကြိတ်၍ငိုခဲ့ရသော ညများ မရေမတွက်နိုင်အောင်ပင်။ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် တစ်နေ့စာတစ်နေ့ ရှာစားနေရသည့် မိသားစုထဲတွင် ညီမလေးတွေ ကျောင်းနေရေးအတွက် အခက်အခဲဖြစ်လာသည်။ ထိုအချိန်တွင်ပင် အိမ်ဖော်ပွဲစား ဒေါ်အေးမိ အကူအညီဖြင့် အိမ်ဖော်လေး နနဘဝကို စတင်လိုက်ရပါသည်။ စွန့်လွှတ်ခြင်းများစွာဖြင့် အနစ်နာခံခဲ့ရပါပြီ။ တစ်ခါတစ်ရံပျော်စရာလေးတွေကြုံရသလို၊ ဘာမှမဖြစ်လောက်ဘဲနှင့်

ပြဿနာ ဖြစ်တတ်သည်လည်း ရှိပါသည်။ ရေလိုက်ငါးလိုက်ဟူသော စကားလုံးကို ဖက်ကာ အသက်ဆက်နေရသည့်ဘဝတွင် ပြောင်းခဲ့ရသည့် အိမ်တွေလည်း မနည်းတော့။

[၄]

ပြောင်းခဲ့ရသည့် အိမ်တွေလည်း မနည်းတော့ပါ။ ဒီအိမ်လေးမှာတော့ ခြောက်လကျော်ခဲ့ပါပြီ။ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့။ အရမ်းချစ်ဖို့ကောင်းတဲ့မောင်လေးတစ်ယောက်ကိုလည်းတွေ့ခဲ့ရပါပြီ။အစကတော့ တွေ့နေကျကလေးတွေလိုပဲပေါ့ပေါ့တွေးမိသည်။နောက်မှသူ့စရိုက်လေးတွေ သိလာရသည်။ အေးလည်း အေးသည်။ ချော့ပြောလျှင်လည်း ရသည်။ အိမ်က မောင်လေးကို သတိရတိုင်း သူ့ကိုပဲ တိုးချစ်မိသည်။ အခုတော့လည်း သံယောဇဉ်တွေ တွယ်ခဲ့ရပါပြီ။ သူ့ဖေဖေ သင်္ဘောအရာရှိကြီးထံမှ ပို့ပေးသည့် ကစားစရာ နိုင်ငံခြားဖြစ် လျှပ်စစ်ပစ္စည်းများကို ပစ်၍ နနကိုသာ အပူကပ်ကာ စက္ကူလှေ၊ စက္ကူသင်္ဘော၊ စက္ကူလေယာဉ်ပျံလေးများ လုပ်ပေးရန် ပူဆာတတ်သည်။ သူ့မေမေက တစ်နေ့လုံး ရုံးသွားတက်ရသည်။ ကိုယ်ပိုင်ကားမောင်း၍ အိမ်ဖော်ငှားကာ ရုံးသွားတက်ရသည့်အကြောင်းရင်းကို စဉ်းစားရခက်လှပါသည်။ နနသာဆို သည်ဘဝမျိုးမှာ ကိုယ့်သားလေးနှင့် အိုးမကွာ အိမ်မကွာ နေမည်ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် အလွန်သဘောကောင်းသည့် အိမ်ရှင်မ တစ်ဦး ဖြစ်သည်က အမှန်။ နနအပေါ်တွင်လည်း အိမ်ဖော်တစ်ဦးထက် ညီမလေးတစ်ယောက်ပမာ အလိုလိုက်ရှာပါသည်။ တစ်ခါတစ်ရံ "ညီမလေးတွေကိုပြန်ပေးချေ" ဟု ဆိုကာ အဝတ်အစားအဟောင်းများပင် ပေးတတ်ပါသည်။ ဒီသားအမိပေါ်မှာ တာဝန်တစ်ရပ်အနေနှင့်သာမက စေတနာသဒ္ဓါတရားနှင့်ပါ ပြုစုနေမိသည်။

"မမန အိပ်ချင်ပြီ"

"အိပ်ချင်ရင် အိပ်ပေါ့ မောင်လေးရဲ့"

သူ့မျက်လုံး ဝိုင်းဝိုင်းလေးများဖြင့် စိုက်ကြည့်နေပုံက ချစ်စရာ။ သူ ဒီလို ကြည့်လာရင် တစ်ခုခု လိုချင်ပြီဆိုတာလည်း နန သိတတ်နေပါပြီ။

"မမန သား နဖူးလေးကို မွှတ်ပေးပါလားဟင်"

"ဘာဖြစ်လို့လဲ ... သားရဲ့"

"ညက မေမေက အဲ့လိုလုပ်ပေးတယ်၊ အရမ်းကောင်းတာပဲ"

သူ့အလိုကျ လုပ်ပေးဖို့က တာဝန်ပါ။ သို့သော် သူ့အပေါ်မှာတော့ ...

"မမန မောရင် တော်တော့၊ သားလည်း အိပ်တော့မယ်"

မျက်ကြောလေး စင်းရင်းက မပီတပီ ပြောနေသည့် သူ့စကားသံအဆုံးမှာ သူ့နဖူးလေးကို ဖွဖွနမ်းမိပါသည်။

သူ့ဘေးမှာပင် ခဏလှဲရင်း မောင်လေးနှင့် ညီမလေးများကို အတွေးထဲမှာ နမ်းလိုက်မိပါသည်။ တကယ်တော့ တီဗွီတွေ၊ ရေခဲသေတ္တာတွေ စားကောင်းသောက်ဖွယ်တွေ မွေ့ရာထူထူကြီးတွေ ကြားထဲမှ မွန်းကြပ်လှသည့် ဘဝထက် အမေ့အိမ်လေးကို မက်မောမိပါသည်။

အမေ့တဲလေးထဲတွင် မောင်၊ ညီမလေးများနှင့်အတူ အမေ့မေတ္တာကို ခံယူလိုလှပါသည်။ တစ်ခါတလေလည်း ညီမလေးတွေကို ခေါ်၍ ရုပ်ရှင်ကားတွေပြ၊ စားစရာတွေ ပြ၍ ကျွေးချင်စိတ်တွေ ပေါ်မိသည်။ သို့သော်လည်း ညီမလေးတွေ ဒီလိုဘဝမျိုး တစ်သက်လုံး မရောက်စေရဟု တင်းမာစွာ ဆုံးဖြတ်ချက် ချထားရပါသည်။ တစ်ရေးတစ်မောအိပ်၍ ကောင်းဆဲမှာပင် အိမ်ရှေ့ဆင်ဝင်သို့ မောင်းဝင်လာသည့် ကားသံ ကြားရပါသည်။ အလူးအလဲ ထ၍ ကြည့်မိတော့ အစောကြီး ရုံးမှပြန်လာသော မမကို တွေ့လိုက်ရသည်။ နန ဆင်းမကြိုနိုင်မီမှာပင် အပြေးအလွှား အိမ်ပေါ်တက်လာရင်း အမော တကော မေးရှာသည်။

"နနရေ ... သားရောဟင်၊ သားလေးရော ..."

"ရှိပါတယ် မမရဲ့၊ အိပ်နေတယ် ဘာဖြစ်လို့လဲဟင်"

"ဟုတ်လား ကြာပြီလား၊ နိုးတော့မှာလား ..."

"အခုနမှ အိပ်တာ မမရဲ့"

စိတ်ထဲမှာ တထင့်ထင့်ဖြစ်လာရပါသည်။ ဘာတွေ အရေးကြီးနေပြီလဲ။ ဘာပြဿနာတွေများ တက်ဦးမှာပါလိမ့်။

"သားကလည်းကွာ ... ပြောစရာ ရှိကာမှ အိပ်နေလိုက်တာ"

"ဘာဖြစ်လို့လဲဟင် ... မမ"

"သူ့အဖေ စင်ကာပူရောက်နေပြီလေ။ ရှေ့အပတ်ထဲ ပြန်ရောက်တော့မယ်လို့ ဖုန်းဆက်တယ်။ မမလည်း အလုပ်ထွက်တော့မယ်။ နနလည်း ဝင်ကျွတ်ပြီပေါ့"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

လွန်ခဲ့သည့်တစ်ပတ်လောက်ကတည်းက ဖုန်းဆက်သံတွေ ကြားမိပါသည်။ "ပြန်ရောက်တော့မှာမို့ ခပ်ငယ်ငယ်ကောင်မလေးတစ်ယောက် လိုချင်တယ် ဒေါ်အေးမိရယ်" တဲ့။ ဒီတုန်းက သဘောမပေါက်ခဲ့။ နစ်မြုပ်စွာ အိပ်မောကျနေသည့် ကလေးငယ်၏ မျက်နှာကိုကြည့်ရင်း အတတ်နိုင်ဆုံး စိတ်ကို တင်းထားလိုက်ရပါသည်။ သူတို့မိသားစုကလေး မကြာမီ ပျော်ရွှင်စွာ အသက်ဝင်လာကြတော့မည်။ ထိုအခါ အပျိုရိုင်းလေး နနသည် သူတို့မိသားစု အတွက် ...။

[၅]

မိသားစုအတွက် အဆင်အပြေဆုံး ဖြစ်နိုင်မည့် အစီအစဉ်များကို အချိန်ရတိုင်း စဉ်းစားရ ပူပန်ရပါသည်။ လမ်းတကာ လည်ရောင်းနေသည့် အမေ့အတွက် အိမ်ရှေ့မှာပင် ဤဆိုင်ကလေးကို တည်ပေးနိုင်လိုက်ပါသည်။ ရောင်းမကောင်းသည့် နေ့များတွင်သာ လမ်းထွက်ရောင်းရ၍ အရင်လို နေ့တိုင်းထွက်ရောင်းရန် မလိုတော့ပါ။ ဆိုင်ထိုင်ရင်း စက္ကူအိတ်ကလေးများ လုပ်၍ ဈေးသို့သွင်းရန် အမေ့ကို အကြံပေးထားရသည်။

ညီမလေးများကလည်း အမေ့ကို အင်တိုက်အားတိုက် ကူကြရှာပါသည်။ ဆိုင်ထဲတွင် အခင်းမပါဘဲ ကျောချရင်း တိမ်ဖုံးနေသည့် လမင်းကြီးကို မော့ကြည့်နေမိသည်။ အတိတ်ပုံရိပ်လေးများသည် မိုးကောင်းကင်ကြီးထဲ

တွင် တရိပ်ရိပ် ပြေးလွှားသွားသည်။ လှပသော ပုံရိပ်ကလေး အကျည်းတန်သော ပုံရိပ်များ၊ ထိတ်လန့်ဖွယ် ကလေးများ၊ ဒေါ်အေးမိ လိုက်ပို့သည့် အိမ်များတွင် အစိမ်းသက်သက် တက်နေရသည်။ အခြေအနေကို အမြန်ဆုံးသုံးသပ်၍ အထာကျအောင် ကြိုးစားရသည်။ အတတ်နိုင်ဆုံး အဆင်ပြေအောင်နေ၍ ရသမျှလခကို ဒေါ်အေးမိမှတစ်ဆင့် အိမ်ပြန်ပို့ရသည်။ ပြဿနာ တစ်စုံတစ်ခုကြောင့် အိမ်ပြန်ရသည့် အခိုက်အတန့်တွင် မိသားစုနှင့် ဆုံစည်းခွင့်ရ၍ ဝမ်းသာမိသော်လည်း ရှေ့ရေးအတွက် ရင်လေးနေရပါသည်။ တဖြည်းဖြည်း မိသားစုလေးနှင့် စိမ်းလာမှာကိုလည်း တွေး၍ကြောက်မိပါသည်။ သို့သော် ဘဝပေးအခြေအနေအရ ပျော်ရာမှာ နေခွင့်မရသည့် ဘဝ။ တစ်ခါက လမ်းမကြီးတစ်ခုမှ အကောင်းစားနှစ်ထပ်တိုက်ကြီးတစ်လုံးသို့ ရောက်ခဲ့ဖူးပါသည်။ ထိန်းစရာကလေးတော့ မရှိပါ။ အဝတ်လျှော်၊ ကြမ်းတိုက်၊ ထမင်းချက်၊ အိမ်အလုပ်များအတွက်သာ ငှားခြင်းပါ။ သို့သော် ကံကောင်း၍ ဘဝမပျက်ခဲ့ရခြင်းပါ။

[၆]

ကံကောင်း၍ ဘဝမပျက်ခဲ့ခြင်းပါ။ အခုမှ အမေ့စိုးရိမ်စိတ်ကို အသိအမှတ်ပြုမိပါသည်။ အမေသည် ညည ဘုရားရှိခိုးတိုင်း သမီးအတွက် ပို့လိုက်ရသည့် မေတ္တာ၊ ညီမလေးများ ပြန်ပြောပြသောအခါ နနပင် ရယ်မိပါသည်။ နနကတော့ အမေ့အတွက် အိပ်ရာထဲမှသာ မေတ္တာပို့နိုင်ပါသည်။ ဘုရားစင်ရှေ့တွင် တခမ်းတနားထိုင်၍ ဘုရားရှိခိုးခွင့်ရသောအိမ် ရှားလှပါသည်။

တစ်ခါက ဘာသာခြားအိမ်တစ်အိမ်ဆိုလျှင် ကိုးကွယ်စရာ ကြည်ညိုစရာ ဘုရားပင်မရှိ။ ရုပ်တုမရှိသော်လည်း ပုံတော်ကားချပ်ကလေးကို သပ်ရပ်စွာ ချိတ်ဆွဲထားသည့် အမေ့ဘုရားစင်ကလေးကို တမ်းတမိသည်။ တစ်ခါတစ်ရံ ရီဝေသော မျက်လုံးများနှင့် စိုက်ကြည့်ရင်း ဆုံးမစကား အားပေးစကားတို့ကို အမေသည် မမောမပန်း ပြောတတ်ပါသည်။ ထိုစဉ်က သိပ်ဂရုမစိုက်ခဲ့မိ။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု အပြည့်အဝရှိခဲ့သည်။

ယခု နေရသည့် အိမ်ကလည်း ညားကာစ လင်မယားနှစ်ယောက်တည်း။ ဘာမှလည်း ထူးထူးထွေထွေ သိပ်ပြောမနေ၊ နနကိုလည်း သိပ်ဂရုမစိုက်။ သူတို့ဘာသာ နှစ်ယောက်တည်း ချစ်အားပိုနေတတ်သည်။ အောက်ထပ်တွင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရင်း ဘဝပင် မေ့ချင်လာသည်။ သူတို့ လင်မယားကိုလည်း အားကျသလိုလိုပင် ဖြစ်လာသည်။ မဆီမဆိုင် အတွေးလွန်မိပြီးမှ ရှက်ပြုံး ပြုံးရသည်။ ဒီကိစ္စတွေ စဉ်းစားချိန် မရပါ။ နနမှာ အမေရှိသည်။ အမေ့ကို ကျန်းကျန်းမာမာ မြင်ချင်သေးသည်။ ညီမလေးတွေကို ကျောင်းဆက်ထားပေးချင်သည်။ ပညာတတ်ကြီးတွေ ဖြစ်စေချင်သည်။ ဤဆန္ဒနှင့် မျှော်လင့်ချက်မှတစ်ပါး အခြားကိစ္စများကို မစဉ်းစားအား။ စဉ်းစားစရာလည်း မရှိခဲ့ဘူးပါ။ ဒီလိုနေလာရင်း တစ်နေ့ အိမ်ကြီးရှင်မမတို့ နှစ်ယောက် ကားတစ်စီးနှင့် အပြင်ထွက်သွားခိုက် အိမ်ရှေ့မှ ကားဟွန်းသံကြား၍ထွက်ကြည့်မိသည်။ အသက်ချင်းမတိမ်းမယိမ်းရှိမည့်ခန့်ခန့်ချောချော ယောကျ်ားတစ်ဦး ကားတံခါးဖွင့်၍ ဆင်းလာသည်။ နေကာမျက်မှန်၊ စပို့ရှပ်လုလုလေးနှင့် ဘောင်းဘီရှည်တို့ကို ကျနစွာ ဝတ်ဆင်ထားသည်။ ပြုံးစစမျက်နှာထားနှင့် စကားစလာသည်။

"မမရှိလား"

"မရှိဘူးရှင့်၊ အပြင်ထွက်သွားတယ်"

မရှိဘူးဆိုလျှင် ချက်ချင်းပြန်ထွက်သွားမည်ဟု ထင်ခဲ့မိသည်။ ဖြစ်နိုင်လျှင် သူ့ကို တတ်နိုင်သမျှ ရှောင်ချင်ပါသည်။ သူလာလျှင် တစ်ကိုယ်လုံးကို အားမနာတမ်း စိုက်ကြည့်တတ်ပါသည်။ သူ့အတွက် တစ်ခုခု ယူပေးလျှင်လည်း အသားလွတ် လက်ကို ကိုင်တတ်ပါသည်။ သူတို့ အမြန်ဆုံး ပြန်လာပါစေဟုသာ ဆုတောင်းမိပါသည်။

"ဒါဆိုလည်း ခဏထိုင်စောင့်လိုက်ဦးမယ်လေ။ တံခါးဖွင့်ပါဦး ..."

"တံခါးဖွင့်ပါဦး" ဆိုသည့် စကားက ရင်ဝကို အရှိန်ပြင်းစွာ ဝင်ဆောင့်လာပါသည်။ သော့ကိုကိုင်ရင်း အမြန်ဆုံး အကြံဉာဏ်ထုတ်ရသည်။ တစ်ခါ အိမ်တစ်အိမ်တွင် အလှူခံပုဂ္ဂိုလ်ကို အလိုက်မသိဘဲ ဖိတ်ခေါ်မိသဖြင့်

ပြဿနာ တက်ခဲ့ရဖူးသလို အိမ်ရှင့် အမျိုးအရင်းခေါက်ခေါက်ကြီးတွေကို မမြင်ဖူး၍ "ခဏနေမှ ပြန်လာပါ"ဟု ပြောလွှတ်မိ၍ ထိုအိမ်ပေါ်မှ ဆင်းခဲ့ရဖူးသည်ကိုလည်း အမှတ်ရနေမိပါသည်။

ယခု ရင်ဆိုင်နေရသည်မှာ အိမ်ရှင်မမ၏ မောင် အရင်းကြီးမှန်း နန သိနေပါသည်။ သို့သော် အိမ်ထဲမှာက တစ်ယောက်တည်း။ အရဲစွန့်၍ ပြောရပါသည်။

"သူတို့က ကြာမယ်ထင်တယ်"

"ကိစ္စမရှိပါဘူး။ ကြာလည်း စောင့်နိုင်ပါတယ်"

ဒုက္ခတော့ ရောက်တော့မည် ထင်သည်။ မမတို့ အမြန်ဆုံးပြန်လာပါစေဟုသာ ဆုတောင်းရပါတော့မည်။ အိမ်ထဲမှာက တစ်ယောက်တည်းပေမဲ့ ဤအိမ်သည် နနအိမ်မဟုတ်။ အခြေအနေအရ ဖွင့်မပေးသင့်သော်လည်း ကိုယ့်ဘဝကိုပင် မပိုင်စိုးနိုင်သည့်ဘဝမှာ သမ္မုဒ္ဓေဂါထာကိုသာ အပြေးအလွှား ရွတ်ရင်း တံခါးကို ဖွင့်ပေးလိုက်ရပါတော့သည်။

"တစ်ယောက်တည်းလား"၊

"ဟုတ်ကဲ့"

အတတ်နိုင်ဆုံး မျက်နှာကိုလွှဲ၍ သူ ဧည့်ခန်းထဲထိုင်သည်နှင့် အိပ်ခန်းထဲဝင်ကာ အလုပ်မရှိ အလုပ်ရှာနေလိုက်သည်။ ခဏကြာတော့ အခန်းဝမှာ သူ့မျက်နှာပေါ်လာသည်။

"ဟို ... ဟို ... ဘာလိုချင်လို့လဲဟင်"

"ခဏစကားပြောချင်လို့ပါ"

"ဘာကိစ္စ ရှိလို့လဲဟင်"

အတတ်နိုင်ဆုံး သိမ်မွေ့အောင် ပြင်ထိုင်ရင်းက တဒိုင်းဒိုင်း မြည်နေသော ရင်ဝကို ဖိထားမိသည်။ သူက အခန်းထဲကို လုံးဝမဝင်။ အခန်းဝမှာပဲ ရပ်နေသည်။ ပြီးတော့ တစ်ကိုယ်လုံး သိမ်းကျုံး၍ ရပ်ကြည့်နေသည်။

"ညီမကို အစ်ကို ခဏလောက် ချစ်ချင်တယ်"

"ဟင့် ... ဟင့်အင်း ... ကျွန်မ ကြောက်တယ်"

ဘာပြောလိုက်မိမှန်းပင် မသိတော့။ ကျယ်လောင်လှသည့် နှလုံးခုန်သံကို အတိုင်းသား ကြားနေရသည်။ သူ ရှေ့ဆက် မတိုးပါစေနှင့်ဟုသာ ဆုတောင်းနေရသည်။

"ဒီမှာ ညီမ ... ဘာမှမကြောက်နဲ့။ ညီမဘဝအတွက် စိတ်ချရအောင် အစ်ကို လုပ်ပေးမယ်။ အစ်ကို တာဝန်ယူပါ့မယ်"

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

ပြောရင်း သူက ရှေ့သို့ တရွေ့ရွေ့ လှမ်းလာသည်။ ပြေးပေါက်ကလည်း တစ်ပေါက်တည်း။ ထိုအပေါက်မှာပင် သူက ပိတ်၍ဝင်လာသည်။ ပြတင်းပေါက် သံတန်းကို ကျစ်ကျစ်ပါအောင်ဆုတ်ရင်း အသက်ကို ခက်ခဲစွာ ရှူသွင်းနေရသည်။ ရှေ့တည့်တည့်ကို သူ ရောက်လာချိန်မှာ မျက်ရည်လည်နေမိပြီ ဖြစ်ကြောင်း သတိထားမိသည်။

"ညီမက လှသားနဲ့ကွာ၊ မငိုပါနဲ့ အလှပျက်တယ်"

အားငယ်ဝမ်းနည်းရခြင်း၊ ရှက်ကြောက်ခြင်း၊ စိတ်ဓာတ် ချောက်ချားရခြင်းတို့၏ အဆုံးစွန်မှာ စိတ်ကို တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်နေရသည်။ အဆင်ပြေဆုံးဖြစ်မည်ထင်သည့် စကားလုံးတွေကို တွေးနေရသည်။

"အစ်ကို ကျွန်မ အဲဒီလိုမိန်းမမျိုး မဟုတ်ပါဘူး။ ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မကို သနားပါ။ အစ်ကို့လို လူမျိုးအတွက် မိန်းမတွေ အများကြီး ပါ"

သူ့မျက်နှာ နည်းနည်းတည်သွားသည်။

"ဆောရီးပဲကွာ"

ချာခနဲလှည့်၍ ကျောခိုင်းထွက်သွားသည်။ ခဏကြာတော့ အိမ်ရှေ့မှ ကားစက်နှိုးသံ ကြားရသည်။ အိမ်ရှေ့တံခါးကို ပြေးပိတ်၍ စိတ်ရှိလက်ရှိ ငိုပစ်လိုက်မိသည်။ ဒီလောက်နဲ့ လက်လျှော့သွားသော သူ့ကိုလည်း ကျေးဇူးတင်မိသည်။ သူ့ဘက် ကိုယ့်ဘက် မျှတစွာ တွေးကြည့်လျှင်လည်း သူ့အလွန်မဟုတ်ပါ။ သို့သော် ရှေ့ရေးကိုတွေး၍ အေးချမ်းလှသော ဤအိမ်လေးမှ ခွဲခွာရပေဦးတော့မည်။

[၇]

ဤအိမ်ကလေးမှ ခွဲခွာရပေဦးမည်။ အမေ့ ဟင်းရွက်ဆိုင်လေးကို ကုန်စိမ်းသာမက ကုန်ခြောက်ပါ ဝယ်တင်ပေးချင်သေးသည်။ ပြီးတော့ မိုးမလုံလေမလုံ ဤအိမ်လေးထဲမှာ ခိုက်ခိုက်တုန်နေကြမည့် ညီမလေးတွေ၊ မောင်လေးတွေနှင့် အမေတို့အတွက်လည်း တတ်နိုင်သလောက် လုပ်ပေးရပေဦးမည်။

သူများအိမ်တွေမှာ ဘယ်လောက်အောက်ကျအောက်ကျ ဆင်းဆင်းရဲရဲတော့ မနေရ။ ညီမလေးတွေမှာတော့ ဆင်းရဲရှာပါသည်။ သူတို့အတွက် ဒေါ်အေးမိကို မျှော်ရပေဦးမည်။ ဆိုင်အခင်း ခနော်ခနဲ့ ကွပ်ပျစ်ပေါ် ကျောချ၍ လှဲမိသည်။ အရောင်လွင့်နေပြီဖြစ်သည့် အနွေးထည်အဟောင်းလေးကို ဆွဲစေ့မိသည်။ ဖစ်မရှိသဖြင့် ချိတ်ဖြင့် တွယ်ထားရသောကြောင့် သိပ်မလုံတော့။ အေးစက်နေသည့် လက်နှစ်ဖက်ကို ယှက်၍ နဖူးပေါ် တင်ကြည့်မိသည်။ ခေါင်းပေါ်မှာ နင်းစက်တို့ကြောင့် စိုထိုင်းထိုင်းဖြစ်နေသည်။ ဘေးအိမ်တွေကို တစ်ချက်စောင်းကြည့်ရသေးသည်။ သူတို့များ နိုး၍ တွေ့သွားလျှင် ဘာပြောကြဦးမည် မသိ။ လူတို့သည် သူတစ်ပါး၏ အားနည်းချက်အပေါ် အနိုင်ယူချင်စိတ်က ကြီးမားလွန်းလှသည်။ အဖေနှင့် ဆိုက်ကားနင်းဖက် မုဆိုးဖို ဦးသောင်းစိန်ကိုပင် အမေနှင့် ဘာလိုလိုပြောသည်။ နနကိုပြောကြသည့် သတင်းများက ရစရာပင်မရှိ။

ပတ်ဝန်းကျင်၏ ထိုးနက်ချက်များကို သည်းခံခွင့်လွှတ်ကာ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ရပ်တည်နိုင်ဖို့ ပတ်ဝန်းကျင်နှင့် အလိုက်အထိုက် မိတ်မပျက်အောင် နေနိုင်ဖို့က တာဝန်တစ်ရပ်ပင်။ လမ်းထိပ် မီးကင်းထဲမှ ကင်းသံချောင်းခေါက်သံ နှစ်ချက်ကို ကြားရသည်။ ခုချိန်အထိ အိပ်ချင်စိတ်တစ်စက်ကလေးမှ မရှိ။ အဖေ့ကို သတိရသည်။ သံယောဇဉ် တွယ်ခဲ့ရသည့် ကလေးတွေကို သတိရသည်။ မျက်ရည်ကျခဲ့ရသည့် ညပေါင်းများစွာကို သတိရသည်။ ဝဋ်ကြွေးရှိရင်လည်း ဒီဘဝ ဒီမျှနှင့် ကြေပါစေတော့ဟု ဆုတောင်းမိပါသည်။

[၈]

ဝင်္ကြေးရှိရင်လည်း ဒီဘဝ ဒီမျှနှင့် ကြေပါစေတော့ဟု ဆုတောင်းမိပါသည်။ ဘယ်ဘဝက ဝင်္ကြေးတွေပါလိမ့်။ နန လူမှန်းသိတတ်စ ဘဝမှစ၍ ဘယ်သူ့ကိုမှ သံသယစိတ်ဖြင့် စွပ်စွပ်စွဲစွဲ ပြောခဲ့ဖူးခြင်း မရှိပါ။ အခုတော့ ဘာမှ မသိလိုက်ရသည့် ကိစ္စတစ်ခုအတွက် အစွပ်စွဲခံရပါပြီ။ အိမ်ရှေ့ဧည့်ခန်းရှိ မှန်ဗီရိုကြီးထဲမှ ရွှေနာရီလေးတစ်လုံး ပျောက်ဆုံးသွားသည့်ကိစ္စ။ ဒီအိမ်မှာက သူတို့ လင်မယားနှစ်ယောက်နှင့် ကလေးသုံးယောက်၊ ပြီးတော့ အိမ်ဖော်နန ဒါပဲရှိသည်။ ကလေးတွေများ ယူဆော့သလားဟု အမျိုးမျိုးချော့၍ တစ်ဖုံ၊ ချောက်၍ တစ်မျိုးမေးသည် မရ။ ဧည့်သည်ကလည်း များများမလာ။ အိမ်ရှင် အစ်ကိုကြီး၏ ညီနှင့် သူ့သူငယ်ချင်းတစ်သိုက်သာ ခဏလာ၍ ပြန်ထွက်သွားသည်။သူတို့လည်းဘယ်နည်းနှင့်မျှမယူနိုင်ဟုသူတို့ကဆိုသည်။တစ်အိမ်လုံး လှန်မှောက်ရှာ၍ မတွေ့သည့်အဆုံးမှာ မြားဦးက နနဘက် လှည့်လာသည်။

"တို့အိမ်မှာ ဒါမျိုး တစ်ခါမျှ မဖြစ်ဖူးဘူး။ ညည်း လာမှဖြစ်တာ"

"မဟုတ်ပါရပါဘူး အစ်မရယ်၊ မယုံရင် ကျွန်မ ပစ္စည်းတွေလည်း ရှာကြည့်ပါ"

အတန်တန် ရှင်းပြသော်လည်း မရ။ တကယ်ဆို သူတို့လို ပညာရှိကြီးများ စဉ်းစားကြည့်ဖို့ ကောင်းသည်။ ဤပစ္စည်းကိုယူ၍ နန ဘယ်လိုဖျောက်ဖျက် နိုင်မှာလဲ။ ဒီအိမ်မှာအိပ် ဒီအိမ်မှာစား ဘယ်ဧည့်သည်မှလည်း နနထံ မလာ။ ယူ၍ဖွက်ထားသည်ဟု သံသယရှိရင်လည်း ကြိုက်သလို ရှာပါလို့ ပြောထားပြီးသား။ ဒီကြားထဲက ထပ်စွပ်စွဲလာတော့ ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ ဘယ်တုန်းကမှလည်း ဒီကိစ္စမျိုး မကြုံစည်ခဲ့ဘူးပါ။ စွပ်စွဲခံရရုံနှင့်ပင် ရှက်လှပါပြီ။

"အေး ... ဒီလောက်နဲ့ သဘောပေါက်သင့်ပါပြီ။ ညည်း မနက်ကျ ပြန်သာကြွပေတော့"

နန မပြန်ချင်ပါ။ သူတို့ သံသယစိတ်တွေ မပျောက်ပျက်သေးသရွေ့ မပြန်ချင်ပါ။ ပြဿနာရှင်းပြီးလျှင်လည်း ဤအိမ်မှာ တစ်ရက်မျှ ဆက်မနေဖို့

လည်း ဆုံးဖြတ်ပြီးသားပါ။ ညနေထဲက စဖြစ်တဲ့ပြဿနာ မိုးချုပ်စပြုလာပြီ။ ခုထိ နနကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ တိုက်ရိုက်တစ်သွယ် စောင်းမြောင်း၍ တစ်လီ စွပ်စွဲ၍ မပြီးသေး။

နောက်ဆုံးမှာ "ရဲစခန်းဖုန်းဆက်မယ်" ဆိုသည်အထိ ခြိမ်းခြောက်လာသည်။ ရှင်းပြ၍လည်း မရ၊ တောင်းပန်၍လည်း မရ၊ မျက်ရည်ကျရုံမှတစ်ပါး အားကိုးစရာ မရှိတော့။ ညဆယ်နာရီလောက်မှ ဖုန်းသံမြည်လာသည်။ အိမ်ရှင်အစ်ကိုကြီး၏ညီအဖမ်းခံရသည်။သူငယ်ချင်းများနှင့်အတူအရက်သောက်ရင်း ခိုက်ရန်ဖြစ်ကြသည်ဟု သတင်းရသည်။ သူတို့လင်မယားနှစ်ယောက် ထလိုက်သွားကြသည်။ သူတို့သွားသည်နှင့် ကလေးများ ယူဆော့သလားဟု ချော့မေးသည်။ တောင်းပန်၍ မေးသည်။ တစ်ယောက်မှ မသိကြ။ တစ်အိမ်လုံး မွှေနှောက်ရှာသည် မရှိ။ တစ်ညလုံး အိပ်၍မရတော့။ မနက်မိုးလင်း ခေါင်းတွေမူးလာသည်။ ထိုအချိန်မှ သူတို့လင်မယားနှစ်ယောက် မျက်နာငယ်လေးတွေနှင့် ပြန်လာကြသည်။

"ဆောရီးပဲ နနရယ်၊ ညည်း၊ အစ်ကို ညီရဲ့ သူငယ်ချင်းတွေက ပိုက်ဆံပြတ်လို့ ဆွဲသွားတာပါတဲ့။ အစ်မတို့လည်း မသိလို့ စွပ်စွဲမိတာ"

ဒီလောက်နဲ့ပဲ နန ကျေနပ်လိုက်ရပါသည်။ သို့သော် ထိုနေ့ နေ့ခင်းမှာပင် အိမ်ပေါ်မှ ဆင်းခဲ့ပါသည်။ အိမ်ရောက်မှ အားရအောင် ငို၍ အမေ့ကို ပြန်ပြောပြမိပါသည်။ အမေပါရော၍ မျက်ရည်ကျရသည်။ ညီမလေးတွေကတော့ ဒေါသဖြစ်ကြသည်။ မောင်လေးနှင့် ညီမငယ်တို့ကတော့ ဘာမှ နားမလည်ကြ။

[၉]

နားမလည်ကြ၍ မေးလာတော့ ညီမလေးတွေ မေးခွန်းကို ဘယ်လိုဖြေရမလဲ မသိပါ။ အိမ်ဖော်ဆိုတာကလည်း ဘာကြောင့် အိမ်ဖော်တွေ ခေါ်ထားကြသလဲ နန စဉ်းစားကြည့်သည်။ ငယ်ငယ်က ဆရာမတစ်ယောက် ပြောခဲ့ဖူးတာကို သတိရသည်။ အတန်းသန့်ရှင်းရေး အလှည့်ကျသူများက

စားပွဲပေါ်က ပန်းအိုးကိုသာ ပန်းလဲ၍ ခုံအောက်မှ အမှိုက်များကို ရှေ့တန်း လောက်သာနည်းနည်းပါးပါးသန့်ရှင်း၍နောက်ထိုးထားသောကြောင့် ဆရာမ စိတ်ဆိုး၍ ပြောခဲ့ဖူးသော စကား။ "မျက်နှာမှာတော့ သနပ်ခါး၊ ပေါင်မှာတော့ သေးစီးကြောင်းနဲ့ မိန်းမတွေ" တဲ့။ သေချာစဉ်းစားကြည့်တော့ ဆရာမစကား နှင့် အိမ်ရှင်မမတို့အဖြစ်က တူလွန်းလှသည်။ တစ်ကိုယ်လုံး လှအောင်ပြင်၍ တစ်နေကုန် အပြင်ထွက်သည်။ အိမ်မှုကိစ္စ သားသမီးကိစ္စတွေ အကုန် အိမ် ဖော်နှင့် လွှဲထားသည်။ အိမ်ပြန်လာ၍ စိတ်တိုင်းမကျလျှင် အိမ်ဖော်ကိုသာ အပြစ်ပုံချသည်။ ဒေ့သည်လာတော့လည်း အိမ်ဖော်က အိမ်ရှေ့မထွက်ရ။ သူတို့က တကယ့် အထိမ်းအသိမ်းကောင်းသော အိမ်ရှင်မများ။

ကိုယ့်ဘဝကို သေချာစဉ်းစားကြည့်မိတော့လည်း ငယ်ငယ်က သင်ခဲ့ ရသည့် ကျွန်ပိုင်ရှင်စနစ်က ကျွန်တွေလိုပါပဲလား။ ခေတ်ဆိုတာ တစ်ကြော့ ပြန်၍ လည်တတ်ပါသည်။ အိမ်ဖော်စနစ်သည် ခေတ်သစ် ကျွန်ပိုင်ရှင်စနစ်၏ နိဒါန်းများလောဟု စိုးရွံ့စွာ တွေးပူမိပါသည်။ အိမ်ဖော်တစ်ယောက်ရဲ့ အတွေး အခေါ်တွေ သိပ်အဆင့်လွန်သွားသလားဟုလည်း ပြန်စဉ်းစားကြည့်သည်။ ဘာပဲဖြစ်ဖြစ် ဘဝပေးအခြေအနေအရ ဘဝဇာတ်ခုံပေါ်မှာ ကြုံသလို ရပေဦး မည်။ အဆစ်အကွေ့များလှသည့် ဘဝခရီးကြမ်းကြီးကို လျှောက်လှမ်းရဦးမည် ကိုတော့ မကြောက်ပါ။ နနကြောက်တာက လမ်းပျောက်သွားမှာကိုသာ။ အတွေးစတို့က တောင်ရောက် မြောက်ရောက်။

[၁၀]

တောင်ရောက် မြောက်ရောက် လျှောက်မေးနေသည့် သူ့မေးခွန်းများ ကို အလိုက်အထိုက် ပြန်ဖြေနိုင်ဖို့က အလုပ်တစ်ခု။ သူက ဒီအိမ်မှာ ဘုရင်မ ပင်၊ နာမည်က မေသဇင်။ ဖခင်က အထူးကုဆရာဝန်ကြီး။ မိခင်က ကထိက ဟု ဆိုသည်။ တစ်ဦးတည်းသော မိန်းကလေးကို အလိုကျဖြစ်စေရမည်။ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေသော်လည်း ကလေးတစ်ဦးလိုပင် သူ့မိဘ တွေက အစစအရာရာ သဘောထား၍ လိုက်လျောတတ်သည်။ သို့သော်

မေသဇင်အကြောင်းကို အသိဆုံးက နုနုပါ။ သိသာသိ၏။ ဘယ်သူမှ မပြောမိအောင် ထိန်းချုပ်နိုင်စွမ်း ရှိရ၏။ တစ်ခါတလေ သူ ပြောချင်ရာတွေကို စိတ်လွတ် လက်လွတ် ပြောတတ်သည်။ တစ်ခါတလေလည်း နုနုကို ပေါက်ပေါက်ရှာရှာ ပြောတတ်သည်။ အခုလည်း ကြည့်။

"နုနု ရည်းစားထားဘူးလားဟင်"

"အို ... မမကလည်း ရှက်စရာကြီး"

ဖြေမိတော့ သူက ဟက်ဟက်ပက်ပက် ရယ်သည်။

"ရည်းစားထားတာ ရှက်စရာလား နုနုရယ်၊ မမဆို အို ထားပါတော့။ ကဲ ... ပြောပါဦး၊ နုနုအကြောင်း ..."

"မထားဖူးပါဘူး"

"ဘာဖြစ်လို့"

ဘာဖြစ်ရမှာလဲလေ။ အိမ်ဖော်မိန်းကလေးတစ်ယောက်ကို ဘယ်လိုလူက မေတ္တာမျှမှာလဲ။ အိမ်တကာ လည်နေရတတ်သဖြင့် အတည်တကျလည်း မရှိ။ သို့သော် ဘယ်အိမ်ရောက်ရောက် စာမေးပွဲဖြေချိန်ရောက်လျှင်တော့ ညီမလေးတွေ အေးအေးဆေးဆေး စာကြည့်နိုင်ရန် အိမ်ပြန်၍ အမေနှင့်အတူ လုပ်ပေးသည်။ တစ်နှစ်မှာ လဝက်ခန့်သာ အိမ်မှာ နေဖြစ်သည်။ ထိုလဝက်အတွင်းတွင်လည်း ရုပ်ကွက်ထဲမှ သံသယမျက်လုံးများနှင့်သာ ရင်ဆိုင်ရမြဲ။ ဒီလိုမိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားက ချစ်မှာတဲ့လဲ။ တကယ်လို့ ချစ်ခဲ့လာပြီဆိုရင် ....။

"ဘာဖြစ်လို့လဲ ... နုနုရဲ့ဖြေလေ၊ နုနု ရုပ်ကလေးက လှသားပဲ။ ကြိုက်တဲ့လူတွေတော့ ရှိမှာပါ"

"နုနု ဒီအကြောင်းတွေ မစဉ်းစားပါဘူး မမရယ်"

ရင်ထဲမှာရှိတဲ့အတိုင်း အမှန်တရားတွေကိုပဲ သူ ပြောမိပါသည်။

"မစဉ်းစားလို့ ဘယ်ရမလဲကွ။ တစ်နေ့ကျ အိမ်ထောင်ပြုရမှာပဲ"

"ဟင့်အင်း ... အိမ်ထောင်မပြုချင်ဘူး"

"ဟင် ... အိမ်ထောင်မပြုချင်လို့ ဘယ်ဖြစ်မလဲ။ မိန်းမဆိုတာ အားကိုးအားထား ယောကျ်ားတော့ရှိမှ တင့်တယ်မှာပေါ့၊ ပြီးတော့ ..."

အားကိုးအားထားဟူသော စကားလုံးကို စဉ်းစားကြည့်မိသည်။ သူသည် တစ်ဦးတည်းသော သမီးကလေးဖြစ်သည်။ တိုက်ကြီးရှိသည်။ ကား နှစ်စီး ရှိသည်။ အတွင်းပစ္စည်းတော့ ဘယ်လောက်ရှိသနည်း မခန့်မှန်းတတ်။ ဘွဲ့လည်းရတော့မည်။ မိဘနှစ်ပါးလည်း ကျန်းမာစွာ ရှိနေသေးသည်။ ဘာအတွက် အားကိုးစရာ လိုမှာနည်း။ စဉ်းစား၍ မရ။ တစ်ခါတစ်ရံ သူ ပြသည့် စာတွေထဲတွင် အချစ်ခြင်း ထပ်အောင် တွေ့ရတတ်သော်လည်း သူ့အချစ်သည် တစ်ယောက်ပြီးတစ်ယောက် လျင်မြန်စွာ ပြောင်းလဲသွားတတ်လေသည်။ လက်လှမ်းမမှီနိုင်အောင်ပင်။

နနကတော့ အားကိုးအားထား ပြုဖို့အတွက်တော့ အိမ်ထောင်ပြုစရာ မလိုဟု ထင်သည်။ ကိုယ့်အား ကိုယ်ကိုး၍ ထမင်းတစ်လုပ်တော့ ရှာစားနိုင်သည်။ မေတ္တာငတ်စရာလည်း မရှိပါ။ အမေ ရှိသည်၊ ညီမလေးတွေ ရှိသည်၊ မောင်လေးတွေ ရှိသည်၊ အချစ်ဆိုတာ မသိ ချစ်ရမည့်သူလည်း မရှိ။ ချစ်သည့်သူလည်း မရှိပါ။ ဒါပေမဲ့ နန အဘိဓမ္မာတွေ ထုတ်ဖော်ပြောရဲသည့် သတ္တိလည်း မရှိပါ။ ရေငုံနှုတ်ပိတ် ခေါင်းညိတ်ခေါင်းခါအလုပ်သည်သာ အန္တရာယ်အကင်းဆုံး ဖြစ်ပါသည်။ သိပ်တော့ မကြာလိုက် ခြောက်လပဲ ရှိမည်။ မမ မေသဇင့် ဖေဖေနှင့် မေမေက သူ့သမီးလေး ရည်းစားနှင့် တွဲသွားတာတွေ့၍ အိမ်မှာ ပြဿနာ ဖြစ်ကြသည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း အိမ်ဖော်မြှောက်ပေးလို့ဟု အပြစ်ဖို့သည်။ ဘာမှမဆိုင်သော်လည်း ဖြေရှင်းရဲသည့် အဆင့်မရှိ၍ အဝတ်အစားအိတ်ကလေးဆွဲကာ ထိုအိမ်ပေါ်မှ ဆင်းခဲ့ရပါသည်။ ဘဝအကျိုးပေးနည်းသည့် အဖြစ်ကို တွေးမိတိုင်း ရင်နာရပါသည်။ သို့သော် ဒီကိစ္စလေးလောက်အတွက်တော့ မျက်ရည်မကျပါ။

[၁၁]

မျက်ရည်မကျမိအောင် အဖေ့စကားကို ကြားယောင်၍ စိတ်ကို တင်းရသည်။ ငယ်ငယ်ကတည်းက ဖေဖေက ခဏခဏ ပြောသည်။ "ဘဝအကျိုးပေးနည်းတာ ရှက်စရာမဟုတ်။ အပြစ်လည်း မရှိ။ ဖြစ်လာတဲ့ဘဝကို ရင်မဆိုင်

ရဲတာက ရှက်စရာအကောင်းဆုံးအဖြစ်" "ဘဝတိုက်ပွဲကို ကျရာကဏ္ဍက ရဲရဲ ဝံ့ဝံ့ ရင်ဆိုင်တိုက်ပွဲဝင်ရမည်။ အနိုင်မခံ အရှုံးမပေးဘဲ တိုက်ပွဲဝင်ရမည်" အဖေ က ခဏခဏ အားပေးစကားဆိုသည်။ သို့သော် အဖေဆုံးပြီး ကျောင်းထွက် ရသောအခါတွင်မူ အားပေးစကား ဆိုမည့်သူမရှိတော့။ တစ်ခါတလေတော့ ဘဝတိုက်ပွဲတွေ ဘာတွေ တွေးမနေချင်တော့။ သူများအိမ်မှာ ထားရာနေ စေရာသွားဘဝကို စိတ်နာသည်။ ဖြစ်နိုင်လျှင် ဘယ်လောက် ပင်ပန်းပင်ပန်း လမ်းတကာလည်၍ ဈေးရောင်းချင်သည်။ မြေကြီးသယ်၊ လမ်းခင်း အလုပ် ကြမ်းလည်း လုပ်ရဲပါသည်။ သို့သော် အခြေအနေက အဝတ်လျှော်၊ ကြမ်း တိုက်၊ ကလေးထိန်း၍ ပြောသမျှနာခံ၊ ခိုင်းသမျှလုပ်၊ ထားရာနေ စေရာသွား ဘဝကိုသာ ပေးသည်။

တစ်သက်လုံး ဒီဘဝမှာပဲ နစ်မွန်းသွားရမလားဟု ရင်နာစွာ တွေးကြည့် မိသည်။ လက်ရှိအခြေအနေမှာတော့ ဘယ်လိုမှ ဒီဘဝမှ မရုန်းထွက်နိုင်။ ညီမလေးတွေကို ပညာတတ် ဘွဲ့ရကြီးတွေ ဖြစ်စေချင်သည်။ လိမ္မာလှသည့် ညီမလေးများကို ဘွဲ့ဝတ်စုံကြီးတွေနှင့် မြင်ယောင်ကြည့်မိသည်။ ထိုတစ်နေ့ တွင် နနလည်း အိမ်ဖော်ဘဝမှ ကျွတ်ရပေမည်။ သံချောင်းခေါက်သံ ငါးချက် ကြားရသည်။ ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံသည် စည်းချက်ညီစွာ ထွက်ပေါ်လာသည်။ အိပ်လိုက်ရလျှင် ကောင်းမလားဟု စဉ်းစားကြည့်သည်။ အိပ်ချင်စိတ်လည်း ပေါ်လာသည်။ တစ်ညလုံး မအိပ်လိုက်ရသည့်အဖြစ်ကို သေချာစွာ စဉ်းစားကြည့်မိသည်။ တစ်စစ မိုးကြီး ချုပ်လာပြီးနောက် သန်းခေါင် သို့တိုင် မည်းမှောင်လာသည့် အကာလ ညအချိန်ကိုကြုံခဲ့ပြီး သန်းခေါင်ထက် ညဉ့်မနက်နိုင်ပါ။ မိုးကောင်းကင်ကြီးသည် နက်မှောင်နေရာမှ ကြည်ပြာရောင် သန်းလာသည်။ မကြာမီ အရုဏ်တက်တော့မည်။ ရှည်လျားလှသည့် ဆောင်း ညတစ်ညကို ကျော်ဖြတ်လွန်မြောက်ခဲ့ပေပြီ။

မကြာမီ အရုဏ်ဦး နေခြည်ကလေးနှင့် ထိတွေ့ရပေဦးမည်။ အခုချိန် ကျမှ အိပ်ရမည်တဲ့လား။ နွေးထွေးတဲ့ အရသာလေးကို တစ်လှည့်ခံစားရဦး မည်။ အိပ်၍ မဖြစ်။ အိပ်ချင်စိတ်ကို ဖျောက်ပစ်ရမည်။ နွေးထွေးလှသည့်

အရက်ဦး၏ ရင်ငွေ့ကို ခိုလှုံရဦးမည်။ အမေ့ဆိုင်လေးထဲမှထွက်၍ အိမ်ပေါ်သို့ တစ်လှမ်းချင်းတက်သည်။ ဘုရားစင်ရှေ့မှာထိုင်၍ ဦးချမိသည်။ ဘုရားရှိခိုးပြီးလျှင် သူတို့အားလုံး နိုးလာချိန်တွင် အဆင်သင့်စားနိုင်အောင် ထမင်းချက်ထားမည်။ အမေ့အတွက် ဆိုင်ခင်းထားမည်။ ညီမလေး ခပ်နေကျ ရေပုံးကို ယူ၍ လမ်းထိပ်ဘုံဘိုင်မှာ ရေသွားခပ်ရမည်။ ပြီးတော့ မောင်ညီမလေးများနှင့် အတူ အရက်ဦး နေခြည်၏အရသာကို တစ်ဝကြီး ခံစားရပေဦးမည်။

*ပန်းဝေသီမဂ္ဂဇင်း*

*၁၉၉၈၊ မတ်လ*

*(မောင်သက်နိုင်ကလောင်အမည်ဖြင့် ရေးသည်)*

# ခံစားချက်မိတ္တူ

"ဟေ့ကောင် ... သက်နိုင်။ မင်း ဒီလထုတ် "ရင်ဖြစ်စကား" မဂ္ဂဇင်း ဖတ်ပြီးသွားပြီလား"

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်း ညိုအေးက လှမ်းမေးသည်။

"ဟင့်အင်း ... ဘာထူးလို့လဲ"

"အေး ... အဲဒီထဲက "စောင့်စားလင့်မျှော် သခင့်အခေါ်ကို" ဆိုတဲ့ ဝတ္ထု ဖတ်ကြည့်စမ်း။ပွင့်ဦးသစ်မဂ္ဂဇင်းထဲမှာပါတဲ့မင်းရဲ့"ဖွဲပကာစ်ချောင်းခြားအချစ်" နဲ့ တော်တော်ကြီးကို တိုက်ဆိုင်နေတယ်။ အမြဲစိမ်းမဂ္ဂဇင်းထဲမှာ ဟိုဆရာကြီး က မင်းတို့ နှစ်ယောက်စလုံးကို ဆော်ထားတဲ့ ဆောင်းပါးပါလာလို့ ငါ သေချာ ဖတ်ကြည့်ထားတာ"

"ဟာ ..."

ညိုအေးစကားအဆုံးမှာ အံ့သြတုန်လှုပ်မှုများစွာနှင့်အတူ ရင်ထဲမှာ ဟာသွားသည်။ နားနှင့် ဆတ်ဆတ်ကြားပါလျက်က နားကြားလွဲတာလားဟု သံသယဝင်သည်။ မဖြစ်နိုင်ဘူးဟူသော စကားကို ရုတ်ခြည်းဆိုရန်လည်း နှုတ်မရဲပြန်။

"ထိုင်လေကွာ၊ ဘာဖြစ်နေတာလဲ မတ်တတ်ကြီး"

ညီးအေးပြောမှ ထိုင်ဖို့ကို သတိရသည်။ အနားမှာ တွေ့သော ခုံတစ်လုံးကို ဆွဲယူထိုင်ဖြစ်၏။ ရင်ထဲမှာတော့ ဒွိဟ။

"ဟော့ကောင် ... သေချာရဲ့လားကွ"

"ဟ ... ငါက မဟုတ်တာ ပြောပါ့မလား။ မင်းကို အဲဒါပြောချင်လွန်းလို့ စောင့်နေတာ"

"ဒါဆို ငါ စာအုပ်တန်းမှာ အဲဒီစာအုပ်သွားရှာလိုက်ဦးမယ်ကွာ"

ထိုင်ခုံမှ ချက်ချင်းပြန်ထ၍ ၃၂ လမ်းကို ဦးတည်လိုက်မိသည်။ နှလုံးသားနှင့်ရင်း၍ ရေးခဲ့ရသော ဝတ္ထုတစ်ပုဒ်။ သို့မဟုတ် "ဖွဲကပစ်ချောင်းခြားအချစ်"။ ဒီဝတ္ထုနှင့် ပတ်သက်၍ တိုက်ဆိုင်မှုဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ တကယ်တမ်းတူနေမည်ဆိုလျှင် မိတ္တူ အကူးခံလိုက်ရခြင်းပင် ဖြစ်မည်။ ဘာပဲပြောပြော လောလောဆယ်တော့ နှစ်ယောက်စလုံးကို ယုန်ထင်ကြောင် ထင် ထင်ကြတော့မည်။

"တောက်"

✦

ပန်းဆိုးတန်းဆိပ်ကမ်းမှ ရန်ကုန်မြစ်တစ်ဖက်ကမ်းကို ဆယ့်ငါးမိနစ်လောက် သင်္ဘောစီးလိုက်ရုံမျှဖြင့် ဒလမြို့သို့ ရောက်သည်။ သို့သော် အကြောင်းမတိုက်ဆိုင်သဖြင့် တစ်ခေါက်မှ မရောက်ဖြစ်ပါ။ သူငယ်ချင်းဆန်နီတို့ ရွာမှာ အလှူရှိသောကြောင့် ရွာအလှူကို ကြံဖူးအောင် အလည်လိုက်မှ တိမ်ပုံကြီးစီး၍ ရန်ကုန်မြစ်ကို ကူးဖူးသည်။ တစ်ဖက်ကမ်းမှ နောက်သို့ပြန်၍ လှမ်းကြည့်လိုက်သောအခါ ကမ်းနားလမ်းကိုပင် လှမ်းမြင်နေရသည်။ ရန်ကုန်မြို့ကြီးနှင့်နီးလျက် ဝေးနေသော ဒလမြို့ကမ်းနားတွင်ပင် ကားဂိတ်များရှိသည်။ ကွမ်းခြံကုန်းကား၊ ကော့မှူးကား၊ တွံတေးကား စသည် ... စသည်။

ဒလမှ တွံတေးသို့ ဂျစ်ကားလေး စီး၍ သွားရသော ဆယ့်ခုနစ်မိုင် ခရီးမှာ ကားဆောင့်၍ ဖင်တကြွကြွဖြစ်နေသောကြောင့် ငြီးငွေ့ဖွယ်အကြောင်း မရှိ၊ ဖောင်းတော်ချုပ်ဘုရားကို ကားပေါ်မှ လှမ်းဖူးရသည်။ ကွမ်းခြံကုန်း၊

ကော့မှူးလမ်းခွဲမှာ တစ်ထောက်နားပြီး တွံတေးမြို့ကို အဝင်မှာ တွံတေးတူးမြောင်းကြီးကို ကားလမ်းနံဘေးမှာပင် လှမ်းမြင်နေရသည်။ ရန်ကုန်မြစ်နှင့်တိုးမြစ်ကို ဆက်သွယ်ထား၍ နစ်ဆယ့်တစ်မိုင်ခန့် ရှည်လျားပါသည်ဟု ငယ်ငယ်က ပထဝီကျက်ရင်း အော်ခဲ့ရသည်တို့ကို သတိရသည်။ ယခုထိ တွံတေးတူးမြောင်းကြီးမှ ရေအလျဉ်နှင့် အပြိုင်ယှဉ်၍ ပြေးနေရလေပြီ။

တွံတေးမြို့ကို ရောက်တော့ အချိန်က ကိုးနာရီသာသာလောက်သာ ရှိသေးသည်။ တွံတေးဆိပ်ကမ်းမှ တစ်ဖန် ပဲ့ထောင်လေးနှင့် ဆန်ရပြန်သည်။ ပဲ့ထောင်ဆိုသည်မှာ တရုတ်နီအင်ဂျင်စက်တပ် စက်လှေခပ်ကြီးကြီးကို ခေါ်ခြင်း ဖြစ်သည်။ ဆန်နီတို့ ဖွဲပကစ်ရွာသို့ သွားမည့် ပွင့်သိန်းဆန်းပဲ့ထောင်ပေါ်မှာ နာရီဝက်လောက် ထိုင်ပြီးမှ ပဲ့ထောင်လေးက စက်စနှိုးသည်။ တွံတေးမြို့ပေါ်မှာ ငါးပုစွန် တက်ရောင်း၍ ဆန်ဆီဆားတွေ ပြန်ဝယ်လာကြသည့် ရွာသူရွာသားများထံမှ ကုန်ဈေးနှုန်းစကားသံတွေက စက်သံကို လွှမ်းနေသည်။

"ဒီတွံတေးတူးမြောင်းအဆုံး တွံတေးဝကိုရောက်ရင် ငါတို့ ချောင်းဝကို လှမ်းမြင်ရပြီ"

နားနားကပ်အော်သောကြောင့် ဆန်နီအသံကိုတော့ ကောင်းကောင်းကြားလိုက်ရသည်။ ချောင်းတစ်ချက် ဟန့်ပြီး ဆန်နီကို ပြန်အော်ရသည်။

"ဒါဆို မင်းတို့ချောင်းက တိုးမြစ်ရဲ့လက်တက်ပေါ့"

"အေးပေါ့၊ အင်္ဂလိပ်ခေတ်တုန်းကတော့ တိုးမြစ်ကို ချိုင်းနား ဗာကာမြစ်လို့ ခေါ်တယ်"

"ဟုတ်လား၊ မင်းက ဗဟုသုတတော့ စုံသားပဲ။ ဒီတွံတေးတူးမြောင်းကိုရော ဘယ်လိုဖောက်လဲ မင်း သိလား"

"သိတာပေါ့၊ ငါ ငယ်ငယ်က လျှောက်ဆော့ရင်း ဒီနေရာကို တုတ်နဲ့ ကောက်ခြစ်လိုက်ရာက တူးမြောင်းကြီး ဖြစ်သွားတာ"

"မင်းအမေ ..."

အရှုံးဖောက်လိုက်သော ဆန်နီစကားကြောင့် စကားဦးပျောက်သွားရသည်။ ခဏကြာမှ ဆန်နီက စကားပြန်စ၏။

"ငါသိသလောက် ပြောရရင်တော့ ဒီတွံတေးတူးမြောင်းကို ၁၉၁၆ - ၁၇ ခုနှစ်လောက်က ဖောက်တာလို့ ပြောကြတယ်။ ဘယ်လောက်ကြာတယ်၊ ဘယ်လိုဖောက်တယ်ဆိုတာတော့ ငါလည်း မသိဘူး"

"ဆူးအက်တူးမြောင်း ဖောက်တုန်းကတော့ ၁၀၁ မိုင်အရှည်ကို ဆယ်နှစ်လောက် ဖောက်ယူရတယ်လို့ ငါ ဖတ်ဖူးတယ်။ ဒီတူးမြောင်းက ၂၁ မိုင်ဆိုတော့ သုံးနှစ်လောက်တော့ ကြာမှာပေါ့နော်"

"ဟုတ်မှာပေါ့"

မသိတာတွေ များနေသောကြောင့် စကားပြတ်သွားသည်။ ပွင့်သိန်းဆန်းလေးက ဖွဲ့ပကစ်ကို ကမန်းကတန်း ချီတက်နေသည်။ ခရီးသည် တော်တော်များများလည်း ငိုက်ကုန်ကြပြီ။

"ဟိုးရှေ့မှာ တွံတေးဝကို လှမ်းမြင်နေရပြီ တွေ့လား။ ရှေ့နားက အုတ်ဘောင်လေးနဲ့ဟာ တွံတေးတူးမြောင်း အခွန်ကောက်ရုံးပဲ"

တွံတေးတူးမြောင်း အခွန်ကောက်ရုံးနားအရောက်တွင် ပဲ့ထောင်လေး တစ်ဖက်တစ်ချက်သို့ ဈေးလှေလေးတွေ ကပ်လာသည်။ သူတို့ လှေတွေပေါ်တွင် အကြော်အလှော်၊ ကွမ်းယာ၊ ဆေးလိပ် အစုံအလင်။

"ပုစွန်ကြော် ဝယ်စားရအောင်"

"အင်း"

ဗိုက်ထဲမှာ ဆာသလိုလိုရှိသောကြောင့် ဆန်နီ့စကားကို မငြင်းဖြစ်။

တွံတေးဝမှထွက်တော့ ရေကြောမသင့်၍ ထင်သည်။ ပွင့်သိန်းဆန်းလေးက လွန့်လွန့်လူးနေသည်။ တိုးမြစ်ကြောင်းထဲကို ရောက်တော့မှ ငြိမ်ချက်သား ကောင်းသွားသည်။ တစ်ခုသော ကမ်းပါးမှာ လက်ျားကြီးအုပ်စု ဟူသော ဆိုင်းဘုတ်သေးသေးကလေးကို ခပ်ရေးရေးလှမ်းမြင်ရ၏။

"ငါတို့ကျောင်းက ဖွဲ့ပကစ်ချောင်းလို့ ခေါ်တယ်။ ဟိုဘက်က တပ်ကျက်ချောင်းက ပန်းလှိုင်ချောင်း၊ ဒီဘက်က ချောင်းက ပလောင်ကြီးချောင်း၊ အဲဒီ သုံးချောင်းကို ပေါင်းပြီး လက်ျားကြီးအုပ်စုလို့ ခေါ်တာ"

"ဪ ... အင်း ... အင်း"

နောက်ဆယ့်ငါးမိနစ်လောက်အကြာမှာပွင့်သိန်းဆန်းလေးက ဖွဲ့ပကာစ်ချောင်းအတွင်းသို့ ခေါင်းတိုးဝင်လိုက်လေပြီ။ ပေနှစ်ဆယ်သာသာ ချောင်းကလေး၏ တစ်ဖက်တစ်ချက်တွင် ရွာတည်ထားသော ဖွဲ့ပကာစ်ရွာကလေး။

✦

ဖွဲ့ပကာစ်ရွာကလေးအကြောင်းကို "ဖွဲ့ပကာစ်ချောင်းခြားအချစ်" တွင် ဤသို့ စတင်သရုပ်ဖော်လိုက်သည်။ "သူငယ်ချင်းဆန်နီ အတင်းခေါ်၍သာ ရောက်ခဲ့ပါသည်။ မိမိရောက်နေသည့် အရပ်က တကယ့်ရွာငယ်ဇနပုဒ်။ တိုးမြစ်ကမ်းနဘေးမှာ မေးတင်ထားသော ချောင်းလက်တက်ကလေး။ ညာဖက်မှာ ပန်းလှိုင်၊ ဘယ်ဘက်မှာ ပလောင်ကြီး၊ အဲဒီချောင်းနှစ်ချောင်းနဲ့ အလယ်က မကျဉ်းမကျယ်နဲ့ ရေစီးတကယ်သန်တဲ့ချောင်းငယ်ကလေး ဖွဲ့ပကာစ်။ ဖွဲ့ပကာစ်ချောင်းကမ်းစပ်မှာ တည်ထားသော ရွာ။

ရင်ဖြစ်စကားမဂ္ဂဇင်းထဲမှ "စောင့်စားလင့်မျှော် သခင့်အခေါ်ကို" ဝတ္ထုအဖွင့်ပိုဒ်ကို ခပ်သော့သော့ကလေး ဖတ်ကြည့်လိုက်မိသည်။

"မို့မို့ တာဝန်ကျသော ပန်းလှိုင်ရွာမူလတန်းကျောင်းကလေးကို လာတက်နေသည့် ဖွဲ့ပကာစ်ချောင်းမှ ကလေးငယ်တစ်ဦးဖိတ်၍ သူတို့အလှူကို သွားဖြစ်ခဲ့ပါသည်။ မိုးတွင်းတွင် သွားရေးလာရေး ခက်ခဲသော်လည်း အခုလို နွေဦးကာလမှာ မို့မို့တို့ ပန်းလှိုင်ချောင်းနှင့် အပြိုင်စီးဆင်းနေသော ဖွဲ့ပကာစ်ချောင်းကို သရက်တောထဲမှ ခြေလျင်ဖြတ်လျှောက်သွား၍ ရသည်။ လက်ျာကြီး တစ်အုပ်စုတည်းမှ ရွာသားတွေမို့ ပန်းလှိုင်နှင့် ဖွဲ့ပကာစ်ဆိုတာ ..."

ဝေခွဲရခက်နေဆဲမှာပင် ဝေဖန်ရေးဆရာကြီး၏ တိုက်ခိုက်သံတွေက နားထဲမှာ လျှံကျလာသည်။

"ဧရိယာစတုရန်း မိုင်ပေါင်းနှစ်သိန်းခြောက်သောင်းကျော် ကျယ်ဝန်းသည့် မြန်မာပြည်ကြီးတွင် ဤပေနှစ်ဆယ်ခန့်သာ ကျယ်သော ဖွဲ့ပကာစ်ချောင်းကလေးသည်သာ ဝတ္ထုရေးစရာတစ်ခုတည်းသော အကွက်အကွင်းဖြစ်နေရာလေရော့သလား။ တစ်ယောက်၏ ဝတ္ထုကို တစ်ယောက်က ဖတ်၍ ဖြန်းရေး

ရှုလိုက်ခြင်းဟုသာ ကျွန်တော် ထင်သည်။ သို့မဟုတ်ပါက ဤချောင်းကလေး အတွင်းမှာပင် စာရေးဆရာ တစ်ရှဉ်းရှိနေလေရော့သလား။ ကျွန်တော်တို့ မြို့ကြီးမှာပင် ရှားရှားပါးပါး စာရေးဆရာဟူ၍ ကျွန်တော် တစ်ယောက်သာ ပေါ်ထွက်ခဲ့သည်။ ပြီးတော့လည်း ကြည့်၊ နောက်ခံဒေသချင်းသာမက ဇာတ်လမ်းချင်းကလည်း ခပ်ဆင်ဆင်။"

သက်ပြင်းမောနှင့်အတူ မျက်စိကို စုံမှိတ်ပစ်လိုက်မိသည်။ ဖွဲပကစ်ခရီးစဉ်ကလေးက မြင်လွှာမှာ လာ၍ထင်ဟပ်ပြန်သည်။

❖

အလှူရှင်ကရန်ကုန်မှဆိုင်းဝိုင်းငှား၍ခေည့်ခံသောကြောင့်ရွာလုံးကျွတ်မျှ ဆိုင်းသံကြားရာသို့ ချီတက်ကုန်ကြသည်။ နေဝင်ရီတရောအချိန်မှာ လျှပ်စစ်မီးမရှိသော ကျေးလက်ရှုခင်းက နွတ်ခမ်းနီပါးနီ မ.သဘဲ နဂိုရည်လှနေသော မိန်းမလှလေးတစ်ယောက်လို။ မကြာမီ မိုးစုတ်စုတ်ချုပ်ပေတော့မည်။ ဒီလိုအချိန်မျိုးမှာ အေးအေးဆေးဆေး လှေလျှောက်လှော်ရအောင်ဟု ဆန်နီကိုအကြံပြုကြည့်သည်။ သိပ်ဆန္ဒရှိပုံမရသော်လည်း "မင်းသွားချင် သွားလေ" ဟု ဆိုသည်။ ဆန်နီတို့အိမ်မှ လှေကလေးက လူနှစ်ယောက်လောက်ပဲ စီးသာသည်။

"ငါငယ်ငယ်ကတည်းက ဒီလှေကလေးနဲ့ ကျောင်းတက်လာတာ"

ဆန်နီက လှေပေါ်ကို လှမ်းတက်ရင်း ပြောသည်။ သူ့နောက်မှ ခပ်သွက်သွက် လှမ်းတက်လိုက်ချိန်မှာ လှေကလေးက တစ်ချက်လူးသွားသောကြောင့် ပြောမည့်စကားပင် ဘယ်ရောက်သွားမှန်း မသိတော့။

"ချောင်းဝဘက် လှော်မလား၊ ချောင်းဖျားဘက် လှော်မလား"

"အလှူက ဘယ်ဘက်မှာလဲ"

"ချောင်းဝဘက်က ဘုန်းကြီးကျောင်းမှာ"

"အဲဒါဆို ချောင်းဖျားပဲ လှော်ကွာ။ လူရှင်းတာပေါ့။ ချောင်းဝက ငါတို့ အလာတုန်းကလည်း ရောက်ခဲ့ပြီးပြီပဲ"

"ချောင်းဝဘက်သွားရင် အသွားမှာ ရေဆန်လှော်ပြီး အပြန်မှာ ရေစုန်လှော်ရမယ်။ ချောင်းဖျားဘက် သွားရင် အသွားစုန်ပြီး အပြန်ဆန်ရမည်။ ဘာမှ မထူးပါဘူးလေ"

ဆန်နီက ညည်းပြော ပြောရင်း လှော်တက်ဖြင့် ကမ်းကို လှမ်းထောက်လိုက်သည်။ ခုနစ်ပေခန့်သာ ရှည်သည့် လှေကလေးက ကမ်းမှအခွာတွင် တလူးလူး တလွန့်လွန့်။ ချောင်းရေစီးက တသွင်သွင်။ ရင်ထဲမှာတော့ တထိတ်ထိတ် ....။

ရှင်နေမင်းက ကောင်းကင်ခရီးကို တစ်နေကုန် ဖြတ်သန်းပြီးနောက် ပင်ပန်းနွမ်းလျစွာဖြင့် အနောက်ဖက် သရက်တောဆီမှာ မှေးအိပ်သွားလေပြီ။ အိမ်လုံးကျွတ်ဆိုင်းဝိုင်းသွားကြည့်ကြသည့် အိမ်များမှာ မှောင်မ ည်းနေသည်။ တစ်အိမ်ခြား နှစ်အိမ်ခြားလောက်သာ မီးရောင်လဲ့လဲ့မြင်ရ၏။

"လွမ်းစရာလေးနော်"

ရင်ထဲက ခံစားချက်ကို ထုတ်ဖော်လိုက်မိသည်။

"ဘယ်သူ့ကို လွမ်းတာလဲ" ၊

"ဘယ်သူ့ရယ်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ လွမ်းတာတော့ အမှန်"

"မင်းတို့ စာရေးတဲ့၊ ကဗျာရေးတဲ့ ကောင်တွေ သောက်ပေါချည်းပဲ"

"အဲဒီလိုတော့ သိမ်းကျုံး ဝါးလုံးနဲ့ မရမ်းပါနဲ့ကွာ။ ဆရာကြီး ဇော်ဂျီတို့လို စာရေးဆရာကြီးတွေကြောင့် တို့ဗမာလူမျိုးတွေရဲ့ အသိဉာဏ် ရှင်သန်နိုးကြားလာခဲ့ရတာ မဟုတ်လား"

ဆန်နီ ငြိမ်သွားသည်။ လှေကလေးကတော့ မငြိမ်။ ချောင်းရေစီးမှာ တလူးလူး ဖြစ်နေသည်။ ဘာရယ်ကြောင့်မှန်းမသိ။ လှေလှော်ကြည့်ချင်စိတ် ပေါက်လာသည်။

"ဟေ့ကောင် ဆန်နီ၊ ငါ့ကို လှော်တက်ခဏပေးကွာ၊ ငါ လှော်ကြည့်ချင်တယ်"

"ဖြစ်ပါ့မလား ... သက်နိုင်ရာ။ မတော်တဆမှောက်နေရင် မင်းက ရေကူးတတ်တာလည်း မဟုတ်ဘဲနဲ့"

"မင်း ကယ်ပေါ့ကွ"

"ငါကလည်းငယ်ငယ်ကတည်းက ရန်ကုန်မှာကြီးတာဆိုတော့ရေသိပ် မကျွမ်းဘူးဟ။ တစ်ယောက်တည်းပဲ ကူးတတ်တာ"

"မမှောက်နိုင်ပါဘူးကွာ။ ငါလည်း နည်းနည်းပါးပါးတော့ ထိန်းလှော် တတ်ပါတယ်"

"အေးလေ ... အဲဒါဆိုလည်း မင်းသဘောပဲ။ ငါ ဦးလှည့်လိုက်မယ်"

လူချင်းမလဲရအောင် လှေကို တစ်ပတ်လှည့်လိုက်ပြီးနောက် ဆန်နီက လှော်တက်ကို လှမ်းပစ်ပေးသည်။

"ရော့ ... ဟေ့ကောင်၊ လှော်တော့ ..."

ဆန်နီ ပစ်ပေးလိုက်သော လှော်တက်ကို လှမ်းအယူမှာပင် လှေ ကလေးက ဟန်ချက်ပျက်ပြီး ညာဖက်သို့ တစ်ချက်တိမ်းသွားသည်။ အခွင့် သာခိုက် လှေဝမ်းထဲကို ဝေါခနဲဝင်လာသော ရေလုံးကြီးကို ကြည့်ကာ ကြောက်အားလန့်အား အော်ဟစ်လိုက်မိပါသည်။

"ဟေ့ကောင် ... မလှုပ်နဲ့ ... မလှုပ်နဲ့"

ဆန်နီက အသည်းအသန်အော်ရင်း လှေနံနစ်ဖက်ကို လက်နှင့်ဖိ၍ ထိန်းသည်။ သို့သော် ဘယ်ဘက်သို့ တစ်ချက်ပြန်အထိန်းမှာ ဆန်နီ ထိန်းထား သည့်ကြားမှ ရေလုံးကြီးက လှေဝမ်းကို ဝါးမြိုသွားသည်။

"ဆန်နီ"

ဝုန်းခနဲ ခုန်ဆင်းသွားသော ဆန်နီကို အားကိုးတကြီး ဟစ်အော်ခေါ်ရင်း လှမ်းဆွဲလိုက်သော်လည်း မမိ။ တစ်ပတ်လည်သွားသော လှေကလေးနှင့် အတူ ဖွဲပကစ်ချောင်းအတွင်းသို့ ခေါင်းစိုက်ဆင်းသွားသည်။ လှေကလေးကို လှမ်းဖက်လိုက်တော့လည်း ချော်ထွက်သွားသည်။ ရေအောက်သို့ လေးငါးပေ ခန့် မြုပ်ပြီးနောက် ရေပေါ်သို့ တစ်ချက်ပြန်ပေါ်လာသည်။ ရုတ်တရက် ရေမျက် နှာပြင်ပေါ် ပြန်အရောက်မှာ ကြောက်လန့်စွာ ကျူးအော်ထည့်လိုက်မိသည်။ သို့သော် ပါးစပ်ထဲ စီးဝင်လာသော ချောင်းရေများကြောင့် အော်သံက မပီ။

ရေမျက်နှာပြင်အောက် ပြန်အရောက်မှာ နလုံးခုန်သံတွေ ရပ်တန့်သွားပြီ ထင်သည်။ မွန်းကျပ်သွားပြီး ရင်ဝမှာ အောင့်လာသည်။ ဘုရားတဖို့ သတိမရနိုင်လောက်အောင် ထိတ်လန့်တုန်လှုပ်နေမိပါသည်။

ချောင်းရေစီးက ရေအောက်သို့ ဆွဲခေါ်သွားပြီး တစ်ဖန် ရေပြင်ပေါ်သို့ တစ်ချက်ပြန်၍ တွန်းပို့ပေးသည်။ ဒုတိယမွိုအော်ဖို့ ကြိုးစားကြည့်သည်။ အော်၍မရတော့။

ဒါပေမဲ့ ရေမျက်နှာပြင်ပေါ်ရောက်အောင် ထောင်ထားသောလက်ကို တစ်စုံတစ်ရာက ဆွဲယူလိုက်သည်ဟု သိလိုက်သည်။ ရေပေါ်ကို တစ်ချက် ယက်တက်လိုက်ပြီး အားကိုးတကြီး ဖက်တွယ်လိုက်သည်။

"အရမ်းမဖက်နဲ့။ နှစ်ယောက်စလုံး နစ်ကုန်မယ်"

ကယ်တင်ရှင်၏ အမိန့်အတိုင်း လိုက်နာနိုင်ရန် ကြိုးစားလိုက်သည်။ သို့သော် သူ စွန့်ခွာသွားမှာကို စိုးထိတ်စွာဖြင့် သူ့ကိုယ်မှ အဝတ်စကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိသည်။ ကယ်တင်ရှင်က ခါးကို မ.၍ တွန်းတင်လိုက်မှ ကမ်းပေါ်ရောက်ပြီဟု သတိပြုမိသည်။ ကမ္ဘာမြေကြီးကို ဝမ်းသာအားရ ကျိုးဖက်လိုက်မိပါတော့သည်။

"အို ..."

ကမ္ဘာမြေကြီးက လက်ထဲမှ ရုန်းထွက်သွားသည်။ မျက်စိကို အားယူ၍ ဖွင့်ကြည့်လိုက်တော့ ကမ္ဘာမြေကြီးကို မဖက်မိဘဲ မိန်းကလေးတစ်ယောက်ကို ဖက်ထားမိသည်ဟု သတိပြုမိသည်။

"ဟာ ... ဆောရီး၊ ကျေးဇူး ..."

စကားဆုံးအောင် မပြောနိုင်မီ ရင်ထဲမှ ချောင်းရေတို့ အန်ထွက်လာသည်။

"တော်သေးတာပေါ့ ... သက်နိုင်ရာ၊ ကယ်မဲ့လူရှိလို့။ ငါကလည်း ကိုယ့်ဘာသာတောင် အနိုင်နိုင်ကွ"

ဆန်နီက အနားရောက်လာပြီး ငိုသံပါကြီးနှင့် ပြောသည်။ ရေထဲ ခုန်ဆင်းသွားသော အသံတစ်ချက်ကြားသည်။ မဂ္ဂီမေခလာရေထဲ ပြန်ဆင်းသွားပြီ။

"ငါ့ကို ထူပေးစမ်းပါ"

ဆန်နီက နောက်ကျောမှ မ.ပေးသည်။ ချောင်းတစ်ဖက်ကမ်းပေါ်တက်သွားသော ထဘီအစိမ်းလေးကို ရင်လျားထားသည့် အမျိုးသမီးကို ခပ်ဝါးဝါးသာ လှမ်းမြင်လိုက်ရပါသည်။

"ပွင့်ဦးသစ်" မဂ္ဂဇင်းထဲမှ ကိုယ့်ဝတ္ထုလေး ကိုယ်ပြန်လှန်ကြည့်နေမိသည်။ ဖွဲပကာစ်ချောင်းအတွင်း ရေနစ်စဉ်က ကယ်တင်ပေးခဲ့သော သူမအတွက် မှတ်မှတ်ရရ ရေးဖွဲ့ ခဲ့ခြင်း ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းချုပ်က ပန်းလှိုင်ချောင်းမှ ဆရာမလေးက ဖွဲပကာစ်ချောင်းမှ ကျောင်းဆရာအသစ်ကလေးကို ရေနစ်နေရာမှ ဆယ်ယပေးလိုက်သည့်ဇာတ်ဖြစ်သည်။ သူမ အသက်အရွယ်နှင့် ရင်လျားထားသော ထဘီအစိမ်းလေးကြောင့် ဆရာမလေးဟု မှန်းဆရေးချလိုက်ခြင်းဖြစ်သည်။

"ရင်ဖြစ်စကား" မဂ္ဂဇင်းထဲမှ "စောင့်စားလင့်မျှော် သခင့်အခေါ်ကို" ဝတ္ထုဇာတ်လမ်းလေးကို ဖတ်ကြည့်လိုက်သောအခါ ပန်းလှိုင်ရွာမှ ဆရာမလေး မို့မို့အနေဖြင့် ရေးသားထားခြင်း ဖြစ်နေသည်။ သူမ၏ တပည့်တစ်ယောက် ဖိတ်၍ ဖွဲပကာစ်ချောင်းမှ အလှူကိုသွားရင်း ရေနစ်နေသူတစ်ဦးကိုတွေ့၍ ဆယ်ယပေးလိုက်သည်။ ထိုသူနှင့် သူမတို့ တစ်ယောက်နှင့်တစ်ယောက်မိတ်ဆက်ရင်း ခင်မင်ရင်းနှီးသွားကာ အလှူပွဲခင်းထဲမှာ အတူတူလျှောက်လည်ခဲ့ပုံလေးတွေကို ကြည်နူးဆွတ်ပျံ့ဖွယ် ဖွဲ့ဆိုထားသည်။

နောက်တစ်နေ့မနက် ထိုသူ ရန်ကုန်ကို ပြန်သွားသည့်အခါ သူမ ရင်ထဲမှာ ခံစားကျန်ရစ်ခဲ့သည့် ဝေဒနာတွေကို လွမ်းမောဖွယ် ဆက်လက်ရေးသားထားသည်။ ဇာတ်သိမ်းခန်းမှာတော့ "စောင့်စားလင့်မျှော် သခင့်အခေါ်ကို" ဟူသော ခေါင်းစဉ်နှင့်အညီ "လာလည်ပါဦးမည်ဟု ဆိုသွားသော ထိုသူ့ကိုမျှော်လင့်စောင့်စားနေသည့်အကြောင်းလေး ပြောရင်း ဇာတ်သိမ်းထားသည်။

"ရင်ဖြစ်စကား" ကိုပိတ်၍ "အမြဲစိမ်း" မဂ္ဂဇင်းထဲမှဝေဖန်ရေးဆောင်းပါးပါ စာမျက်နှာကို ဖွင့်လိုက်သည်။ သူခိုးဖမ်းသူဟု နာမည်ကြီးသော ဝေဖန်တိုက်ခိုက်ရေးဆရာကြီး၏ ဝေါဟာရတိုက်ပွဲကြီးကို ရင်ဆိုင်ရပြန်သည်။

ဟုတ်ဟုတ် မဟုတ်ဟုတ် သူ နာမည်ကြီးပြီးရောဆိုပြီး ဖွတ်ဝေဖန်တတ်သော ဆရာကြီးကို အကြောင်းသိများက အော်ကြောလန်နေပြီဖြစ်သော်လည်း မဂ္ဂဇင်းပရိသတ်များကြားမှာတော့ သူ့အမည်က ရေပန်းစားသည်။ ဝါရင့်စာရေးဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုကဗျာများကိုပင် မည္သာမတာ နိုင်ငံတကာဝတ္ထုကဗျာများနှင့် ဖွတ်တိုက်ပြ၍ မှိုငြမ်းပါသည်ဟု စွပ်စွဲပြီး နာမည်ကြီးလာသော ဝေဖန်ရေးဆရာကြီးများထဲမှာ သူလည်း ပါသည်။ ဂဃနဏမသိဘဲ မှန်းဆ၍ ကောလာဟလ ငှီကာဖွင့်နေသူများကြောင့် နေရာတကာမှာ ပြဿနာ။

ဒါပေမဲ့ သူ့ဆောင်းပါးထဲက စာကြောင်းလေးတစ်ခုအတွက်တော့ ကျေးဇူးတင်ရမည် ထင်သည်။ "ဘယ်နည်းနှင့်မျှ မဖြစ်နိုင်သော်လည်း" သနားသောအားဖြင့် ညာညာတာတာ ဝေ့ရမည်ဆိုလျှင် ဖွဲ့ပကစ်ချောင်းအတွင်း ရေနစ်နေသူ စာရေးဆရာလေးကို စာရေးဆရာမလေးတစ်ယောက်က ...

မဂ္ဂဇင်းစာအုပ်ကို ပြစ်ချ၍ ရင်ဖြစ်စကားမဂ္ဂဇင်းတိုက်ရှိရာ သုံးဆယ့်သုံးလမ်းသို့ ထွက်ခဲ့သည်။ အဆင်သင့်တွေ့သော ခင်မင်ရင်းနှီးနေသည့် တာဝန်ခံစာတည်းကို တေဇကို မေးမြန်းစုံစမ်းကြည့်မိသည်။

"ခင်ဗျားတို့ မဂ္ဂဇင်းထဲမှာပါတဲ့ "စောင့်စားလင့်မျှော် သခင့်အခေါ်ကို" ဝတ္ထုရေးတဲ့ စာရေးဆရာမ နင်းကဗျာဆိုတာ ရန်ကုန်ကပဲလား"

"မဟုတ်ဘူးဗျ၊ အဲဒီစာမူက စာတိုက်ကလာတာ၊ ဧရာဝတီတိုင်းဘက်ကပဲဗျာ"

"ဟင် ... ဟုတ်လား၊ ကူညီစမ်းပါဗျာ။ ကျွန်တော် သူ့လိပ်စာလေး သိချင်လို့"

ကိုတေဇက စာမူမှတ်တမ်းစာအုပ်ကြီး ဖွင့်၍ရှာပေးပါသည်။

"ဒီမှာ တွေ့ပြီဗျ။ မို့မို့ခိုင်၊ ပန်းလှိုင်ရွာ၊ လက်ျာ:ကြီးအုပ်စု၊ မအူပင်မြို့နယ်တဲ့"

"ဟင်"

ရင်ထဲမှာ အံ့ဩစိတ်နှင့်အတူ အတိုင်းမသိ ဝမ်းသာကြည်နူးသွားမိသည်။

"ဘာဖြစ်တာလဲဗျ"

ထိုင်ရာမှပင် ယောင်ရမ်း၍ ထရပ်လိုက်မိသောကြောင့် ကိုတေဇာက တအံ့တဩမေးသည်။

"အဲဒါ ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ဗျ။ ခုမှပဲ အတိအကျ သိရတော့တယ်။ ကျွန်တော် မနက်ဖြန် ပန်းလှိုင်ကို သွားမယ်ဗျာ"

ဖွဲပကာစ်ချောင်းခြား အချစ်။

စောင့်စားလင့်မျှော် သခင့်အခေါ်ကို၊

ဦးခေါင်းချင်း ရိုက်မိလေသလား၊ ဝေဖန်ရေးဆောင်းပါး။

အဲဒါတွေအားလုံး ဦးနှောက်ထဲမှာ တဒင်္ဂပျောက်ကွယ်သွားလေပြီ။ ဦးနှောက်ထဲမှာရော ရင်ထဲမှာပါ မနက်ဖြန် ပန်းလှိုင်ရွာမှာ တွေ့ရမည့် ကျေးဇူးရှင် ဆရာမလေးပဲ ရှိသည်။ ရေးချင်သမျှ ကောလာဟာလ ဝေဖန်ရေးတွေ ရေးကြစမ်းပါစေ ....။

# အဖြူရောင် အမိုက်မှောင်

မြို့မျက်နှာဖုံး လူကြီးလူကောင်းတစ်ဦးနှင့် တွေ့ရမှာမို့ ကေနိုင် ရင်တွေ တဒိတ်ဒိတ် ခုန်သည်။ နွမ်းပါးသောဘဝအကျိုးပေးအခြေအနေကြောင့် ဘယ်ပွဲလမ်းသဘင်မှ မဝင်ဖူးသော်လည်း ဦးကျော်ဇင်ကိုတော့ ကေနိုင် ကောင်းကောင်း သိပါသည်။ ဘုရားဒကာ၊ ကျောင်းဒကာ၊ မြို့ဒကာဟုပင် ဆိုရမည် ထင်သော ဦးကျော်ဇင်ကို ကေနိုင်တို့ တစ်မြို့လုံး မသိသူမရှိ။ ဦးကျော်ဇင်ကတော့ တစ်မြို့လုံးကို ဘယ်နည်းနှင့်မျှ သိမည်မထင်ပါ။ သို့သော် ထိုဦးကျော်ဇင်က ကေနိုင်ကို တွေ့ချင်ပါသည် ဆိုသောအခါ ကေနိုင် ရင်ထဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရပါသည်။

မုဆိုးမမိခင်အိုကြီးနှင့် မောင်လေးနှစ်ယောက် ရှေ့ရေးသည် အမေ ဈေးဆိုင်လေးမှ ဝင်ငွေတစ်ခုတည်းနှင့် မသေချာ မရေရာဟု သိခဲ့ရသည့် အချိန်မှစ၍ ကေနိုင် တွေ့သမျှလူကို အလုပ်ရှာပေးဖို့ ပူဆာခဲ့သည်။ ကိုးတန်းတက်စနှစ်မှာပင် ကျောင်းထွက်ခဲ့ရသည်မို့ အစိုးရအလုပ်ကလည်း မလွယ်။ ဘာအလုပ်ပဲရရ လုပ်ပါ့မယ်ဟူသောစကားကြောင့် လမ်းထိပ်မှ အောင်မြင့်က အခုလို ဦးကျော်ဇင်နှင့် လာတွေ့ ခိုင်းခြင်း ဖြစ်သည်။ ဒါပေမဲ့ ဦးကျော်ဇင်က အိမ်မှာ အတွေ့မခံ။ "ဆုံဆည်းရာ" စားသောက်ဆိုင်မှာ စောင့်နေပါဟု အကြောင်းကြားသည်။

အမေ့ကို အကျိုးအကြောင်းပြောပြတော့ အမေက တွေဝေငေးမောနေသည်။ ခဏကြာမှ "သမီးလည်း အရွယ်ရောက်နေပြီပဲလေ။ ဘာအလုပ်ပဲလုပ်လုပ် ကိုယ့်အသိဉာဏ်နဲ့ ကိုယ် စဉ်းစားလုပ်ပေါ့" ဟူသော စကားကို သက်ပြင်းမောနှင့်အတူ ဆိုသည်။ တစ်ယောက်တည်း သွားရန်မဝံ့သည်မို့ မောင်လေး ကိုတိုးကို အဖော်ခေါ်ကာ "ဆုံဆည်းရာ"မှ စောင့်ဖြစ်သည်။ ဆိုင်ရှေ့ကို ဦးကျော်ဖင်ကားကြီး ထိုးရပ်လာပေမဲ့ ဦးကျော်ဖင်ကား ပါမလာ။ ကားရှေ့ခန်းမှ ကိုအောင်မြင့်နှင့်အတူ ဆင်းလာသော သားသားနားနား လူကြီးကိုတော့ ဦးကျော်ဖင် တူဟု အများနည်းတူ ကေခိုင်လည်း သိထားပါသည်။ သူတို့နှစ်ယောက်စလုံးက ပွင့်လင်းဖော်ရွေသော အပြုံးကိုယ်စီနှင့် နှုတ်ဆက်သည်။ ပြီးတော့မှ ကိုအောင်မြင့် မိတ်ဆက်ပေးသော ဦးကျော်ဖင့်တူ ကိုမျိုးဝင်းဆိုသူက အလုပ်ကိစ္စကို စဆွေးနွေးသည်။

❖

ရန်ကုန်-မန္တလေး ညအမြန်ရထားကြီးက ရန်ကုန်မြို့ကြီးကို ဒေါသတကြီး ကျောခိုင်းထွက်ခွာလာသည်။ အထက်တန်းတွဲမှ ခရီးသည်အများစုမှာလည်း ငိုက်စပြုလေပြီ။ မငိုက်နိုင်သေးသော လူနည်းစုထဲမှာ ကေခိုင်လည်း ပါသည်။ ဘေးပြတင်းပေါက်မှ မြင်နေရသော ရထားလမ်းဘေးတစ်လျှောက် ညမြင်ကွင်းများမှာ နောက်ဖက်အရပ်တွင် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်သည်။ ခပ်ဝေးဝေးမှ မှိတ်တုတ်မှိတ်တုတ် မီးပွင့်လေးများကို လက်ခနဲ လက်ခနဲ မြင်နေရသည်။ ကေခိုင် ဖြတ်သန်းခဲ့ရသော အတိတ်ခရီးလမ်းတလျှောက်မှ သတိရစရာ ဖြစ်ရပ်ကလေးများကလည်း အတွေးထဲကို ကွက်ခနဲ ကွက်ခနဲ ဝင်လာသည်။

လက်ရှိ ကေခိုင်ဘဝသည် ကိုမျိုးဝင်းနှင့် ပထမဦးဆုံး တွေ့သည့်နေ့ကစသည်ဟု ဆိုရမည် ထင်သည်။ ထိုနေ့မှာပင် ကေခိုင် အလုပ်တစ်ခုကို လက်ခံလိုက်မိသည်။ ကေခိုင် လုပ်ရမည့်အလုပ်က ကာယ်ရီယာ။ ရန်ကုန်မှ မန္တလေး

သို့။ မန္တလေးမှတစ်ဆင့် ကေခိုင်တို့မြို့ သူတို့ အဆက်အသွယ်များဖြင့် စီစဉ်ပေးထားသော ခရီးစဉ်အတိုင်း အလိုက်သင့်သွားရမည်။ မဲ့တစ်ပေါက် မစွန်းစေရဟု အာမခံသည်။ သို့သော် ဘာပစ္စည်းတွေလဲဆိုတာတော့ ကေခိုင် လုံးဝသိခွင့်မရှိ။ မသိရ။ ဥပဒေနှင့် ငြိစွန်းမှု ရှိ မရှိ ကေခိုင်အမေးကို ရက်သတ္တတစ်ပတ်ခန့်သာ ကြာမည်ဖြစ်သော ခရီးစဉ်တစ်ခုအတွက် "လုပ်အားခငွေသုံးသိန်း"ဟူသော စကားဖြင့် ပိတ်ချဖြေသည်။ လက်ရှိအခြေအနေအရ ကေခိုင်မှာ ငြင်းဆန်နိုင်စွမ်းမရှိတော့။ တစ်လ တစ်ခေါက်လောက် မှန်မှန်သယ်ပေးရမည်ဟု ဆိုသည်။ ကေခိုင်လည်း ခေါင်းညိတ်လက်ခံလိုက်မိပြီ။

သို့သော် ဒုတိယတစ်ခေါက် ရန်ကုန်မှအပြန် ရန်ကုန်-မန္တလေး ညအမြန်ရထားကြီး၏ အိမ်သာခန်းအတွင်းမှာတွင် ကိုယ်မှာ ဝှက်ယူလာသောအထုပ်ကိုဖွင့်ချ လေ့လာကြည့်မိစဉ် လိပ်ပြာလွင့်မတတ် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။ ဒီအလုပ်ကိုလည်း ရပ်တန်းက ရပ်တော့မည်ဟု ဆုံးဖြတ်ချက် ချဖြစ်သည်။ မြို့ ပြန်ရောက်တော့ ထုံးစံအတိုင်း "ဆုံဆည်းရာ" မှာ ကိုမျိုးဝင်းကို ပစ္စည်း တွေအပ်ရင်း ဆက်မလုပ်နိုင်ငဲတော့ကြောင်း ဖွင့်ပြောဖြစ်သည်။

ငွေခြောက်သိန်းနှင့်ရင်း၍ ရိုးရိုးသားသား လုပ်ကိုင်စားသောက်သွားတော့မည်ဟု ကေခိုင် ဆုံးဖြတ်သည်။ သို့သော် ကေခိုင် ထင်သလို ဖြစ်မလာပါ။ ပုံစံပျက်နေသော ပစ္စည်းများကိုကြည့်ရင်း ကိုမျိုးဝင်း သိသိသာသာ မျက်စိမျက်နှာပျက်သွားသည်။ ပြီးတော့ တစ်ခွန်းတည်းသောစကားကို ခပ်ပြတ်ပြတ်ပြော၍ လှည့်ထွက်သွားသည်။ "မင်းကို ထောင်ထဲ အရောက်ပို့ပေးနိုင်တဲ့သက်သေအထောက်အထားတွေ ငါတို့ဆီမှာ ခိုင်ခိုင်လုံလုံ ရှိနေတယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

သူ့စကားသံကို ပြန်ကြားယောင်မိစဉ်မှာပင် ကေခိုင် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်ရထားကြီးကတော့ အဟုန်မတန့်။

✦

"မမခိုင် ... ကျွန်တော့်ကို တစ်ခုခု လိုက်ကျွေးစမ်းပါဗျာ"

"ရပါတယ် မောင်လေးက ဘာစားချင်လို့လဲ"

မောင်လေးကိုဖြိုး စကားကို အလိုက်သင့် တုံ့ပြန်ရင်းက "မေမေ့ဖို့ ဘာဝယ်ခဲ့ရမလဲ" ဟု လှမ်းမေးဖြစ်သည်။ ကိုတိုးကတော့ သူ့အတွက် ရန်ကုန်မှ ဝယ်လာသော ပြိုင်ဘီးလေးစီးကာ သူငယ်ချင်းများနှင့်အတူ တစ်မြို့လုံး ပတ်နေပြီထင်သည်။ ကေခိုင် မတက်နိုင်ခဲ့သော ဆယ်တန်းကို မောင်လေးကိုတိုးအား ထားပေးနိုင်ပြီဖြစ်၍ ကေခိုင် ကျေနပ်ပါသည်။ ကိုဖြိုးကိုလည်း ကြိုးစားဖို့ ဆုံးမရဦးမည်ဟု တွေးရင်း ကိုဖြိုး စက်ဘီးနောက်မှာ တက်ထိုင်ဖြစ်သည်။

"ကျွန်တော်လည်း ရန်ကုန်ကို တစ်ခေါက်လောက် လိုက်ချင်လိုက်တာဗျာ"

"နောက်တော့မှ တို့ မိသားစုတွေ သွားလည်ကြတာပေါ့"

ကိုဖြိုးကို နှစ်သိမ့်ရင်းက ထိုင်နေကျ "ဆုံဆည်းရာ" ရှေ့မှာ အရပ်ခိုင်း လိုက်သည်။

"ကဲ ... မောင်လေး စားချင်တာမှာ"

"မမခိုင် စားချင်တာမှာပါ။ ကျွန်တော် စားချင်လို့ မဟုတ်ပါဘူး။ မမခိုင်ကို ပြောစရာရှိလို့ အိမ်မှာပြောရင် မေမေ ရိပ်မိနေမှာစိုးလို့"

ကိုဖြိုးစကားကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ကေခိုင် လုပ်နေသည့်အလုပ်ကို ရိပ်မိများသွားပြီလားဟု စိတ်ထဲ တကြိတ်ချ တွေးပူမိပြန်သည်။ ခုချိန်ထိ ကေခိုင် သယ်ယူပေးနေသည့် ပစ္စည်းအမျိုးအစားကို တစ်မိသားစုလုံး မသိကြသေးပေ။

"ဘာပြောမှာလဲ ကိုဖြိုး"

သိချင်ဇောနှင့် ခပ်လောလော ပြန်မေးဖြစ်သည်။ စိုးရိမ်ပူပန်စိတ်ကို အားတင်းထိန်းချုပ်ထားရ၏။ အနည်းငယ်စိမ်းသယောင်ဖြစ်နေသောမိသားစုလေးကို လျစ်လျူရှုထားသလိုများ ဖြစ်နေပြီလားဟု ပထမဆုံးအကြိမ် အတွေးဝင်သည်။

"ကိုတိုးအကြောင်း ပြောမလို့ပါ"

စိတ်ထဲမှာ နည်းနည်းပေါ့သွားသော်လည်း တစ်မျိုးစိုးရိမ်ရပြန်သည်။

"ကိုတိုး ဘာဖြစ်လို့လဲ"

"ကျွန်တော် ကြည့်နေတာကြာပြီ မခိုင်။ သူ့သူငယ်ချင်းတွေဆီက ရတဲ့ သတင်းအရရော၊ ကျွန်တော့်သူငယ်ချင်းတွေဆီကရတဲ့ သတင်းအရရော သေချာသလောက် ဖြစ်နေပြီ မေမေကတော့ ဘာမှရိပ်မိပုံမရသေးဘူး"

"ဘာသေချာတာလဲ"

"သူ ဆေးစွဲနေပြီ မမခိုင်"

"ဘာ"

ကေခိုင် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ ကိုဖြိုး ဆက်ပြောနေသော စကားတွေကိုလည်း မကြားတစ်ချက်၊ ကြားတစ်ချက် ကေခိုင်အမြင်အာရုံမှာ ကိုအောင်မြင်ပုံလွှာက ဦးစွာပေါ်လာသည်။ ပြီးတော့ ကိုမျိုးဝင်း၊ ဦးကျော်ဇင် ၁၉၇၄ ခု မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ထောင် ဒဏ် ဆယ်နှစ် သို့မဟုတ် တစ်သက်တစ်ကျွန်း မောင်လေးကိုတိုး၏ မွန်ရည် ခန့်ညားသော ပုံလွှာ။ မောင်လေးမျက်နှာမငယ်ရအောင် အမေ မသိဘဲ ကျိတ် ပေးခဲ့သည့် ငွေတွေ။ ကိုမျိုးဝင်းထံမှရသည့် တစ်ခေါက်သုံးသိန်း။ ကေခိုင် ဦးနှောက်တွေ ချာချာလည်ပြီ။ နလုံးသားမှာ ဗလောင်ဆူပြီ။ ရင်ထဲမှာ ဆောက် တည်ရာမရတော့။ ကိုဖြိုးမျက်နှာကို အားယူ၍ ကြည့်မိသည်။ မပီပိုးတဝါး မြင်လွှာမှာ မျက်ရည်ငွေ့တို့ ကာဆီးသည်။

ရုတ်တရက် ဖတ်ဖူးသော ဆောင်းပါးတစ်ပုဒ်ကို သတိရသည်။ မူးယစ် ဆေးဝါးသုံးစွဲနေသူများ၏ ရှစ်ဆယ်ရာခိုင်နှုန်းခန့်တွင် အေအိုင်ဒီအက်(စ်) ရောဂါပိုးကို တွေ့ရှိနေရသည်။ ၎င်းတို့ အသုံးပြုသည့် ဆေးထိုးအပ်များမှ တစ်ဆင့် အလွယ်တကူ ကူးဆက်နေသည်။ ဤသို့ဆိုလျှင် ...

"တောက် ... ဒီမူးယစ်ဆေးဝါးတွေကို သယ်သူ ရောင်းချနေတဲ့ လူတွေ နယ်ဗျာ တခြားလုပ်စားစရာ နည်းလမ်းမရှိတော့ဘူးလား မသိပါဘူး"

ကိုဖြိုး စကားအဆုံးမှာ ကေခိုင် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ တစ်ပြိုင်တည်းမှာပင် မမျှော်လင့်သော သတ္တိသွေးတို့ နိုးကြွလာသည်။

"ကိုဖြိုး မင်းပြန်တော့၊ မမသွားစရာ ရှိသေးတယ်"

စကားအဆုံးမှာ ဂုန်းခနဲ ထရပ်ပြစ်လိုက်သည်။ ကေခိုင် အပြစ်တွေကို ကေခိုင် ဝန်ခံဆေးကြောရမည်။ ကိုတိုးတို့လို လူငယ်တွေအပေါ်မှာ တင်ရှိနေသော ကေခိုင် မိုက်ကြွေးတွေကို ကေခိုင် ရဲဝံ့စွာ ပေးဆပ်မည်။ သို့သော် တစ်ယောက်တည်းတော့ မဟုတ်။ ကေခိုင်သည် အဓိကလူလည်း မဟုတ်။ အဓိကတရားခံဖြစ်သော ဦးကျော်ဇင်တို့ တစ်ဖွဲ့လုံးကို လက်ပူးလက်ကြပ် မိစေရမည်။ မြို့မျက်နှာဖုံးကြီးကို မျက်နှာဖုံးချွတ်ပေးရမည်။ ပြီးတော့မှ သူတို့နှင့်အတူ ကေခိုင်လည်းထောင်ထဲဝင်မည်။ဤဆုံးဖြတ်ချက်သည်မောင်လေးကိုတိုးတို့ အရွယ်လူငယ်တွေအတွက်၊ ပြီးတော့ ကိုဖြိုးတို့အရွယ် အနာဂတ်လူငယ်တွေ အတွက်။ ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ... ရဲဝံ့သောခြေလှမ်းများဖြင့် ... အဖြူရောင်အမိုက်မှောင်မှ တိုးထွက်ရန်အတွက်။

# တစ်ရေးနိုးအချစ်

"ဒီစာအုပ်ကလေး ဘယ်လောက်လဲဗျ"

"ငါးထောင်"

"ဟ ... များလှချည်လားဗျ"

"ခင်ဗျားတို့ အဲဒါတွေ ခက်တာပေါ့။ ဒီဆရာကြီး စာတွေ ကဗျာတွေက တန်ဖိုးဖြတ်လို့ မရဘူးဗျ"

ရင်ထဲမှာ အောင့်သက်သက်နှင့် အခံရခက်သည်။ တန်ဖိုးဖြတ်မရရင် ဘာဖြစ်လို့ ငါးထောင်နဲ့ ရောင်းသလဲမသိ။

"ကျွန်တော် နားလည်တာပေါ့ဗျာ။ ကျွန်တော့်လက်ထဲရောက်လာရင် ဘယ်လောက်ပေးပေး တစ်သက်လုံး ပြန်မရောင်းဘူး။ ဒါပေမဲ့ ခင်ဗျားက အရောင်းအဝယ်လုပ်နေတာဆိုတော့ ..."

ပြဿနာတက်မည်စိုး၍ စိတ်တွင်းကပဲ ရေရွတ်လိုက်ပါသည်။ လက်တွင်းက စာအုပ်ကလေးကို စိတ်မကောင်းစွာပင် ပလက်ဖောင်းပေါ် ပြန်ချ၍ ကုန်းထလိုက်မိသည်။

"အို ..."

"ဟာ ... ဆောရီးဗျာ"

ပလက်ဖောင်းတလျှောက် ခပ်သွက်သွက် လျှောက်လာသူ တစ်ဦးနှင့် တိုက်မိ၍ တောင်းပန်စကား ဆိုရပြန်သည်။

"ဩော် ... ဘယ်သူများလဲလို့ စာရေးဆရာကြီးပဲ"

ထာဝရအမှတ်ရနေသည့် သံစဉ်လေးကြောင့် ဝင်တိုက်လိုက်မိသူကို အလန့်တကြား လှည့်ကြည့်မိသည်။

"အင်း ... စိမ်း"

"ဘာလဲ ... ကိုနိုင် စာအုပ်လာဝယ်တာလား"

အဖြူစင်ဆုံး အပြုံးလေးကို အလှဆုံးပြုံး၍ ဣန္ဒြေမပျက်မေးသည်။ တစ်ချိန်က အခေါ်အဝေါ်လေးမှာပင် ပြောင်းလဲခြင်းအရိပ်အငွေ့မပါ။ မသိမသာ သက်ပြင်းချရင်းက မသက်မသာခေါင်းညိတ်ပြမိပါသည်။

"ဘာစာအုပ်လဲဟင်၊ စိမ်း လက်ဆောင်အဖြစ် ဝယ်ပေးပါရစေ"

"ဟာ ... နေပါစေ စိမ်း၊ ကိစ္စမရှိပါဘူး ရပါတယ်"

အလိုက်အထိုက် စကားပြောရင်းက စိမ်း မျက်နှာကို အသေအချာ စိုက်ကြည့်မိသည်။ အရင်လို အလယ်ခွဲဆံပင်ရှည်များအောက်မှ လှပဝိုင်းစက်သော သူ့မျက်နှာတွင် ပြောင်းလဲခြင်းအလျဉ်းမရှိ။ တစ်ချိန်က မြတ်နိုးတွယ်တာစွာ နမ်းခဲ့ဖူးသည့် ပါးပြင်လေးများဆီ အကြည့်အရောက်မှာ နစ်နစ်လောက် ကွယ်ပျောက်နေသည့် ရင်ခုန်သံကို တစ်ကြော့ပြန်၍ ကြားရသည်။

"ကိုနိုင် အရေးတကြီးကိစ္စမရှိရင် တစ်ဆိုင်ဆိုင် ခဏထိုင်ရအောင်နော်။ မတွေ့ရတာကြာတော့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"အင်း ... ကြိုက်တဲ့ဆိုင် ထိုင်လေ"

တစ်ချိန်ကလိုပင် သွက်လက်သော လှုပ်ရှားမှုများဖြင့် စိမ်းက ဦးဆောင်၍ ခြေလှမ်းစသည်။ လမ်းဘေးဝဲယာမှ စာအုပ်များကို သဲသဲမဲမဲ အာရုံပြုနေသူများကို ကိုယ်ချင်းစာ၍ အတတ်နိုင်ဆုံး လွတ်ကင်းအောင် လျှောက်နေမိသည်။ မသိမသာရှေ့ရောက်နေသည့် စိမ်း၏ လက်ဖဝါးနုနုလေးဆီ အကြည့်အရောက်မှာ တစ်ချိန်က ထိုလက်ကလေးကို ဆုပ်ကိုင်၍ လျှောက်လှမ်းခဲ့သည်တို့ကို အမှတ်ရနေမိသည်။ အမှုမဲ့ အမှတ်မဲ့ဖြင့် နစ်နစ်ဆိုသည့် အချိန်ကာလကို လက်လွတ်ဆုံးရှုံးလိုက်ရပြီဟု သတိပြုမိသည်။ ဤနစ်နစ်အတွင်းမှာ ညစောင့်ဘဝ၊ နေ့စားဘဝဖြင့် ကျင်လည်ရင်း ဝါသနာတူ သူငယ်ချင်းများ

နှင့်အတူ ရန်ကုန်မြို့ကြီးကို ဖက်တွယ်နေခဲ့မိသည်။ တစ်ခါတရံသာ ရသည့် စာမူခလေးများသည် သူငယ်ချင်းတစ်စု၏ အသုံးစရိတ်ပင်။ အတွေးလွန်နေစဉ်မှာပင် စိမ်းဦးဆောင်မှုဖြင့် လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ဖြစ်သည်။ အရင်လို ဘေးချင်းကပ် ခုံချင်းစပ်၍ ထိုင်ခွင့်မရှိပြီမို့ မျက်နှာချင်းဆိုင် ထိုင်ခုံကလေးကိုပဲ ရွေးချယ်လိုက်ရသည်။

"ကျစိမ့်နှစ်ခွက်"

တစ်ချိန်က မှာနေကျထုံးစံအတိုင်း မှာလိုက်သည့် စိမ်းအသံကြောင့် မျက်လွှာပင့်၍ ကြည့်မိသည်။ တွေတွေလေး ငေးရင်း စိုက်ကြည့်နေသည့် လုပဝန်းစက်သော မျက်ဝန်းနက်လေးကို မဝံ့မရဲ ရင်ဆိုင်မိသည်။ ဤမျက်ဝန်းနက်ကလေးကို မျက်ရည်စက်ဖြင့် ရွှန်းလက်အောင် ပြုမိခဲ့ဖူးသည်။ ထိုမျက်ရည်စက်တို့သည် ပါးပြင်နပေါ်သို့ ချော်ကျလိမ့်ဆင်းခဲ့သည်ကိုလည်း သူ မတုန်မလှုပ်ငေးကြည့်ခဲ့ဖူးသည်။အဲဒီအချိန်က သူ့ဘဝမှာအကြီးမားဆုံးသော အနုပညာနှင့် နလုံးသားစီးချင်းထိုးပွဲကြီး ဆင်နွှဲခဲ့ရဖူးသည်။ အခိုက်အတန့်ရသည့် ဘဝခဏလေးမှာ ဝါသနာရှိရင်းစွဲ ဖြစ်သည့် ချစ်သောအနုပညာဖြင့် လူသားအားလုံးကို တတ်စွမ်းသမျှ အကျိုးပြုရမည်ဟူသော ကြီးကြီးမားမား သန္နိဋ္ဌာန်ချထားသည့်အချိန်က မိန်းမလှကျွန်းဟု ခေါ်တွင်ရမည့် ရန်ကုန်တက္ကသိုလ်တွင် ဣန္ဒြေရှင်တစ်ဦးဟုပင် ဆိုရမည်ထင်သည်။ စာသင်ခန်းထဲမှာ ခပ်ကုပ်ကုပ်ထိုင် အချိန်ရတိုင်း စာကြည့်တိုက်ကိုပြေး။ ညကြီးမိုးချုပ် မအိပ်မနေ ကဗျာတွေ စပ်၊ စာတွေရေး။ မဂ္ဂဇင်းတိုက်များတွင် ခြေရှုပ်ရင်း ကလောင်သစ် ဝေဒနာရှင်ဘဝဖြင့် တရွေ့ရွေ့အချိန်ကုန်လွန်ခဲ့သည်။

ဖူးစာလို့ပဲ ဆိုရမလား ရေစက်လို့ပဲ ပြောရမလား မသိ။ တက္ကသိုလ်စာကြည့်တိုက်ရှေ့တွင် အမှတ်မထင် ဆုံစည်းမှုလေးကြောင့် အလှဘုရင်မလေး စိမ်းနှင့် အမှတ်တရဖြစ်ရပ်လေးတွေ ကြုံခဲ့ရသည်။ ထို့နောက် နလုံးသားတံခါး ကျိုးပျက်၍ စိမ်းဆိုသော မိန်းမလှလေးက ဝင်ရောက်မင်းမူလာသည်။ အတန်းချိန်လေးများ ဖျက်၍ ခုံတန်းပြာလေးများမှာ ထိုင်ဖြစ်ကြသည်။ လက်ချင်းမြဲမြဲတွဲ၍ အဓိပတိလမ်းတလျှောက် ဝင့်ကြွားစွာ လျှောက်ဖြစ်ကြသည်။

အရင်က စာကြည့်တိုက်ထဲမှာ မြုပ်နှံထားတတ်သည့် အချိန်များကို ကမ်းစပ် ရေတိမ်မှာ ပျော်ချိန်ရဖို့ အသုံးချတတ်ခဲ့ပြီ။ ရည်ရွယ်ချက်မသိ၊ အဓိဋ္ဌာန်မသိ၊ ဘဝဆိုတာ မသိ။ ကမ်း မမြင် လမ်းမမြင် ကြည်နူးမိချိန်တွင် ...

"မင်း ရည်ရွယ်ချက်တွေ၊ မင်း ယုံကြည်ချက်တွေ၊ မင်း ပြောခဲ့တဲ့စကား တွေကို မိန်းမတစ်ယောက်လောက်မှ တန်ဖိုးမထားတော့ဘူးလား" ဟူသော ရေးဖော်များ၏ စကားက ဓားသွားပမာ နှလုံးသားကို မှုန်းချေသည်။ အပျော် စိတ်ကလေးများကို ထိန်းချုပ်၍ ထုံးစံအတိုင်း ကဗျာစာအုပ်ကလေးတစ်အုပ် ထုတ်ဖို့ အနုပညာရောင်းရင်းများနှင့် လက်တွဲလှုပ်ရှားဖြစ်သည်။

"ဘယ်တွေ လျှောက်လည်နေတာလဲ" ဟူသော ချစ်သူ့ ငြူစူသံကို လက်ဆောင်ရသည်။ ကြည်ဖြူလက်ခံနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ချစ်သောစိမ်းကို လက်ကမ်းကဗျာစာအုပ်ကိစ္စ အသိပေးမိတော့ ...

"ဘယ်လောက်မြတ်မှာမို့လဲ အဲဒီအမြတ် စိမ်း ပေးပါ့မယ်" ဟူသော မထင်မှတ်သည့် တုံ့ပြန်မှုကို ရသည်။ အိမ်မှ ပို့လိုက်သည့် တစ်လစာအသုံး စရိတ်ကို အရှုံးခံ၍ ထုတ်လိုက်ရသည့်အဖြစ်ကို စိမ်း သိလျှင် မည်သို့ဆိုမည် မသိ။

"စိမ်း ပိုက်ဆံစုပြီး အဲဒီကဗျာစာအုပ်တွေ တစ်အုပ်မကျန် ဝယ်မယ်။ ကိုနိုင် လိုက်မရောင်းပါနဲ့"ဟူသော စကားသည် အားပေးခြင်းလား၊ တားမြစ် ခြင်းလား။ အနုပညာရောင်းကုန်ပစ္စည်းတို့ကို ဖန်တီးသော အနုပညာရှင်တို့ ၏ ရည်ရွယ်ချက်၊ ဆန္ဒက အရောင်းရတွင်ကျယ်ဖို့တဲ့လား။ စိမ်း စကားများ ကြောင့် အနုပညာနှလုံးသားမှာ ယူကျုံးမရ ဖြစ်ရသည်။ ဒီကတည်းက သူတို့ ချစ်သူနှစ်ဦးကြားမှာ "ဘယ်လိုဆက် လက်တွဲသွားမှာလဲ"ဟူသော မေးခွန်း ကလေးကမေးစရာဖြစ်လာသည်။ပြေလည်မှုမရှိမှန်းသိလျက်နှင့်ဟန်ဆောင် ၍ မနေချင်။ ကြိတ်၍ ရှိုက်ရခြင်းသည် အားပါးတရငိုပစ်လိုက်ရခြင်းထက် ပင်ပန်းဆင်းရဲတတ်ပါသည်။ နောက်ဆုံးနှစ် စာမေးပွဲ ဖြေအပြီးမှာ ရှေ့ခရီး အတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်သည်။

"စိမ်းကိုချစ်ရင် ကိုနိုင်လုပ်ရပ်တွေကို စွန့်လွှတ်လိုက်ပါလားဟင်"ဟု လေပြေထိုးသည်။

"ကိုယ်ဝါသနာပါတဲ့အနုပညာကိုမိဘတွေကတားဆီးခဲ့ရင်မိဘမဲ့သား အဖြစ်နဲ့ အနုပညာရင်ငွေ့ကို ခိုလှုံမယ်။ ဘာသာတရားက တားမြစ်ခဲ့ရင် ဘုရားမဲ့ဝါဒီအဖြစ်နဲ့ အနုပညာကို ကိုးကွယ်မယ်။ ချစ်သူက ပိတ်ပင်ခဲ့ရင် ..." စကားရပ်၍ စိမ်း မျက်နှာလုလုလေးကို နိုးကြည့်မိသည်။ ဆက်ပြောရမည့် စကားလုံးတွေ ပျောက်ကုန်သည်။

"ပြောလေ၊ ကိုနိုင်၊ အခု စိမ်းက ပိတ်ပင်နေပြီလေ"

"မိန်းမ မရှားပါဘူးကွာ။ တို့လို လူမျိုးကို ကြည်ဖြူနိုင်မယ့် မိန်းမတွေ အများကြီးပါ။ ကိုယ် လျှောက်ရမယ့်လမ်းမှာ အတားအဆီးဖြစ်နေတဲ့ မိန်းမ တစ်ယောက်ကို မင်း မစွန့်လွှတ်ရဲဘူးလား"ဟူသော အချစ်ဒေဝဒတ်တွေ စကားသံက နားထဲမှာ လျှံလာသည်။

"ချစ်သူက ပိတ်ပင်ခဲ့ရင်လည်း ချစ်တဲ့အနုပညာကိုပဲ လက်တွဲမယ်လို့ ဆုံးဖြတ်ထားတယ် စိမ်း"

စိမ်းမျက်နှာ သိသိသာသာ ညှိုးလျော်သွားသည်။

"ကိုနိုင်က စိမ်းကိုမှ မချစ်ပဲ"ဟု တီးတိုးဆိုသည်။

"စိမ်းလည်း ကိုယ့်ကိုချစ်ရင် ကိုယ့် ဝါသနာကို အားပေးသင့်တာပေါ့" ဟု ခွန်းတုံ့ပြန်မိသည်။ တကယ်တမ်း ခွဲခွာကြရတော့မည်ဆိုသောအခါ စိမ်းထံမှ ရှိုက်သံသဲ့သဲ့ ကြားရသည်။ ရည်မှန်းချက်အတွက် ကြင်နာသူကို စွန့်လွှတ်ရဲသော အနုပညာသူရဲကောင်းဟု ဂုဏ်ယူမိချိန်မှာပင် မျက်ဝန်းမှာ တည်၍ မျက်ကြည်မှာ စုလာသော မျက်ရည်ဥတို့ကို စိမ်း မရိပ်မိစေရန် မျက်တောင်အားကိုးဖြင့် တိတ်တဆိတ် အဆုံးစီရင်နေရသည်။ မျှော်လင့်ထားသည့်အတိုင်းပင် အချိန်တန်တော့ စိမ်းဆီက နှုတ်ဆက်စာလွှာလေး ရောက် လာသည်။

"စိမ်း ကဗျာတွေ စာတွေကို မမုန်းပါဘူး။ ကိုနိုင် ချစ်တဲ့ အနုပညာကို ကိုနိုင်လောက်မချစ်ပေမဲ့ မုန်းတယ်လို့တော့ မဟုတ်ရပါဘူး။ ဒါပေမဲ့ စိမ်းထက် အနုပညာကို ချစ်တဲ့လူကိုတော့ စိမ်း ဆက်ပြီးလက်မတွဲရဲဘူး။ ချစ်သူတစ်ဦး၊ ဘဝအဖော်မွန်တစ်ဦးအနေနဲ့ ပါရမီမဖြည့်နိုင်ပေမဲ့ ပရိသတ်တစ်ဦး၊ မိတ်ဆွေ တစ်ဦးအနေနဲ့တော့ ထာဝရအားပေးနေပါ့မယ် ကိုနိုင်ရယ် ..."

စိမ်းထံမှ နောက်ဆုံးကြားခဲ့ရသည့် စကားလုံးလေးများက နလုံးသား မျက်နှာပြင်မှာ လှိုင်းထလှုပ်ရှားလာသည်။ တကယ်တော့ နှစ်ဦးနှစ်ဖက် လိုရာဆွဲတွေး၍ တစ်ဖက်သတ်အမှန်တရားများကို လက်ကိုင်ပြုခဲ့သောကြောင့် ကွဲကွာခဲ့ရခြင်းပါ။ ချစ်သက်တမ်းသုံးနှစ်တာမှ ဖြူစင်သောသံယောဇဉ်တို့ကို အနိုင်နိုင်ထိန်း၍ ခွဲခွာရခြင်းပါ။ ဝေးကွာခဲ့သည့်တိုင်အောင်ပင် အနီးဆုံးကာလလေးများကို တသသလွမ်းမောရင်း အမှတ်ရနေဆဲပါလေ။ အမှတ်တရရုပ်ပုံလွှာလေးများ ဝိုးတဝါး ထင်ဟပ်လာသည့်အခါများတွင် ချစ်ရသူသို့ ရည်စူးကာ ကဗျာလေးများ ရေးဖြစ်သည်။ စိမ်းတော့ သိအံ့မထင်။

"ကိုနိုင် ... စိမ်းမေးတာ ကြားရဲ့လားဟင်"

ဘယ်နှစ်ကြိမ်မြောက် ရှိနေပြီလဲ မသိ။ အားမလိုအားမရ မေးသံကြားမှ ပစ္စက္ခအခြေအနေကို သတိရသည်။

"ကိုနိုင့် ရည်ရွယ်ချက်တွေ အောင်မြင်ရဲ့လားလို့"

"ဩော် ... အင်း၊ မျှော်လင့်သလောက်ဖြစ်မလာသေးပေမဲ့ အတန်အသင့်တော့ အောင်မြင်တယ်လို့ ဆိုရမှာပေါ့"

"ကိုနိုင် ... အခု ဘာတွေရေးနေလဲဟင်"

"မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်ပေါ့။ တစ်ခါတလေတော့ ကဗျာလည်းရေးတယ်"

"လုံးချင်းထုတ်ဖို့ မကြိုးစားသေးဘူးလား"

မထင်မှတ်သောအမေးကို အပြုံးဖြင့် တုံ့ပြန်ရင်းက အကောင်းဆုံးစကားလုံး ရွေးနေမိသည်။

"မလွယ်သေးပါဘူး"

"ဘာဖြစ်လို့ ..."

"ဒါတွေထားပါဦး စိမ်းရော အခု ဘာတွေလုပ်နေလဲဟင်"

"စိမ်း ကျောင်းပြီးပြီးချင်း အပ်ချုပ်သင်တန်းတက်တယ်လေ။ ပြီးတော့ အင်းစိန်ဘက်မှာ အပ်ချုပ်ဆိုင်တစ်ဆိုင် ဖွင့်တယ်။ အစတော့ ပင်ပန်းတာပေါ့။ နောက်တော့ သင်တန်းပေးလိုက်၊ တပည့်မွေးလိုက်လုပ်ပြီး အရှိန်ရလာတော့

တပည့်တွေနဲ့ လွှဲထားလိုက်တယ်။ နောက် တောင်ဥက္ကလာပမှာ တစ်ဆိုင်၊ သာကေတမှာတစ်ဆိုင် ဆက်ဖွင့်တယ်။ အခု လှည်းတန်းမှာ တစ်ဆိုင် လောက် ဖွင့်မလားလို့ ကြိုးစားနေတာ"

"သြော် ..."

အပ်ချုပ်ဆိုင် ဖွင့်နေသည်ဟု သိရသော်လည်း ဤမျှအထိ အောင်မြင် နေလိမ့်မည် မထင်မိခဲ့။ ရွှင်လန်းတက်ကြွစွာ ပြောပြနေသော စိမ်းစကားသံ လေးများကို နားထောင်ရင်း ကြည်နူးဝမ်းမြောက်ရပါ၏။

"စိမ်း ကိုနိုင်ကို ပြစရာရှိသေးတယ်။ ဒီမှာ ကြည့်စမ်း ကိုနိုင်"

လက်ကိုင်အိတ်လှလှလေးထဲမှ ကျနသေချာစွာဖြတ်၍ညှပ်ထားသော စာရွက်ခေါက်ကလေး ထွက်လာသည်။ အလိုက်သင့် လှမ်းယူရင်းက စိတ် လှုပ်ရှားစွာ ဖြန့်ဖတ်မိသည်။

"ချစ်ဦးသူသို့ အယူခံလွှာ"

ကဗျာခေါင်းစဉ်လေးကိုကြည့်ရင်း အံ့သြတုန်လှုပ်မိသည်။ ဆက်ဖတ် စရာတော့ မလိုပါ။ ဤကဗျာကို သူကိုယ်တိုင် ရေးဖွဲ့ခဲ့ခြင်းမဟုတ်လား။ မဂ္ဂဇင်း စာမျက်နှာများမှသည် ရည်ရွယ်သူ စိမ်းထံ အရောက်ပို့နိုင်ခဲ့ပေပြီ။ စိမ်း သူ့ကို သတိတရအားပေးနေကြောင်းကိုလည်း နားလည်ခဲ့ရပါပြီ။ စာရွက်ကလေးကို ခေါက်ရိုးအတိုင်း အသေအချာ ပြန်ခေါက်ရင်းက အပြုံးချင်း ဖလှယ်မိသည်။ ရင်ခုန်သံစည်းချက် မမှန်တော့။

"သြော် ... ကိုနိုင်၊ ခုန စိမ်းမေးတာ ဖြေဦးလေ"

"ဘာကိုဖြေရမှာလဲ"

"လုံးချင်းထုတ်ဖို့ ..."

"ကို ဖြေပြီးပြီပဲ စိမ်းရယ်၊ မလွယ်သေးပါဘူးလို့။ ကိုတို့နိုင်ငံမှာ စာအုပ် ထုတ်ဝေရေးလုပ်ငန်း အများစုဟာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းပဲ။ အဲဒီတော့ အနုပညာသမားတွေဟာ စီးပွားရေးသမားတွေနဲ့ ကင်းကွာလို့ မရနိုင်ဘူး ဖြစ် နေတယ်။ ငွေရှင် ကြေးရှင်ကြီးတွေ မျက်စိကျမှ သူတို့ ဈေးကွက်ဝင်တယ် ထင်မှ စာအုပ်တစ်အုပ်ကို ထုတ်ချင်ကြတာ။ အဲ ... ကိုယ်ပိုင်ငွေအရင်းအနှီး ရှိရင်တော့ တစ်မျိုးပေါ့လေ"

"ပိုက်ဆံဘယ်လောက်လိုလို့လဲဟင် ..."

"ဒီမှာစိမ်း ... ကိုယ့်ပိုက်ဆံနဲ့ ကိုယ်၊ ကိုယ့်အမည် ကိုယ်ဖော်ပြီး ကြော်ငြာရတဲ့အလုပ်မျိုး တစ်သက်လုံးမလုပ်ဘူး။ အဲဒီနည်းနဲ့လည်း ကို မြတ်နိုးတဲ့ လောကထဲ မဝင်ဘူး။ ကို ဖြတ်လမ်းသမား မဟုတ်ဘူး။ တကယ်လို့ ကို့လက်ထဲမှာ စာအုပ်တစ်အုပ် ထုတ်နိုင်လောက်တဲ့ အရင်းအနှီးရှိရင် ကို အကြိုက်ဆုံး ဝတ္ထုစာအုပ်ကို ပြန်ရိုက်ပြီး ထုတ်လိုက်မယ်။ ဒါမှမဟုတ် ကို့ထက်သာတဲ့ ရွက်ပုန်းသီးတွေကို စင်တင်ပေးလိုက်မယ်"

အနုပညာမာနကို နှိုးဆွလိုက်သလို ဖြစ်သွားသော စိမ်းစကားကြောင့် လေသံအနည်းငယ် ဟသွားမည် ထင်သည်။

"ဆောရီး ကိုနိုင်၊ စိမ်း စကားပြောမှားသွားလို့ပါ။ စိမ်း မေးတာက ကိုနိုင့်ကို ဝတ္ထုထုတ်ဖို့ ပိုက်ဆံပေးမလို့ မဟုတ်ပါဘူး။ စိမ်း ထုတ်ဝေသူ လုပ်မလို့"

"ဘာ ... ထုတ်ဝေသူ"

"ဟုတ်တယ် ကိုနိုင်၊ ရေးသူနဲ့ ဖတ်သူကြားမှာ တံတားထိုးပေးတဲ့ မွန်မြတ်တဲ့ လုပ်ငန်းတစ်ခုကို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ စာပေဝါသနာရှင်တစ်ယောက်အနေနဲ့ လုပ်မလို့ ဆုံးဖြတ်ထားတယ်။ ဘာလဲ ... ကိုနိုင်က စိမ်းကို အထင်သေးလို့လား။ စိမ်း သေချာလေ့လာထားပြီးပါပြီ။ အကူအညီပေးမယ့်လူတွေလည်း အများကြီး။ အဆက်အသွယ်တွေလည်း အများကြီး"

ပြောစရာစကားမရှိတော့ပါ။ ရွှင်လန်းတက်ကြွနေသည့် စိမ်းကို ငေးကြည့်နေရုံမှတစ်ပါး လှုပ်ရှားနိုင်စွမ်း မရှိတော့။

"ဒါနဲ့ စိမ်းတို့ အခုလို ထိုင်နေတာ ကိုနိုင့် သက်ဆိုင်သူက ကြိုက်ပါ့မလား ဟင်"

"စိမ်းနဲ့ ကိုနဲ့ ငြိမ်းချမ်းစွာ လမ်းခွဲခဲ့ကြတာပါ။ အမုန်းတရားဆိုတာ ကိုတို့ကြားမှာ မြူမှုန်လေးလောက်တောင် မရှိပါဘူး။ ပြီးတော့ ဘာမှနာစရာလည်း မရှိပါဘူး။ အဖြူစင်ဆုံးအချစ်နဲ့ ချစ်ခဲ့ပြီး အဖြူစင်ဆုံးအချစ်နဲ့ပဲ လမ်းခွဲခဲ့ကြတာပါ။ ဖြူစင်တဲ့ တို့အချစ်မှာ ပြောင်းလဲခြင်းဆိုတာ မရှိပါဘူး စိမ်း"

စိမ်း မျက်နှာမှာ ရွှန်းလက်တောက်ပသော အလှဆုံးအပြုံးကို မြင်ရသည်။

"စိမ်းလည်း ကိုနဲ့ ခွဲခွာခဲ့ရပြီးတော့ အသေအချာ ပြန်စဉ်းစားကြည့်တယ် သိလား။ စိမ်းနဲ့ ကိုနဲ့ အချစ်သက်တမ်း သုံးနှစ်လောက်အတွင်းမှာ ဘာပြဿနာမှ မဖြစ်ရပါဘဲနဲ့ ချစ်လျက်နဲ့ ခွဲခွာခဲ့ရတာ အဓိကတရားခံကတော့ စာမရေးမနေနိုင်တဲ့ကို့ဝါသနာပဲမဟုတ်လား။အဲဒီအချိန်တုန်းကကိုကလည်း နောက်မဆုတ်နိုင်၊ စိမ်းကလည်း ခွင့်မပြုနိုင်ခဲ့ဘူးလေ"

စကားရပ်၍ သက်ပြင်းချသည်။ မျက်လုံးချင်း ဆုံနေမိသော်လည်း ဘယ်သူမှ မျက်နှာမလွှဲဖြစ်။

"အဲဒီအချိန်တုန်းက စိမ်း ခွင့်မပြုနိုင်တာကို ကို နားလည်ခွင့်လွှတ်သင့်ပါတယ်။ ကိုနိုင် သေချာစဉ်းစားကြည့်လေ၊ အခုလည်း ကို လုပ်ချင်တာ လုပ်နေရပေမဲ့ ကို တစ်ယောက်တည်းတောင် အနိုင်နိုင်မဟုတ်လား။ စိမ်းနဲ့သာဆို ဘယ်လိုနေကြမှာလဲ။ စိမ်းကလည်း ချစ်တာတော့ ချစ်တာပေါ့။ ဒါပေမဲ့ အငတ်ခံပြီးတော့ ပါရမီဖြည့်ရဲတဲ့ မဟေသီမျိုးမှ မဟုတ်တာ"

"ကို နားလည်ပါတယ် စိမ်း ..."

"စိမ်း ကိုနဲ့ လမ်းခွဲခဲ့ရပေမဲ့ ကို့ကိုချစ်တဲ့ စိမ်းအချစ်ကိုတော့ သံသယကင်းစွာ နားလည်စေချင်တယ်။ ပြီးတော့ စိမ်းကို သတ္တိမရှိတဲ့ မိန်းမလို့ ဝတ္ထုထဲမှာ ထည့်စွပ်စွဲမှာလည်း ကြောက်တယ်။ အဲဒါကြောင့်မို့ စိမ်း ကျောင်းပြီးကတည်းက အကောင်းဆုံးနည်းလမ်းရွေးပြီး ပိုက်ဆံစုနေတာ။ တစ်နေ့ ကိုနိုင်ကို ရှာပြီး ကိုနိုင် ဝါသနာကို ထိထိရောက်ရောက် အားပေးချင်လို့ပါ"

သက်ပြင်းမောနင့်အတူ ခေါင်းငိုက်စိုက်ကျသည်။ တကယ်တော့ သူ့ဘက်ကလည်း အလွမ်းနဲ့ရင်းပြီး လမ်းခွဲခဲ့ရခြင်းပါ။ သူ့အချစ်ကို စိမ်းလို သက်သေပြချင်ပေမဲ့လဲ ...။

"အတော်ပဲ စာရေးဆရာကြီးနဲ့ တွေ့တုန်း ထုတ်ဝေသူလုပ်ဖို့ စာမူတောင်းဦးမှ။ ဒါနဲ့ စာမူခက ..."

"တစ်ထောင့်ငါးရာလောက်ဆို တော်ပါပြီ"

"များတယ်ကွာ၊ ကလောင်အစ်ကလေးကလည်း ..."

အရွှန်းဖောက်လိုက်သော စိမ်းစကားကြောင့် ကြည်နူးရပြန်သည်။ "ပန်းတိုင်သို့"ဟူသော စာမူကို ပထမဦးဆုံး စိမ်းကို ပေးဖတ်ရမည်ဟု အတွေးဝင်သည်။ ရည်မှန်းချက်တစ်ခုအတွက် ချစ်ဦးသူကို စွန့်လွှတ်ဖို့ ကြိုးစားခဲ့သော်လည်း အလွမ်းနွံနစ်နေသူတစ်ဦး၏ ဘဝသရုပ်ကို ရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ တိုက်ဆိုင်မှုလေးများမှတစ်ဆင့် စိမ်း ရိပ်မိပါက သူ့အချစ်ကို နားလည်လိမ့်မည် ထင်သည်။ အထီးကျန် ညဆိုးမှ အလွမ်းအိပ်မက်များကို စိမ်း သိစေချင်သည်။ ဒါပေမဲ့ အခုတော့ အလွမ်းအိပ်မက်များ လွှမ်းမိုးထားသော အထီးကျန်ညဆိုးမှသည် တရေးနိုးပေတော့မည်။

# မခမ်းနားတဲ့ဝေဒနာ

"သက်ဇော် ... ငြိမ်းတွေ ခိုင်ရဲ့လား သေချာကြည့်တက်နော်"

"စိတ်ချပါ ယောက်ဖရာ၊ မင်း ညီမသံယောဇဉ်နဲ့ ငါ ဒီလောကကြီးထဲမှာ အသက်ဆက်ရှင်နိုင်ဖို့ အမြဲကြိုးစားနေပါတယ်"

ကိုတင်ဝင်း၏ သတိပေးစကားအတိုင်း ငြိမ်းများကို ခိုင် မခိုင် စစ်ရင်းက ပြန်နောက်လိုက်မိသည်။

"ခွေးသူတောင်းစား"

ကိုတင်ဝင်း၏ ထောမနာမြှသံသဲ့သဲ့ ကြားရသည်။ ခင်မင်ရသည့် လုပ်ဖော်ကိုင်ဖက်များမို့ ပြောမနာ ဆိုမနာ ခွန်းတုံ့ပြန်မနေတော့။ အလုပ်ကိစ္စ အာရုံပြုရသည်။ ဆောင်းအကုန် နွေးကူးလုပေမဲ့ အရုဏ်ဦးမှာ နှင်းငွေ့က မပြယ်ချင်သေး။ သို့သော် သာကေတကား၏ အရုဏ်ဦး ဒုက္ခနှင့် လျှောက်လှမ်းခဲ့ရသည့် ခရီးတာအကွာအဝေးတို့ကြောင့် ချွေးစို့စို့ထွက်၍ နေပေပြီ။ အရင်ကဆို ဒီလိုအချိန်မျိုးမှာ အိပ်၍ကောင်းလိုက်သည့် ဖြစ်ခြင်း။ မနိုးမချင်း ကို မထ။ အခုလို အလုပ်ဆင်းရမည်ဆိုတော့လည်း ကန်ထရိုက် အဆဲမခံချင်၍ စောစောက ထွက်ရသည်။ ကန်ထရိုက်တာ ဦးမင်းသိန်းနှင့် ဆေးဆရာ ကိုဇော်ဝင်းတို့ မရောက်မီအလုပ်ရှိရာသို့ အရောက်သွားရသည်။ ပုဂ္ဂိုလ်နစ်ပါး ရောက်သည်နှင့် ကူညီညာဆေး စပ်ပေးကာ လုပ်ငန်းစရသည်။ ရေးဆေး သမား ကိုတင်ဝင်းက တိုက်အောက်ထပ်နံရံကို စသုတ်ဖို့ ပြင်နေသည်။ သက် ဇော်က သူ သုတ်ရမည့်အပေါ်ထပ် ပြတင်းတံခါးမှ တရုတ်ကတ်မှန်များ အပြင်မှ ကာထားသည့် သံပန်းများရှိရာသို့ တရွေ့ရွေ့စ၍တက်နေပေပြီ။

ညာလက်ဖြင့်ပြမ်းများကို စမ်းသပ်ပြီး အားပြု၍ တစ်ထစ်ချင်း နင်းတက်ရသည်။ ဘယ်လက်မှ ဆီဆေးပုံးကိုလည်း သတိလွတ်၍မဖြစ်။ ဆေးပုံးလွတ်ကျသံ ကြားသည်နှင့် ဦးမင်းသိန်းတစ်ယောက် ပျာပျာသလဲ ရောက်လာပေလိမ့်မည်။ ထို့နောက် ဆက်တိုက်ထွက်ပေါ်လာမည့် ဆဲသံ ဆိုသံများ ကိုဇော်ဝင်း တွက်ပြမည့် ဆေးဖိုးများ၊ ထိုအသံများကို သက်ဇော် မကြားလို မနာလိုပါ။ ထို့ကြောင့် ညာဘက်လက်ဖြင့် အသက်ကယ်ရင်း ဘယ်ဘက်လက်ဖြင့် သိက္ခာဆယ်ရသည်။ အပေါ်ထပ် စကြံငယ်လေးသို့ရောက်မှ သက်ပြင်းချနိုင်သည်။ ဆေးပုံးကို အသာချ၍ ဆေးသုတ်ရမည့်သံပန်းများကို လှေ့လာရသည်။ မနေ့က အသေအချာ ချေးချွတ်ထားပြီးဖြစ်၍ ဆေးသုတ်ရန် စတင်တာစုသည်။ ပြတင်းဝရှိ တရုတ်ကတ်မှန်ချပ်လေးများ၏ အတွင်းဘက်မှ အပြာရောင် ခန်းဆီးစလေးက နွေဦးရာသီ၏ အရုဏ်ဦး လေရူးနှင့်အတူ မြူး၍နေသည်။ အခန်းဆီးနောက်ကွယ်မှာ ဘာတွေများ ရှိနိုင်မလဲဟု စိတ်ထဲက မှန်းဆကြည့်မိသည်။ တကယ်တော့ ဒါတွေ သက်ဇော်နှင့် ဘာမှမဆိုင်။ အကြည့်ကအောက်ဖက်သို့ ရောက်ပြန်သည်။ နှစ်ထပ်တိုက်နံရံတွင် တွယ်ကပ်နေသောကုန်းကုန်းကွကွ ပုံသဏ္ဍာန်တစ်ခုက တိုက်နံဘေး မြက်ခင်းစိမ်းစိမ်းပေါ်တွင် အရုဏ်ဦးပုံရိပ်အဖြစ် ထင်ဟပ်နေသည်။ မဆီမဆိုင် အဓိပတိလမ်းထိပ် တရုတ်စကားပင်ပေါ် ခေါတ်ပုံတက်ရိုက်ကြသည့် ကျောင်းသားတစ်စုကို မြင်ယောင်သည်။

"ဟေ့ကောင် ... ဘာလိုလို့လဲ"

ပျံ့လွင့်နေသည့် အတွေးစကို ရုတ်ခြည်းထိန်းချုပ်ရသည်။ ခါးကြားမှာထိုးထားသည့် စုတ်တံကို ထုတ်ကာ ဆေးဗူးကို တစ်ချက် မ.လိုက်သည်။ အောက်ဖက်မှ လှမ်းအော်သည့် ဦးမင်းသိန်းအသံကို မကြားယောင်ပြုလိုက်သည်။ သို့သော် အလုပ်ကိုတော့ ပျာပျာသလဲ စရသည်။ ကြည်ပြာရောင် ဆေးသားလေးက သံပန်းပေါ်မှာ ထင်းခနဲ စွဲသွားသည်။ စမိပြီဆိုတော့လည်း စိတ်ကို အလုပ်ထဲမှာပဲ မြှုပ်နှံလိုက်ပါသည်။

❖

"ပေ့ကောင် တင်ဝင်း ခွေးသူတောင်းစား ဘယ်ရောက်သွားပြန်ပြီလဲ"

အောက်ဖက်မှ အော်သံက လွင့်ပျံလာသည်။ ပြောမယ်ဆိုလည်း ပြောစရာ၊ ကိုတင်ဝင်းကလည်း ကြံဖန်၍ အချိန်ဆွဲသည်။ သက်ဇော်တော့ အချိန်ဆွဲ၍မလုပ်ဘူးပါ။ လုပ်၍လည်း ရအုံ့မထင်ပါ။ ကန်ထရိုက်တာက အမြဲတမ်းလိုလို အရိပ်တကြည့်ကြည့်။ ရက်တိုတိုနဲ့ များများပြီးမှ အလုပ်သမားခ သက်သာမည်။ ကန်ထရိုက်တာဟူသည် မြန်မြန်ပြီးဖို့မှတစ်ပါး တခြားကိစ္စများကို သိပ်စိတ်ဝင်စားသူ မဟုတ်။ နှစ်ထပ်တိုက်တစ်လုံးကို ဆယ်ရက်ထက် ပိုမကိုင်ချင်ကြ။ သို့သော် ကန်ထရိုက်တာ ဘယ်လောက်ရရ သက်ဇော်တို့က နေ့တွက်သာရသည်။ ဘယ်လောက်လုပ်လုပ် ဘယ်လိုသုတ်သုတ် အလုပ်သမားခက ပုံသေသတ်မှတ်ပြီး ဖြစ်သည်။

ဒီတော့လည်း တချို့အလုပ်သမားများက ခိုချင်သည်။ အချိန်ဆွဲနည်းကျွမ်းကြသည်။ ကန်ထရိုက်တာများကလည်း ဆဲနည်းစုံသည်။ သက်ဇော်တို့လည်း ရောနှော၍ အချောင်အဆဲခံရသည်။ ပြန်ပြောမိလျှင်လည်း အလုပ်ပြုတ်ရုံပဲ ရှိမည်။ နောက်မှာ အလုပ်လိုချင်သူတွေက တန်းစီ၍ ရှိနေသည်။ ယခုဆိုလျှင် လုပ်ငန်းကျွမ်းကျင်မှုလည်း ရသင့်သလောက် ရခဲ့ပြီ။ အလုပ်မှာလည်း သံယောဇဉ်ရှိနေပြီ။ အာရုံပျံ့လွင့်ခြင်း၏ အကျိုးကျေးဇူးအဖြစ် ဆေးစက်များက ခြေထောက်ပေါ်သို့ တပေါက်ပေါက်ကျသွားသည်။ အိမ်ပြန်ရောက်လျှင် ဓာတ်ဆီနှင့် ဆပ်ပြာကုန်ဦးတော့မည်။ အိမ်အကြောင်း တွေးမိလျှင် အမေ့ကို သတိရသည်။ အမေ့ဆိုင်လေးကိုသာ အားထားနေရသည့် မုဆိုးမသား တက္ကသိုလ်ကျောင်းသားတစ်ဦး၏ ဘဝတွင် ကျောင်းပိတ်ရက်တိုင်း အလုပ်ချိန်သာ ဖြစ်သည်။ အိမ်အပြန်တွင် အမေ့အသံကို ကြားရပေဦးမည်။

"သား ... ပင်ပန်းရင် မလုပ်နဲ့တော့နော်။ အမြင့်ကြီးတွေလည်း တက်မသုတ်နဲ့။ ဘာလုပ်လုပ် သတိနဲ့လုပ်။ အားလုံးကိုလည်း သည်းခံ။ အမေ့အသံကို ကြားယောင်၍ ကြည်နူးစွာ ပြုံးမိသည်။ ဆေးချက်က ပို၍ သွက်လာသည်။ လေတစ်ချက်အဝေ့မှာ ခန်းဆီးပြာလေး လွင့်သွားသည်။ အခန်းတွင်းမှ ခုံတစ်လုံး ဆွဲ၍ ရွှေ့သံကို ကြားရသည်။ ခဏကြာတော့ ဘယ်လိုမှ မျှော်လင့်မထား

သည့် သာယာနာပျော်ဖွယ်သံစဉ်တို့က စန္ဒယားသံနှင့်အတူ အခန်းတွင်းမှ လွင့်မျော၍ထွက်ပေါ်လာသည်။

"ချိုစကားသံနဲ့ ... ဆိုဖွဲ့လေသူ ...

ဘဝပေး၍ ... ချစ်ရလေသောသူ ...

အသဲပေး၍ ... ချစ်ရလေသောသူ ...

သက်လုံးပုံ၍ ... ချစ်ရလေသောသူ ..."

တက္ကသိုလ်ကျောင်းက ငွေလမင်းသီချင်းသံစဉ်သည် စန္ဒယားသံစွက်၍ သက်ဇော်ကို ညှို့ယူနေသည်။ အောက်ဖက်သို့ တစ်ချက်ငုံ့ကြည့်မိသည်။ ဦးမင်းသိန်းကို မတွေ့ရ။ ကိုဇော်ဝင်းလည်း မရှိ။ ပထမဦးဆုံးအကြိမ် အချိန်ဆွဲ၍ စိတ်တိုင်းကျ နားစွင့်လိုက်မိသည်။ အသဲပေး၍ ချစ်ခဲ့ရသူ အလှဘုရင်မလေး နှင်းသက်ဝေ၏ ပုံရိပ်လေးများက တရုတ်ကတ်မှန်ချပ်လေးများပေါ်တွင် တံလှပ်ပမာ ပြေး၍သွားသည်။

"ကံ့ကော်ပွင့်ရာ ...

ငုဝါပွင့်ရာ ...

စိန်ပန်းပွင့်ရာ ...

တက္ကသိုလ်ကျောင်းတော်မှာလေ ..."

ကြည်လင်ပီသသော အသံလွင်လွင်လေးက ခန်းဆီးအပြာလေးနောက်မှ ထိုးဖောက်ကာ သက်ဇော်နှလုံးသားကို ငြင်သာစွာ ရိုက်ခတ်သည်။ ထိုအသံလှိုင်းလေးများသည် သက်ဇော်နှင့် ရင်းနှီးနေသယောင် ထင်မိသည်။ ကြည်နူးစွာ ရင်ခုန်ရင်းက သက်ပြင်းချမိသည်။ တက္ကသိုလ်ကျောင်းတော်မှာ ကံ့ကော်တွေရော စိန်ပန်းတွေပါ ပွင့်တာမှန်ပေမဲ့ ကံ့ကော်ပွင့်လေးတွေက မိန်းမလှကျွန်းသူလေးတွေရဲ့ ဆံကေသာအထက်မှာ၊ စိန်ပန်းပွင့်လေးတွေက အဓိပတိလမ်းတလျှောက်က ဖိနပ်လှလှလေးတွေရဲ့ အောက်မှာ။ သက်ဇော်လို အညတြတစ်ယောက်ရဲ့ နှလုံးသားက ပွင့်ဖူးခဲ့တဲ့ အချစ်ပန်းဟာလည်း စိန်ပန်းပွင့်လေးတွေလိုပါပဲလေ။

"တစ်ယောက်နဲ့တစ်ယောက် တစ်မြို့စီ တစ်နယ်စီ
နေကြသော်လဲလေ ...
အလှရွှန်းဆိုသာမောရာ ...
မြကျွန်းညို့ကဗျာတောမှာ ...
ခဏကွန်းခိုလေသောအခါ ...
တစ်ဦးနဲ့တစ်ဦး ... မိတ်ဆွေအပေါင်းအသင်း ... ဖြစ်သွားကြတာတွေ"

နားဆင်သူမဲ့ ပျံ့လွင့်သွားသည့် လေလှိုင်းသံလေးများအတွက် နမြော တသဖြစ်မိရသည်။ အောက်ထပ်မှ ပုဂ္ဂိုလ်များ ကြားမှ ကြားပါလေစ။ အခန်း ထဲမှာရော ပရိသတ် ဘယ်နှစ်ယောက်လောက်များ ရှိနေမလဲ မသိ။ တံခါးပြင် မှာ လူတစ်ယောက်ရှိနေတယ်ဆိုတာ သူ သိမှသိပ့်မလား။ ဘာကြောင့် ဒီလောက်သာယာတဲ့ သံစဉ်လေးတွေကို အလဟဿ လေထဲမှာ မျှောဖြစ်ချင် ရတာလဲ မသိ။ နမြောတသစွာ ယူကျုံးမရဖြစ်ရသည်။ စန္ဒယားသံစဉ်လေး များက သက်ဇော်ကို မြကျွန်းညို့ ကဗျာတောမှ လွမ်းမောစရာလေးများဆီသို့ အခမဲ့ ပို့ဆောင်ပေးနေသည်။

တစ်ခါတုန်းက တက္ကသိုလ်နယ်မြေကို ခြေချစ အသစ်ချပ်ကျွတ် တက္ကသိုလ်ကျောင်းသားလေးဘဝမှာပင် အမှတ်မထင် နင်းသက်ဝေဆိုသည့် အလှဘုရင်မလေးနှင့် ဆုံဖြစ်သည်။ ကံကောင်းတယ်လို့ ဆိုရမလား၊ ကံဆိုး တယ်ပဲ ပြောရမလား မသိ။ ခုံနံပါတ်ချင်းက ကပ်လျက်။ ပရယ်တီကယ်လုပ်ရင် လည်း အတူတူ၊ ကျူတိုရီရယ် ဖြေတော့လည်း တစ်တွဲတွဲ။ ရင်ထဲက နလုံးသား ကို ဘယ်လိုပုဒ်မတပ်ပြီး အကျဉ်းထားရမှာလဲ။ လျှောက်လဲချက်အမျိုးမျိုးနှင့် အယူခံဝင်ကာ နလုံးသား လွတ်လပ်ခွင့်တိုက်ပွဲကို ရင်တွင်းမှာ ပြင်းထန်စွာ ဆင်နွှဲဖြစ်သည်။

ကျူတိုရီရယ်၊ ပရယ်တီကယ် ရက်လေးများကို တပ်မက်စွာပင် ပြက္ခဒိန် လှန်၍ ရှာတတ်ပြီ။ စာသင်ခန်းထဲ ထိုင်တော့လည်း အကြည့်က သူ့ဆီမှာ။ သောကြာပြီးတော့ တနင်္လာဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲဟုလည်း ရူးမိုက်စွာ တွေးခဲ့ဖူးပြီ။ သူ စီးနေကျ အက်(စ်)အီးလေး အမီကျောင်းရောက်

နိုင်ဖို့ သုံးဆယ့်ငါး ဒိုင်နာကားကို အသက်နှင့်ရင်း၍ စီးရသည့် အခေါက်ပေါင်းများစွာကိုလည်း ကြုံခဲ့ရပြီ။ ဒီလိုနဲ့ ကုံကော်တလီ၊ ငုဝါတစ်လှည့်၊ စိန်ပန်းတလဲပွင့်ခဲ့ပြီးသည့်နောက် အလှဘုရင်မလေးကို တစ်ယောက်ထဲ တွေ့ရတယ်လို့ကို မရှိတော့။ သူ့ဘေးမှာ၊ သူ့အနီးအနားမှာ၊ သူနဲ့ မလှမ်းမကမ်းမှာ၊ သူ့ပတ်ဝန်းကျင်မှာ ထာဝရစောင့်ရှောက်ပေးမည့် ကိုယ်ရံတော်တစ်ဦး ရောက်လာသည်။

ပရယ်တီကယ်ခန်း၊ ကျူတိုရီရယ်ခန်း၊ စာသင်ခန်း၊ အခန်းပြင်မှာ တစ်ယောက်၊ အခန်းတွင်းမှာ တစ်ယောက်။ ပရယ်တီကယ်ခန်းကြီးသည် သက်ဇော်အတွက် လက်တွေ့အလွှမ်းစမ်းသပ်ခန်းကြီး ဖြစ်ခဲ့ပြီ။ ကျူတိုရီရယ်စာရွက်တွေမှာ ဘာတွေဖြေလိုက်မိမှန်းလည်း သက်ဇော် ကိုယ်တိုင်ပင် မသိတတ်တော့။ စာသင်ခန်းကို တစ်သီးပုဂ္ဂလ ဝါးရမ်းကပ်ထားလိုက်သည်။ ဝေဒနာသက်သာရာ စနေ၊ တနင်္ဂနွေနေ့လေးများကိုလည်း သံယောဇဉ်တွယ်နိုင်ခဲ့ပြီ။ ကျောင်းပိတ်ရက်ကလေးများကို ဆွဲဆန့်၍ ဝိညာဉ်မဲ့ တက္ကသိုလ်နယ်မြေကို ဥပေက္ခာ ပြုထားလိုက်ချင်သည်။

"ကိုသက်ဇော် ဘယ်လဲ" ဟု အရင်လို နှုတ်ဆက်ပြုံးပြတတ်သော်လည်း သူ့ အပြုံလေးများက မလတ်ဆတ်။ ဟန်ဆောင်တတ်ပြီထင့်။ မျှော်လင့်ချက် အငွေ့အသက်မဲ့ အလှကိုလည်း ရင်မဆိုင်လို၊ ရင်မဆိုင်ရဲတော့။ မျှော်လင့်ခြင်း အကြွင်းအကျန်တို့ ပြေးလွှားနေချိန်မှာ အက်(စ်)အီးသံကိုလည်း မကြားလိုပြီ။ ဟွန်ဒါနောက်မှာ ကန္တဲ့ကလျ ထိုင်သွားပုံလေးကို မမြင်လိုပြီ။ သို့သော် အိပ်မက်မြို့လေးထဲမှ ချစ်ဦးသူကို အလွယ်တကူတော့ မေ့ဖျောက်၍ ရအံ့မထင်။ မေ့လည်း မမေ့ချင်။ မေ့လို့လည်း မရစကောင်း။ တိုက်ဆိုင်မှုလေးများနှင့်အတူ နလုံးသားမျက်နှာပြင်မှ အတိတ် တစ်ချိန်က စိတ်ကူးယဉ်အချစ်ပုံပြင်လေးက လှိုင်းထလှုပ်ရှားလာတတ်သည်။ ယခုလည်း ခန်းဆီးပြာလေးနောက်မှ လေလှိုင်းသံလေးကြောင့် အကင်းမသေသေးသည့် ဒဏ်ရာဟောင်းမှ ဝေဒနာကို တစ်ကြော့ပြန်ခံစားရပြန်ပြီ။

"ဟော့ကောင် ... ဒီတံခါးလေး တစ်ခုတောင် ခုထိ မပြီးသေးဘူးလား"

"ပြီးတော့မှာပါ ... ဆရာ"

ဦးမင်းသိန်း အမေးကို ပျာပျာသလဲ ပြန်ဖြေဖြစ်သည်။ ဦးမင်းသိန်း နောက်ဖေး ကားဂိုထောင်ဘက် ထွက်သွားတာမြင်မှ သက်ပြင်းချမိသည်။ တကယ်တော့ တစ်ခြမ်းပင် မပြီးသေး။ အတွေးစကို ဖြတ်၍ အလုပ်ထဲကို အာရုံပြန်စိုက်ဖို့ ကြိုးစားမိသည်။ ကြည်ပြာရောင် ဆေးသားလေးက ထင်းခနဲ။ သံတန်းလေးတွေပေါ်မှာ စုတ်တံနဲ့ ဆွဲပြီး လိုချင်တဲ့အရောင်ဆိုးလို့ ရသလို လက်တွေ့ဘဝကြီးမှာလည်း လိုချင်တဲ့ အရောင်ဆိုးလိုက်လို့ရရင် ဘယ် လောက်လောက်များ ကောင်းလိုက်မလဲ။

အနီရောင် စွန်းထင်းနေသော သက်ဖော် နလုံးသားကိုလည်း ကြည်ပြာ ရောင် အသွင်တောက်ပစေလိုက်ချင်ပါသည်။ အခန်းတွင်းမှ စန္ဒယားသံစဉ် လေးက တေးသွားအတိုင်း တစ်ကြော့ပြန်၍ တီးခတ်နေသည်။ အပြင်လောက မှာ နေရှိန်က တစစ ပြင်းလာသည်။

"မင်း တော်တော်ကြာတဲ့ ကောင်ပဲကွ။ ငါဆို အဲဒီလောက်ကို ဆယ့်ငါး မိနစ်လောက်ပဲ ကိုင်ရမယ်"

အောက်မှ လှမ်းအော်လိုက်သည့် ကိုဇော်မင်း အသံက နားထဲကို ကန့် လန့်ကြီး ဝင်လာသည်။

"ခင်ဗျားလောက် ကျွမ်းကျင်ရင် ခင်ဗျားရသလို လေးဆယ်နှုန်း ပေးမှာ လား"ဟု ပြန်ပြောပြစ်လိုက်မိသည်။ နှုတ်ခမ်းနစ်လွှာတော့ မဟာမိပါ။ အတွေး ထဲမှာသာ။ အောက်ကို ငုံ့ကြည့်ရင်း ဝတ်ကျေဝတ်ကုန် ပြုံးပြမိပါသည်။ မချိပြုံး။ တကယ်တော့ ဆေးဆရာလည်း ကန်ထရိုက်တာ မျက်နှာကြည့်လုပ်နေရခြင်း ပါ။ သူ့သခင် ကန်ထရိုက်တာ ကြည်ဖြူအောင် ဝန်ဆောင်ပေးခြင်းသာပါ။ ရှိပါ စေတော့။ ပတ်ဝန်းကျင် ဝဲဂယက်ထဲက ရုန်းထွက်ကြည့်ဖို့ ကြိုးစားမိသည်။ ဘယ်လိုပဲ ရုန်းထွက်ထွက် လေလှိုင်းဂယက်လေးအတွင်းမှ မလွတ်သာ။ အဆုံးသတ် အပိုဒ်ကလေးက အသက်ဝင်လွန်းလှသည်။

"ကောင်းကင်က ငွေလမင်းပမာ ...
နေ့ဘက်မှာ ပုန်းသလိုများ ...
မေ့ကွက်ရှာမှန်းနေပြီလားလေ"

သံစဉ်လေးများတွင် ရှိက်သံပင် ထွက်လာသည်။ ရင်တွင်းမှ ဝေဒနာအတိုင်းအဆကို စာနာနားလည်စွာ မျှယူခံစားမိပါသည်။ အခုလိုအချိန်မျိုးမှာ နင်းသက်ဝေ ဘာတွေများလုပ်နေမလဲ။ ဘယ်ကိုများ ရောက်နေမလဲဟူသော အတွေးကလည်း ရောက်လာသည်။ ကျောင်းပိတ်ခါနီးမှာ အလှဘုရင်မလေးတို့ စုံတွဲ၏ အလွမ်းဇာတ်သိမ်းလေးကို ကြားလိုက်ရသည်။

"မင်းအတွက် ဝမ်းသာစရာပေါ့"ဟု ရင်းနှီးဖော်များက သတင်းပေးကြသော်လည်း ရင်ထဲမှာ ဝမ်းသာလို့ကိုမရ။ ငေးငေးမောမော ဖြစ်နေတတ်သည့် မျက်နှာလေးအတွက် ကြားကလူ အချောင်ဝင်၍ ဂရုဏာသက်မိသည်။ ဘယ်သူ့အတွက်ပဲ ဖြစ်ဖြစ် အရင်လို နှစ်လိုဖွယ်ရာ အလှဆုံးအပြုံး လမင်းလေးကိုသာ မြင်ချင်ပါသည်။ မျှော်လင့်ချက် နွယ်လေးတစ်ခက် အသက်ဆက်ဖို့ အရေး ချစ်ရသူ အပျော်ရက်ကလေးတွေ ပျောက်ဆုံးသွားမှာကို မလိုလားပါ။ သို့သော် သက်ဖော်လည်း ဘာလုပ်ပေးနိုင်မှာတဲ့လဲ။

အတိတ်က အရိပ်ဝေဒနာ ဇာတ်လမ်းလေး မဆုံးခင်မှာ သံစဉ်လေးများက ငြင်သာစွာပင် ပြီးဆုံးခြင်းသို့ ရောက်၏။ အခန်းတွင်းမှ ထိုင်ခုံရွှေ့သံကြားရသည်။ ထို့နောက် ညင်သာစွာ လျှောက်လှမ်းနေသည့် ခြေသံတို့က သက်ဖော်ရှိရာသို့ ဦးတည်နေသည်။ ခန်းဆီးစလေးကို ဘယ်ညာနစ်ဖက်ခွဲ၍ ဆွဲကပ်သွားသည်။ အရက်တက် မှန်ချပ်လေးများ လည်သွားသံနှင့်အတူ ရင်ခုန်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ စုတ်တံလေးကို တင်းကျပ်စွာ ဆုပ်ကိုင်၍ ဦးထုပ်ပေါင်းလေးကို ရှေ့စိုက်ဆွဲချလိုက်မိသည်။ သံစဉ်သူခိုးလေးလုပ်မိ၍ စိတ်ကမလုံချင်။ ပြတင်းဝက ရှေ့နားလေး ဘာမှမဝေး။ လက်တစ်ကမ်းသာသာ ရှိမည်။ သို့သော် မော်မကြည့်ရဲ။ စိတ်ကို အလုပ်ထဲမှာပဲ မြှုပ်နှံထားလိုက်သည်။

"ဟင် ... ကိုသက်ဖော်"

"ဗျာ"

မထင်မှတ်သည့် စကားသံလေးကြောင့် အမှတ်မထင် မော့ကြည့်မိသည်။

"မနှင်းသက်ဝေ"

ရင်ထဲမှာ ကုလားဘုရားပွဲ လှည့်သွားသည်။

"ဝုန်း"

"ဟာ ... ဟော့ကောင် ... သက်ဇော်"

လက်ထဲမှ ဆေးပုံးလေးက ချာလပတ်ရမ်း၍ ငြမ်းများကြားမှ လည်ဆင်းသွားသည်။ အောက်မှ ကိုတင်ဝင်း၏ အလန့်တကြားအော်သံ ကြားရသည်။ ဆေးပုံးလေးကို လိုက်ဖမ်းရင်းက ဟန်ချက်ပျက်သဖြင့် မနည်းပြန်ထိမ်းရသည်။ လက်ဖြင့် ငြမ်းကို လှမ်းဆွဲလိုက်မိသဖြင့်သာ အသက်နှင့်ခန္ဓာ တည်မြဲစွာ ကျန်ရှိနေခဲ့ခြင်း ဖြစ်သည်။ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်နိုင်ဖို့ ကြိုးစားရမည်။ ဆေးပုံးလွတ်ကျခြင်း၏ အကျိုးဆက်များကို တွက်ကြည့်မိသည်။ မကြာမီ အောက်ထပ်မှ အားမနာတမ်း ဆဲသံဆိုသံတို့ကို ကြားရပေတော့မည်။ မတတ်သာတော့။ စိတ်ကိုလျှော့၍ ဦးထုပ်လေးကို ဦးမော့ရင်း ပြတင်းဝကို ရဲရဲကြီး ရင်ဆိုင်ကြည့်ဖြစ်လိုက်သည်။ မှန်ချပ်လေးများက ညီညာစွာ ပိတ်ဆို့လျက် ...။

# သံယောဇဉ်ကြိုးတံတားအဖွင့်

စာအုပ်ဆိုင်အတွင်းမှ အထွက်တွင် ကာတွန်းစာအုပ်ကို သဲသဲမဲမဲ ငုံ့ဖတ်လာသည့် ကလေးငယ်တစ်ဦးကြောင့် စက်ဘီးကို ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။ နောက်မှ မီးသွေးအိတ်အလေးချိန်ကြောင့် ချက်ချင်း ခုန်ဆင်း၍ ထိန်းရသည်။

"ဝုန်း"

နောက်ဖက်မှ အရှိန်နှင့် ဆောင့်တွန်းလိုက်သလို ခံစားရ၍ စက်ဘီးရော လူပါ ခြေပစ်လက်ပစ်။ အံ့သြထိတ်လန့်မှု၏ အဆုံးစွန်တွင် အတတ်နိုင်ဆုံး ထိန်းချုပ်၍ အားယူကာ ထကြည့်မိသည်။ ကတ္တရာလမ်းပေါ်မှာ ပိုးလိုးပက်လက် လဲကျနေသော စက်ဘီးနှစ်စီး၊ မီးသွေးအိတ်တစ်လုံး၊ မိန်းမလှလေး တစ်ယောက်နှင့် ပွဲကြည့်ပရိသတ်များ။ အနီးအနားမှာ မီးသွေးစများက ပြန့်ကျဲနေသည်။ စာအုပ်ဆိုင်အတွင်းမှ ပြေးထွက်လာသူတစ်ဦးက တွဲ၍ထူပေးသည်။ တစ်ယောက်က တုံးလုံးလဲနေသည်။ မိန်းမလှလေးက သူမဘာသာ ဆတ်ခနဲ ထရပ်သည်။ လူကြီးတစ်ဦး ထောင်ပေးသည့် သူမ၏ ပန်းဘီးလှလှ လေးကို ဟန်မပျက် လှမ်းယူရင်း ရဲရင့်ထွန်းကို မျက်နှာကြောတင်းတင်းဖြင့် စိုက်ကြည့်သည်။ သူ့ဒေါသစက်ကွင်းအတွင်းသို့ သူမက တည့်တည့်မတ်မတ် ကြီး သက်ဆင်းလာပေပြီ။

"တောက် ... ရှေ့က စက်ဘီးတစ်စီးလုံးကို မမြင်ဘူးလားဗျ"

"အံမယ် … ရှင်ကပဲ ပြောရတယ်ရှိသေး။ လမ်းလယ်ခေါင်မှာ ဘာဖြစ်လို့ ပိတ်ရပ်ပြစ်သေးလဲ"

"ရှေ့မှာ လူဖြတ်သွားတာ မမြင်လိုက်ဘူးလား။ ဘယ်မြင်မလဲ ခင်ဗျားက ကန်းနေတာကိုး"

ပြောရင်းက အနီးအနားကို ဝေ့ဝဲ၍ကြည့်ကာ စောစောက ကလေးငယ်ကို သက်သေပြနိုင်ရန် အလို့ငှာ ရှာကြည့်မိသည်။ လုံးဝ မတွေ့ရတော့။ ခွေးကောင်လေးလည်း ပြေးပြီထင့်။ ဒီမှာတော့ ပြဿနာ။

"ဘာကန်းတာလဲ ရှင်စကားပြောတာ ကောင်းကောင်းပြောပါ။ လူကို မစော်ကားပါနဲ့"

"ဘယ်လိုပြောနေလို့လဲ"

ပြောသာပြောနေရသည် မသိစိတ်တွင်က အရှုံးပေးချင်လာသည်။ နက်မှောင်ကော့ညွတ်သော မျက်တောင်တံတိုင်းလေးအတွင်းမှ မျက်ဝန်းနက်တွင် မျက်ရည်ကြည်လေးများ တွဲသီ၍ နေသည်။ သူမလည်း ရှက်ရှာမှာပေါ့လေ။

"တော်ပြီ၊ ရှင်နဲ့စကားပြောရတာ အောက်တန်းကျတယ်။ ရှင့်စက်ဘီး ဘယ်လောက်တန်လို့လဲ ပြောစမ်းပါဦး …"

ရုတ်တရက် ထွက်ပေါ်လာသည့် မထင်မှတ်သော စကားလုံးများကြောင့် သူမ၏ အလှအပလေးများသည် အမြင်အာရုံမှ အလန့်တကြား ထွက်ပြေး တိမ်းရှောင်သွားရပြန်သည်။

"ခင်ဗျား စော်ကားလှချည်လားဗျ။ ခင်ဗျားတို့လို စက်ဘီးလှလှလေး တစ်စီးနဲ့ မရေမရာ လျှောက်နင်းနေတာ မဟုတ်ဘူး။ ကျွန်တော်တို့က ဒီစက်ဘီးနဲ့ လုပ်စားနေရတာဗျ။ ကိုယ့်စက်ဘီး ကိုယ် တန်ဖိုးမဖြတ်နိုင်ဘူး"

"မဖြတ်နိုင်လည်းနေ၊ တစ်ပြားမှ မလျော်နိုင်ဘူး"

"ဘယ်သူက လျော်ဖို့ပြောနေလို့လဲ"

"ဒါဆိုလည်း သွားမယ်၊ မသိပါဘူး ဒီက လျော်ကြေးလိုချင်လို့ ပြဿနာရှာနေတာများလားလို့"

"တောက်"

အပြာရောင်ပန်းဘီးလှလှလေးပေါ်မှာ ရွှရွှလေး တက်ထိုင်ရင်း တလိမ့် ချင်းနင်းထွက်သွားသည်။ ဟန်မပျက် ဆက်နင်းသွား၏။ တစ်ခုခုတော့ ချို့ယွင်း သွားမှာ သေချာသည်။ သူမ စက်ဘီးမှ မီးသီးစများ လမ်းပေါ်မှာ ကွဲကြေ၍ ကျန်ရစ်သည်။ ဆေးသားအချို့ ကွက်၍ပျက်သွားသည်ကိုလည်း လှမ်းမြင် လိုက်ရသည်။ သူ့စက်ဘီး သူ ငုံ့ကြည့်မိသည်။ ဟီးရိုးကြီးက ဣန္ဒြေမပျက်။ သို့သော် မီးသွေးအိတ်မှာမူ ပေါက်ထွက်ကွဲ လမ်းပေါ်မှာ ပြန့်ကျဲနေသည်။ ကလေးငယ်များက ဝိုင်း၍ ကောက်ပေးကြသည်။ ဤနေရာမှ အမြန်ဆုံး နင်း ထွက်သွားလိုသော ဆန္ဒသာ ကြီးစိုးနေသည်။

"အစ်ကိုကြီး ဒီမှာရော့"

ကလေးငယ်တစ်ဦး လှမ်းပေးသည့် ကြည်ပြာရောင် လက်ကိုင်ပဝါ လှလှလေးကို ကြည့်ရင်းက ပြုံးမိသည်။ ဘာပဲဖြစ်ဖြစ် တစ်ခုတော့ အမြတ် ထွက်သည်။ ထောင့်မှာ ရေးထိုးထားသည့် စာလုံးလေးသုံးလုံးကို အမှတ် မထင်ဖတ်ပြီး အိတ်တွင်းသို့ ခပ်တည်တည်ပင် ထိုးထည့်ထားလိုက်သည်။ တီတီအေဟု စိတ်ထဲမှ လိုက်ရွတ်မိသည်။ သူမ အမည်ပင် ဖြစ်ပေလိမ့်မည်။ ခြေထောက်မှ ဝေဒနာကို သတိရနိုက် အတွေးစပြတ်သွားသည်။ သူများ တစ်ခုခု အနာတရဖြစ်သွားသေးလားဟူသော အတွေးကိုတော့ တွေးမိသေး ၏။

"သားရေ ... လမ်းထိပ်နားက အိမ်သစ်ကလေးက အမျိုးသမီးကြီး တစ် ယောက် ဘိုကလေးတစ်အိတ် လာမှာသွားတာ ပို့ပေးလိုက်ဦးနော်"

"ဟုတ်ကဲ့ ... မေမေ"

ပါးစပ်က အဖြေပေးရင်း ဟီးရိုးကြီးကို တွန်းထုတ်လိုက်သည်။ လုပ် ရမည့်အတူတူ ချက်ချင်း ထလုပ်လိုက်လျှင် လူပဲ ပင်ပန်းသည်။ အချိန်ဆွဲ၍ စိတ်ပင်ပန်း မခံချင်။ မီးသွေးတစ်အိတ်ကို ကောက်မ၍ နောက်ကယ်ရီယာ

ပေါ် တင်ကာ ကြိုးနှင့်ချည်ပြီး နင်းထွက်ခဲ့သည်။ သေသပ်လှပစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်လှလှလေးရှေ့အရောက်တွင် ခြံဝင်းထဲမှ မိန်းမလှလေးတစ်ယောက် တံခါးထွက်ဖွင့်ပေးသည်။

"ဩော် ... ရှင်ကိုး"

ရဲရင့်ထွန်းကို တစ်ချက်မျက်စောင်းထိုး၍ အိမ်တွင်းသို့ ခြေစောင့်ရင်းပြန်ဝင်သွားသည်။ အိမ်ရှေ့ဆင်ဝင်သို့ စက်ဘီးကို တွန်းဝင်ပြီးမှ မီးသွေးအိတ်လာမှာသည့် အန်တီကြီး ထွက်လာသည်။

"ဩော် ... အေးအေး ... သားရယ်၊ အန်တီတို့အိမ်မှာ သယ်မယ့်လူမရှိလို့ နောက်ဖက်ထိ လိုက်ပို့ပေးပါနော်"

အောက်ချတော့မည့် မီးသွေးအိတ်ကို ပြန်ထမ်းကာ မီးဖိုခန်းထိ ဝင်ဖြစ်သည်။

"ဒီမှာချ ..."

ခါးထောက်၍ ရပ်ကြည့်နေသော သူမထံမှ ခပ်ဆတ်ဆတ်စကားသံကို ကြားရသည်။

"ဝုန်း"

သူမ ညွှန်ပြသည့်နေရာသို့ ပြစ်ချပစ်လိုက်တော့ လန့်၍ နောက်သို့ ဆုတ်သွားသည်။

"ဖြည်းဖြည်းလုပ်ပါ၊ မီးသွေးတွေ ကျေကုန်ပါ့မယ်"

"အားလုံးအတွက် အကောင်းဆုံးဖြစ်စေချင်ပါတယ် အစ်မကြီး။ ဒါပေမဲ့ တစ်ခါတလေအဆင်မသင့်ရင်တော့ကျိုးတတ်ကျေတတ်ပါတယ်။ မနေ့ကဆို စက်ဘီးတစ်စီးဝင်အတိုက်ခံရလို့ အိတ်တစ်ဝက်လောက် ကျေကုန်ပါတယ်။ ဒါတောင်မှ သူက အပေါ်စီး ပြောသွားသေးပါတယ်"

ရဲရင့်ထွန်းစကားအဆုံးမှာ သူမ မျက်နှာပျက်သွားသည်။ ဘာစကားမှ ထပ်မပြောတော့ဘဲ နောက်ဆုတ်သွားသည်။

"မီးသွေးဖိုး ရှင်းပြီးသားနော် သား ..."

"ဟုတ်ကဲ့ ... အန်တီ"

"သယ်ခ ဘယ်လောက် ထပ်ပေးရမှာလဲ"

"စေတနာနဲ့ ပို့တာပါ အန်တီ။ ကျွန်တော် ကျောင်းပိတ်ရက် အားနေရင် ဖောက်သည်တွေလည်း အဆင်ပြေ၊ မိတ်သစ်လည်း ရအောင်ဆိုပြီး အလကားပဲ လိုက်ပို့ပေးပါတယ်။ စက်ဘီးနဲ့ဆိုတော့ ပင်ပန်းတာမှမဟုတ်ဘဲ"

"အော် ... အေးကွယ်၊ ကျေးဇူးပါပဲ ..."

"ကျွန်တော် သွားမယ် အန်တီ ..."

သူမမျက်နှာ မှုန်ကုတ်ကုတ်နှင့် ရပ်ကြည့်ရင်း ကျန်ရစ်သည်။ စက်ဘီး အိုကြီးကို ဟန်ပါပါတွန်း၍ ခြံပြင်သို့ ထွက်ခဲ့သည်။ သူမ ပန်းဘီးလှလှလေးကို တော့ မမြင်ရ။ ပြင်နေရပြီထင်သည်။ ခြံဝမှအထွက် စက်ဘီးနှစ်စီးနှင့် ကောင် မလေးနှစ်ယောက်ကို ရင်ဆိုင်ရသည်။

"သိန်းသိန်း ရှိရဲ့လား မသိဘူး"

"ရှိပါတယ်"

မဆီမဆိုင် သူက ကြားက ဝင်ဖြေပေးလိုက်သည်။ ကောင်မလေးတွေ က ဘုကြည့် ကြည့်သည်။ အလှအပလေးများ၏ စက်ဘီးလှလေးများက တောက်တောက်ပြောင်ပြောင်။ နေပူလေပူခံကာ မရေရာသော ခရီးလမ်းကို အဓိပ္ပာယ်မဲ့စွာ လျှောက်နင်းကြပေတော့မည်။ ဘာပဲဖြစ်ဖြစ် သူတို့ထံမှ အမြတ်ထွက်သည်။ သူမအမည်ကို သိလိုက်ရသည်။ လက်ကိုင်ပဝါထောင့်မှ တီတီအေဟူသော စာလုံးလေးများကို အမှတ်ရမိသည်။ အတွေးထဲမှာပင် ဆက်စပ်၍ အမျိုးမျိုး ကင်ပွန်းတပ်နေမိသည်။ ဖြစ်ချင်တော့လည်း တစ်လမ်း တည်းသားတွေပါပဲလားဟု ပြန်တွေးကြည့်ရင်းမှ စိတ်မကောင်းဖြစ်ချင်လာ သလိုလိုပင်။

❖

လမ်းလေးခွရှိ ကိုသိန်းအေး စက်ဘီးပြင်တဲအတွင်းသို့ ဟီးရိုးကြီးကို အဝင်တွင် အမှတ်တရရှိနေသေးသည့် ပန်းဘီးပြာလေးကို အမှတ်မထင် မြင် တွေ့လိုက်ရသည်။

"ဟ ... ဟော့ကောင် ရဲရင့်၊ လာလေကွာ ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ လေထိုးမလို့။ နေပါဦး အစ်ကိုရ ဒါက ဘယ်က ဘိန်းလဲ"

"ကောင်မလေးတစ်ယောက် လာပြင်ခိုင်းသွားတာလေကွာ။ မင်းတို့ လမ်းထိပ်ကလို့ ပြောတယ်"

အတွေးထဲမှ သံသယစိတ်ကို ကိုသိန်းအေးက အတည်ပြုပေးသည်။

"ပြင်ပြီးသွားပြီလား"

"အေး ... ဒီနေ့ ချိန်းထားတာ ခုနတစ်ယောက်လာသွားသေးတယ်။ တော်ကြာ လာယူမယ် ပြောတယ်"

ကိုသိန်းအေးကို စကားမပြန်တော့ဘဲ လေထိုးတံ ကောက်ယူ၍ ထိုးနေလိုက်သည်။ ပန်းဘီးပြာလေးထံ အကြည့်ရောက်မိပြန်သည်။ တစ်ဆက်တည်းမှာပင် အပြစ်ကင်းစင်သည့် အလှအပလေး၏ ဟန်ပန်လေးများကို မြင်ယောင်မိသည်။ ဒေါသတိမ်ကင်းစင်ချိန်တွင် သူမ မျက်ဝန်းသော်တာသည် မည်မျှတောက်ပလိမ့်မည် မသိ။ အတေးအမှတ်မထားတတ်လျှင် ခွင့်လွှတ်နိုင်စွမ်းမည်ဟု မချင့်မရဲ မျှော်လင့်နေမိသည်။

"ဟော ... ဟိုမှာ ပြောရင်းဆိုရင်း"

ကိုသိန်းအေး ညွှန်ပြရာသို့ အလန့်တကြား လှည့်ကြည့်မိသည်။ တစ်လှမ်းချင်း လှမ်းလာသော ရွှေကြာခြေရှင်မလေးကို မြင်ခွင့်ရသည်။ မာန၏အရိပ်အငွေ့တို့ ရစ်ဝိုင်းလွှမ်းခြုံလျက်။

"ကိုသိန်းအေး"

"ဆို"

"ကျွန်တော့်ကို စိတ်မဆိုးနဲ့ဗျာ၊ သူလာရင် လုသွားတာလို့သာ ပြောလိုက်"

စကားဆုံးသည်နှင့် ပန်းဘီးလေးပေါ် တက်၍ ဆိုင်တွင်းမှ အတင်းနင်းထွက်လိုက်သည်။ သူမနှင့် မျက်နှာချင်းဆိုင် ဆုံသည်။ သူမက သူ့ကို တအံ့တဩ ငေးကြည့်နေသည်။ သူမရှေ့ရောက်မှ စက်ဘီးကို တစ်ချက်ထောက်ရပ်လိုက်သည်။

"စက်ဘီးပြန်လိုချင်ရင် လိုက်ခဲ့"

"ဘာပြောတယ်"

သူမ အသံလေး ဥပေက္ခာပြု၍ တလိမ့်ချင်း နင်းထွက်သည်။ မိန်းမလှလေး ဆိုင်ထဲ ပြေးဝင်၍ ဟီးရိုးကြီး နင်းထွက်လာတာ မြင်၏။ သူ့စက်ဘီးကို အရှိန်မြင့်လိုက်သည်။လမ်းလေးခွမှ ဘယ်ဘက်သို့ချိုး၍အရှိန်ကုန်နင်းသည်။ တစ်ချက် တစ်ချက် လှည့်အကြည့်မှာ ငိုမဲ့မဲ့နှင့် စက်ဘီးအမြင့်ကြီးကို မနိုင်မနင်း ထိန်းနင်းလာသည့် အလှအပလေးကို မြင်ရသည်။ ကရုဏာစိတ်နှင့် အတူ အလျော့ပေးလိုသော ဆန္ဒက လွှမ်းမိုးချင်လာသည်။ သို့သော် အခုမှတော့ မထူးတော့ပြီလေ။ မြို့ထောင့်စေတီအထိ နင်းဖို့ ဆုံးဖြတ်လိုက်သည်။ တစ်စစ လမ်းက ရှင်းလာသည်။ အနောက်ဖက်မြင်ကွင်းမှာ သူမ တစ်ယောက်တည်း ထင်းထင်းလင်းလင်း။ အရှိန်လျှော့၍ လိမ့်နေလိုက်သည်။ သိပ်မစောင့်လိုက်ရ၊ နောက်ဖက်မှ တဒုန်းဒုန်း တဒိုင်းဒိုင်း ခုန်ဝင်လာသော ဟီးရိုးကြီးအသံကို ကြားရသည်။ ပန်းဘီးလေးကို ဘရိတ်နင်း၍ လုံးဝရပ်တန့်ပြစ်လိုက်ပြီး သူမကို အသင့်စောင့်ကြိုနေလိုက်သည်။ စက်ဘီးပေါ်မှ အဆင်းတွင် သူမ မျက်နှာလှလှလေး၌ ချွေးသီးချွေးပေါက်တို့ ရစ်သီလျက် ရှိသည်။

"ရှင် ကျွန်မစက်ဘီး ပြန်ပေးပါ"

အသံသာသာလေးက လှိုက်၍ထွက်လာသည်။

"ခင်ဗျားလည်း ကျွန်တော့်စက်ဘီး ပြန်ပေးပါ"

"ဘာ"

ရုတ်ခြည်း လေသံက မာလာသည်။ မာနနှင့်အတူ ဒေါသ စစ်ကူပါလာပုံ ရ၏။

"ရှင့်စက်ဘီး အစုတ်ပလုတ်များ၊ ရော့ ..."

ပြောရင်းဆိုရင်း ဟီးရိုးကြီးကို လမ်းဘေးတွန်းလှဲပြစ်လိုက်သည်။

"ရပါတယ်ဗျာ၊ သိပ်စိတ်ဆိုးနေရင်လည်း ကျေနပ်အောင်သာ လုပ်ပါ"

လဲကျနေသော စက်ဘီးကို ငဲ့ကြည့်၍ သူမ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာထား ပြန်ပြင်သည်။

"ကဲပါ ... ကြာတယ် ကျွန်မစက်ဘီးပြန်ပေး"

"စက်ဘီးပြန်လိုချင်ရင် ကျွန်တော့်ကို အခွင့်အရေးတစ်ခု ပေးပါ"

"ဘာအခွင့်အရေးလဲ"

"ပထမအကြိမ်နဲ့ ဒုတိယအကြိမ် တွေ့တုန်းက အာဃာတ တရားတွေ အားလုံး ကျေအေးပြီးပြတ်ပြီး ရင်းနှီးဖော်တွေအဖြစ် အသိအမှတ်ပြုပေးပါ"

သူမ မျက်နှာမှာ တွေဝေမှု၏ အရိပ်အယောင်ကို မြင်ရသည်။ လိုက်လျောလိုသော မသိစိတ်သည် မာန၏ ထိန်းချုပ်မှုကို လွန်ဆန်ပုံမရ။

"ရှင်ပြောသလို မဖြစ်နိုင်ဘူးဆိုရင်ကော"

ပါးစပ်မှ အဖြေမပေးတော့ဘဲ ပန်းဘီးလေးပေါ် ခွထိုင်ရင်းက ခြေနင်းခုံကို တော့ပြလိုက်သည်။

"ခဏ ခဏ နေပါဦး ..."

နောက်ဖက်မှ အလန့်တကြား လှမ်းခေါ်သည့် သူမအသံကို ကြားရသည်။

"ဘယ်လိုလဲ ... မသိန်းသိန်းဲအေး"

"ရှင်"

မီးသွေးအိတ် ပိုစည်က ကြားခဲ့ရသည့် အမည်နှင့် လက်ကိုင်ပဝါမှ စာလုံးလေးများကို ဆက်စပ်၍ ခပ်တည်တည်နှင့် အမည်သညာ တပ်ခေါ်လိုက်သည်။ သူမ မျက်နှာတွင် အံ့ဩမှု အငွေ့အသက်တို့ရှိ၏။ ထို့နောက် လှိုက်လှိုက်လှဲလှဲ ပြုံး၏။ ထိုအပြုံးလေးက ရဲရင့်ထွန်း ရင်ထဲတွင် အေးမြသွားအောင် ဖန်တီးနိုင်စွမ်း၏။

"အဲဒီနာမည်ကို ဘယ်လိုသိလဲ"

"ဒီလိုပေါ့"

"အရှုံးပဲ"

"ဘာလဲ မဟုတ်လို့လား"

"မသေမချင်းမှတ်ထား၊ ကျွန်မနာမည် သိမ့်သိမ့်အိရှင့်"

"ဗျာ"

ရှက်စိတ်နှင့်အတူပင် ရင်တွင်းမှာ အခံရခက်၏။ သိမ့်သိမ့်ကို သိန်းသိန်းဟု ကြားမိသည့် ကိုယ့်နားကိုလည်း ဒေါသဖြစ်မိသည်။

"ရှင်က ဗေဒင်ဆရာလား"

"မဟုတ်ပါဘူး၊ ဆောရီးပဲဗျာ ... ကျွန်တော် နားကြားလွဲသွားလို့။ ဒီလောက်လှတဲ့ နာမည်လေး ပျက်သွားရတာ စိတ်မကောင်းပါဘူး။ ကျွန်တော့်နာမည် ရဲရင့်ထွန်းပါ"

"ရုပ်ရှင်ရုံနာမည်ပဲနော်၊ မှတ်ရလွယ်ပါတယ်"

ရယ်ရယ်မောမော ပြောနေသည့် သူမ၏ ချစ်စဖွယ် ဟန်ပန်လေးများက အသက်ဝင်လွန်းလှသည်။ မထင်မှတ်သော အမှားလေးတစ်ခုကြောင့် အမှတ်မထင် သမုဒယလမ်းစကို ရှာဖွေတွေ့ရှိကြပြီလေ။

"ဘယ်လိုလဲ ... မသိမ့်သိမ့်အိ။ ကျွန်တော့်အဆိုပြုချက်ကို လက်ခံလိုက်ပြီ မဟုတ်လား"

သူမမျက်နှာ ချက်ချင်း ပြန်တည်သွားသည်။ နဖူးပေါ်သို့ ဝဲကျနေသော ဆံစတို့ကို သပ်တင်ရင်းက အလှပဆုံး ပြုံးပြပြန်လေသည်။

"ဟုတ်ကဲ့ ... ကျွန်မ လက်ခံပါတယ်"

"အို ... ဝမ်းသာပါတယ် မသိမ့်သိမ့်၊ ချစ်စကို ရှည်စေ မုန်းစကို တိုစေ"

"စကားကိုလည်း တိုပါစေ ကိုရဲရင့်ထွန်း"

သူ့စကားမဆုံးမီ ဖြတ်အပြောခံလိုက်ရသဖြင့် ရင်ထဲမှာ မရှိုးမရွ ဖြစ်သွားသည်။

"ဩော် ... ဒီမှာ မသိမ့်သိမ့်ကျကျန်ခဲ့တဲ့ လက်ကိုင်ပဝါ။ တစ်ထောင့်ငါးရာနဲ့ ပြန်ရောင်းစားမလို့ သိမ်းထားတာ"

"အဲဒါဆိုရင်တော့ ဆောရီးပဲ၊ ပြန်မဝယ်ပါရစေနဲ့တော့"

"အခု တန်ဖိုးလျှော့ဈေးနဲ့ ရောင်းမှာပါ"

"ဘယ်လောက်လဲ"

"ငါးရာနှစ်ဆယ့်ရှစ်"

နှစ်ယောက်သား ပြိုင်တူ ရီမောလိုက်မိကြသည်။ ပန်းဘီးပြာလေးကို သိမ့်သိမ့်ရှိရာသို့ သူ တွန်းယူလာသည်။ သိမ့်သိမ့်ဆီက သူ့ဟီးရိုးကြီးကို ပြန်ထောင်ပေးသည်။ အပြုံးနီးနှောဖလှယ်ပွဲလေးအပြီးမှာ စက်ဘီးကိုယ်စီနှင့် မြို့တွင်းသို့ ဦးတည်လိုက်ကြသည်။ ခရီးသည်အလှအပလေးများနှင့် သံယောဇဉ်ကြိုးတံတားလေးများ မရှိဘဲ ဘဝခရီးကြမ်းကြီးကို ဘယ်သူ လျှောက်ရဲမှာတဲ့လဲ ...။

# ဝိဘာစွမ်းသမီး

ကျောင်းရှေ့မှ စက်သံကြားမိသလိုလို ရှိသော်လည်း လှည့်မကြည့် အား။ လက်သည်းညှပ်မလာသော ကလေးများကို စိစစ်၍ အပြစ်ပေးရင်း မွန် တစ်ယောက်တည်း အလုပ်များနေသည်။

"ဟိုမှာ နင်းသဗ္ဗာချို လာပြီ"

နံဘေးမှ ကလေးတစ်ဦး ပြောသံကြားမှ ကျောင်းရှေ့သို့ တစ်ချက်လှမ်း ကြည့်ဖြစ်သည်။ ဟွန်ဒါ ဆိုင်ကယ်ကြီးပေါ်မှ ဖွေ့ခနဲ ခုန်ချပြီး ကျောင်းထိ ပြေး ဝင်လာသော နင်းသဗ္ဗာချိုကို မြင်သည်။ ချစ်စဖွယ် အပြုံးလှလှလေးကို မွန် အတွက် သယ်ဆောင်လာ၏။

"အင် ..."

မွန် မျက်စိရှေ့မှာတင် ရုတ်တရက် ခလုတ်တစ်ချက်တိုက်၍ လဲသွား သည်။ အပြေးတပိုင်းထွက်၍ ထူမပေးဖို့ ကြိုးစားလိုက်မိပါသည်။

"အို ..."

ရုတ်တရက် အနီးသို့ ရောက်လာသူတစ်ဦးကြောင့် မွန့်ခန္ဓာကိုယ်ကို တုံ့ခနဲ ရပ်ဆိုင်းလိုက်ရပါတယ်။ ဆိုင်ကယ်စီးဦးထုပ်ကို လက်တစ်ဖက်က ခပ်ရွရွလေးကိုင်ရင်း လက်တစ်ဖက်နဲ့ နင်းသဗ္ဗာချိုကို ထူမပေးနေတဲ့ လူတစ် ယောက်။

အပြာရောင် စပို့ရှပ်အသစ်လေးနှင့် ဂျင်းဘောင်းဘီတို့ကို သပ်ရပ်စွာ ဝတ်ဆင်ထားသော မွန်ရည်ခံ့ညားသည့် သူ့မျက်နှာဆီ မွန် အကြည့်ရောက်သည်။ သူ့ခေါင်းအမော့မှာ အကြည့်ချင်းဆုံသည်။ မွန့်နှလုံးသားမှာ သိမ့်ခနဲ လှုပ်ခတ်၏။ သူ့အကြည်က နှလုံးသားသို့တိုင်အောင် ထွင်းဖောက်နိုင်စွမ်း လေရော့သလား။ မျက်နှာလွှဲဖို့ ကြိုးစားစဉ်မှာပင် သူက ခပ်ရွှရွှအပြုံးလှလှ လေးတစ်ခုဖြင့် နှုတ်ဆက်သမှု ပြုသည်။

"ကျွန်တော် သဥ္ဇာဦးလေးပါ။ သူ့အဖေ မအားလပ်တာနဲ့ ကျောင်းလိုက်ပို့ပေးတာလေ"

"ဟုတ် ... ဟုတ်ကဲ့ရှင့်"

မွန့်ဘက်က ကိုယ့်နှလုံးသားကို ကိုယ် ပြန်ပြီး ထိန်းချုပ်နိုင်စွမ်းချိန်မှာ သိပ်နောက်ကျသွားပြီဟု သတိပြုမိသည်။ ပုံသဏ္ဍာန်ပျက်ယွင်းသွားသော မွန့်အမူအရာကို သူ ရိပ်မိမည်သာ။

"လာ ... သမီး ဘယ်နား နာသွားသေးလဲဟင်"

သူ့လက်ထဲက ကလေးငယ်ကို လှမ်းဆွဲရင်းက စကားလွှဲမိသည်။

"ကျွန်တော် ပြန်ပါဦးမယ် ဆရာမ။ ကဲ ... သမီး ဦး ပြန်မယ်နော်"

"ဟုတ်ကဲ့"

အနည်းငယ် တုန်ခါနေသော မွန့်အသံကို သဥ္ဇာလေးအသံက ဖုံးလွှမ်းသွားသည်။ စာသင်ခန်းဘက်သို့ပြန်အလှည့်မှာမွန့် ခြေလှမ်းတွေကလေးကန်နေသည်ဟု သတိပြုမိ၏။ ပျံ့လွင့်နေသော စိတ်ကို ကြိုးစားထိန်းချုပ်၍ အတွေးစိတ်ကူးမှ ဖွတ်ရုန်းထွက်ရသည်။ ထိုနေ့က မူမမှန်တဲ့ မွန့် အပြုအမူတွေကို ကလေးတွေချည်းမို့သာ မရိပ်မိကြတာပါလေ။

❦

ကျောင်းဝင်းထဲမှ အပြေးအလွှား ထွက်ခွာသွားကြသော ကလေးငယ်များနှင့် ဆီးကြိုနေသော ကျောင်းသားမိဘများအားလုံးကို ခြုံငုံ၍ အပြုံးမပျက် နှုတ်ဆက်ရင်းက တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အခန်းတွင်းမှာ သက်ပြင်းမောကို မှုင်း၍ချနေမိပါသည်။

"စေတနာ့ဗိမာန်" မူကြိုကျောင်းကလေးကို မွန် စတင်တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ပင် ပြည့်ရော့မည်။ ဖွင့်စက အနီးအနားပတ်ဝန်းကျင်မှ ကလေးဆယ်ယောက်ခန့်သာ ရှိသော်လည်း မွန့် စေတနာအကျိုးပေးကြောင့် ယခုဆိုလျှင် ကလေးငယ် ရာဂဏန်းနားပင် ကပ်လာပေပြီ။

ဒါကြောင့် အခုလို သွားရေးလာရေးအဆင်ပြေသော လမ်းမကြီး နံဘေးမှာ ကျောင်းခန်းလေး ငှား၍ ရွှေ့ဖွင့်ထားရခြင်း ဖြစ်သည်။

အခန်းပြတင်းတံခါးများ ပိတ်အပြီးမှာပင် ကျောင်းဝင်းထဲ လှမ်းဝင်လာသူနှစ်ဦးကို လှမ်းမြင်လိုက်ရပါသည်။ နင်းသဉ္ဇာလက်ကို ဆွဲရင်း တစ်လှမ်းချင်းလှမ်းဝင်လာသော သူ။

မွန့် ရင်တွင်းမှာ တင်းကျပ်ကျပ်ဖြစ်လာသည်။ နေ့စဉ်နှင့်အမျှ ကားနှင့်ကြိုပို့လုပ်ရင်း မေတ္တာစကားတွေကို မနားမနေ ပြောတတ်သောကြောင့် မွန့်နှလုံးသားကို ထိန်းချုပ်ရခက်နေပြီလေ။

သူ့ကို မတွေ့ရသည့်နေ့များတွင် မျှော်လင့်နေမိသလို၊ တွေ့ပြန်တော့လည်း ဘာကြောင့်မှန်းမသိ မွန် စိတ်ရှုပ်ရသည်။

တွေဝေမှု ဂယက်ထဲမှ ထိုးထွက်ရန် ဆုံးဖြတ်ချက်တစ်ခုခုတော့ ပြတ်သွားစွာ ချမှတ်ရပေတော့မည်။

"မွန်"

"ရှင်"

"အိမ်ပြန်မယ် မဟုတ်လား၊ ကျွန်တော်တို့ စောင့်နေမယ်နော်"

အခန်းတံခါး သော့ခတ်ရင်းက ငြင်းမရနိုင်မှန်း သိ၍...

"ဟုတ်ကဲ့" လိုက်ရပါသည်။

အသင့်ဖွင့်ထားသော သူ့ကားတွင်းကို ဝင်ထိုင်ပြီးနောက် အစဉ်အလာမပျက် ပြုံးနှုတ်ဆက်ဖြစ်သည်။ သဉ္ဇာကလည်း မွန့်ဘက်ကို တိုးထိုင်ရင်းက မွန့်ပေါင်ပေါ်က ခေါင်းအုံးအိပ်ဖို့ ကြိုးစား၏။

"မွန် ... ကျွန်တော် ရှေ့လထဲမှာ အလုပ်ကိစ္စနဲ့ စင်ကာပူ ခဏသွားရမယ်။ အဲဒါမသွားခင် မွန့်ဆီက စကားကို ကြားချင်တယ်ဗျာ"

"ကျွန်မ ကြိုးစားပါ့မယ်"

ပထမဆုံးအကြိမ် အနှောင့်အသွား မလွတ်သော စကားလုံးကို ဆိုမိသည်။

သူ့ရင်တွင်းက ကြည်နူးမှုက သူ့အပြုံးမှာ အရိပ်ထင်သည်။ ကြည်နူးရိပ်လွှမ်းသော သူ့အပြုံးကြောင့် မွန့် ရင်ထဲမှာလည်း ....။

❖

ရန်ကုန်ဆေးရုံကြီးအတွင်းသို့ လှမ်းဝင်ရင်းမှ မနက်က အဖြစ်အပျက်ကလေးတွေကို ပြန်သတိရသည်။ သဥ္ဇာအသံလေးကို ကြားယောင်မိသည်။

"ဆရာမ သမီးဦးဦးလေ မနေ့က ဆိုင်ကယ်မှောက်လို့ ဆေးရုံတင်ထားရတယ်"

"ဟင် ... ဒဏ်ရာတော်တော်များလားဟင်"

"အဲဒါတော့ သမီးလည်း သေချာမသိဘူး ဆရာမ။ ညက သမီးတို့ဆေးရုံသွားတော့ သမီးကို မှာလိုက်တယ်။ ဆရာမကို သတိရတယ်လို့ ပြောလိုက်ပါတဲ့"

သဥ္ဇာစကားဆုံးမှ မွန် သက်ပြင်းချနိုင်သည်။ စကားပြောနိုင်တယ်ဆိုတော့ အခြေအနေ သိပ်မဆိုးလို့ပေါ့ပါဟု စိုးရိမ်စိတ်ကို ဖြေလျော့၍ တွေးဖြစ်သည်။ ကလေးတွေဘက်ကို မျက်နှာမမူခင်မှာ မြတ်စွာဘုရားကို အာရုံပြု၍ ကိုကို ကျန်းမာပါစေဟု တိတ်တခိုး ဆုတောင်းမိပါသည်။

ပြီးတော့ တစ်နေ့လုံး နာရီတကြည့်ကြည့်လုပ်ပြီး အနည်းငယ်စော၍ ကျောင်းဆင်းလိုက်မိသည်။ ရန်ကုန်ဆေးရုံကြီးကို မွန်ရောက်တော့ ဧည့်ချိန်ရောက်ဖို့ ဆယ်မိနစ်လောက် လိုသေးသည်။ ဒါပေမဲ့ အရောက်အပေါက်နည်းလှသော ဆေးရုံပရဝုဏ်မှာ ဟိုမေး ဒီမေးနှင့် ကိုကို့အခန်းကိုတွေ့တော့ လေးနာရီ ဆယ်မိနစ်။

မျှော်လင့်ခြင်းများစွာဖြင့် အသွက်လက်ဆုံးလှမ်းသော မွန့် ခြေလှမ်းတွေက ကိုကို့ အခန်းဝအရောက်မှာ တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ မွန့် မျက်စိထဲမှာလည်း ပြာဝေသွားသည်။ မွန့် နှလုံးသားမှာမူ ....။

မျက်စိနှင့်သာ တပ်အပ်မမြင်လျှင် မွန် ယုံကြည်မယ် မထင်။ အခုတော့ မွန်ကိုယ်တိုင် မြင်နေရသည်လေ။

ဘေးတစောင်းအနေအထားဖြင့် မြင်နေရသော ကိုကို့အနားမှာ ကိုကို့ လက်ကို ဆုပ်ကိုင်ထားသော မိန်းမလှလေးတစ်ယောက် ကိုကို့မျက်နှာကို ငေးစိုက်ကြည့်နေသည်။ သူ့အကြည့်ကို မွန် နားလည်ပါသည်။ မွန်သာ သူ့နေရာကို ရနေရင်လည်း ကိုကို့ကို အဲဒီလိုအကြည့်မျိုးနဲ့ ငေးကြည့်နေမိမှာပဲ မဟုတ်လား။

"သူ့အမျိုးသမီးကလည်း ချောတယ်နော်။ သူနဲ့ လိုက်ပါတယ်"

ကိုကို့ အခန်းထဲမှ ထွက်လာသော သူနာပြုဆရာမ နှစ်ယောက်၏ စကားသံကြောင့် မွန့်အထင်က လုံးဝခိုင်လုံသွားပြီ။

ဘာပဲဖြစ်ဖြစ် အခုအချိန်မှာတော့ မွန့်အနေနဲ့ ရှေ့ဆက်လုပ်းစရာ အကြောင်းမရှိပြီပဲလေ။ ပြီးတော့ အမိပ္ပာယ်မဲ့စွာဖြင့် ဆက်လက်ရပ်တန့်နေ ရဦးမည်လား။ မဖြစ်သင့်ပါ ...။

မွန် သွားစရာ တစ်လမ်းသာ ရှိပါသည်။ ထိုလမ်းသာ ကား လာရာလမ်း။ အချိန်မလွန်ခင် မွန် နောက်ပြန်လှည့်ရပါတော့မည်။

သမင်ဖိုတွေကို ဦးချိုလဲဖို့ ကြိုးစားနေသော ကိုကို့အတွက် မွန်သည် ဦးချိုအသစ် မဖြစ်လိုပါ။

*

မိန်းမသားတစ်ယောက်အနေနှင့် မိန်းမသားချင်း သစ္စာတရားထားရှိဖို့ လိုပါသည်။ ယောကျ်ားတွေ သစ္စာဖောက်တာကို အပြစ်တင်စရာမလိုပါ။

သစ္စာဖောက် ယောကျ်ားတစ်ယောက်ကို မိန်းမသားချင်း သစ္စာမဲ့စွာ လက်သင့်ခံခြင်းသည်သာ အပြစ်ဟု မွန် ယူဆသည်။ မွန် မိန်းမသားမို့ သစ္စာ မမဲ့ပါ။

လာရာလမ်းအတိုင်း လှည့်ပြန်ခဲ့ပါသည်။

ဒါပေမဲ့ နလုံးသားထဲက ခံစားချက်ဆိုတာမျိုးက လိမ်ညာခံစားလို့ ရတတ်တာမျိုးမှ မဟုတ်ပဲလေ။ မွန် သူ့ကို ချစ်ပါသည်။ မွန် ချစ်သော သူ့ကို ကိုကိုဟုသာ ထာဝရခေါ်ဝေါ်သုံးစွဲသွားပါဦးမည်။ သို့သော် ထိုအချစ် ထိုအခေါ် အဝေါ်သည်လည်း မွန့်နလုံးသားထဲမှာသာ ထာဝရ တည်ရှိနေပါလိမ့်မည်။

ပုဂ္ဂလိက ခံစားချက်ကို အရှက်မဲ့စွာ ဖွင့်ဟကြော်ငြာတတ်သော မိန်းမ စားမျိုးထဲမှာ မွန်မပါ။ ဒါပေမဲ့ မွန့်ရင်ထဲမှာ ကြီးမားသော ဆုံးရှုံးမှုတစ်ခုကြောင့် ခံစားရသည့် ဝေဒနာကို မွန် မညာ။

ကိုကို ဘဝဇာတ်လမ်းပမာမှာ ဇာတ်ပို့ဇာတ်ရံ ဘဝနှင့်လည်း မွန် ကျေနပ်ပါသည်။ မင်းသမီးနေရာတော့ က.ရပါရဲ့။ ဝိဘာဇ္ဇမင်းသမီး ဇာတ်ရုပ်မျိုး ဆိုရင်တော့ မွန် မက.ပါရစေနဲ့တော့။

# ကြေးစား

စာအုပ်တိုက်ပေါင်းစုံမှ ထုတ်ဝေရန် ငြင်းပယ်လိုက်သော စာမူများကို ပြန်ယူလာခဲ့သဖြင့် ကျွန်တော့် လွယ်အိတ်ကလေးက အသွားတုန်းကထက် ပိုလေးနေသည်။ စိတ်ပျက်အားငယ်ချင်သလိုလို ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးရင်း ကျွန်တော် နေထိုင်သော ဓမ္မာရုံလမ်းအတွင်းသို့ ရောက်လာသည်။

"ကိုကိုနိုင် ... ကိုကိုနိုင် အဲဒီဘောလုံးလေး ဖမ်းထားပေးပါ"

လမ်းထိပ်ကုန်းပေါ်မှ အသံကြောင့် ကျွန်တော်လည်း သူတို့ ဖမ်းခိုင်းသော ဘောလုံးကို ပြူးပြဲရှာရသည်။ လျင်မြန်စွာ ခုန်ပေါက်လိမ့်ဆင်းလာသော ဘောလုံးက ကံအားလျော်စွာ ကျွန်တော့်ရှေ့တည့်တည့်မှာ လာကျသည်။ ကျွန်တော့် ခြေထောက်နှင့်ခံနေ၍ ဆက်လိမ့်မဆင်းတော့။ လမ်းထိပ်ကုန်းမြေမြင့်လေးပေါ်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ညီ ထက်နိုင် အပါအဝင် လမ်းတွင်းမှ ကာလသား လူငယ်များ၏ ဘော်လီဘောပွဲ။ သူတို့ အားလုံး ကျွန်တော့်ရှေ့က ဘောလုံးလေးကို စောင့်မျှော်နေကြသည်။

ဘောလုံးလေးကို ခပ်သွက်သွက်ကောက်၍ ပြန်ပစ်ပေးလိုက်ပါသည်။

"ကဲ ... ဘယ်နှစ်မှတ် ရှိသွားပြီလဲဟေ့"

"တူး ... ဖိုး၊ တူး ... ဖိုး"

"ငါတို့ ဆာဗင်နော်"

စည်စည်ကားကားဖြစ်နေသော ဘောလီဘောပွဲလေးကြောင့် ကျွန်တော်လည်း ထိုင်ကြည့်ချင်စိတ်ပေါက်လာသည်။ တစ်နေ့လုံး ညည်းငွေ့လာသဖြင့် စိတ်ပြေလက်ပျောက် ခဏလောက်တော့ ထိုင်ကြည့်လိုက်မည်ဟု ဆုံးဖြတ်ပြီး ဘောလီဘောကွင်းနံဘေးက အုတ်ခုံလေးမှာ ဝင်နေရာယူလိုက်ပါသည်။

"ကိုကိုနိုင် ဘယ်ကပြန်လာတာလဲ"

ထက်နိုင် သူငယ်ချင်း မင်းအောင်က ကျွန်တော် ထိုင်သာအောင် နေရာခွဲပေးရင်း ပဋိသန္ဓာရ စကားဆိုသည်။

"မြို့ထဲက ပြန်လာတာ"

"ဘာလဲ စာမူခ သွားထုတ်တာလား"

ရင်ထဲမှာ ခိုးလို့ခုလ ဖြစ်ရသည်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ တစ်လ တစ်ပုဒ်လောက်ပါဖို့ မနည်းကြိုးစားရေးသားပေးပို့နေရသော ကျွန်တော့် အခြေအနေကို သူတို့ နားမလည်။ ကျွန်တော့်ကို စာရေးဆရာဟု သမုတ်၍ မြို့ထဲထွက်တိုင်း စာမူခထုတ်သည် ဆင်နေကြသည်။

"မဟုတ်ပါဘူးကွာ၊ ဘာလဲ ... မင်း လက်ဖက်ရည်သောက်ချင်လို့လား။ စာမူခ မထုတ်ရလည်း တိုက်နိုင်ပါတယ်ကွ"

"မဟုတ်ပါဘူး ... ကိုကိုနိုင်ရာ။ ဒီနေ့ည ကျွန်တော်တို့က ကိုကိုနိုင်ကို တိုက်မှာပါ။ ကျွန်တော်တို့ နှစ်ပွဲတောင် နိုင်ထားပြီးပြီ"

"ဟုတ်လား"

မင်းအောင်ကို စကားဖြတ်၍ ဘောလီပွဲကို အာရုံဝင်စားလိုက်သည်။ အမ၊ အပင့်၊ အထောင်၊ အခုတ် စည်းချက်ညီညီ လှုပ်ရှားနေကြသည်။ သူတို့ လောင်းကြေးကား လူတစ်ကိုယ်တစ်ထောင် လေးယောက်ဆိုလျှင် တစ်ပွဲ လေးထောင်ကြေး၊ ကွင်းကြေးက နိုင်သည့်ဘက်မှ တစ်ပွဲတစ်ရာ ဖြတ်သည်။ ဤကွင်းကြေးငွေထဲမှ ဘောလုံး ပိုက် စသည်တို့ကို ဝယ်ယူကြသည်။

ညနေစောင်းလျှင် ဒီနေရာမှာ ကာလသားတွေ အစုံအလင် ရင်းနှီးခင်မင်စွာ အုပ်စုဖွဲ့၍ တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲကြသည်မှာ နေ့၏ အလင်းရောင်

ကွယ်ပျောက်ချိန်အထိ။ ရေချိုးထမင်းစားပြီး၍ ညနေအချိန်ရောက်လျှင် ဘောလီဘောပွဲ အတွေ့အကြုံများကို လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ စားမြုံ့ပြန်ကြပေဦးမည်။ တကယ်တော့ သူတို့ ဘောလီဘောပွဲမှာ ဝါသနာသက်သက်သာ။ အလွန်ဆုံးနိုင်မှငါးရာ၊ တစ်ထောင် လက်ဖက်ရည်ဖိုးပဲ ရှိသည်။

ဒါပေမဲ့ သူတို့ နိုင်သည့်အတွက် သူငယ်ချင်းတွေကို တိုက်ရသည့် လက်ဖက်ရည်ဖိုးက တို့ထက်မက။ ကျွန်တော်တို့လည်း ထိုနည်းလည်းကောင်း။ ရသည့်စာမူခက လက်ဖက်ရည်ဖိုးပင် မရှိ။ ဒါပေမဲ့ ကျွန်တော်တို့ ရင်ထဲမှာ ဝါသနာတွေ အပြည့်ရှိသည်။ စာမူခ ရရ၊ မရရ စာဆက်ရေးဖြစ်နေဦးမည်မှာ သေချာပါသည်။ ဘောလီဘော နိုင်နိုင်ရှုံးရှုံး ထက်နိုင်တို့ ဘောလီဘော ဆက်ပုတ်နေဦးမှာလည်း သေချာပါသည်။

✦

လမ်းထိပ် "နေရောင်ခြည်" လက်ဖက်ရည်ဆိုင်အတွင်းမှ လှမ်းခေါ်လိုက်သော အသံကြောင့် ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းကြည့်လိုက်မိပါသည်။ ရှေ့ဆုံးဝိုင်းတွင် ကျွန်တော့်ညီ ထက်နိုင်၊ မင်းအောင်နှင့် အပေါင်းအသင်းများကို တွေ့ရသည်။ ကျွန်တော့်ကို လက်ဖက်ရည်သောက်ဖို့ လှမ်းခေါ်ခြင်းဖြစ်သည်။

ဒီနေ့မှ ဝတ္ထုတိုတစ်ပုဒ်နှင့် ကဗျာတစ်ပုဒ်အတွက် စာမူခကို တစ်ပြိုင်တည်း ရလာသောကြောင့် ကျွန်တော်လည်း လက်ဖက်ရည်ဆိုင်ထဲကို ခပ်ရဲရဲ ဝင်ထိုင်လိုက်ပါသည်။

"ထိုင် ... ကိုကိုနိုင်၊ ကျွန်တော်တို့ ရိုက်စားခွင်မိလာလို့ ရေလျှံနေတယ်။ လက်ဖက်ရည်သောက်သွားပါဦး"

မင်းအောင် စကားကို ရုတ်တရက် နားမလည်။

"ဘာလဲကွ ... ရိုက်စားခွင်"

"ဟာ ... ကိုကိုနိုင်ကလည်း စာရေးဆရာလုပ်နေပြီး ရိုက်စားခွင်ဆိုတာ ရိုက်စားခွင်ပေါ့။ ကျွန်တော်တို့က ဘယ်လိုရှင်းပြရမှာလဲ"

ကျွန်တော်လည်း ဘယ်လိုရှင်းပြခိုင်းရမှန်း မသိတော့။ သူတို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်တိုင်း ကျွန်တော့်အတွက် ဝေါဟာရအသစ်တွေ ရသည်။ အဓိပ္ပာယ်ဖွင့်ခိုင်းတိုင်း သူတို့က ကျွန်တော့်ကို အထင်သေးသလို ကြည့်သည်။ သူတို့ ဆက်ပြောသည့်စကားတွေကို ဆက်စပ်ကြည့်မှ ကျွန်တော် လိုချင်သော အဖြေကို ရစမြဲ။ အခုလည်း ...

"ဆိုပါဦး ... ဘယ်လိုမိလာတာလဲ"

"အုတ်ကျင်းဝဘက်က ကောင်တွေ ကျွန်တော်တို့ကို လာစိန်ခေါ်တယ်လေ။ ပထမတစ်ပွဲ တစ်ထောင်ကြေးပုတ်တယ်၊ ကျွန်တော်တို့က ရှုံးချင်ယောင်ဆောင်လိုက်တယ်။ နောက်တစ်ပွဲ ငါးထောင်ကြေး ကစားဖို့ ကျွန်တော်တို့ကို စိန်ခေါ်တာ ဒီကောင်တွေက စပ်ဖြဲဖြဲနဲ့ ချက်ချင်း ပိုက်ဆံထပ်တယ်။ အဲဒီပွဲမှာ ဒီကောင်တွေကို သုံးမှတ်ပဲပေးပြီး အပြတ်ရိုက်ထည့်လိုက်တော့ ကျွန်တော်တို့ လေးထောင်မြတ်လာတာပေါ့"

"အော်"

မင်းအောင် စကားအဆုံးမှာ လွှဲယ်အိတ်ထဲမှာ ကျွန်တော့် ကဗျာပါသော မဂ္ဂဇင်းလေးကို မလုံမလဲ‌ငုံ့အကဲခတ်မိပါသည်။ သူတို့ ဘောလီဘောတစ်ပွဲ နိုင်သည့် ပိုက်ဆံက ကျွန်တော့်ကဗျာတစ်ပုဒ် စာမူခထက် များနေပြီ။ ကျွန်တော် စာမူခကို ထုတ်သုံးစရာ မလိုတော့ပါ။ ကျွန်တော် မမှာခင် သူတို့က ကျွန်တော့်အကြိုက် နို့ပျစ်တစ်ခွက်ကို မှာလိုက်လေပြီ။

အားကစားသမားတွေကြား ရောက်နေသော စာရေးဆရာ ကျွန်တော့်မှာ လက်ဖက်ရည်ခွက်ကိုသာ အဖော်ပြုနေရပါသည်။ သူတို့ ဘောလီဘောပွဲ အတွေ့အကြုံ ရှင်းလင်းခန်းတွေကို မကြားတစ်ချက် ကြားတစ်ချက်။

"ဒီကောင်တွေက သူတို့ကိုယ်သူတို့ ဟုတ်လှပြီထင်ပြီး တစ်မြို့လုံးလိုက်စိန်ခေါ်နေတာကွ။ ငါတို့လမ်းနဲ့တွေ့မှ ပြာသွားတာ"

"မင်းက ဘေးက လိုက်ထိုင်ပြီး လေကျယ်မနေစမ်းပါနဲ့ကွာ။ ထက်နိုင်ကြောင့် နိုင်တာကိုများ"

"ပြဿနာတစ်ခုခု ဖြစ်ကြည့်ပါလား။ ငါတို့ဘေးက ကောင်တွေသာမပါရင် မင်းတို့ ဘယ်လောက်မှန်မှန် ခံရမှာပဲ။ အေး … ငါတို့ မပါဘဲ မင်းတို့လေးယောက်ထဲ ဒီကောင်တွေဆီ သွားပုတ်ကြည့်။ ပြဿနာလည်း မဖြစ်ဖြစ်အောင်ကို ရှာပြလိမ့်မယ်။ ဒီနေ့ပွဲက ငါတို့အုပ်စုကိုကြည့်ပြီး ဒီကောင်တွေရှိန်နေလို့ ပြဿနာ မရှာရဲတာ"

သူတို့စကားကြောင့် သက်ပြင်းမောလေးချမိပါသည်။ ဘာပဲပြောပြောထက်နိုင်ကတော့ သူတို့အုပ်စုထဲမှာ ဆရာတစ်ဆူ ဖြစ်နေချေပြီ။ လက်ဖက်ရည်ဖိုးလောက်ကိုတော့ ဘောလီဘောပုတ်၍ ရှာနိုင်နေလေပြီ။ ကျွန်တော့်စာမူတွေလည်း တစ်လနစ်ပုဒ်နှုန်းလောက်တော့ဖြင့် …။

*

ရေးလက်စ ဝတ္ထုတိုလေးတစ်ပုဒ်ကို နိဂုံးချုပ်နေခိုက် ကျွန်တော့်အနီးသို့ ထက်နိုင် ရောက်လာသည်။

"ကိုကိုနိုင်"

"ဟင်"

"ကျွန်တော် တိုက်ကြီးမှာ ဘောလီဘော သွားပုတ်မလို့ ကိုကိုနိုင်အားရင် လိုက်အားပေးပါလား"

ထက်နိုင် စကားကြောင့် ကျွန်တော့် ရင်ထဲမှာ ထိတ်သွားသည်။ အရင်တစ်ခါ သူတို့အဖွဲ့ ထန်းပင်ကုန်းဘက်မှာ ဘောလီဘော သွားပုတ်ရင်း ရန်ပွဲဖြစ်၍ အသက်လုပြေးခဲ့ရဖူးပြီ။ မဖြစ်ဘဲ နေနိုင်ရိုးလား ဒိုင်လူကြီးတွေ ဘာတွေလည်း သတ်သတ်မှတ်မှတ် မရှိ။ လောင်းကြေးကလည်း သောင်းဂဏန်း။ အခုသူတို့အဖွဲ့ တိုက်ကြီးမှာ သွားကစားမည်ဆိုလျှင် လမ်းစရိတ်ပင် တော်တော်ကုန်မည်။ လောင်းကြေးကဖြင့် မတွေးဝံ့စရာ။

"မင်းတို့ကွာ အရင်လိုပဲ လမ်းထဲမှာ …"

"ဟာ … ကိုကိုနိုင်ကလည်း နွားခြေရာခွက်ကလေးထဲမှာတင် ကျင်လည်ပြီး ကိုယ့်ဘဝကိုယ် ဟုတ်လှပြီထင်နေရင် ပင်လယ်ထဲရောက်တဲ့အခါ

စုန်းစုန်းမြုပ်သွားမှာပေါ့။ ကျွန်တော့်လို မစွန်းစားဝံ့လို့ ကိုကိုနိုင် မတိုးတက်တာ"

ထက်နိုင်စကားကြောင့် ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ ညကမှ သူနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ စွန့်စားဖို့ စကားတွေ ပြောကြသည် မဟုတ်လား။ ငွေရလွယ်သော ပေါ်လစီဆောင်းပါးတွေရေးဖို့ သူက ကျွန်တော့်ကို တိုက်တွန်းသည်။ ကျွန်တော့် ရင်နှင့်ရင်း၍ ရေးထားရသော လုံးချင်းဝတ္ထုများကိုလည်း ကလောင်နာမည် အစွဲအလမ်း မထားဘဲ ထုတ်ဖြစ်လျှင်ပြီးရော သဘောထားဖို့ ပြောသည်။ ကျွန်တော်က ဝတ္ထု၊ ကဗျာနှင့် ကျွန်တော့်ကလောင်အမည် "မောင်သက်နိုင်" ကို သံယောဇဉ်ကြီးစွာ တွယ်တာနေဆဲပင်။

"အဲဒီပွဲမျိုးမှာကို တကယ့်ဆရာကြီးတွေတောင် ပါတာဗျ။ ပြည်နယ်နဲ့တိုင်းလက်ရွေးစင်တွေ၊ ဌာနဆိုင်ရာ ပထမတန်းကစားသမားတွေ၊ အသင်းကထွက်ပြီး အပြင်မှာ ဘောလီဘောပုတ်စားနေကြတာ တချို့ဆို တစ်လ တစ်လ တစ်သိန်းလောက်တောင် နိုင်တယ်"

"အဲဒါ အားကစားမှ မဟုတ်တော့ဘဲ ထက်နိုင် လောင်းကစားဖြစ်နေပြီပဲ"

"ဟာ ... ကိုကိုနိုင်ကလည်း လောင်းကစားဆိုတာ ဘေးက ထိုင်လောင်းမှ လောင်းကစားခေါ်တာဗျ။ ခုဟာက ကျွန်တော်တို့ ကိုယ်တိုင်ပုတ်ပြီး ကျွန်တော်တို့ ကိုယ်တိုင်လောင်းတာ။ အဲဒီလိုကစားတဲ့အတွက် ပိုပြီးတော့တောင် လက်ရည်တက်လာသေးတယ်၊ ရှုံးမှာကြောက်တာကိုး"

"ဒါပေမဲ့ မင်းတို့ လောင်းကြေးက များလွန်းအားကြီးတယ်"

"နိုင်ငံခြားက ကလပ်အသင်းတွေဆို ဒေါ်လာသန်းနဲ့ချီပြီး လောင်းနေကြတာ။ ကလပ်အသင်းတွေက အားကစားသမားတွေကို လခအများကြီးပေးငှား လောင်းကြေးများကြီး ထပ်ပြီးကစား၊ လခများများ လိုချင်ရင် ကြိုးစား၊ ဒါ အမှန်တရားပဲ"

ကျွန်တော် ဘာပြောရမှန်း မသိတော့။

"အေးလေ ... မင်းအလုပ် မင်း နားလည်မှာပေါ့။ သွားချင်လည်း သွား၊ အန္တရာယ်တော့ ကြည့်ရှောင်ပေါ့။ ငါတော့ ဒီနေ့ ထုတ်ဝေသူတစ်ယောက်နဲ့ ချိန်းထားလို့ မလိုက်တော့ဘူး"

ကျွန်တော့် စကားအဆုံးမှာ ထက်နိုင်က သူ့ ကျောပိုးအိတ်ကလေး ကောက်လွယ်ပြီး သွက်လက်တက်ကြွစွာ ထွက်ခွာသွားသည်။ အတွေးထဲမှာ ကျွန်တော် တစ်ယောက်တည်း။

ဒီနေ့ "အမြဲစိမ်းစာပေတိုက်" မှ ထုတ်ဝေသူ ဦးရဲမြင့်နှင့်တွေ့ဖို့ ချိန်းထားသည်။ ကျွန်တော့် လုံးချင်းဝတ္ထုတွေကို ဈေးကောင်းပေး၍ ဝယ်မည်ဟု ဆိုသည်။ နောက်ထပ်ရေးသမျှကိုလည်း သူ ဝယ်မည်။ သို့သော် သူ့သမီး နာမည်နှင့် စာအုပ်ထွက်မည်။

ကိုယ့်အနုပညာကို ပြည်သူလူထုဆီ တင်ပြရာမှာ ဘယ်သူ့နာမည်နှင့်ပဲ ဖြစ်ဖြစ်ပေါ့။ အရေးကြီးတာ ပြည်သူလူထုဆီ ရောက်ဖို့ပဲ မဟုတ်လားဟူသော ဦးရဲမြင့်၏ တပည့်စာရေးဆရာတစ်ဦး၏ စကား နားထဲကို ဝင်လာသည်။ အဆင်ပြေလျှင် ကျွန်တော့် နာမည်နှင့်လည်း လုံးချင်းဝတ္ထုတွေ ဆက်တိုက် ထုတ်ပေးဦးမည် ဆိုသည်။ ထက်နိုင် ပြောသလို ကျွန်တော် စွန့်စားဖို့ လိုသည်။

"အဖြူစင်ဆုံး" "ရင်ဖြစ်စကား" "လွမ်းရဲသူ"

"အရိပ်ပျောက်ငှက်ငယ်"

စာအုပ်စင်ပေါ်မှ စာအုပ်လေးအုပ်ကို ဖုန်သုတ်၍ ကျွန်တော့်စားပွဲသို့ တင်လိုက်သည်။ ပြင်သင့်တာတွေ ပြင်ရဦးမည်။ ဦးရဲမြင့်နှင့် ပြောထားသော စကားအရ ဒီလကုန်တွင် ငါးအုပ်ပေးရမည်။ နောက်စာအုပ်အတွက် ဇာတ်လမ်းလေးကို အမြင်ဆန်းသွားအောင် ထက်နိုင်တို့ အားကစားလောကကို နောက်ခံထား၍ ရေးသားရန် စီစဉ်ထားသည်။

❖

သူတို့ ဘောလီဘောပွဲများကို လိုက်အားပေးရင်း လေ့လာထားတာ တွေလည်း များပြီ။ တစ်ဖက်လူကို လာဘ်ထိုး၍ သပ်လျှိုကာ သူ့လူကိုယ်ဘက်

သား လုပ်ထားရသည့် ပညာ (သူတို့ အခေါ်ဖြန့်ည်း) တွေ၊ တစ်ဖက်အုပ်စု တစ်စုစီမှ ဒိုင်တစ်ယောက်နှုန်းဖြင့် ပူးတွဲဒိုင်ထားကာ ကစားရသည့်ပွဲတွေ။ ဒိုင်ချင်းဆွဲထိုးသည့် အဖြစ်အပျက်တွေ။ ပုဆိုးကြားမှ ဓားထုတ်ပြ၍ အသား လွတ် အရှုံးပေးလိုက်ရတာတွေ။ သာယာဝတီဘက် သွားကစားတုန်းက သိန်းနဲ့ချီနိုင်ပြီးမှ မနေရဲတော့သဖြင့် ရဲစခန်းဝင်းထဲဝင် အကူအညီတောင်းခဲ့ ရတာတွေ။

ကျွန်တော့်မှာပြင်ပဘောလီဘောလောကဗဟုသုတတွေစုံသလောက် ရှိနေပြီ။ ထက်နိုင် တစ်ယောက်လည်း ပြင်ပ ဘောလီဘောလောကတွင် နာမည်တစ်လုံး ရနေလေပြီ။ "ဘေးမထွက် ထက်နိုင်" ဆိုလျှင် သူတို့ တစ် လောကလုံး သိသည်။ သူ့လက်နှင့်ထိသည့်ဘောလုံးဟူသမျှကွင်းပြင်မထွက် စေရဟု ကြွေးကြော်ထားသည်။ ထက်နိုင် ဘောလုံးကွင်းပြင်ထွက်လျှင် တစ်လုံးတစ်သောင်းဟု လောင်းကြေးထပ်သူပင် ရှိသည်။ တော်ရုံ တန်ရုံဆို လျှင် သူက သုံးယောက် တစ်ယောက်၊ လေးယောက် တစ်ယောက် ပေးကစား သည်။ တစ်ယောက်ချင်းဆိုလျှင် `လက်တစ်ဖက်တည်းနှင့်နိုင်အောင် ပုတ် သည့်ပွဲပင် ရှိသည်။

သူ့လက်တစ်ဖက်က တစ်လ တစ်လ သိန်းနှင့်ချီ၍ ရနေပြီ။ ကျွန်တော့် လက်တစ်ဖက်ကိုလည်း တန်ဖိုးတက်အောင် လုပ်ရပေတော့မည်။ ဦးရဲမြင့် အကြိုက် ကြမ်းရမည်၊ နမ်းရမည်၊ လွမ်းရမည်။ ကျွန်တော်က အတွေးလွန်နေ စဉ်မှာပင် အိမ်ထဲကို ကမူးရှူးထိုးဝင်လာသော ထက်နိုင်ကို လှမ်းမြင်လိုက် ရပါသည်။

"တောက်"

ပြင်းထန်လွန်းသော သူ့တက်ခေါက်သံကြောင့် စာရေးစားပွဲမှ ထ၍ ကျွန်တော် သူ့ဆီ လျှောက်သွားမိပါသည်။ သူ့နဖူးနှင့် လက်မှာ သွေးစွန်းနေ သော ပတ်တီးဖြူဖြူများ။

"ဟော့ကောင် ဘာဖြစ်လာတာလဲ"

ကျွန်တော့် အမေးကို မဖြေ။ ထိုင်ခုံပေါ်ကို ခြေပစ် လက်ပစ် ထိုင်ချပြီး ခေါင်းမဖော်တော့။ ခဏကြာမှ ...

"ကျွန်တော် မှားသွားတယ်ဗျာ"

"ဘာလဲ ရန်ဖြစ်လာတာလား"

သူ့ရှေ့က ထိုင်ခုံလွတ်မှာ ဝင်ထိုင်ရင်းက မေးခွန်းထုတ်လိုက်မိသည်။

"မဟုတ်ဘူး ... ကိုကိုနိုင်။ ရန်ဖြစ်တာဆို ကျွန်တော် ဖြေသာပါသေးတယ်။ အခုဟာက ဝိုင်းရိုက်တာ ခံရတာ"

"မင်းတို့ ဘယ်မှာ သွားကစားတာလဲ"

"တွံတေးဘက်မှာ"

"ငါ ပြောသားပဲ၊ မင်းတို့ လုပ်နေတာ မဟုတ်ပါဘူးလို့။ တိတိကျကျ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ မရှိတော့ ငြင်းရခုန်ရ ရန်ဖြစ်ရမှာပဲ ပေါ့"

"ငြင်းရင်းခုန်ရင်း ရန်ဖြစ်တာ မဟုတ်ဘူး။ ကိုကိုနိုင် အပြင်လူတွေက ဝင်ရိုက်တာ"

"ဘာဖြစ်လို့"

"သူတို့က ကျွန်တော်တို့ဘက်က လောင်းထားတာ။ ကျွန်တော်တို့ ရှုံးသွားတာနဲ့ ကျွန်တော်တို့ကို ဝင်ရိုက်တာ"

"ဘာ"

"အားကစားဆိုတာ အရှုံးအနိုင်တော့ ရှိမှာပေါ့။ ကျွန်တော်တို့ကို ယုံကြည်ရင်လောင်း၊ မယုံရင် မလောင်းနဲ့။ ကံအကြောင်းမလှလို့ ကျွန်တော်တို့ ရှုံးသွားတာတော့ ဘယ်တတ်နိုင်မလဲ။ အခုတော့ သူတို့ဘာသာ သူတို့လည်း လောင်းသေးတယ်။ ကျွန်တော်တို့ ရှုံးတာနဲ့ ကျွန်တော်တို့ကို ဝင်ရိုက်တယ်ဆိုတာ တရားသလား ကိုကိုနိုင် စဉ်းစားကြည့်"

ထက်နိုင်စကားကို နားထောင်ရင်း သူ့ဒေါသတွေက ကျွန်တော့် ရင်ထဲကိုပါ ကူးစက်လာသည်။ မတရားလိုက်တဲ့ လူတွေ။

"ကျွန်တော် မှားတယ်ဗျာ။ တကယ်တော့ ကျွန်တော်တို့ လောင်းကြေးထက် အပြင်က လောင်းကြေးက ပိုများနေတတ်တယ်။ အဲဒီတော့ ကျွန်တော်

တို့ ဘဝက ဘာနဲ့ တူသလဲဆိုတော့ အတိုက်ခံထားရတဲ့ ကြက်တွေလိုပဲ သူတို့က ကျွန်တော့်ကို တိုက်ပေးပြီး ကြက်ဝိုင်းလို သဘောထား လောင်းကစားနေကြတာ။ ဒါ့ထက် ရင်နာဖို့ ကောင်းတာက သူတို့ပဲ ကျွန်တော့် အရည်အချင်းကို ယုံကြည်လို့ ကျွန်တော့်ဘက်က နေခဲ့ပြီး မလွဲသာလို့ ရှုံးသွားတော့မှ ကျွန်တော်တို့ကို ပြန်ချတယ်ဗျာ။ ကျွန်တော်တို့လည်း နိုင်ချင်တာပေါ့။ မတတ်နိုင်လို့ ရှုံးသွားတာ ကျွန်တော်တို့ အပြစ်လား။ တကယ်ဆို သူတို့က ငွေပဲရင်းရတာ။ ကျွန်တော်တို့ဘက်က အရင်းအနှီးတွေက အများကြီး"

ထက်နိုင်စကားက ကျွန်တော့်နားထဲကိုသာမက ရင်ထဲကိုပါ စိမ့်ဝင်လာသည်။

ကျွန်တော့်မြင်လွှာမှာ ဦးရဲမြင့် မျက်နှာကြီး ပေါ်လာသည်။ သူကရော ကျွန်တော့်ဘက်မှာ ဘယ်အတိုင်းအတာထိ ရပ်နိုင်မှာလဲ။ သူက ငွေပဲ ရင်းရတာ စားပွဲပေါ်မှာ စာမူထပ်ကြီးကို ကျွန်တော် တစ်ချက် လှမ်းကြည့်မိသည်။

"တကယ်တော့ ကျွန်တော်တို့ လုပ်ခဲ့တဲ့လုပ်ရပ်တွေက ကျွန်တော်ပြောသလို အားကစားလည်း မဟုတ်ဘူး။ ကိုကိုနိုင် ပြောသလို လောင်းကစားလည်း မဟုတ်ဘူး။ ကြေးစားပဲ ကိုကိုနိုင်၊ တကယ့် ကြေးစားပဲ။ ငွေမျက်နှာတစ်ခုတည်းကိုပဲ ကျွန်တော်တို့ ကြည့်ခဲ့မိတယ်။ ကျွန်တော်တို့ရဲ့ ဝါသနာဟာ ငွေနဲ့တွေ့တဲ့အခါ အရည်ပျော်သွားခဲ့တာပဲ"

ကျွန်တော် သူ့ကို ဘယ်လိုဖြေသိမ့် ရမှန်းမသိတော့။ ကျွန်တော့်ကိုယ် ကျွန်တော် ဖြေသိမ့်နိုင်အောင် အရင်ကြိုးစားရပါဦးမည်။ ကျွန်တော့် ဝါသနာကရော သူ့ဝါသနာထက် ဘယ်လောက်များ ပိုပြီး မာကျောခဲ့လို့လဲ။

"တော်ပြီဗျာ၊ ကျွန်တော့်နောက်ကို အပြင်ပွဲတွေ လိုက်မကစားတော့ဘူး"

ကျွန်တော့်ညီ ထက်နိုင်ကတော့ ဆုံးဖြတ်ချက်တစ်ရပ်ကို ပြတ်ပြတ်သားသား ချမှတ်သွားပါပြီ။ ကျွန်တော်လည်း ပြတ်သားရတော့မည်။

✦

တွံတေးက ရလာသော ဒဂၢရာသက်သာသွားပြီးနောက် ထက်နိုင်တစ်ယောက် သူ့ဝါသနာကို မစွန့်လွှတ်နိုင်ဘဲ လမ်းထိပ်ဘောဘီဘောကွင်းထဲ ဆင်းဆင်းသွားသည်။ ဒါပေမဲ့ သူ့ဆုံးဖြတ်ချက်အတိုင်းပင် အပြင်ပွဲတွေကို သွားမကစားတော့။ အရင်လို လူတစ်ကိုယ် တစ်ထောင်ကြေးနှင့် သူငယ်ချင်းတွေ "နေရောင်ခြည်"မှာ ညတိုင်း လက်ဖက်ရည်သောက်သည်။ ဒီနှစ် အားကစားရာသီ ဘောလီဘောပြိုင်ပွဲမှာ ကျွန်တော်တို့ ရပ်ကွက်အသင်းအတွက် သူ ဝင်ကစားမည် ဆိုသည်။ သူ့အရည်အချင်းနှင့်ဆိုလျှင် မြို့နယ်လက်ရွေးစင်ဖြစ်ဖို့ သေချာသည်ဟုလည်း ထင်ကြေးပေးနေကြသည်။ သူကတော့ တိုင်းအဆင့်၊ နောက်ဆုံး မြန်မာ့လက်ရွေးစင် အဆင့်ထိ မျှော်လင့်နေသည်။

ကျွန်တော့်ညီ ဘယ်အဆင့်ထိ ရောက်မည်ကို ကျွန်တော် တပ်အပ်မသိပါ။ သို့သော်လည်း ရန်ပွဲတွေ၊ ဖြန်ည်းတွေ၊ အုပ်စုဖွဲ့ပြီးမိုက်တဲ့ကောင်တွေထဲမှာ သူ မပါတော့တာ သေချာသွားပါပြီ။ သူ့ဆုံးဖြတ်ချက်ကို သူပြတ်ပြတ်သားသား အကောင်အထည်ဖော်ခဲ့လေပြီ။

ဦးရဲမြင့်တို့ စီးပွားဖြစ်စာအုပ် ထုတ်ဝေရေးလောကမှာ ဘာစည်းကမ်းမှ မရှိ။ ဖြစ်လာသည့် ပြဿနာများကို ရင်ဆိုင်ရန်လည်း ကျွန်တော့်မှာ ကျောထောက်နောက်ခံ အင်အားမရှိ။ ထို့ကြောင့်လည်း ဦးရဲမြင့်ကို ကျွန်တော် ပြတ်ပြတ်သားသား ငြင်းခဲ့ပြီးဖြစ်သည်။

ကျွန်တော့်လုံးချင်း ဝတ္ထုထဲမှ မိဘမဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်၏ ဘဝကို ရေးဖွဲ့ထားသော "အရိပ်ပျောက်ငှက်ငယ်" ဝတ္ထုကို ပြင်ဆင်တည်းဖြတ်၍ ကျွန်တော် စာပေပြိုင်ပွဲတစ်ခုခုမှာ ဝင်ပြိုင်ဖို့ ဆုံးဖြတ်ပါပြီ။ ကျွန်တော့် ဆုံးဖြတ်ချက်အတွက် ညီလေးက ကျွန်တော့်ကို လက်ဖက်ရည်တစ်ခွက်ဖြင့် ဂုဏ်ပြု၏။

*ခေတ်သစ်မဂ္ဂဇင်း၊ ၁၉၉၉၊ မတ်လ*

*(နီရာဆောင်းကာလောင်အမည်ဖြင့် ရေးသည်)*